
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းစာအုပ်




ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်




ဗိုလ်ချုပ်ဦးအောင်ဆန်း
တန်ဖိုး – ၂၀၀၀ ကျပ်




ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)
တန်ဖိုး – ၅၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၈၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကမ္ဘာ
Quality စာတည်းအဖွဲ့
တန်ဖိုး – ၆၀၀၀ ကျပ်






အောင်ဆန်း၏ အောင်ဆန်း



ဗိုလ်ချုပ်အောင်ဆန်းရာပြည့်




Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

No.148, May, 2017


ထူးဆန်းသော စိတ္တဇရောဂါတစ်မျိုး
ဒဂုန်ရွှေမျှား ၆

လူးကျင်းထဲက ကြောက်မက်ဖွယ်လူးကောင်ကြီး
ဘင့်ထူး (ဇေယျဝတီ) ၃၃

ပြုဟ်သားဗိုင်းရပ်(စ်)
မျိုးမြင့် (အောင်လံ) ၄၆

အသက်နှင့် တန်ရာတန်ကြေး
ဆွေမြင့် ၅၇

အရိုးစုသက်သေ
သိဂီကျော် ၆၈

ဒေါသကပေးသော ဆု
မင်းသူရိန် ၈၆

ပြည်တော်ပြန် သစ်ကနက်ဘုရား ပျောက်ဆုံးမှု

လူပေါင်းမှားခဲ့လေခြင်း
ဝင်းမောင်ကျော် ၁၁၇

ခြံအမှတ် -၅၂၈
အေသင်ဇာသက်ဝေ ၁၄၀

မိမိအကျိုးပေးတာကို ရွေးတတ်ပါစေ
ထောင်မှူးကြီး သိန်းဝင်း ၁၆၇

စီအိုင်ဒီအဲ့မောင်နှင့် ရတနာမြင်လူသတ်မှု
မောင်သာမန် (ဇီးကုန်း) ၁၇၈

အစွှာသက်သေ
လွှန်ကျော်ဦး ၁၉၁

အချုပ်ခန်းနှင့် အကျဉ်းထောင်
ဇော်မြင့်သိန်း ၂၀၂

ကာလသဝိပါက် နောက်ပိုးတက်


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
[illegible] (Quality)

ထာဝန်ခံအယ်ဒီတာ
[illegible]

အင်ချုပ်အယ်ဒီတာ
[illegible]

အယ်ဒီတာအဖွဲ့
[illegible]

ရုပ်သရုပ်ဖော်
[illegible]

အုပ်ရေ - [illegible]
တန်ဖိုး - [illegible] ကျပ်

စာအုပ်အဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
[illegible] ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - [illegible]

ထုတ်ဝေသူ
[illegible] Quality Publishing House
[illegible] ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ [illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
[illegible]

အတွင်းသရုပ်ဖော်
[illegible] ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ ထောင်ငှ၊ စိုးမြင့်ဝေ၊ [illegible]အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။

ကွန်ပျူတာနှင့် ဖလင်


## NEXT MONTH



မြောင်းမြမောင်ကို
**လူ့သဘာဝ**




ကျော်စိုးမိုလ်
**ချက်ကောင်း**



မဟိုရ်စည် (စဉ့်ကိုင်)
**မုဆိုးမာနခ၀ါချပေးသူနှင့်**
**နှစ်ချို့မြွေပွေးကြီး**



မောင်သိကျာ
**လွတ်သွားသည့်ငါး**

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ရေးများ

## ထူးဆန်းသော စိတ္တဇရောဂါတစ်မျိုး....

အကြောင်းခြင်းရာကို ခြေခြေမြစ်မြစ်
မသိရှိဘဲ လောဘဇောတိုက်ကာ
ငွေသွားညှစ်ရာမှ ကြောက်မက်ဖွယ်
ပြခင်းကြီးတစ်ခု ဖြစ်လာသည်။



**မမြင့်ဝေ**သည်အသက်(၃၂)နှစ်မျှပင်ရှိပြီဖြစ်သော်လည်းအိမ်ထောင်မရှိသေးဘဲ အပျိုကြီးဘဝနှင့်ပင် ရှိနေသေး၏။ အခြား မိမိနှင့် ရွယ်တူမိန်းကလေးများမှာ ထိုအရွယ်တွင် သမီးအပျိုပေါက်၊ သားလူပျိုပေါက်အရွယ်သို့ပင် ရောက်ရှိနေကြလေပြီ။ အမ်ဘီဘီအက်(စ)၏ (၅)နှစ်ခရီး၌ ဒုတိယနှစ်တွင် မိမိအား ထောက်ပံ့နေသူတစ်ယောက်တည်းသော ဦးလေး သေဆုံးသဖြင့် ကျောင်းမှထွက်ခဲ့ရပြီးလျှင် ပညာကိုမဆက်နိုင်ရှာတော့ဘဲ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါက မမြင့်ဝေမှာ (၂၃)နှစ်မျှသာရှိသေး၍ မိမိ၏ ဝမ်းကို မိမိကျောင်းရသည့်အခြေအနေသို့ရောက်ရှိခဲ့ရာ အလုပ်အကိုင်ရှာဖွေရင်း အဒေါ်ဖြစ်သူနှင့် ဆက်လက်နေထိုင်ခဲ့ရ၏။

ဤသို့ဖြင့် ဆရာဝန်တစ်ယောက် ဖြစ်လာရန် ရည်ရွယ်ခဲ့သော မမြင့်ဝေသည် မိမိတစ်သက်တာ ဘဝခရီး၏အသက်ဖြစ်သော ပညာရေးတွင် "ခါးကျိုး" ခဲ့ရရှာလေသည်၊ သို့နှင့် ရရာအလုပ်ကလေးများကို မတောက်တခေါက် လုပ်ကိုင်လျက်ရှိရာ တစ်နေ့တွင် ဒေါက်တာဦးထင်ဘွားနှင့် တွေ့ဆုံစကားစပ်မိလေရာ ဦးထင်ဘွားသည် မမြင့်ဝေ၏ ပညာအရည်အချင်းသာမက ဝါသနာကိုပါ နှစ်သက်သဘောကျသည့်အတိုင်း အတွင်းရေးမှူးအဖြစ် ခေါ်ယူခန့်ထားခဲ့လေသည်။

ဒေါက်တာဦးထင်ဘွားမှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်ကပင် ဆေးပညာဒီဂရီကိုရရှိခဲ့ပြီးနောက် အနောက်နိုင်ငံများတွင် (၁၀)နှစ်ကြာမျှ လှည့်လည်နေထိုင်ခဲ့ဖူးရာ ဂျာမနီပြည် "လိုက် (ပ)ဇစ်" မြို့တွင် ပရော်ဖက်ဆာ ဘစ်(စ)မတ်ထံတွင် သင်ကြားလေ့လာပြီးနောက် နောက်ဆုံးတွင် ဦးနောက်ရောဂါ ပါရဂူ စိတ်ပညာဆရာဝန်ကြီး ဘွဲ့ကို ခံယူရရှိခဲ့သူ ဖြစ်လေသည်။

ဒေါက်တာဦးထင်ဘွားထံ လာရောက်ကြသော လူနာများမှာ အတန်ငယ် စိတ်မနှံ့သူများ၊ မြန်မာအခေါ်များဖြင့် သည်းခြေပျက်သူများ၊ စိတ်ကို အပြင်းအထန် ထိခိုက်စေလောက်သည့် ကိစ္စကြီးများ ဖြစ်ပေါ်လာသူများ ဖြစ်ကြလေသည်။

ကျွန်ုပ်တို့ ရေးသားဖော်ပြသောအချိန်၌ ဒေါက်တာဦးထင်ဘွားထံတွင် မမြင့်ဝေ အလုပ်လုပ်ခဲ့သည်မှာ (၈)နှစ်ကျော် (၉)နှစ်ခန့်မျှပင် ကြာခဲ့လေပြီ။ ပထမတွင် စာပေးစာယူအလုပ်များကိုသာ လုပ်ခဲ့ရသော်လည်း မမြင့်ဝေမှာ ဆေးပညာနှင့် ပတ်သက်သည့် ခဲရာခဲဆစ်စာပိုဒ်များကိုပင် ဆေးစာအုပ်များမှ ကူးယူနိုင်ခြင်း၊ အချို့လွယ်ကူသော နေရာများတွင် ဘာသာပြန်ဆိုနိုင်ခြင်း၊ ဆေးအခေါ်အဝေါ်အသုံးအနှုန်း စသည်တို့ကို သိရှိနားလည်လျက် သူ့နေရာနှင့် သူစီစဉ်သိမ်းတတ်ခြင်း၊ မိမိ၏မှတ်ချက်များ၊ ဆေးပညာမှတ်စုများကို မိမိသဘောကျရေးသားနိုင်ခြင်း၊ ဆေးအဘိဓာန်မှ ဝေါဟာရများကို ကူးယူထည့်သွင်းတတ်ခြင်း စသည့်ပညာ အရည်အချင်းများကြောင့် အတွင်းရေးမှူးအလုပ်ထက် ဆရာဝန်ကြီး၏ လက်ထောက်အလုပ်ကို ပို၍လုပ်ခဲ့ရ၏။

သို့နှင့် မမြင့်ဝေက အားထားရသလောက် ဒေါက်တာဦးထင်ဘွားကလည်း မမြင့်ဝေအား သမီးအရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်ကာ အားကိုးအားထားပြုခဲ့လေသည်။ တစ်နေ့တွင် ဆရာဝန်ကြီးသည် မမြင့်ဝေအား ခေါ်ယူ၍ ...

ကြီး ။ "ဒီမယ် - မြင့်ဝေ၊ ဆရာ အခု ပြောမှာကို လက်ရေးတိုနဲ့ လိုက်ရေးစမ်း။ ဆရာက ဘာသာပြန်ပြီး ပြောရမှာဆိုတော့ မြန်မာစာ မပြေမပြစ်ဖြစ်မယ်။ အဓိပ္ပာယ် မပေါက်ဘူးဆိုရင် မြင့်ဝေက ပြင်ပြီး ဆရာ့ကို အကြမ်းဖျဉ်းတစ်ခါရေးပြစေချင်တယ်။ ဆရာပြောတာ နားလည်ပြီ မဟုတ်လား"

ဝေ ။ "ဟုတ်ကဲ့ - ဆရာ"

ကြီး ။ "ဒီစာအုပ်ကို မြင့်ဝေ ဖတ် ဖူးပြီ မဟုတ်လား"

"နည်းနည်းပါးပါးတော့ ဖတ်ကြည့်ပါတယ် - ဆရာ၊ ဒါပေမဲ့ - သိပ်နားမလည်ပါဘူး"

"ဒီစာအုပ်က ဆရာဝန်ကြီး ဘစ်(စ)မတ် ရေးတဲ့ "ကိုယ်စိတ်နှစ်ဖြာ ကျန်းမာမှု" ဆိုတဲ့ စာအုပ်ပေါ့၊ အင်မတန်ရှားပါးပြီး အခုဝယ်လို့တောင် မရဘူး။ ဆရာ အခုပြောမှာတာ ဒီအထဲက အစိတ်အပိုင်းတစ်ခုပဲ။ ဒီတော့ မြင့်ဝေလည်း ဗဟုသုတ ရအောင်ပေါ့"

"ဟုတ်ကဲ့ - ဆရာ၊ ကျေးဇူးတင်ပါတယ်"

"ကဲ - ကဲ - စာအုပ်နဲ့ ခဲတံယူခဲ့"

ဆရာဝန်ကြီးသည် စာအုပ်ကိုကြည့်ပြီး မြန်မာဘာသာဖြင့် အောက်ပါအတိုင်း ခပ်လေးလေးရွတ်ဆိုပြရာ မမြင့်ဝေက လက်ရေးတိုနှင့် လိုက်၍ရေးလေသည်။

## စိတ်လှုပ်ရှားမှု ဖြစ်ပေါ်လာပုံ

လူတစ်ယောက်၏ စိတ်လှုပ်ရှားမှု ဖြစ်ပေါ်လာပုံကို လေ့လာသောအခါ ထိုသူ၏ ဘဝတစ်သက်တာ ရာဇဝင်တစ်ခုလုံးပါ လေ့လာရန် လိုအပ်၏။ ထိုအခါ သူ၏ မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင် စသည့်အချက်များသည် တစ်ခုနှင့်တစ်ခု ဒွန်တွဲဆက်စပ်လျက်ရှိသည်ကိုပင် တွေ့ရ၏။

နောက်ကြောင်းဖြစ်စဉ်။ ။ မွေးကင်းစကလေး၏ တုံ့ပြန်မှုများသည် စနစ်တကျ စည်းဝါးနရီ ကိုက်ညီခြင်း မရှိသေးပေ၊ သောင်းပြောင်းထွေလာ ပရမ်းပတာ

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရှားမှုများသာ ဖြစ်၏။ ယင်းအပြုအမူများသည် တဖြည်းဖြည်းနှင့် အသားကျ၍ ချိန်သားကိုက်သည့်ဘဝသို့ ကူးပြောင်းလာရ၏။

လိင်စိတ်။ ။ကလေးသူငယ်၏ မရှေးမနှောင်း ဖွံ့ဖြိုးမှု၌ လိင်ဆိုင်ရာ အချက်အလက်များသည် အရေးပါအရာရောက်လာတတ်၏။ စိတ်ပညာပါရဂူ ပါမောက္ခတစ်ဦးဖြစ်သောပရော်ဖက်ဆာ "ဖရွိုက်" ကမူကလေးသူငယ်များ၌ပထမနှစ်ဖြစ်သောနစဉ်အခါက လိင်စိတ်ပေါ်ပေါက်လျက်ရှိသည့်ဟု ဆိုစမှတ်ပြုခဲ့၏။ ကိုင်တွယ်ပွတ်သပ်ပေးသော အခါတွင် ကျေနပ်မှု၊ သာယာမှုကို ခံစားကြောင်း သိသာထင်ရှား၏။

ကိုယ်ခန္ဓာမဖွံ့ဖြိုးခြင်း။ ။ကိုယ်ခန္ဓာတိုးတက်မှုမရှိခြင်း၊ စွမ်းဆောင်နိုင်အားနည်းပါးခြင်းစသည်တို့သည်စိတ်ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် လမ်းကြောင်းအစဖြစ်၏။ဥပမာဆိုသော်မောင်ကဆိုသည်ကစားခုန်စားလုပ်ရာတွင်မကြာခဏ ထိခိုက်အကျ်ရာ ရတတ်သောကြောင့် ယင်းအလုပ်ကို မုန်းသွားပြီးလျှင် ကစားမှု၊ ခုန်စားမှုကိုစွန့်ပစ်ကာ အခြားငယ်ရွယ်သူများအား တစ်မျိုးတစ်ဖုံ ညှဉ်းပန်းခြင်းဖြင့် စိတ်ကို ဖြေဖြေတတ်၏။ စာသင်ခန်းထဲတွင် စာကို ကောင်းစွာမလိုက်နိုင်သော ကလေးသည် ပေတေမိုက်မဲသောအမူကိုပြုလာတတ်၏။ကြီးလျှင်ဥပဒေမဲ့ပြုတတ်၏။ လိုလားအပ်သည့် အပြုအမူ၌ မသန်လျှင် အခြားမလို လားအပ်သည့် စွမ်းရည်များ တိုးတက်လာကာ ယင်းတို့ကို ပြုတတ်၏။

အတွင်းစိတ်ပဋိပက္ခဖြစ်မှုများ။ ။ဆန္ဒ (၂)ခု သို့မဟုတ် ဘဝရည်မှန်းချက် (၂)ခုဖြစ်ပေါ်နေက စိတ်ပဋိပက္ခ ဖြစ်ပွားတတ်၏။ ယင်းသို့ ဖြစ်ပွားရခြင်း အကြောင်းရင်းမှာ သိစိတ်ကြောင့်လည်းကောင်း၊ မသိစိတ်ကြောင့်လည်း ကောင်း ဖြစ်ပေါ်တတ်၏။စိတ်ပဋိပက္ခမှာဝေခွဲမနိုင်စိတ်ထိခိုက်မှုကဲ့သို့ပင်ခံစားရသောအတွေ့အကြုံတစ်ရပ်ဖြစ်၏။ စိတ်ပေါ့သွပ် ရူးနှမ်းသူတို့၌မူ ပဋိပက္ခသည် အဆမတန် ကြီးမားလာသောအရာတစ်ခုအဖြစ် တည်ရှိနေ၏။

တစ်ခါတစ်ရံတွင် ဘဝအခြေအနေ ရုတ်တရက် ပြောင်းလွဲသွားခြင်းကြောင့် ခံစားမှုအသစ်များနှင့် စိတ်သဘောအသစ်များ လိုအပ်သည်ဖြစ်ရာ ယင်း လိုအပ်မှုကြောင့်ပင် "ချိန်ကိုက်မှု" အံချော်ခြင်း (Maladjustment) ဖြစ်ရတတ်၏။ ချစ်သောသူတစ်ယောက် အသက်ဆုံးခြင်း၊ အလုပ်ပြုတ်ခြင်း၊ ခန္ဓာကိုယ်အနာတ ဖြစ်ခြင်း၊ ရုတ်တရက် ပစ္စည်းအမြောက်အမြား ဆုံးပါးခြင်း စသည့် မြန်ဆန်လှသော



အပြောင်းအလဲများကို လူတစ်ယောက်သည် အလွယ်တကူ ခံယူခြင်းမပြုနိုင်သော အခါ ရုတ်တရက် စိတ်ဓာတ်ကျဆင်းသွားတတ်၏။ စိတ်အံချော်၍သွားကာ ပေါ့သွပ်ရူးနှမ်း၍ပင် သွားတတ်လေသည်။

☆☆☆

ဒေါက်တာဦးထင်ဘွားသည် နာရီဝက်ခန့်မျှ စာအုပ်ကိုကြည့်၍ ရွတ်ဆိုပြီးနောက် စာအုပ်ကို ပိတ်လိုက်လေသည်။

ကြီး ။ "ကဲ - တော်လောက်ပါပြီ - မမြင့်ဝေ၊ လက်နှိပ်စက်ရိုက်ပြီးတော့သာ ဆရာ့ဆီ ယူခဲ့ပေတော့"

ဝေ ။ "ဟုတ်ကဲ့ - ဆရာ"

ဤသို့ဖြင့်မမြင့်ဝေသည်ဒေါက်တာဦးထင်ဘွားထံတွင်အလုပ်လုပ်ခဲ့သည်မှာ (၃)နှစ်ရာသီသို့ပင် ရောက်ရှိခဲ့ပေပြီ။ အသက် (၁၅)နှစ် (၁၆)နှစ် မြီးကောင်ပေါက်အရွယ် ကျောင်းသားဘဝမှစ၍ ယခု မိမိဝမ်းကို ကျောင်းရသည့်အချိန်အထိ အချစ်စိတ်ဝင်ခဲ့သောအချိန်များ နည်းပါးခဲ့၏။ ရုပ်ရည်မှာလည်း အသင့်အတင့်မျှသာရှိပြီးလျှင်အနေအထိုင်ကလည်းရိုးသားလှသဖြင့်တစ်ကြောင်း၊ကျောင်းမှထွက်ပြီးနောက်မိမိဝမ်းစာကို မိမိရှာဖွေစားရသည့်အချိန်တွင် အလှအပနှင့် "အချစ်" ကို အချိန်ကုန်ခံ၍စိတ်မကူးနိုင်သဖြင့်တစ်ကြောင်း မမြင့်ဝေ မှာ ရည်းစားဟူ၍ပင် ဟုတ္တိပတ္တိ မထားခဲ့ဖူးချေ။ တစ်ကြိမ်တစ်ခါ တွေ့မြင်သိကျွမ်းပြီးနောက် ပျောက်ကွယ်၍သွားသည်ကများခဲ့လေသည်။ သို့သော် အချစ်စိတ်ဓာတ်သည်ကား သဘာဝအတိုင်း လုံးဝဆိတ်သုဉ်းခြင်းမရှိသေးပေ၊ တစ်စုံတစ်ယောက်က ထိထိရောက်ရောက် "စ" ခဲ့ပါမူ အချစ်ဓာတ်ကိုခံယူရန် အသင့်ပင် ရှိနေလေသည်။

မမြင့်ဝေ၏အလုပ်မှာ သာမန်မိန်းကလေးများလုပ်သော စာရေးစာချီ အလုပ်ဖြစ်တော့ဘဲ ဒေါက်တာဦးထင်ဘွား၏ စိတ်ပညာနှင့်ပတ်သက်သော အလွန်ခက်ခဲနက်နဲသည့် စာများကို ရှာဖွေရခြင်း၊ စုဆောင်းရခြင်း အစရှိသည်တို့ကို လုပ်ကိုင်နေရသဖြင့် သူ၏ စိတ်ဓာတ်သည်လည်း တဖြည်းဖြည်း ရင့်သန်လာဘိသကဲ့သို့ ရှိလေသည်။ လူတို့မည်သည် အားစိုက်ခွန်စိုက် မလုပ်ရဘဲ ပေါ့ပေါ့ပါးပါးအလုပ်များကိုလုပ်ရသောအခါ လုပ်ကိုင်သူ၏ စိတ်ဓာတ်သည် ပေါ့ဆ၍ လာတတ်သကဲ့သို့ လေး

www.burmeseclassic.com

နက်ခက်ခဲသော အလုပ်တို့ကို လုပ်ရသည့်အခါများ၌လည်း လုပ်ကိုင်သူ၏စိတ်ဓာတ်သည် တဖြည်းဖြည်းရင့်သန်၍ လာတတ်သည်ကား မမွှတာပင်ဖြစ်လေသည်။ သို့နှင့် မြင့်ဝေမှာ သနပ်ခါး၊ ပေါင် ဒါ၊ ရေမွှေး၊ အလှဆီ၊ ခေါင်းလိမ်းဆီ၊ နှုတ် ခမ်းဆိုးဆေးမှစ၍ အလှအပပစ္စည်းများကို အခြားမိန်းကလေးများကဲ့သို့ ဂရုမစိုက်နိုင်ဘဲ ရှိလေသည်။ ဤသို့လျှင် မမြင့်ဝေသည် အလုပ်ချိန်များတွင် "ခေါင်းတည် မောင်းတည်" နေတတ်ပြီးလျှင် အလှူအတန်း ပွဲလမ်းသဘင်သွားသောအခါများ၌သာ သင့်လျော်အောင် ပြုပြုပြင်ပြင် လုပ်၍သွားတတ်၏။ ဤအရက်သည်လည်း ဆရာဖြစ်သူ ဦးထင်ဘွားက မမြင့်ဝေအပေါ်တွင် ယုံကြည်ကိုးစားသော အရက်တစ်ခု ဖြစ်လေသည်။

☆☆☆



ဒီမယ် – မြင့် ၊ အစ်ကိုကြီး
နောက်ဆုံးပြောမယ်နော်။
နားထောင် – မြင့်။
အခုလို ငြိမ်းနေရင် ငွေရအောင်
အရင်ကယက် သုံးဝါးတဲ့
ဗုဒ္ဓဝတ်မှုတစ်ခုခု ကျူးလွန်ရတော့မှာပဲ။
ကြိုးတွင်းစွပ်ပဲ ခံရခံရ
ထိုတိုးကျွန်းပဲ ပြောတ်ပြောတ်၊
တော် – တော် –
အစ်ကိုကြီး ပြောတာ မြန်မပြော့နဲ့။
ဒါပဲကွယ် – ဒါပဲ

တစ်နေ့တွင် မမြင့်ဝေသည် ဆရာဝန်ကြီး ဦးထင်ဘွားနေအိမ်ဝင်းခြံနှင့် ဆင်လွှတ်ရှိသော အတွင်းဝန်တစ်ယောက်၏ "ဂါဒင်ပါတီ" ဉယျာဉ်ပွဲတွင် ကိုစိန်ပွင့်ဆိုသူ လူတစ်ယောက်နှင့် မိတ်ဆွေတစ်ဦးက မိတ်ဆက်ပေးသဖြင့် အသိအကျွမ်းဖြစ်ခဲ့လေသည်။

ကိုစိန်ပွင့်သည် အခြားသူများနှင့်မတူ မိမိအပေါ်တွင် အလွန်ဖော်ဖော်ရွေရွေ ရှိလှကသူ၏ပြောပုံဆိုပုံ၊ မိမိအားငေးစိုက်ကြည့်ရှုနေပုံတို့မှာလည်း တစ်မျိုးတစ်မည် ရှိနေသကဲ့သို့ မှတ်ထင်မိ၏။

မိမိအိမ်မှာ များစွာမဝေးလှသော်လည်း ကိုစိန်ပွင့်သည် လိုက်၍ လိုက်၍ ဗိုကာ သာမန်သိကျွမ်းရုံမှ အတော်အတန်ခင်မင်၍ သွားတော့၏။ ညဉ့်အိပ် ရာဝင်၌ ထိုသူ၏ အပြုအမူကို တစ်ကြိမ် နှစ်ကြိမ်မျှ သတိရမိ၏။ နံနက်လင်း၍ နောက်တစ်နေ့ အလုပ်ဆင်းသောအခါ မေ့မေ့လျော့လျော့ ဖြစ်သွားခဲ့လေသည်။

သို့သော် နောက် (၂)ရက်ခန့် ကြာသောအခါ ညနေအလုပ်ဆင်းချိန်တွင် လမ်းထောင့်တစ်ခု၌ ကိုစိန်ပွင့်ကို တွေ့ရ၍ မမြင့်ဝေအား ပြုံးရွှင်စွာနှုတ်ဆက်သွား၏။ အတော်ဝေးသွားပြီးနောက် မမြင့်ဝေက ပြန်၍လှည့်အကြည့်တွင် ကိုစိန်ပွင့်နှင့် အကြည့်ချင်းဆုံမိ၏။ ကိုစိန်ပွင့်က လက်ပြသောအခါ မမြင့်ဝေကလည်း ပြန်၍ပြလိုက်မိ၏။

နောက် (၃-၄)ရက်ခန့်အကြာတွင် ဦးထင်ဘွား၏ ဆေးတိုက်နှင့် မနီးမဝေး၌ ကိုစိန်ပွင့်ကို တွေ့ရပြန်ရာ ထိုအချိန်၌မူ ကိုစိန်ပွင့်သည် သုံးဘီးကား ကလေးတစ်စီး အနီး၌ ရပ်နေရာမှ မမြင့်ဝေအား နှုတ်ဆက်လေသည်။ ကားကလေးပေါ်၌ကား ဟင်းသီးဟင်းရွက်စည်းများ၊ စည်သွတ်အသားဘူးနှင့် နို့ဆီဘူးများ ရှိ၏။ ကိုစိန်ပွင့်က ခေါ်သဖြင့် ကားအနီးသို့ သွက်လက်စွာဖြင့် ရောက်သွားလေသည်။

ပွင့် ။ "ဘယ်လဲ - မမြင့်ဝေ၊ အခု အိမ်ပြန်မှာ မဟုတ်လား"

မြင့် ။ "ဟုတ်ကဲ့"

"တာ - ဒါဖြင့် အဆင်သင့်ပဲ။ ကိုင်း - ကိုင်း - တက်၊ ကျွန်တော် လိုက်ပို့မယ်"

"နေပါစေ - ကိုစိန်ပွင့်။ ကျွန်မ ဘတ်စ်ကားနဲ့ပဲ ပြန်ပါ့မယ်"

"ဆတ်တာ မမြင့်ဝေကလည်း အဆင်သင့်လို့ ခေါ်ရတာ။ ပြီးတော့ ပမ်း လည်း ပြော၍"





www.burmeseclassic.com

www.burmeseclassic.com

"နေပါစေရှင်၊ အားနာစရာကြီး"

"မဟုတ်တာ၊ မမြင့်ဝေကလဲ။ အားနာစရာ လိုက်လို့၊ ကိုင်းလေ - တက်သာ တက်စမ်းပါ"

ဤသို့ အကျွမ်းတဝင် ခေါ်ငင်သဖြင့် မမြင့်ဝေမှာ လိုက်ပါသွားရလေ၏။ ကားရှေ့ပိုင်းတွင် နေရာပေးသော်လည်း မမြင့်ဝေက မစီးဘဲ နောက်သို့လာ၍ ကိုစိန်ပွင့်နှင့် မျက်နှာချင်းဆိုင်ထိုင်လေရာ မောင်စိန်ပွင့်က ဟင်းရွက်စည်းနှင့် နို့ဆီဘူးများကိုဖယ်ကာ နေရာထိုင်ခင်း ပြင်၍ပေးလေသည်။

မမြင့်ဝေသည် မိမိအပေါ်တွင် အလွန်ကောင်းမွန်ဖော်ရွေသော ကိုစိန်ပွင့်အား မသိမသာ အကဲခတ်လျက် ရှိလေသည်။ ကိုစိန်ပွင့်မှာ မိမိထက်လေး၊ ငါး၊ ဆယ်နှစ်ခန့် ကြီးသည်ဟု ထင်ရသော်လည်း မျက်နှာမှာ အတော်ပင် နုပျိုလျက် ရှိပုံကိုလည်းကောင်း၊ စူးရှသော မျက်လုံးများနှင့် ကြံ့ခိုင်သော မေးရိုးကြီးများကိုလည်းကောင်း စိတ်ထဲ မှ အတော်ပင်သဘောကျမိ၏။ သက္ကလတ်တိုက်ပုံအင်္ကျီ၊ ပုစွန်ဆီရောင် ဘန်ကောက်လုံချည်၊ အုန်းခွံရောင် နောက်ပိတ်ဖိနပ် စသည်ဖြင့် သားနားသပ်ရပ် စွာ ဝတ်စားထားလျက် သွက်လက်ဖျတ်လတ်သော အမူအရာလည်း ရှိလေသည်။ မမြင့်ဝေအား ကြည့်သောအခါ တည့်တည့်စိမ်းစိမ်းမကြည့်ဘဲ မသိမသာ စောင်းငဲ့ကြည့်တတ်သည်ကိုလည်း မမြင့်ဝေ သတိပြုမိ၏။

ပွင့် ။ "အခုနေတဲ့ အိမ်က အိမ်ပိုင်လား"

"မဟုတ်ပါဘူးရှင်၊ အိမ်ငှားပါ။ ကိုစိန်ပွင့် ကော - ဦးဝိစာရလမ်းမှာပဲ နေသလား"

"မဟုတ်ပါဘူး။ ကျွန်တော်က အလုံလမ်းမှာ နေတယ်။ ဒီနေ့ စနေနေ့ လခလည်းထုတ်လာလို့ စားစရာ၊ သောက်စရာလေးတွေ လျှောက်ဝယ်ပြီး ပြန်မလို့"

"အိမ်ကလူက မဝယ်ဘူးလားရှင့်"

"ဟား - ဟား - ကျွန်တော့်မှာ မိန်းမ မရှိပါဘူး - မမြင့်ဝေ၊ ကျွန်တော်က မုဆိုးဖိုပါ။ ဇနီးသည်ဆုံးသွားတာ (၅)နှစ် ကျော် (၆)နှစ် ရှိသွားပြီ၊ တပည့်တပန်းနဲ့နေပြီး ဖြစ်သလိုစားဖြစ်သလိုနေ ဆိုသလိုပေါ့လေ။ ဩော် - ဒါထက် ဦးထင်ဘွားဆီမှာ မမြင့်ဝေ အလုပ်လုပ်နေတယ်ဆိုတာ အတော်ကြာပြီလား"

"ဟုတ်ကဲ့ - (၉)နှစ်ကျော် (၁၀)နှစ်ပဲ ဆိုပါတော့လေ"

"ဩော် - အတော်ကြာမှကိုး။ ရိုးရိုးစာရေးပဲလား"

"ပထမတော့ စာရေးအလုပ်ပဲ လုပ်ခဲ့ရပါတယ်၊ နောက်တော့ ကျွန်မရဲ့ ဗညာအရည်အချင်းရော၊ ဆေးဘက်မှာ နည်းနည်းပါးပါး နားလည်တာရော သိတာနဲ့ အစစအရာရာကြည့်ရှုပြီး အတွင်းရေးမှူး သဘောလုပ်ရပါတယ်၊ အတွင်းရေးမှူး ဆိုပေမယ့် သူ့ရဲ့လက်ထောက်လောက်ပဲ လုပ်နေရပါတယ်ရှင်"

"လခလည်း တော်တော်ကောင်းကောင်း ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့ - သင့်ပါရဲ့၊ ကိုစိန်ပွင့်က အစိုးရဘက်မှာ လုပ်ပါသလား"

"အစိုးရဘက်မှာ မဟုတ်ပါဘူး။ ကျွန်တော်က (   )ဘဏ်တိုက်မှာပါ"

"ကောင်းပါတယ်ရှင်။ ဒီနေရာမျိုးဆိုတာ အေးပါတယ်"

"ဒါထက် - ဦးထင်ဘွားက ဦးနှောက် ရောဂါပါရဂူနော်"

"ဟုတ်ပါတယ်"

"နေပါဦး။ ဦးနှောက်ရောဂါပါရဂူ ဆိုတော့ ဘယ်လိုရောဂါမျိုးတွေ ကုရတာများသလဲ"

"စိတ်ကိုထိခိုက်ပြီးဖြစ်တဲ့ ရောဂါတွေပေါ့ရှင်။ ဝမ်းထဲမှာ ဘာမှရောဂါအခံ မရှိဘဲနဲ့ ဖြုန်းခနဲ လင်သေသွားတာ၊ သား သေသွားတာ၊ မယားသေသွားတာ၊ ကိုယ်နှင့် အင်မတန်ရင်းနှီးတဲ့ လူတစ်ယောက် ဖြုန်းခနဲ ဖျတ်ခနဲ သေသွားလို့ စိတ်ကိုထိခိုက်ပြီး လေဖြတ်နိုင် မကိုင်နိုင် ဖြစ်နေတာတွေ၊ သတိလစ်နေတာတွေ၊ ကိုယ့်ဟာကိုယ် ဘာစားမိလို့မှ စားမိမှန်းမသိ၊ ဘာသောက်မိလို့မှ သောက်မိမှန်း မသိတာမျိုးတွေ၊ စကားကို ဘယောင်ချောက်ချားပြော၊ ညတိုင်း ယောင်ယမ်းအော် အဲဒါမျိုးတွေ။ ဒီလိုပေါ့ရှင် - ပုံနေတာပါပဲ။ လူတွေသာ မသိတယ်၊ မြို့ပေါ်မယ် ဒီလိုရောဂါမျိုး ဖြစ်နေတဲ့လူတွေ အတော်များတာကလားရှင့်"

"ဩော် - ဟုတ်မှာပဲ။ မမြင့်ဝေတို့တော့ ဒီလိုလူတွေနဲ့ နေ့တိုင်း တွေ့နေရမှာပေါ့နော်"

"တွေ့ရပါသော်ကောရှင်၊ အမျိုးမျိုးပဲ။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး။ ဟော - အိမ်တောင်ရောက်လာပြီ၊ အဲ - ဟိုဘက်ဘေးက ဟုတ်ပြီ - ဟုတ်ပြီ"

ထိုအချိန်၌ ကားရပ်သော အိမ်ရှေ့တွင် မိန်းမကြီးတစ်ယောက်သည် မမြင့်ဝေအား ဆီးကြိုနေသည့်ဟန်ဖြင့် လမ်းဘက်သို့ မျှော်ကြည့်လျက် ရှိနေလေသည်။ မမြင့်ဝေ ကားပေါ်မှ ဆင်းမည်ပြုသည်တွင် ကိုစိန်ပွင့်က ...

www.burmeseclassic.com

www.burmeseclassic.com

"ဪော် - ဒါထက် - မမြင့်ဝေ ဘယ်သူနဲ့နေလဲ"

"ကျွန်မတို့ တူဝရီးနှစ်ယောက် တည်းပါ။ ဟိုမှာ ထွက်ကြိုနေတာ မြင့်အဒေါ်ကြီး ပေါ့"

"ဪော် - ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ရှင်"

"အို - ကျေးဇူးတင်နေစရာ မလိုပါဘူး။ ကိုင်း - သွားမယ် - မမြင့်ဝေ"

☆☆☆

နောက် (၃)ရက်ခန့် ကြာသောအခါ မမြင့်ဝေသည် အလုပ်တိုက်တွင် အလုပ်လုပ်နေခိုက် တယ်လီဖုန်းမှ အသံတစ်သံ ကြားရသဖြင့် စကားပြန်၍ ပြောရ၏။ ကံအားလျော်စွာ ထိုအချိန်၌ ဆရာဝန်ကြီး မရှိသဖြင့် မိနစ်အနည်းငယ်မျှ စကားပြောခွင့်ရ၏။ တယ်လီဖုန်းဆက်သူမှာ အခြားသူမဟုတ် ကိုစိန်ပွင့်ပင် ဖြစ်၏။ ကိုစိန်ပွင့်က ထိုနေ့ မမြင့်ဝေ အလုပ်မှ အပြန်တွင် ယခင်ကတွေ့ဖူးသော သုံးဘီးကားရပ်ထားသည့် နေရာသို့ လာခဲ့ရန်အကြောင်း မှာကြား၏။ ထိုအခါ မမြင့်ဝေမှာ တစ်ဖက်မှ ဆရာဝန်ကြီးပြန်လာမည်စိုးသဖြင့် လာခဲ့ပါမည်ဟု ကတိပေးလိုက်ရ၏။ သို့သော် ဆရာဝန်ကြီး သိမည်စိုးသဖြင့် နောက်ထပ် တယ်လီဖုန်း ကို အသုံးမပြုရန် သတိပေးလိုက်ရလေသည်။

ချိန်းဆိုသော နေရာတွင် တွေ့ဆုံကြပြီးနောက် ကိုစိန်ပွင့်သည် မမြင့်ဝေအား မလှမ်းမကမ်းရှိ ပျော်ပွဲစားရုံတစ်ခုသို့ ခေါ်သွားပြီးလျှင် ညစာကို ဇွတ်အတင်းကျွေး၍ အိမ်သို့လည်း ကားငှား၍ လိုက်ပို့ပြန်၏။ ထိုညဉ့်၌ မမြင့်ဝေသည် မိမိ အပေါ်တွင် လောကွတ်ပျူငှာ အလွန်ကောင်းမွန်ရှာသော ကိုစိန်ပွင့်အကြောင်းကို အတော်ကြာ စဉ်းစား၍ နေမိ၏။ ပျော်ပွဲစားရုံတွင် ထမင်းစားကြစဉ်က ...

"ဪော် - ဒါထက် မြင့်အသက် အစိတ်က ကျော်ပလား"

"မြင့်က မလှဘူးဆိုပေမဲ့ ကျွန်တော့် မျက်စိထဲတော့ သိပ်ကြည့်ကောင်းတာပဲဗျာ။ သိပ်ပြီး ခေတ်မဆန်ပေမဲ့ အခုလို ကုန်ချေရရလေး ဝတ်လာတော့ တစ်မျိုးလှတာပဲဗျ" ဟူသော စကားများကို တန့်နန့်ပြန်၍ စဉ်းစားမိ၏။ ထို့နောက် ကိုစိန်ပွင့်မှာ ချောမောသူတစ်ယောက်ပင် မဟုတ်စေကာမူ အတော်အတန် ခန့်ညားသော သူ၏ မျက်နှာကိုလည်းကောင်း၊ ကြံ့ခိုင်သော သူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုလည်းကောင်း၊ သူ၏ သပ်ရပ်သော ဝတ်ကောင်းစားလှများကိုလည်းကောင်း၊ ဖျတ်လတ်သွက်လက်၍ စကားပြောကောင်းပုံကိုလည်းကောင်း စဉ်းစားမိပြီးလျှင် မိမိအား မကြာခဏ တိတ်တိတ်ခိုးကြည့်တတ်ပုံ၊ အလိုလိုက်ဟန်ရှိပုံတို့ကိုပါ စိတ်ထဲတွင် ပေါ်လာလေသည်။ ယခင်က နှစ်ပေါင်းများစွာ အိပ်၍နေခဲ့သော အရှုံးစိတ်တို့သည် ယခုအချိန်တွင် ရုပ်လက္ခဏာ အတော်အသင့်ရှိသော ကိုစိန်ပွင့်၏ ပါးနပ်လိမ္မာစွာ ချဉ်းကပ်မှုကြောင့် နိုးကြားထကြွစ ပြုလာလေပြီ။

ထိုအချိန်မှစ၍ မမြင့်ဝေသည် မှန်ကို ယခင်အခါများကထက် အချိန်ကြာမြင့်စွာ ကြည့်ခြင်း၊ မျက်နှာသာမက မိမိ ကိုယ်လုံးကိုယ်ပေါက် ကိုယ်ဟန်အနေအထားကိုပါ ကိုယ်လုံးကိုယ်ပေါ်မှန်တွင် တစိမ့်စိမ့်ကြည့်ရှုခြင်းများကို ပြုလုပ်၏။ အလုပ်သွားချိန်များတွင် ယခင်က အဝတ်အစားများကို သင့်လျော်ရုံမျှ ဝတ်လေ့ရှိသော်လည်း ယခုမူ အဆင်များကို ရွေးချယ်၍ လာတော့၏။ ပါးလှပ်သည်ထက် ပါးလှပ်သော အဝတ်များကို ဝတ်စပြု၍လာ၏။ ယခင်က မျက်နှာကို တို့ပတ်ကလေး ခပ်ဖုံဖုံဖြင့်သာ အလုပ်ဆင်းခဲ့သော်လည်း ယခုမူ ပေါင်ဒါနှင့် မိတ်ကပ်များ ခြယ်မှုန်းကာ နှုတ်ခမ်းဆိုးဆေးကလေးများကိုပင် သုံးစပြု၍လာတော့၏။

ထိုအချိန်များအတွင်း ကိုစိန်ပွင့်ထံမှ ချစ်ရေးဆိုသော စာတစ်စောင် စာတိုက်မှ ရောက်ရှိလာရာ မမြင့်ဝေသည် (၁)ရက် (၂)ရက်မျှ စဉ်းစားပြီးနောက် မိမိကလည်း ချစ်ခင်ပါကြောင်းဖြင့် ပြန်ကြားလိုက်၏။ ပြန်စာရသောနေ့ နောက်တစ်နေ့၌ပင် ကိုစိန်ပွင့်သည် မမြင့်ဝေအား လာမည့်စနေနေ့ညနေ (၅)နာရီခန့်တွင် အလုပ်ရုံရှေ့၌တွေ့ဆုံရန် ချိန်းဆိုပြီး နှစ်ယောက်သား အင်္ဂလိပ်ကားတစ်ကားကို ကြည့်ကြ၏။ ကားမှာ အချစ်ဇာတ်ကား တစ်ကားဖြစ်၍ မင်းသားက မင်းသမီးအား ကျီစယ်ပုံ၊ ပွေ့ဖက်နမ်းရှုပ်ပုံတို့ကို မြင်ရသောအခါ မမြင့်ဝေ၏ စိတ်ဇာတ်များမှာ အမြင့်ဆုံးဒီဂရီသို့ပင် ရောက်လုနီးပါးတက်လာသဖြင့် ရုပ်ရှင်ပြစဉ် မီးမှိန်ထားသည့်အခါ၌ မိမိ၏လက်တစ်ဖက်အား ကိုစိန်ပွင့်က အသာဖျစ်ညှစ်ဆုပ်ကိုင်ထားသည်ကိုပင် ငြိမ်မိ၏။

ဤသို့ဖြင့် နောက်ရက်သတ္တ နှစ်ပတ်ခန့်ကြာသော် ကိုစိန်ပွင့်၊ မမြင့်ဝေတို့မှာ သမီးရည်းစားဘဝသို့ လုံးလုံးလျားလျား ရောက်ရှိခဲ့ကြပြီးနောက် ထိုအချိန်အတွင်း (၃)ကြိမ်မျှပင် ချိန်းချက်တွေ့ဆုံပြီးခဲ့လေပြီ။





www.burmeseclassic.com

www.burmeseclassic.com

မိန်းမတို့မည်သည် ယောကျ်ားများနှင့် မတွေ့ဆုံမီသာ မိမိ၏အချစ်ကို မျိုသိပ်ဖုံးဖိလျက် အရှက်အကြောက်ကို ဣန္ဒြေသိက္ခာဖြင့် တတ်နိုင်သမျှကာကွယ်စောင့်ရှောက်တတ်သည် မှန်သော်လည်း၊ မိမိ၏အချစ်ကို တစ်ကြိမ်မျှပွင့်လင်းစွာ ဖော်ထုတ်သောအခါ၌ကား ယောကျ်ားများထက်ပင် ပိုမိုလိုက်လျောတတ်ပြီးလျှင် ချစ်သူ၏စကားကို နားထောင်တတ်လေသည်။ အကယ်၍ မှားယွင်းစေကာမူ ရှေ့သို့ဖွတ်တိုးတတ်သော မွှတာ ရှိလေသည်။

သို့နှင့် တစ်နေ့သော စနေနေ့ ညနေတွင် ယခင်က ချိန်းချက်တွေ့ဆုံခဲ့ဖူးသော ပျော်ပွဲစားရုံတွင် တွေ့ကြပြီးနောက် ကိုစိန်ပွင့်သည် မမြင့်ဝေအား သူ၏ နေအိမ်သို့ ခေါ်သွားလေသည်။ အိမ်မှာ အလုံလမ်း ခြံကလေးတစ်ခြံအတွင်း တစ်ထပ်အိမ်ကလေးတစ်လုံးဖြစ်၍ အတွင်းတွင် ခုတင်၊ စားပွဲ၊ ကုလားထိုင်မှစ၍ အိမ်ထောင်မှုပစ္စည်း နည်းပါးသော်လည်း အတော်အတန် သပ်ရပ်စွာ ရှိလေသည်။

ကိုစိန်ပွင့်သည် သူအိပ်သော တစ်ယောက်အိပ်ခုတင်ပေါ်တွင် ခေါင်းအုံးများကို မှီကာ တစောင်းအိပ်လျက်ရှိလေရာ မမြင့်ဝေက သူ၏နံဘေးတွင် တစောင်းထိုင်လျက် ရှိ၏။ ကိုစိန်ပွင့်သည် မမြင့်ဝေအား လက်တစ်ဖက်ဖြင့် ပွေ့ဖက်လျက် ...

"မြင့် - အစ်ကိုကြီးကို ချစ်တယ်နော်"

"ချစ်တာပေါ့ - အစ်ကိုကြီးရဲ့"

"တကယ်ချစ်တယ်နော်"

"အို - အစ်ကိုကြီးကလည်း အဆန်းလုပ်ပြီး မေးနေပြန်ပါပြီ။ ချစ်လို့ (၃ - ၄) ခါတောင် တွေ့ပြီးမှပဲ"

"ချစ်တယ်ဆိုတာ လူကိုချစ်တာလည်း ရှိတယ်။ ပစ္စည်းဥစ္စာတို့ ဂုဏ်ပကာသနတို့ ရာထူးတို့ကိုလည်း ချစ်တာရှိတယ်။ ဒီတော့ ..."

"လူကိုချစ်တာ လူကိုချစ်တာ။ ကဲ - သိပလား"

ကိုစိန်ပွင့်က အတန်ငယ်ပြုံးလျက် ...

"ဒီလောက်လည်း ဒေါသမကြီးပါနဲ့ဦး ... မြင့်ရဲ့၊ အစ်ကိုကြီး ဆုံးအောင်ပြောတာ နားထောင်စမ်းပါဦး။ အစ်ကိုကြီးဟာ မြင့် ပြောထားသလို ( )ဘဏ်မှာ အလုပ်လုပ်တဲ့လူတစ်ယောက် မဟုတ်ဘူး။ ပိုက်ဆံလည်း ဘာမှမရှိဘူး။ ဆင်းရဲတဲ့ လူတစ်ယောက်။ ပြီးတော့လည်း လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုရင်ကော - မြင့်ရယ်"

"ဘာပဲဖြစ်ဖြစ် ချစ်တာ ချစ်တာပဲ"

မျက်နှာကို တစ်မျိုးပြင်လျက် ...

"ဒီမယ် - မြင့်၊ အစ်ကိုကြီးက လူကောင်းတစ်ယောက် မဟုတ်ဘူး၊ အစ်ကိုကြီးက မြင့်လို တက္ကသိုလ်ကို မရောက်ဖူးဘူး။ ဆယ်တန်း မအောင်ခဲ့ဘူး - မြင့်ရယ်"

"မအောင်ကော ဘာဖြစ်လဲ"

"ကိုင်း - အစ်ကိုကြီးပြောမယ်၊ ပြောတော့သာ မုန်းမသွားနဲ့နော်၊ အစ်ကိုကြီးဟာ ပျက်စီးနေတဲ့ လူတစ်ယောက် မြင့်ရဲ့၊ အစ်ကိုကြီးဟာ လူပေလူတေ ဂျပိုး၊ အစ်ကိုကြီးဟာ မြင့်ထင်သလို လူနတစ်ယောက် မဟုတ်ဘူး။ သောက်တယ်၊ စားတယ်၊ ဆိုးတယ်၊ ခိုးတယ်၊ တစ်ခါတလေ အဖော်ကောင်းရင် တိုက်တယ် ခိုက်တယ်၊ ဒီလိုဆိုရင် မြင့် အစ်ကိုကြီးကို ချစ်နိုင်ပါဦးမလား"

"ဘာပဲဖြစ်ဖြစ် ချစ်တာချစ်တာပဲ။ ပြီးတော့ - မြင့်နဲ့ရရင် လူကောင်းတစ်ယောက်ဖြစ်အောင် မြင့်က ပြောင်းပေး မှာပေါ့"

"မဖြစ်ဘူး - မဖြစ်ဘူး - မဖြစ်နိုင်ဘူး။ ဒီဝါသနာကို အစ်ကိုကြီး စွန့်နိုင်မယ် မထင်ဘူး"

"စဉ်းစားပါ - အစ်ကိုကြီးရယ်။ အစ်ကိုကြီးဟာ တက္ကသိုလ် မရောက်ဖူးဘူး ဆိုပေမယ့် ခေတ်ပညာတတ်တစ်ယောက်ပါ။ ပြီးတော့ အစ်ကိုကြီးဟာ ကြံ့ခိုင်ဖန်ခိုင်ရှိတဲ့ လူတစ်ယောက် မဟုတ်လား"

"မြင့်ပြောတာ ဟုတ်တယ်ပဲ ထားဦး။ အစ်ကိုကြီးဟာ ဘယ်နည်းနဲ့မှ မြင့်နဲ့ တော်တဲ့လူတစ်ယောက် မဟုတ်ဘူး"

"ကိုင်း - ဒီဟာတွေထားပါတော့ အစ်ကိုကြီးရယ်၊ မြင့်ဟာ အစ်ကိုကြီးက လွဲပြီး ဘာမှ ချစ်တာမဟုတ်ဘူး"

ချိန်းဆိုထားသောနေ့သို့ ရောက်လာ၏။ ထိုနေ့တွင် မမြင့်ဝေသည် အလုပ်ချိန်း အလုပ်စားပွဲ၌ထိုင်ကာ ထိုနေ့ချိန်းဆိုထားသည့် လူနာများစာရင်းကို ဆရာဝန်ကြီး ဦးထင်ဘွားမေးက အသင့်ရရှိနိုင်ရန် စာရင်းပြုလုပ်လျက် ရှိ၏။

www.burmeseclassic.com

ထိုနေ့အဖို့ မမြင့်ဝေသည် ပြောင်လက်တောက်ပသော အဝတ်အစားများကို ဝတ်စားထားပြီးလျှင် မျက်နှာလည်း အတော်ရွှင်လျက်ရှိသည်ကို ဆရာဝန်ကြီး ကိုယ်တိုင် သတိပြုမိ၏။

ဘွား ၊ "မမြင့်ဝေ - ဒီနေ့ တယ် မျက်နှာရွှင်ပါလား။ အဝတ်အစားကလည်း ဒီကနေ့ကြည့်ရတာ ပိုသပ်ရပ်နေတယ်"

"ဟုတ်ကဲ့ - ဆရာ။ ဒီနေ့ညနေ အလုပ်ဆင်းရင် မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့ ဖိတ်ထားလို့ သွားစရာရှိလို့ပါ"

အမှန်အားဖြင့်မူ မမြင့်ဝေမှာ ထိုနေ့အဖို့ အလုပ်တွင် စိတ်မဝင်စားလှဘဲ ယမန်နေ့ညက ကိုစိန်ပွင့်နှင့် တွေ့ဆုံခဲ့ရသည့် အကြောင်းများကိုသာ မကြာခဏ ပြန်၍ သတိရနေပြီးလျှင် ကမ်းနားလမ်းရှိ စထရင်းဟော်တယ်တွင် ကိုစိန်ပွင့်နှင့် ချိန်းဆိုထားသော ရက်ကိုသာ ကြိုတင်တွေးတော စိတ်ကူးယဉ်လျက် ရှိနေလေသည်။ ဆရာဝန်ကြီး ပြောလိုက်သည်ကို စိတ်မလုံသဖြင့် အတန်ငယ် မျက်နှာပျက်သွားသော်လည်း ချက်ချင်း ကြန့်ဆွဲဆယ်လိုက်ပြီးနောက် ...

"သြော် - ဒါထက်၊ ဒီကနေ့ (၁၀) နာရီခွဲကို သူဌေးဦးထွန်းပေါ်နဲ့ ဆရာ တွေ့ဖို့ ချိန်းထားတာရှိတယ် - ဆရာ"

"သြော် - ဟုတ်လား။ အင်း - ဟုတ်သားပဲ။ ဒီလူကြီးလည်း သနားစရာပဲ"

"ဘယ့်နယ်လဲ - ဆရာ။ ဦးထွန်းပေါ် ရောဂါမသက်သာဘူးလား"

"အင်း - သိပ်တော့ မသက်သာလှသေးဘူး။ နည်းနည်းပါးပါးလောက်တော့ တော်တယ်ဆိုပါတော့။ ဒီလူကြီးရောဂါက မူလက အစွဲအလမ်းအတော်ကြီးနေတော့ တစ်နည်းတစ်လမ်း ပြောင်းသင့်ပြောင်းရဦးမှာပဲ။ ကိုင်းလေ - သူလာတော့သာ ဆရာ့ အခန်းထဲ လွှတ်လိုက်ပေတော့၊ ဟုတ်လား"

"ဟုတ်ကဲ့ - ဆရာ၊ လွှတ်လိုက်ပါမယ်"

သူဌေးဦးထွန်းပေါ်ဆိုသူမှာ အသားခပ်ညိုညို ဝဝဖိုင့်ဖိုင့်ဖြစ်၍ အသက် (၅၀) ခန့်မျှရှိပြီဖြစ်ရာ ခနောင်တိုဘက်တွင် ဆန်စက်များ၊ သစ်စက်များရှိ၍ ကြွယ်ဝချမ်းသာသော သူဌေးတစ်ယောက်ဖြစ်၏။ သူသည် အိပ်ပျော်စားဝင် နေထိုင်ကောင်းလျက် ကိုယ်အင်္ဂါ အစိတ် အပိုင်းနှင့်ပတ်သက်၍ တခြားထွေထူးသော ရောဂါမရှိသော်လည်း စိတ်နှင့်ပတ်သက်သည့် ထူးဆန်းသောဝေဒနာတစ်မျိုး ကပ်ရောက်ခဲ့သဖြင့် ဆရာဝန်ကြီးဦးထင်ဘွားထံ လာရောက်ကုသနေခြင်း ဖြစ်လေသည်။

(၁၀) နာရီခွဲသာသာလောက်တွင် သူဌေးဦးထွန်းပေါ် ရောက်လာ၍ အပြင်ခန်းတွင် မမြင့်ဝေအား ပြုံးရွှင်စွာ နှုတ်ဆက်လေရာ မမြင့်ဝေသည် နေရာမှထ၍ ဦးထွန်းပေါ်အား ရှိသေလေးစားသော အမူအရာဖြင့် ဆရာဝန်ကြီးရှိသော အတွင်းခန်းသို့ လိုက်၍ပို့လေသည်။

ဆရာဝန်ကြီးသည် မိမိကုသလျက်ရှိသော လူနာများ၏ ရာဇဝင်ကို သူတို့၏ (၁) ရောဂါအမျိုးအမည် စတင်ဖြစ်ပေါ်လာပုံ၊ (၂) ပတ်ဝန်းကျင်အခြေအနေကိုပါ ရေးမှတ်ပြီးလျှင် တစ်ဦးစီအတွက် သီးသန့်ဖိုင်တွဲများ ပြုလုပ်ထား၏။ အချို့လူမသိစေလိုသော အချက်များကို မိမိတစ်ယောက်တည်းသာ သိနိုင်သောသင်္ကေတဖြင့် ရေးမှတ်၏။ ယင်းဖိုင်များကို သူ၏ အလုပ်စားပွဲနောက်ရှိ သံမဏိစင်ကလေးပေါ်တွင် အစီအစဉ်အတိုင်း နံပါတ်များထိုး၍ တင်ထားလေသည်။

☆☆☆



"သူ့စိတ်ထဲမှာ
အင်မတန်ချောတဲ့
မိန်းကလေးတစ်ယောက်ကို
စွဲထင်းပြီး စိတ်ကူးယဉ်လွှမ်းနေတဲ့
ငရူးပါပဲ ရှိတယ်။
ဘယ်သူ့ စိတ်ထဲ
အဲဒါ အဲဒါနဲ့ဆိုရင်
အချစ်စိတ်ဝင်လွှမ်းမိုး
ပေါ့တာပေါ့

www.burmeseclassic.com

ထိုနေ့ညနေ၌ မမြင့်ဝေသည် ကိုစိန်ပွင့်နှင့် ပန်းဆိုးတန်းရှိ ဂရင်းဟော်တယ်တွင် တွေ့ဆုံလေသည်။ သူတို့သည် ချောင်ကျသော အခန်းထောင့်တစ်နေရာရှိစားပွဲတွင်ထိုင်လျက် ကိုစိန်ပွင့်က နွေလယ်စာတစ်ပွဲကို မှာလိုက်၏။

မမြင့်ဝေမှာ အလှအပဆုံးသော အဝတ်အစားများဖြင့် ဝတ်ဆင်လျက် အလွန်ရွှင်ပျသောမျက်နှာဖြင့် ရှိနေလေရာ ကိုစိန်ပွင့်သာ အတန်ငယ်ညှိုးငယ်သကဲ့သို့ မမြင့်ဝေက ထင်မိ၏။ ကိုစိန်ပွင့်သည် အတန်ကြာအောင် စကားမပြောသေးဘဲ တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားသကဲ့သို့ ရှိလေသည်။

မြင့် ။ "ဘာများ ဒီလောက်အရေးကြီးရတာလဲ - ကိုကြီးရဲ့၊ ဒီနေရာမှာ ချိန်းရအောင်"

ပွင့် ။ "ဘာမှအရေးမကြီးပါဘူး မြင့်ရယ်၊ ကိုတို့ လက်ထပ်ဖို့အကြောင်းလည်း ပြောမလို့ပါ။ ပြီးတော့ - ကိုယ်လေ အခုတလော တယ်ပြီး နေမကောင်းသလိုကြီးပဲ၊ ခံတွင်းတောင် နည်းနည်းပျက်နေတယ်၊ ဘာမှစားမကောင်းဘူး"

မမြင့်ဝေသည် ကိုစိန်ပွင့်၏ နဖူးကိုပင် လက်ဝါးကလေးဖြင့် အသာအယာ စမ်းသပ်ကြည့်မိ၏။

"ဘာမှမဖြစ်ပါဘူး။ တကတဲ၊ ဝမ်းနုတ်ဆေးလေးတွေ ဘာလေးတွေ သောက်လိုက်ရင် ပြီးတာပဲ"

"ဝမ်းနုတ်ဆေးမလိုပါဘူး မြင့်ရဲ့၊ ဆေး - ဆေး - ဘာဆေးလည်း သိလား။ ငွေ - ငွေ - ငွေဆေးကို ပြောတာ။ ငွေဆေးလိုနေတယ်၊ ငွေရှိမှ ဖြစ်မယ်၊ ကိုယ်တို့ နှစ်ယောက် လက်ထပ်ဖို့လေ၊ အခုလို မွဲပြာနေတဲ့ အခြေအနေကတော့ လက်ထပ်နိုင်ဖို့ အဝေးသား"

"ဖြစ်သလိုပေါ့ - အစ်ကိုကြီးရယ်"

"အစ်ကိုကြီးဟာ လူဆိုးကွယ့်၊ မြင့် ချစ်မယ့်သာ ချစ်နေတာ၊ ခုထက်ထိ စိုးတုန်းဆိုးတုန်းပဲ"

"ဒါတွေ ပြောမနေပါနဲ့တော့ အစ်ကို ကြီးရယ်"

သူတို့သည် ရောက်လာသော စွတ်ပြုတ်များကို သောက်လျက် ရှိလေ၏။

"အစ်ကိုကြီးဟာ လူကောင်းတစ်ယောက်ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား၊ မြင့် - တစ်ခါက ပြောခဲ့တာလေ။ မြင့်နဲ့ ရပြီးတဲ့နောက် လူကောင်းဖြစ် အောင်မြင့်က ပြောင်းပစ်မယ်ဆို၊ မြင့် မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ်"

"ကိုင်း - ဒါဖြင့် အစ်ကိုကြီးပြောတာ တစ်ခုလုပ်ပေးပါလားကွယ်၊ မြင့် - အစ်ကိုကြီး အခုလို ဒီတစ်ခါပဲ ပြောပါတယ်။ အကြောင်းကတော့ အခုတစ်ခါ လုပ်ပြီးရင် အစ်ကိုကြီး လူကောင်းဖြစ်တော့မယ်၊ ဒီတစ်ခါပဲ ဒီတစ်ခါပဲ"

"ဘာလဲ - ဘာကိုလုပ်ပြီးမှ လူကောင်းဖြစ်မှာကို ပြောတာလဲ"

"ဒီလိုမြင့်ရဲ့ - ကျုပ်တို့ ရှေ့ရေးအတွက် ပြောတာနော်၊ ကျုပ်တို့ နှစ်ယောက်ကောင်းဖို့ပြောတာ။ ဒီတော့မှ လက်ထပ်ပြီးတဲ့နောက် ကျုပ်တို့ရဲ့ဘဝခရီးကို ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ သွားနိုင်ကြမယ်။ အစ်ကိုကြီး လိုချင်တာက ဒေါက်တာဦးထင်ဘွားရဲ့ဖိုင်တွဲတွေ အခုလောလောဆယ် ပြောတာနော်။ ဟိုရှေးက အကြောင်းတွေ ပြောတာမဟုတ်ဘူး။ နေဦး - နေဦး၊ မြင့် မပြောနဲ့၊ အစ်ကိုကြီးစကားဆုံးအောင် နားထောင်ဦး။ အဲဒီဖိုင်တွဲတွေကို အစ်ကိုကြီးဆီ ခဏယူလာခဲ့စေချင်တယ်၊ ကျုပ်က မြင့်ခိုးယူခဲ့ဖို့ပြောတာ မဟုတ်ဘူးနော်၊ ငှားလာဖို့ ပြောတာ။ ငှားလာဖို့ပဲ ဆိုပါတော့၊ ကျုပ် ချက်ချင်းဖတ်ပြီး ညယူလာရင် နက်ဖြန် မနက် သူ့နေရာသူ ပြန်ရောက်စေရမယ်၊ အဲဒီထဲမှာ လိုချင်တာရှိတာ ရှာမယ်။ မတွေ့သေးရင် မြင့် တစ်ခါနှစ်ခါတော့ အပင်ပန်းခံရမှာပေါ့ကွယ်၊ မြင့် - ဒီလိုလုပ်လို့ ဘာမှမဖြစ်စေရဘူး။ ဘယ်သူမှလည်း မသိစေရဘူး၊ ကျုပ် တာဝန်ယူမယ်။ ဘာဆိုဘာမှမဖြစ်စေရဘူး၊ မြင့် - စိတ်ချ"

ကိုစိန်ပွင့်သည် နှစ်ကိုယ်ကြား တီးတိုးမျှသာ ပြောသော်လည်း သူ၏ အသံမှာ ကြည်လင်စူးရှလှ၏။ ထို့အတူ မမြင့်ဝေ ပြန်ပြောသော စကားများမှာလည်း ကြည်လင်ပြတ်သားလှလေသည်။

"ဘာပြောနေတာလဲ - အစ်ကိုကြီး၊ ဒေါက်တာ့ဖိုင်တွေကို ဘာဖြစ်လို့ လိုချင်ရတာလဲ၊ ဒီဟာတွေရတော့ အစ်ကိုကြီး ဘာလုပ်မလဲ"

"ဒီဟာက မနေ့ညကမှ အကြံရတာ မြင့်၊ အတော်အဖိုးတန်တဲ့ အကြံ ကလေး နေပါဦး၊ စိတ္တဇရောဂါနဲ့ ပတ်သက်ပြီး ကုရတယ်ဆိုတာက လူတစ်ယောက်ရဲ့ကိုယ်ရေးကိုယ်တာ ... ဘွင်းရေးတွေပဲ မဟုတ်လား။ ဥပမာဆိုပါတော့ကွယ် - လူတစ်ယောက် အင်မတန် လျှို့ဝှက်ထားတဲ့ကိစ္စတွေ၊ လူမသိစေချင်တဲ့ကိစ္စတွေ ပြောရမှာပေါ့၊ အစ်ကိုကြီး ပြောတာ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

"ဆရာဝန်မေးသမျှ လူနာဆိုတာ နိုက်နိုက်ချွတ်ချွတ် ပြောရတာပဲ၊ ဘာမှ ကွယ်ထောင့်နေစရာ မလိုဘူး။ ဒါဟာ အစ်ကိုကြီး လိုချင်တဲ့အချက်ပဲ။ ဆရာဝန်ကြီးရဲ့မှတ်ချက်အမှတ်အသားတို့ အစ်ကိုကြီး နားလည်ရင် ဒီကိစ္စပြီးတာပဲ"

ကိုစိန်ပွင့်သည် နောက်ဆုံးလာ၍ပို့သော ကော်ဖီကို နောက်ဆုံးမော့ချလိုက်ပြီးနောက် ဆက်လက်၍ ...

"မြင့်တို့ဒေါက်တာဆီမှာ လာကုတဲ့ လူနာတွေက အတော်ချမ်းသာတဲ့ လူတွေပါတယ်ကွယ့်၊ တကယ့်သူဌေးတွေ ပါတယ်။ ဒီလူတွေက ငွေဆိုတာ ပမာမထားဘူး။ နို့ပေမဲ့ - ကိုယ်နဲ့ မြင့်မှာတော့ လိုနေတယ်မဟုတ်လား"

မမြင့်ဝေသည် ကိုစိန်ပွင့်၏စကားများကို နားထောင်စဉ်းစားရင်း ဦးခေါင်းကိုသာ တွင်တွင်ကြီးယမ်းလျက် ရှိလေသည်၊

"ကိုင်းလေ - ဒီအကြောင်း ဒီမှာ တော်လောက်ပါပြီ၊ ည အိမ်ကျမှ ပြောကြတာပေါ့။ ဒီည အစ်ကိုကြီးအိမ် လိုက်ဦးမယ် မဟုတ်လား"

မမြင့်ဝေသည် ဦးခေါင်းကို မညိတ်ချင် ညိတ်ချင် ညိတ်လိုက်၏။

ထိုည၌ မမြင့်ဝေသည် ကိုစိန်ပွင့် ပေးသော အကြံဉာဏ်ကို လက်ခံရန် အတန်တန် ငြင်းပယ်လျက်ရှိ၏။ နောက် ဆုံး၌ ကိုစိန်ပွင့်သည် အချေအတင် မပြောတော့ပေ။ သို့သော် သူ၏ မျက်နှာမှာ တစ်စုံတစ်ခုကိုပြုလုပ်ရန် လေးနက်စွာ ဆုံးဖြတ်လိုက်ဘိသကဲ့သို့ တင်းမာခက်ထန်ရော်လျက် ရှိလေသည်၊

နောက်ရက်သတ္တတစ်ပတ်အတွင်း၌ မမြင့်ဝေသည် ကိုစိန်ပွင့်၏တောင်းဆိုချက်များကို စဉ်းစားမိတိုင်း ရင်ထဲတွင် တင်းကြပ်လျက် ရှိတော့၏။ တစ်ဖက်တွင် "အချစ်" ရှိနေလျက် အခြားတစ် ဖက်တွင် "သစ္စာတရား" က ရှိနေ၏၊ နောက်တစ်ပတ်တွင်မူကား ထို့ထက် ပြင်းထန်သော ဝေဒနာကို ခံစားရရှာ၏။ ဟော်တယ်တစ်ခုမှနေ၍ ကိုစိန်ပွင့်ပေးထားသော တယ်လီဖုန်းနံပါတ်ကိုခေါ်ရာ အခန့်သင့်ပင် သူနှင့် တွေ့ရသဖြင့် မည် သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း အောက်ကျခံ၍ အမျိုးမျိုးတောင်းပန်ရှာ၏၊ သို့သော် ကိုစိန်ပွင့်ကမူ ဇွတ်အတင်း တွယ်ကပ်လျက် ရှိလေသည်၊

နောက်ရက်သတ္တတစ်ပတ်ခန့် တစ်ယောက်နှင့်တစ်ယောက် လူချင်းမတွေ့ရဘဲ ရှိနေပြီးနောက် ကိုစိန်ပွင့်က ...

"ဒီမယ် - မြင့်၊ အစ်ကိုကြီး နောက်ဆုံးပြောမယ်နော်။ နားထောင် - မြင့်၊ အခုလို ငြင်းနေရင် ငွေရအောင် အရင်ကထက် ဆိုးဝါးတဲ့ ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ရတော့မှာပဲ၊ ကြိုးကွင်းစွပ်ပဲ ခံရခံရ၊ ကိုကိုးကျွန်းပဲ ရောက်ရောက်၊ တော် - တော် - အစ်ကိုကြီး ပြောတာ ပြန် မပြောနဲ့၊ ဒါပဲကွယ် - ဒါပဲ"

ဟု တယ်လီဖုန်းဖြင့် ပြောသံကို နောက်ဆုံးကြားရလေသည်၊

တတိယပတ်သို့ ရောက်သောအခါ မမြင့်ဝေမှာ ကိုစိန်ပွင့်၏ တောင်းဆိုချက်ကို မျက်စိမှိတ်၍ သဘောတူလိုက်ရရှာလေသည်။

☆ ☆ ☆

ဆရာဝန်ဦးထင်ဘွားသည် (၁၀)နာရီခန့်တွင် အလုပ်တိုက်သို့ ရောက်လာပြီးနောက် မမြင့်ဝေအား ပြုံးပြုံးရယ်ရယ် နှုတ်ဆက်ကာ အတွင်းခန်းသို့ ဝင်သွားလေ၏၊

ထိုနေ့မှာ ဆရာဝန်ကြီး၏ စိတ္တဇ ဝေဒနာသည်များ လျှို့ဝှက်မှတ်တမ်းပါရှိသည့် ဖိုင်တွဲများကို တိတ်တဆိတ်ယူပြီးလျှင် ကိုစိန်ပွင့်ဆီသို့ သွားရောက်ပေးပို့ရန် ချိန်းဆိုထားသောနေ့ ဖြစ်လေသည်၊

ညနေ (၄)နာရီခွဲ အချိန်သို့ ရောက်သောအခါ ဒေါက်တာဦးထင်ဘွားသည် အိမ်သို့ပြန်ရန် အခန်းထဲမှ ထွက်လာပြီးနောက် မမြင့်ဝေ စားပွဲအနီးသို့ ရောက်သောအခါ —

"ဪ - မမြင့်ဝေ အလုပ်မဆင်းသေးဘဲကိုး"

"ဟုတ်ကဲ့ - ဆရာ၊ နည်းနည်း တိုက်(ပ်)ရိုက်စရာတွေ ကျန်သေးလို့ (၅) နာရီ ထိုးပြီးလောက်မှပဲ ဆင်းပါမယ်"

"အေး - အေး - ကြိုးစားပေါ့ကွယ်၊ မမြင့်ဝေ ရှေ့ကို တက်လမ်းအများကြီး ရှိပါတယ်"

"ဟုတ်ကဲ့ - ဆရာ၊ ကျေးဇူးတင် ပါတယ်"

ထို့နောက် ဆရာဝန်ကြီးသည် မမြင့် ဝေအား နှုတ်ဆက်ပြန်သွားလေသည်၊

နာရီဝက်သာသာခန့် ကြာသော အခါ မမြင့်ဝေသည် မိမိစားပွဲပေါ်ရှိ စာစည်းများကို သိမ်းဆည်းပြီးလျှင် စားပွဲအံဆွဲအတွင်းမှ မှန်ဗိုင်းကလေးတစ်ဗူးကို ထုတ်ကာ

www.burmeseclassic.com

အလုပြင်ဆင်လျက် ရှိလေ၏။ ထိုအချိန်မှာ ဆရာဝန်ကြီး၏ ဖိုင်တွဲများကို တိတ်တဆိတ် ယူဆောင်သွားရတော့မည်ဖြစ်၍ မှန်ကိုင်ထားသော သူ၏ လက်ကလေးတွင် တုန်တုန်ယင်ယင်ရှိနေလျက် မျက်နှာတွင်လည်း အတန်ငယ်ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို မြင်ရ၏။ နှုတ်ခမ်းများမှာ ခပ်ပြာပြာဖြစ်နေ၏။ သို့နှင့် စိတ်ကိုတင်းကာ ဖြူဖပ်ဖြူရော် ဖြစ်နေသော မျက်နှာကို "မိတ်ကပ်" နှင့် ခြယ်ကာ ပြာသောနှုတ်ခမ်းကို ဆိုးဆေးဖြင့် ဖုံးအုပ်လေသည်။

အသင့်ပြင်ပြီးသောအခါ ဆရာဝန် ကြီး၏ အခန်းထဲသို့ ဝင်ပြီးနောက် "ယခုလောလောဆယ်အမှုများ" (Current)ဟု ကမ္ပည်းထိုးထားသော အကန့်မှ ဖိုင်တွဲများကိုယူပြီးလျှင် စားပွဲပေါ်သို့တင်၍ ကြိုးတစ်ချောင်းဖြင့် ချည်နှောင်လေသည်။ ထို့နောက် အခန်းထဲမှ ဓာတ်မီးများကို ပိတ်လိုက်၏။ ပြီးသောအခါ ဖိုင်တွဲ အထုပ်ကြီးကို မိမိလက်ထဲတွင် တာရှည်စွာ ကိုင်မနေလိုသဖြင့် ဒရဝမ် ကုလားအားသုံးဘီးကားကလေးတစ်စီးကို အခေါ်ခိုင်းပြီးလျှင် ဒရဝမ်က လက်လှမ်းသည်ကိုပင်မပေးဘဲ အထုပ်ကို ကိုယ်တိုင်ပိုက်ပြီးလျှင် ကားပေါ်သို့တက်၍ ကိုစိန်ပွင့် အိမ်ရှိရာအလုံလမ်းသို့ မောင်းလေ၏။

ကိုစိန်ပွင့်အိမ်သို့ရောက်သောအခါဧည့်ခန်းအားအခန့်သင့်ပင် တွေ့ရလေ၏။ ကိုစိန်ပွင့်ကမမြင့်ဝေလက်ထဲတွင်ပိုက်လာသောအထုပ်ကြီးကိုမသိမသာ တစ်ချက်စောင်း၍ ကြည့်လိုက်ပြီးလျှင် မိမိ၏ ဝမ်းမြောက်မှုကို မျက်နှာတွင် မပေါ်စေရန် ဣန္ဒြေဆယ်လိုက်လေသည်။ မမြင့်ဝေသည် မိမိ၏ လက်ပွေ့အိတ်ကလေးနှင့်အတူ ဖိုင်တွဲထုပ်ကို ...

"ရော့ - ဟောဒီမယ်၊ စက္ကူတွေတော့ မရောစေနဲ့နော်။ တချို့လည်း အပ်နဲ့ တွဲထားတယ်။ တချို့လည်း ပြုတ်ထွက်နေတယ်။ ရောသွားလို့တော့ မဖြစ်ဘူး။ အဲဒါ အင်မတန် အရေးကြီးတယ်"

ပွင့် ။ "သိပါတယ်မြင့်ရယ်။ ဆရာဝန်ကြီးသင်္ကာမကင်းမဖြစ်စေချင်ဘူးမဟုတ်လား။ အစ်ကိုကြီး သိပါတယ်"

မြင့် ။ "ပြီးတော့ဒီဖိုင်တွေက သူ ကိုယ်တိုင် နေ့တိုင်းကိုင်နေတဲ့ဖိုင်တွေ။ ခြေရာလက်ရာမပျက်မှ ဖြစ်မယ်"



"သိပါတယ် - မြင့်ရဲ့၊ အစ်ကိုကြီး အသာလေးကိုင်မယ်။ အခုလောက်ပြောရင် စိတ်ချပါ - မြင့်ရယ်၊ အစ်ကိုကြီး နားလည်ပါတယ်"

မမြင့်ဝေသည် စားစရာများ လုပ်ဦးမည်ဆို၍ နောက်ဖေးမီးဖိုခန်းသို့ ဝင်ကာ ဝက်အူချောင်းနှင့် ကြက်ဥများကို ကြော်ပြီးလျှင် ကော်ဖီများ ဖျော်လျက်ရှိလေ၏။ ကိုစိန်ပွင့်သည် ဖိုင်တွဲအထုပ်ကို ဖြေပြီးနောက် စားပွဲတွင်ထိုင်ကာ ဆရာဝန်ကြီး ဦးထင်ဘွား၏ မှတ်စုများ အချို့ချို့ရှက်သော သင်္ကေတများဖြင့် ရေးမှတ်ထားသည့် အတိုကောက် မှတ်ချက်များကို သေချာစွာ လေ့လာလျက် ရှိလေသည်။

မကြာမီ မမြင့်ဝေယူလာသော ကော်ဖီများကို နှစ်ယောက်အတူ မြိန်ယှက်စွာ စားသောက်ကြပြီးနောက် ကိုစိန်ပွင့်သည် ဖိုင်တစ်ခုကို လက်ထဲတွင်ကိုင် လျက် ...

"ဒီဟာပဲ - မမြင့်ဝေ၊ ဦးထွန်းပေါ် ဆိုတာ ဘယ်သူလဲ - မြင့် သိလား"

"သိပါတယ် အစ်ကိုကြီးရယ်။ ဒီလူကြီးက စက်သူဌေး၊ ပိုက်ဆံတော့ ချမ်းသာပါတယ်၊ နို့ပေမဲ့ - ခများ ကောင်းကောင်းမမာရှာဘူး၊ လူကြီးက သနားစရာ ..."

"အင်း - မြင့်ကသာ သနားနေတယ်။ လူကြီးကတော့ သူ့မယားငယ်ကလေးနဲ့ ပျော်လို့ရှင်လို့။ ကောင်မကလေးက အသက် (၁၇)နှစ်၊ သူက (၆၀)နှစ်"

မမြင့်ဝေ မျက်နှာအတန်ငယ် ပျက် သွားသည်ကို ကိုစိန်ပွင့်က ယုယကြင်နာတန်ဖြင့် ...

"ဘာဖြစ်သွားတာလဲ - မြင့်၊ ဟင် ... ဒီအကြောင်း မြင့် မသိဘူးလား"

"ဟင့်အင်း - မသိဘူး၊ ဒီအကြောင်းကို တစ်ခါမှ ဒေါက်တာလည်း မြင့်ကို မပြောဘူး၊ ဒေါက်တာပြောတာကတော့ ဒီလူကြီးရောဂါဟာ အတော်ထူးဆန်းတယ်တဲ့၊ သူတောင် ဒီတစ်ခါတည်း တွေ့ဖူးတယ်လို့ ပြောတာပဲ"

(ကိုစိန်ပွင့်က အတန်ငယ် ပြုံးရယ် လိုက်ပြီးနောက်) "ဒီလူကြီးက သူ့ပြဿနာ သူ လုပ်နေတာပဲ။ သူ့မယားကြီးကို ဆိုပါတော့၊ သူ့မယားကြီးကတော့ ဒီကိစ္စကို မသိရှာဘူး၊ ဒေါက်တာ့မှတ်ချက်ထဲမှာ နည်းနည်းပါးပါး စောင်းပါးရိပ်ခြည် ရေးထားတယ်၊ အစ်ကိုကြီးတောင် အတော်ဖတ်မှ သဘောပေါက်လာ တယ်။ ဒီအဘိုးကြီးက (၁၇) နှစ် မယားလေးကို သိပ်ချစ်တယ်၊ တစ်ဖက်က မယားကြီးကိုလည်း နည်းနည်းလေးမှ မသိစေချင်ဘူး။ မယားကြီးလည်း မပစ်နိုင်ဘူး၊ မယားငယ်လည်း လက်မလွှတ်နိုင်ဘူး။ အဘိုးကြီးက အင်မတန် စိတ်ထန်တဲ့လူ။ တစ်ဖက်က မယားကြီးသိသွားမှာစိုးရိမ်

www.burmeseclassic.com

တဲ့စိတ်၊ ကြောက်တဲ့စိတ်။ ဟိုတစ်ဖက်က သူ့ရဲ့ခက်ထန်တဲ့စိတ်၊ မယားငယ်ကို ချ
လွန်းအားကြီးတဲ့စိတ်နဲ့ ပေါင်းစပ်လိုက်တော့ အလိုလိုမှ ရောင်းရေးဝယ်ရေးနဲ့ အလု
အင်မတန်ရှုပ်ပြီး စိတ်များရတဲ့လူဟာ ဘယ်ခံနိုင်တော့မလဲ။ ဝမ်းထဲမှာ မသင့်မြတ်
အစာစားမိသလို အတွင်းစိတ်တွေချင်းလည်း ပဋိပက္ခဖြစ်ကုန်ကြတာပေါ့။ အဲဒါဟာ
သူ့စိတ္တဇရောဂါရဲ့အခြေခံပြဿနာပဲလို့ အစ်ကိုကြီး ယူဆတယ်"

(မမြင့်ဝေသည် စိတ်မဝင်စားဘဲ နားထောင်လျက်ရှိရာမှ) "ဘာပဲဖြစ်ဖြစ် ဒီလူ
ကြီးကိုတော့ ဘာမှမလုပ်ပါနဲ့ – အစ်ကိုကြီးရယ်၊ တကယ်စိတ်သောက ရောက်နေ
ရှာတဲ့ လူကြီးတစ်ယောက်ပါ"

"ဘာလဲ၊ မြင့်က ဒီလူကြီးအတွက် သနားနေသလား"

"သနားတာပေါ့ – အစ်ကိုကြီးရဲ့"

ကိုစိန်ပွင့်က မမြင့်ဝေ၏ ပခုံးကို ယုယစွာပုတ်လျက် ...

"ဒါကြောင့် မြင့်ကို အစ်ကိုကြီး သိပ်ချစ်တာ။ မြင့်ဟာ ဘယ်သူ့အပေါ်မှာပဲ ဖြစ်ဖြစ်
စေတနာထားတာပဲ"

ကိုစိန်ပွင့်သည် ဖိုင်တွဲမှမှတ်စုများကို တစ်ခဏမျှ ဆက်လက်ဖတ်ရှုပြီးလျှင် အချို့
ကို သူ၏ဒိုင်ယာရီစာအုပ်ကလေးထဲတွင် ကူးယူရေးမှတ်လေသည်။ ပြီးစီး သောအခါ
စာရွက်များကို နေသားတကျထားကာ ဖိုင်များကို နံပါတ်စဉ်အတိုင်း စီစဉ်ထားသိုလေ
သည်။

ပွင့် ။ "ကိုင်း – တော်လောက်ပါပြီ၊ နက်ဖြန်မနက်သာ မြင့်ပြန်ယူသွားပေတော့၊
ဘယ့်နယ်လဲ – အစ်ကိုကြီး စကားတည်တယ် မဟုတ်လား။ စာရွက်တွေကို လက်ဖျား
နဲ့တောင် မတို့ဘူး။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် – ဟုတ်ပါတယ် – ဒါပေမဲ့"

"မြင့် – ဒီနေ့ည ဒီမှာအိပ်နော်"

"မဟုတ်တာ အစ်ကိုကြီးရယ် ... မဖြစ်နိုင်တာ၊ အိမ်မှာ အဒေါ်ကြီး တစ်ယောက်ပဲ
ရှိတယ်၊ ပြီးတော့ ဘယ် ကောင်းမလဲ"

"ကိုင်းဗျာ – ဒါဖြင့် ပြန်ပို့ပါမယ်"

နောက်ရက်သတ္တတစ်ပတ်ခန့် မမြင့်ဝေသည် ကိုစိန်ပွင့်အား မတွေ့ရတော့ချေ။
သို့သော် (၃ – ၄) ရက်ခန့် ရှိသောအခါ သောကြာနေ့ နေ့လယ် (၁) နာရီ တွင် သူ့အား

ဘယ်လီဖုန်းဖြင့် ခေါ်ရန် ကိုစိန်ပွင့်ထံမှ စာတစ်စောင် ရောက်လာ၏။ သို့နှင့် မမြင့်ဝေ
သည် စာတွင်ပါသည့်အတိုင်း သောကြာနေ့ နေ့လယ် (၁) နာရီတွင် ပျော်ပွဲစားရုံ
တစ်ခုမှနေ၍ တယ်လီဖုန်းဆက်ရာ ကိုစိန်ပွင့်အား အခန့်သင့်ပင် တွေ့ရှိရလေသည်။

ပွင့် ။ "အားလုံး နေရာကျလိမ့်မယ် – မြင့်ရေ။ အစ်ကိုကြီး အလုပ် စလုပ်နေ
ပြီ"

မမြင့်ဝေက ဝမ်းနည်းတောင်းပန်သံဖြင့် ...

"အစ်ကိုကြီး ထပ်စဉ်းစားပါဦး – အစ်ကိုကြီးရယ်"

"အားလုံး စဉ်းစားပြီးပြီ – မြင့်၊ စဉ်း စားတာမှ တစ်ပတ်လောက်ကို စဉ်းစားတာ၊
အခုအပတ် တနင်္ဂနွေနေ့ကျော်ရင် အားလုံးကိစ္စတွေ ချောမှာပဲ၊ အဲဒီအခါကျတော့
အစ်ကိုကြီးဟာ မြင့်လိုချင်တဲ့ လူမျိုးတစ်ယောက်ဖြစ်တော့မယ်၊ လူကောင်း တစ်
ယောက်ပေါ့ – မြင့်ရယ်"

"ဒီတနင်္ဂနွေ ဟုတ်စ"

ကိုစိန်ပွင့်က အသံကိုနှိမ့်လျက် ...

"တိုးတိုး – မြင့် – တိုးတိုး၊ ဟုတ်တယ် ဒီတနင်္ဂနွေပဲ။ ကြာကြာ ရက်ရွှေ့နေလို့ မဖြစ်
ဘူး။ ဘယ်နည်းနဲ့မဆို ဒီလူကြီးဟာ အစ်ကိုကြီးနဲ့ အပေးအယူလုပ်ရမယ်။ သူ ဆစ်
နိုင်အောင် အစ်ကိုကြီးက ဈေးကိုပင် ခပ်မြင့်မြင့်တင်ထားမယ်။ အစ်ကိုကြီးတော့
အားလုံးစီစဉ်ပြီးပြီ၊ လုပ်တော့မယ် ... အသင့်ပဲ၊ ဒီမယ်မြင့်"

မမြင့်ဝေသည် ကိုစိန်ပွင့်၏အကြံ အစည်ကို အံ့အားသင့်ကာ စကားကိုပင် ပြန်၍
မပြောနိုင်လောက်အောင် တုန်တုန်ယင်ယင် ဖြစ်၍နေသည်။

ပွင့် ။ "ဒီမယ်မြင့် အစ်ကိုကြီးပြောတာ မြင့် နားထောင်နေရဲ့လား"

"နားထောင်နေပါတယ် အစ်ကိုကြီး ရဲ့"

"ဒါကြောင့် မြင့်ကို အစ်ကိုကြီးချစ်တာ ဒါပါပဲ – မြင့်၊ ဒါပဲ"

တနင်္ဂနွေနေ့ လွန်မြောက်၍ တနင်္လာနေ့သို့ ရောက်သောအခါ မမြင့်ဝေသည်
အလုပ်ခွင်သို့ ခပ်စောစောရောက်ခဲ့ပြီးလျှင် အလုပ်လုပ်လျက် ရှိလေ၏။ ထိုအချိန်၌
ဆရာဝန်ကြီး ဒေါက်တာဦးထင်ဘွား မရောက်သေး ချေ။

(၁၁) နာရီ မထိုးမီ ဆရာကြီးနှင့် ချိန်းဆိုထားသည်ဆိုသော လူနာ (၂) ယောက်
ရှုဆင့်နောက်ဆင့် ရောက်လာရာ မမြင့်ဝေမှာ ဆရာဝန်ကြီးက တင်ပြထားစရာမှာထား

www.burmeseclassic.com

ခြင်းမရှိသဖြင့် တစ်ယောက်အား ဆရာကြီး အနည်းငယ် နေထိုင်မကောင်းသဖြ
ညနေပိုင်းမှ လာမည့်အကြောင်းဖြင့်လည်းကောင်း၊ အခြားတစ်ယောက်အား နော
တစ်နေ့မှ လာပါမည့်အကြောင်းဖြင့်လည်းကောင်း သင့်လျော်သလို ပြော၍ ချိန်းလိုက
ရ၏။

နေ့လယ် (၁) နာရီနေ့လယ်စာ စားသည့်အချိန်အထိ ဆရာဝန်ကြီးဦးထင် ဘွာ
မရောက်လာသေးသဖြင့် မမြင့်ဝေသည် အနီးဆုံး ပျော်ပွဲစားရုံတစ်ခုသို့ သွား၍ ေ
လယ်စာ စားပြီးလျှင်ပြန်ခဲ့၏။ ထို့နောက် အလုပ်ကို ဆက်လက်လုပ်လျက်ရှိရာ ထ
အခါမှ (၂) နာရီတိတိ ရှိနေပြီဖြစ်၏။

မြင့် ။ "ဪ – ဆရာ၊ ဒီကနေ့ နောက်ကျတယ်နော်။ ဆရာ နေကောင်းရဲ့လား"

ဒေါက်တာ ဦးထင်ဘွားသည် သူ၏သားရေအိတ်ကို အနီးရှိ ကုလားထိုင်တစ်လု
ပေါ်သို့ လှမ်း၍တင်ထားလိုက်ပြီးနောက် မမြင့်ဝေ၏စားပွဲရှေ့မနီးမဝေးတွင် မတ်တတ်
ရပ်လျက် ရှိ၏။ သူ၏ မျက်နှာမှာလည်း မကောင်းလှချေ။ သောက တစ်စုံတစ်ရ
ရှိသဖြင့် စိတ်စက်လေးလံ ထိုင်းမှိုင်းနေဟန် ရှိလေသည်။

မြင့် ။ "ဆရာ့မျက်နှာလည်း မကောင်းဘူး။ ဆရာ နေမကောင်းလို့လားဟင်"

ဘွား ။ "ဒီမယ် – မမြင့်၊ ဆရာတို့တော့ အဖိုးတန် လူနာတစ်ယောက် ဆုံးရပြီ"

"လူနာတစ်ယောက် ဆုံးရတယ်။ ဟုတ်လား – ဆရာ"

"ဟုတ်တယ် – မမြင့်။ ဆရာ ဟိုအရင်တစ်လောက ပြောဖူးတဲ့ မိန်းမနဲ့ ပတ်သက်
လို့ဖြစ်ရတဲ့ ရောဂါသည်ကြီးလေ၊ ဆရာ လိုသွားတယ်၊ လိုသွားတယ်။ အခုထက်ပိုပြီ
ဆရာဂရုစိုက်ဖို့ ကောင်းတယ်။ အခုတော့ ဆရာ့ အပြစ်တောင် ပါသလို ဖြစ်နေပြီ
ဆရာသာ အခုထက် ပိုပြီးသတိထားရင် အခုလိုဖြစ်ကောင်းမှ ဖြစ်မယ်။ အင်း ..."

"ဘယ်သူလဲဟင် – ဦးထွန်းပေါ်လား"

"ဟုတ်တယ် – မမြင့်၊ ဦးထွန်းပေါ်ပေါ့။ သူ့စိတ်ထဲမယ် အင်မတန် တန်ခိုးအင်အာ
ကြီးမားတဲ့ ဆွဲဆောင်မှုတစ်ခု ရှိနေတယ် – မမြင့်။ သူ့ဝမ်းထဲမယ် အင်မတန် နူးည
ပျော့ပျောင်းတဲ့ဓာတ်ခံနဲ့ အင်မတန် စိုးရိမ်ထိတ်လန့်နေတဲ့ပြင်ပက စိတ်ဓာတ်နဲ့ စ
တိုက်နေတယ်။ ဝမ်းထဲမှာဖြစ်နေတဲ့ ပဋိပက္ခမှုက အပေါ်မျက်နှာပြင် ရောက်လာလ
မတတ်ဖြစ်နေပြီ။ ရောက်လာတာနဲ့တစ်ပြိုင်နက် ပေါက်ကွဲပြီး တစ်ခါတည်း ရူးတော
သွားနိုင်တယ်။ နို့ပေမဲ့ – ကျုပ် ဒီလောက် ဖြစ်လိမ့်မယ်လို့ မထင်မိဘူး"

ဦးထင်ဘွားသည် သူ၏ နဖူးကို လက်နစ်ဖက်ဖြင့် ဖျစ်ထားရာမှ လက်များကို လွှတ်လိုက်ပြီးလျှင် ကုလားထိုင်လက်ရန်းကို လက်တစ်ဖက်ဖြင့် အားပြုကာ မမြင့်ဝေ စားပွဲရှေ့ရှိ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်လေသည်။

"ဦးထွန်းပေါ် ဘယ်လိုဖြစ်တာလဲ – ဆရာ။ ပြောပါဦး"

"လူတစ်ယောက်ကို သတ်လိုက်တယ်လေ။ ပုလိပ်က ဆရာ့ကို အကြောင်းကြားလို့ ဒီနေ့မနက်ပဲ ဆရာ သွားကြည့်ခဲ့တယ်။ သူ့ဆီမှာ လာပြီးငွေတောင်းတဲ့ လူတစ်ယောက်ကို သေနတ်နဲ့ တစ်ခါတည်း ပစ်သတ်လိုက်တယ်"

"ငွေတောင်းတယ်၊ ဟုတ်လား – ဆရာ"

"ဟုတ်တယ်။ ငွေတောင်းတဲ့လူ – သူ ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ရှိတယ် ဆိုတာ သူ့မယားကြီးကို သွားပြောမယ်ဆိုပြီး ငွေညှစ်တယ်။ ဒါပေမဲ့ – ဦးထွန်းပေါ်က ဘယ်ငွေပေးလိမ့်မလဲ။ အဲဒီလူနဲ့ ချိန်းတဲ့နေရာ သွားတွေ့ပြီး အိတ်ထဲမှာ ဝှက်ယူသွားတဲ့ သေနတ်နဲ့ ဒီအကောင်ကို တစ်ခါတည်း ပစ်ချလိုက်တာပဲ။ လူဆိုးကိုလည်း အသေ ရပြီး သူ့ကိုလည်း ပုလိပ်က ဖမ်းတော့တာပေါ့။ ဆရာ အံ့ဩတာက ဦးထွန်းပေါ် စိတ်ထဲမှာ စွဲလမ်းနေတယ်ဆိုတဲ့အချက်ကို ဘယ်နည်းနဲ့ ကြံကြံဖန်ဖန် သိသွားတယ် ဆိုတာကိုပဲ ဆရာ အံ့ဩနေတယ်၊ သူ မှားတာပဲ"

"သူ မှားတယ်၊ ဟုတ်လား – ဆရာ။ ဆရာ – ဘာကိုဆိုလိုတာလဲ"

"ဆရာဆိုလိုတာက အခုကိစ္စမှာ ဘာမှ ငွေညှစ်ဖို့အကြောင်းမရှိဘူး။ ဦးထွန်းပေါ်မှာ မယားငယ်လည်း မရှိဘူး။ သူ့စိတ်ထဲမှာ အင်မတန်ချောတဲ့ မိန်းကလေးတစ်ယောက်ကို စွဲလမ်းပြီး စိတ်ကူးယဉ်လွန်နေတဲ့ရောဂါပဲ ရှိတယ်။ ဆရာတို့ စိတ္တဗေဒ အခေါ်အဝေါ်နဲ့ဆိုရင် အချစ်စိတ်ပဋိပက္ခမှုလို့ ခေါ်တာပေါ့။ မမြင့်အနေနဲ့တော့ နားလည်နိုင်မယ် မဟုတ်ဘူး။ ဆရာလည်း ဒီထက်ပိုပြီး မပြောတတ်ဘူး။ ဒါနဲ့ အချစ်ရူးရောဂါ စိတ္တဇဝေဒနာတစ်မျိုးဖြစ်နေတဲ့ လူတစ်ယောက်ကို တကယ်အဟုတ်ထင်ပြီး သွားငွေညှစ်တော့ လူသတ်မှုဖြစ်ကုန်တာပေါ့။ ဒါပဲ မမြင့်ဝေ၊ ကျုပ်တို့တော့ တကယ် အဖိုးတန်တဲ့ လူနာတစ်ယောက် ဆုံးရှုံး၊ အလို – မမြင့်ဝေ ဘယ်လိုဖြစ်တာလဲ – မမြင့်ဝေ – မမြင့်ဝေ"

ဆရာဝန်ကြီး၏ စကားမဆုံးမီပင် မမြင့်ဝေသည် မတ်တတ်ရပ်ရင်း စကားပြောလျက်ရှိရာမှ အရုပ်ကြိုးကို ဖြတ်၍ ချလိုက်ဘိသကဲ့သို့ ကြမ်းပေါ်သို့ ပြိုကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နာရီခန့်ကြာ၍ကောင်းစွာနေထိုင်ကောင်းလာသောအခါမမြင့်ဝေသည် ဆရာကြီး၏စဉ်းတားခန်းထဲသို့ဝင်ပြီးလျှင် မိမိနှင့် ကိုစိန်ပွင့်တို့ဖြစ်ပျက်ခဲ့သည့်အကြောင်းများနှင့်တကွ ကိုစိန်ပွင့်၏ တိုက်တွန်းနှားပုမှုကြောင့် ဆရာဝန်ကြီး၏ လျှို့ဝှက်စွာ ထားရှိသော လူနာမှတ်တမ်းဖိုင်များကို တစ်ညဥ့်တာမျှ ယူ၍ပြမိကြောင်းကိုပါ မျက်ရည်စက်လက်ဖြင့် ထုတ်ဖော်ဝန်ခံရှာလေသည်။

သဘောကောင်းလှသော ဆရာဝန်ကြီးသည် မမြင့်ဝေ ကျူးလွန်မိသောအမှုကို ဥပဒေကြောင်းအားဖြင့် တစ်စုံတစ်ရာအရေးမယူဘဲ သည်းခံ၍ ခွင့်လွှတ်လိုက်၏။ သို့သော် မမြင့်ဝေ၏အကျင့်စာရိတ္တမှာအတော်အတန် ဖောက်ပြန်ပျက်စီးနေပြီဖြစ်၍ လခငွေ တစ်လစာမျှ အပိုပေးပြီးလျှင် အလုပ်မှ ထုတ်ပစ်လိုက်လေသည်။

မှတ်ချက်။ ။ဦးထွန်းဖေ၏အမှုမှာ ဆရာဝန်ကြီး ဦးထင်ဘွား၏ သက်သေခံချက်ဖြင့် ကြိုးအက်ထောင်အက်တို့မှ ကင်း လွတ်ပြီး စိတ္တဇဆေးရုံသို့ ပို့ရန် အမိန့်ချမှတ်လေသည်။

⇒ ဒဂုန်ရွှေမျှား

(၁) ဆူးပန်းစေ့နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှ မီးရှို့ပြာချပါ။ ထိုပြာကို အုန်းဆီနှင့် ရောလိမ်းပါ။

(၂) ကြိတ်မှန်ရွက်နှင့် နမ်းနက် အညီအမျှစု၍ အမှုန့်ပြုပြီး ပျားရည်နှင့် ရောစားပါ။ နွားနို့နှဲ့ အမြဲသောက်ပါ။

(၃) သပုရာစေ့ကို ရေနှင့်ကြိတ်၍ နေ့စဉ် ဆံပင်ကို လိမ်းပေးပါက ဆံပင်ပြန်ပေါက်သည်။



# တင့်ထူး (မေမျိုတိ)

# လူးကျင်းထဲက ကြောက်မက်ဖွယ် လူးကောင်ကြီး

ပန်းချီ ဝေမွန်လင်း

www.burmeseclassic.com

www.burmeseclassic.com

“ တောဝက်အစွယ်
လိုချင်သည့်
မြို့ပေါ်မှ
သူငယ်ချင်းအတွက်
တောဝက်ပစ်ထွက်ခဲ့ကြရာမှ
တွေ့ဆုံခဲ့ရသည့်
တောတွင်းအခက်အခဲများ

**ကိုဖိုးအောင်**တို့ဆရာတပည့်နှစ်ယောက်မှာ ယခုတစ်ခေါက် တောပစ်ထွက်လာခဲ့ကြခြင်းမှာ ယခင် အကြိမ်များနှင့် မတူပေ။ တောလည်ကြသည်က တောထဲနေဝင်မိုးချုပ်သည်နှင့် သားကောင်များကို မီးထိုးရှာဖွေကြပြီး တွေ့လာသမျှသားကောင်ငယ်များကိုသာ ပစ်ခတ်ရယူကြကာ ဆူလွယ်နပ်လွယ် သဘောမျိုးနှင့်သာ ညတွင်းချင်းရသည့် သားကောင်ကို ထမ်းပြန်ကြခြင်းဖြစ်သည်။

လွန်ခဲ့သည့် တစ်ပတ်ကျော်က မြို့မှ ကိုဖိုးအောင်၏ မိတ်ဆွေတစ်ယောက် ရောက်ရှိလာကာ သူတို့ဌာနမှ ဌာနမှူးတစ်ယောက်က တောဝက်စွယ်လိုချင်သဖြင့် ကိုဖိုးအောင်ထံ ရောက်ရှိလာခဲ့သည်။

“ကျုပ်ရဲ့ဌာနမှူးကဗျာ – တောဝက်စွယ်လိုချင်နေလို့ရှာခိုင်းနေတာနဲ့ ခင်ဗျားဆီ ပြေးလာခဲ့ရတာပဲဗျာ”

“အဲဒါမှ အခက်ပဲဗျ။ ကျုပ်ဆီမှာရှိတဲ့ တောဝက်စွယ်တွေကလည်း ရောင်းတဲ့အထဲ ပါသွားလို့ တစ်ချောင်းတောင် မကျန်တော့ဘူး ဖြစ်နေတယ် – ကိုဝင်းမြိုင်ရေ”

“အေးဗျာ – ကျုပ်ရဲ့ဌာနမှူးကလည်း ဘာအတွက်အသုံးလိုနေလဲ မသိပါဘူးဗျာ။ တောဝက်စွယ်ကို အငမ်းမရကို လိုချင်နေတော့တာပါပဲ၊ ကျုပ်က ကိုဖိုးအောင်ကို အားကိုးပြီး ပြေးလာခဲ့ရတာဗျ။ အခု ခင်ဗျားထံမှာလည်း မရှိဘူးဆိုတော့ ခက်သွားပြီပေါ့ဗျာ”

တောဝက်စွယ်မရသဖြင့် စိတ်ပျက်ညည်းတွားသွားခဲ့သော သူ့မိတ်ဆွေ ကိုဝင်းမြိုင်ကိုကြည့်ကာ ကိုဖိုးအောင် သနားသွားခဲ့သည်။ သူ့ခမျာ အားကိုးတကြီးနှင့် မြို့မှ အရေးတကြီး ရောက်ချလာတာဖြစ်သည်။ ယခု ကိုဖိုးအောင်၌ တောဝက်စွယ်မရှိဆိုတော့ တော်တော် စိတ်ပျက်သွားခဲ့ရှာလေသည်။

“ဒီလိုလုပ်ပါလား – ကိုဝင်းမြိုင်ရယ်”

“ဟာ – လုပ်စမ်းပါဦးဗျ – ဘယ်လိုလုပ်ရမှာလဲ”

“ကျုပ်က တောလည်ထွက်ရင် တောဝက်က အန္တရာယ်များလှလို့ ပစ်ခဲတယ်ဗျ။ အခု ခင်ဗျားရဲ့ဌာနမှူးက လိုချင်နေတာဆိုတော့လည်း အန္တရာယ်များလှပေမယ့် ရအောင် ရှာဖွေပစ်ခတ်ပေးရတော့မှာပေါ့ဗျာ”

“အေးဗျာ – ခင်ဗျားရအောင်သာပစ်ပေးပါ။ တန်ရာတန်ကြေးတော့ ခင်ဗျားကြိုက်သလောက်တောင်းပါ၊ ရရပါစေ့မယ်ဗျာ။ ကျုပ်ရဲ့ဌာနမှူးက ဘော့စ်တစ်ယောက်ပါဗျ”

“ဟုတ်ပါပြီလေ – ကျုပ်ကိုတော့ ရက်မသတ်မှတ်ပေးပါနဲ့၊ ကျုပ် ရအောင်ပစ်ခတ်လာတဲ့အခါ ခင်ဗျားဆီ ကျုပ် ယူလာပေးပါ့မယ်”

“ဒါပေမဲ့ – ကျုပ်ဌာနမှူးက အရေးတကြီး လိုချင်နေတာဆိုတော့ ရက်တော့ သိပ်မကြာစေချင်ဘူးဗျာ”

“ဟုတ်ပါပြီလေ – ကျုပ်ကလည်း ရအောင်ပစ်ပေးမယ် ကတိပေးပြီးထားတော့ ဒီတစ်ရက် နှစ်ရက်အတွင်း တောထဲသွားရှာပြီး ပစ်ခတ်ရတော့မှာပေါ့ဗျာ”

မိတ်ဆွေ ကိုဝင်းမြိုင်လည်း ကိုဖိုးအောင်မှ တောဝက်စွယ်ရအောင် ရှာဖွေပစ်ခတ်ပေးမည်ဟု ကတိပေးခဲ့သဖြင့် ဝမ်းသာသွားကာ ပြန်သွားလေတော့သည်။

အင်း – ငါ့မိတ်ဆွေနဲ့ ပတ်သက်နေလို့သာ ကတိပေးလိုက်ရပေမယ့် ပစ်ခတ်ရမှာက တောဝက်ဆိုတော့ ကိုဖိုးအောင် အနည်းငယ် စိုးရိမ်နေမိလေသည်။ ဟုတ်တော့ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးအောင် တောဝက်ပစ်ခတ်ရမည်ကို ကြောက်ရွံ့နေမိမည်ဆိုလည်း ကြောက်ရွံ့လောက်ပေသည်။ တစ်ခါက တောဝက်အပစ်ကောင်း၍ အသက်ပင် မသေခဲ့ရသော်လည်း တောဝက်အပက်ခံရ၍ ရရှိခဲ့သည့် ဒဏ်ရာဒဏ်ချက်များအား ဆေးရုံတက်ကာ တစ်လခွဲ နှစ်လခန့်ကြာအောင် ကုသခံခဲ့ရသည်။ သူ့တွင်လည်း သေရာရှင်ရာပါ ဒဏ်ရာဒဏ်ချက်တို့၏ အမာရွတ်ကြီးများက မြင်မကောင်းအောင် ထင်ကျန်နေခဲ့ပေသည်။ ထို အဖြစ်ကို သူ တရေးရေး ပြန်တွေးကြည့်မိခဲ့သည်။

"ဟေ့လူ - ကိုဖိုးအောင် - ခင်ဗျား တောထဲလျှောက်လှည့်ပြီး သားကောင်တွေ ရှာဖွေနေစရာမလိုဘူးဗျ။ ကျုပ် ယာကွက်ထဲက ပြောင်းခင်းကို တောဝက်တွေ ညတိုင်း ဝင်စားကြလို့ ကျုပ် ညတိုင်း အိပ်ပျက်ခံပြီး ခြောက်လှန့်ပေးနေရတယ်လေဗျာ"

"ဟင် - ဟုတ်လားဗျ။ ညတိုင်း ဝင်စားကြတာ သေချာလား"

"အို - တစ်ညမှ မလွတ်ပါဘူးကွာ"

ကိုဖိုးအောင်မှာ ထိုသတင်းကို သိကြားခဲ့ရသဖြင့် ဝမ်းသာသွားမိခဲ့သည်။ တောထဲ လျှောက်ပြီး မီးထိုးရှာရသည်က သားကောင်ကြီးများကို တွေ့ရခဲသည်။ ယခုတော့ ယာထဲက ပြောင်းခင်းထဲ ညတိုင်းဝင်လာကြသည်ဆိုတော့ နေရာကောင်းရှာပြီး အပိုင်ပစ်ခတ်နိုင်မည်သာ ဖြစ်သည်။

"ဟုတ်ပြီလေ - ခင်ဗျား ယာထဲက ပြောင်းခင်းကို တောဝက်တွေ ဘယ်အချိန်လောက် ဝင်စားကြတာလဲဗျ"

"အို - ညကိုးနာရီလောက်ဆို ဝင်လာကြတာပဲလေဗျာ"

"ကောင်းပြီလေ - ခင်ဗျား ယာထဲ မှာ ရှိနေမယ်မဟုတ်လားဗျာ"

"ရှိနေရမှာပေါ့ဗျာ"

"ကဲ - ဒီလိုဆိုရင် ကျုပ်တို့ ဒီည တောဝက်ဝမ်းတွင်းသားချက်နဲ့ တောအရက်သောက်စားပြီး အောင်ပွဲခံကြမယ်ဗျာ၊ ခင်ဗျားယာတဲမှာရော ဆီဆား ငရုတ်၊ ကြက်သွန်တွေ အဆင်သင့် ရှိနေရဲ့လားဗျ"

"ဟာ - ရှိတာပေါ့ဗျ။ အဲ - အဲ - တောအရက်ကတော့ မရှိဘူးဗျ"

"တောအရက်ကတော့ ကျုပ်ခင်ဗျားယာကိုတက်လာတော့ တစ်ပါတည်းယူလာခဲ့မယ်လေဗျာ"

ကိုဖိုးအောင်လည်း ကိုထွန်းခင် ယာသို့ ညနေပိုင်းတွင် လက်နက်အပြည့် အစုံလွယ်ကာ တက်လာခဲ့လေသည်။ တက်လာရင်း မှောင်ခြေသန်းလာလျှင် ရှဉ့်ကလေးများ အပင်ပေါ် ပြေးလွှားနေကြသည်ကို တွေ့၏။ တစ်ခါတစ်ရံ ချုံပုတ်ထဲမှ ယုန်တကြောက်လန့်ပြေးထွက် သွား၏။ သူတို့ သားကောင်များကို ပစ်မည်ဆိုလျှင် ပစ်၍ရနိုင်မည်ဖြစ်သော်လည်း သတ္တဝါနှင့်လက်နက်မမျှသဖြင့် ကျည်ကုန်ခံ၍ မပစ်ခဲ့ပေ။

"ငါက ဒီညမှာ တောဝက်ကို စောင့်ပစ်ရမှာဆိုတော့ ဒီလိုအကောင်သေးလေးတွေကို ပစ်လို့မဖြစ်ဘူးပဲ"

ထိုသို့စဉ်းစားမိပြီး ကိုထွန်းခင်၏ ယာထဲသို့သာ လာခဲ့လေသည်။ မှောင်လာပြီဖြစ်သော်လည်း လဆန်းရက်ဖြစ်၍ သာနေသောလရောင်ဖြင့် သစ်ရွက်တွေ ကြားမှ ကွက်တိကွက်ကျား မြင်နေရသော လူသွားလမ်းအတိုင်း တက်လာခဲ့လေရာ ည (၇)နာရီခွဲအချိန်ခန့်တွင် ယာတဲသို့ ရောက်လာခဲ့သည်။

"ဟော - ကိုဖိုးအောင် ရောက်လာပြီပဲဗျ။ အတော်ပဲဗျာ - ခင်ဗျားလာမယ် ဆိုတာသိလို့ ကျုပ် ပြောင်းခင်းထဲက ပြောင်းဖူးတွေချိုးပြီး ပြုတ်ထားတယ်ဗျ။ အမောပြေစားလိုက်ဦးဗျို့၊ ရေနွေးကြမ်းလည်း ရှိတယ်ဗျ"

ပြောင်းဖူးပြုတ်စားကာ ရေနွေးကြမ်းတစ်ခွက် နှစ်ခွက်သောက်ပြီးသည်နှင့် ပြောင်းခင်းထဲသို့ တောဝက်များ ဝင်လာတတ်သော တောစပ်ဘက်သို့ မျက်နှာမူ၍ ချောင်းမြောင်းပစ်ခတ်နိုင်ရန် နေရာရှာရတော့သည်။ သစ်ကိုင်းများ ချိုင်ထားသော ဝါးတစ်ရိုက်ခန့်မြင့်သည့် သစ်ပင်ငုတ်ကြီးကို အကာအကွယ်ယူ၍ ပစ်ခတ်မည်ဆိုလျှင် အန္တရာယ်ကင်းနိုင်သည်ကို သိသဖြင့် ထိုသစ်ပင်ငုတ် နောက်မှ နေရာယူ၍ ပစ်ရန် ဆုံးဖြတ်ခဲ့တော့သည်။

ညကိုးနာရီခန့် ရှိနေပြီဖြစ်သည်။ တောဝက်များလာချိန်က နီးလာလေပြီ။ ကိုအောင်လည်း အမှောင်ထဲတွင် ခြင်အကိုက်ခံ၍ စောင့်ကြည့်နေရလေသည်။ ပြောင်းခင်းပေါ်တွင် သစ်ပင်တွေ ရှင်းနေခြင်းကြောင့် တောဝက်ဝင်စားလျှင် လရောင်ဖြင့် မြင်တွေ့နိုင်မည်ဖြစ်သည်။

"ဖြော - ဖြော - ဖြော"

"ဟော - တောတိုးသံတွေ ကြားလာပြီ"

"ပျပ် - ပျပ် - ပျပ်"

www.burmeseclassic.com

www.burmeseclassic.com

"တောဝက်တွေ အခင်းထဲ ရောက် ပြီး ပြောင်းပင်တွေ စားနေသံပါလား"

ကိုဖိုးအောင် သစ်ပင်ငုတ်ကြီး၏ နောက်ဘက် အမှောင်ရိပ်ထဲမှ ပြောင်းခင်းထဲ ဝင်စားနေသော တောဝက်များကို လှမ်းကြည့်လေရာ တောဝက်လေးငါးဆယ်ကောင် လောက် ဖြစ်၏။ တချို့က အကောင်သေးသေး ဖြစ်၏။

"ဟော - ဟိုရှေ့ဆုံးက ပြောင်းရိုး စားနေတဲ့ တောဝက်က တော်တော်ကြီးတာပဲ၊ ငါ ဒီဝက်ကြီးကို ပစ်ရမှပဲ"

သစ်ပင်ဘေးသို့ သေနတ်ပြောင်းကိုကပ်ကာ သေချာချိန်၍ မောင်းခလုတ်ကို ဖြုတ်လိုက်လေ၏။

"ဒိုင်း"

"အု"

"ဖြော - ဖြော - ဝရော ရော"



ကိုဖိုးအောင်မှာ
ကိုတင်ငါးဆယ်သာသာလောက်သာ
ဝေးကွာတော့သဖြင့်
သူ့သေနတ်ကို ရွံ့ဗွက်အိုင်ထဲမှ
တောဝက်ကြီးအား
အစိအရ ချိန်နေလေသည်။
ချိန်သားကိုက်ပြီဖြစ်၍ ဒလုတ်ကွင်းထဲမှ
ဒလုတ်ကို လက်ညှိုးနှင့်တွန်းတာ
သို့ဖြုတ်သည့်အဖြစ်တွင်
ဗွက်အိုင်ထဲမှတော့ ဝက်ကောင်ကြီးမှာ
ဟုံးခနဲ ခုန်တက်သွားခဲ့တော့သည်

"ဟော - တခြားဝက်တွေ သေနတ်သံကြားလို့ ပြောင်းခင်းထဲက ပြေးထွက်သွား ကြပြီ"

"ငါ့ သေနတ်မောင်းအဖြုတ်မှာ တောဝက်ကြီးက အောက်ကို အငုံ့နဲ့ တိုက်ဆိုင် သွားလို့ မိမိရရမှ ထိသွားရဲ့လားပဲ"

"ပစ်လိုက်စဉ်က အုခနဲ အသံထွက်လာတာကတော့ ထိသွားခဲ့လို့ပဲ"

ထိုသို့ တွေးနေစဉ်တွင် တောဝက်ကြီးမှာ ယမ်းငွေ့ခံကာ သူ့ထံသို့ ဒေါ်ထကာ ပက်ရန် ပြေးလာခဲ့တော့သည်။

"ဟာ - လရောင်နဲ့ ငါ့ကိုမြင်ပြီး ပက်ဖို့ပြေးလာနေပြီ၊ ငါ ဒီသစ်ပင်ငုတ်ပေါ်အမြန် တက်ရှောင်မှပဲ"

ထိုသစ်ပင်ငုတ်ကြီးမှာ သစ်ကိုင်းများ ချိုင်ထားခြင်းကြောင့် ကိုင်တက်စရာ သစ် ကိုင်းမရှိပဲ တက်ရန်ခက်နေ၏။

"ဟင် - တောဝက်ကြီး ငါ့အနား ရောက်လာပြီ၊ သစ်ပင်တက်မရလို့ အပက် ခံရတော့မယ်၊ မဖြစ်ဘူး - ငါ မြေပြင်ပေါ် လှဲနေပြီး လိမ့်ရှောင်ရတော့မှာ ပဲ"

တောဝက်ကြီးမှာ ထိမှန်ခဲ့သော်လည်း ကျောကုန်းကိုသာ ရှပ်ထိသဖြင့် ဒေါ ထကာ မြေပြင်တွင် လှဲနေသော ကိုဖိုးအောင်အား သဲသဲမဲမဲ ပက်နေတော့၏။ ကိုဖိုး အောင် မြေပြင်ပေါ်လှဲနေခြင်းကြောင့် ဝက်ပက်မှုမှာ ထိရောက်ခြင်းမရှိပဲ လက်မောင်း ပေါင်တို့၌သာ ရှပ်၍ပက်မိလေသည်၊ အားရအောင်ပက်ပြီး မောသွားသော တော ဝက်ကြီးလည်း တောထဲသို့ သူ့ဝက်အဖော်များနောက်သို့ ပြေးလိုက်သွားခဲ့တော့ သည်၊

"ဗျို့ - ကိုဖိုးအောင် - ခင်ဗျား ဘယ်မှာလဲ၊ တောဝက်သေက ဘယ်နားမှာလဲ ဗျို့"

"ဟင် - ကိုဖိုးအောင် - တစ်ကိုယ်လုံးလည်း သွေးခြင်းခြင်းနီနေပါလား၊ ဝက်ပက် ခံရတာလား"

"ဟုတ်တယ် - ကိုထွန်းခင်ရေ၊ ကျုပ်ကို ရွာကို သယ်ပေးပြီး ဆေးရုံပို့ပေးမှ ဖြစ် မယ်ဗျို့"

ကိုထွန်းခင်လည်း ယာနီးချင်းများအားခေါ်ကာ စောင်ပုခက်လုပ်ထမ်းကာ ရွာသို့ ညတွင်းချင်း ပို့ပေးရ၏၊ ရွာရောက်မှ မြို့ဆေးရုံတင်ခဲ့ကြလေသည်၊

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

ကိုဖိုးအောင်ဆေးရုံတွင်တစ်လခန့်ကြာအောင်ကုသခံခဲ့ရ၏။ဒဏ်ရာများကျက်၍ပြန်ဆင်းလာခဲ့လေရာ အိမ်တွင်သာ နေနေခဲ့၏။

"ငါ - မြို့က ငါ့မိတ်ဆွေ ကိုဝင်းမြိုင်ကို ပေးထားတဲ့ကတိ ရှိနေတယ်။ ဒီတော့ တောဝက်စွယ်ရအောင်ကတော့ ရှာဖွေပစ်ပေးရမှာပဲ။ ဒီတစ်ခါတောလည်ရင်တော့ တပည့် လှဝေကို ခေါ်သွားမှပဲ"

လှဝေမှာ သူ့အိမ်နီးချင်းဖြစ်သည်။ ယခင်ကလည်း တောလည်ထွက်လျှင် ခေါ်သွားခဲ့ဖူး၍ မုဆိုးစည်းကမ်း အတော်နားလည်နေပြီဖြစ်သည်။ တောလည်သည့်အခါ နောက်လိုက်တပည့်ကို တွေ့ကရာလူစိမ်းကို ခေါ်၍မဖြစ်ပေ။ အရေးရယ်၊ အကြောင်းရယ် ကြုံလာလျှင် ဘာနားမလည်၊ ညာနားမလည်ဖြင့် အန္တရာယ် တွေ့နိုင်သည်။ အန္တရာယ်သာဖြစ်ခဲ့ပါက မုဆိုးကြီး ကိုဖိုးအောင်၏ တာဝန်သာ ဖြစ်လေသည်။

"လှဝေရေ - ငါ နောက်လေးငါးရက် လောက်မှာ ဟိုတောနက်ထဲကို သွားကြပြီး တောဝက်ရှာပစ်ကြမယ်ကွ။ အဲဒါ မင်းကိုလည်း ခေါ်၊ ဝက်ကို အရပစ်ယူကြရမှာပဲ ဟေ့"

ထိုနေ့က ရိုးမကြီး၏ အနောက်ဘက်သို့ ရောက်နိုင်သမျှ ဝေးဝေးရောက်ကြရန် တစ်နေကုန် ခရီးနှင်ခဲ့ကြရသည်။ ရိုးမကြီး၏ အရှေ့ဘက်နှင့် အနောက်ဘက် တော်တော်လှမ်းလှမ်းအထိ လူများက တက်ရောက်၍ ထင်း၊ ဝါးများ တက်ခုတ်နေကြ၍ လူသံသူသံတွေရှိနေလျှင် သားကောင်ကြီးများက အဝေးသို့ ပြောင်းသွားတတ်ကြသောကြောင့်ပင် ဖြစ်သည်။

"ကဲ - နေလည်း စောင်းပြီဟေ့။ ငါတို့လည်း ခရီးအတော်ပေါက်လာခဲ့လို့ တောလည်း နက်လာပြီကွ။ ဒီနေ့တော့ နားကြပြီး ညစာချက်ပြုတ်စားကြမှပဲဟေ့"

စမ်းချောင်းတစ်ချောင်းထဲတွင် ရေရှိနေသဖြင့် ထိုနေရာနားတွင် စခန်းချကာ ညစာချက်ကြသည်။ ပြီးသည်နှင့် ဆရာတပည့်နှစ်ယောက် ဆာဆာနှင့် စားသောက်ကြတော့သည်။

"လှဝေရေ - ငါတို့ ညအိပ်ရင် မီးဖိုထားနိုင်အောင် ထင်းခြောက်ချောင်းကြီးကြီး တွေ ရှာထားဦးမှပဲကွ"

"ကျွန်တော် ဒီအနီးအနားမှာ လိုက်ရှာလိုက်မယ်လေ"

"လှဝေ - ငါတို့ညမအိပ်မီမှာ ဟောဒီစမ်းချောင်းထဲအတွင်း မီးထိုးပြီး သားကောင် များ ကြည့်ရအောင်ကွာ"

စမ်းချောင်းထဲ ရေလာသောက်မည့် သားကောင်ကိုတွေ့လျှင် ပစ်ယူနိုင်မည်ဖြစ်၍ မီးထိုးကာ ရှာလာကြ၏။

"ဟော - ရှေ့မှာ မျက်လုံးနှစ်လုံး ခပ်ကွာကွာနဲ့ သားကောင်တစ်ကောင်တော့ တွေ့ရပြီဟေ့။ ဆတ်နဲ့တူတယ်ကွ"

"ရော့ - မင်းက မီးထိုးပြထား - ငါပစ်မယ်"

"ဒိုင်း"

မျက်ကောင်းကို ထိမှန်ခဲ့သဖြင့် သားကောင်ကြီးမှာ မပြေးနိုင်ပဲ နေရာတွင်ပင် လဲကျခဲ့လေသည်။

"ဟာ - ဆတ်တစ်ကောင်ပဲကွ။ ဟန်ကျပြီဟေ့။ ဒီဆတ်ကိုဖျက်ပြီး အသားခြောက် တွေလုပ်ပြီး ကျပ်တင်ကြရမယ်ကွ"

ငှက်ပျောရွက်များ ခုတ်ယူကာ ဆတ်ကိုဖျက်ကြပြီး အသားခြောက်များ လှီးဖြတ်ကြ၏။ ပြီးလျှင် ကျပ်တင်စင်ပေါ်တင်ကာ အောက်မှမီးဖိုကာ ကျပ်တင်ခြောက်လုပ်ပြီး ထိုနေရာနားမှာပင် သူတို့ အိပ်ခဲ့ကြလေသည်။ တစ်ညလုံး အိပ်လိုက်၊ မီးထထည့်ပေးလိုက်ဖြင့် နံနက်လင်းလာသောအခါ ဆတ်သားကျပ်တင် ခြောက်များ ရလာကြသည်။ ဝါးနီးခြားကာ ခြင်းတောင်းခပ်ကြမ်းကြမ်းတစ်လုံးရက်ပြီး ကျပ်တင်ခြောက်များ ထည့်ကြ၏။

"ကဲ - လှဝေရေ - အဓိကဖြစ်တဲ့ တောဝက်ပစ်ရဖို့ပဲ လိုတော့တယ်ကွ။ ငါတို့ ခရီးဆက်ရင်း တောဝက်ရှာပစ်ပြီး ပြန်ကြတာပေါ့ကွာ"

နေ့ခင်းပင်ဖြစ်သော်လည်း လျှိုမြောင်တွေထဲက ထွေးကောင်းသော တောချုံများထဲတွင် တောဝက်များ ခိုအောင်းနေတတ်ကြလေသည်။ သူတို့ ရောက်ရှိနေကြသည်မှာလည်း တောနက်ထဲဖြစ်၍ သစ်ပင်ကြီးများ၊ ဝါးတောကြီးများ ရှိနေ၏။

"ဟော - ဆရာ - ဒီမှာ ခြေရာတွေ တွေ့တာက တောဝက်ခြေရာတွေ ဖြစ်မယ် ထင်တယ်ဗျ"

"အေး - ဟုတ်တယ်ကွ။ ဒါ တောဝက်ခြေရာတွေပဲ။ ဒီလျှိုမြောင်ထဲမှာ ဖင်ပွင့်နွယ်ပင် ရှိနေတယ်ထင်တယ်။ တောဝက်တွေက ဖင်ပွင့်နွယ်သီး သိပ်ကြိုက်တာ ကွ"

www.burmeseclassic.com

"ဒီလိုဆိုရင် ဒီလျှိုမြောင်ထဲအတိုင်း လိုက်ရှာပြီး ပစ်ကြမယ်လေ ဆရာ"

"အေး - မင်းခြေသံတော့ လုံပါစေ ကွာ"

နစ်ယောက်သား ထိုလျှိုမြောင်ထဲအတိုင်း တဖြည်းဖြည်း လျှောက်ဝင်လာခဲ့ကြသည်။ တောဝက်ခြေရာတွေကတော့ လျှိုမြောင်ထဲအတိုင်း သွားထားကြသည်ကို တွေ့မြင်ကြရသဖြင့် ရှေ့တစ်နေရာရာတွင် တောဝက်များကို တွေ့မည်ဟု မျှော်လင့်မိကြလေသည်။

"ဟော - ဟိုးက မြင်နေရတဲ့ သစ်ပင်ကြီးဟာ ဇင်ပြွန်းပင်ကြီးပဲကွ"

"ဒီတောဝက်တွေ အဲဒီဇင်ပြွန်းပင်အောက်ကို ရောက်နေပြီး ကြွေကျနေတဲ့ ဇင်ပြွန်းသီးတွေ ရှာဖွေစားသောက်နေကြပြီထင်တယ်ဗျာ"

သူတို့ ဇင်ပြွန်းပင်ကို လှမ်းမြင်ကြရသည်မှာ အတော်လှမ်းလှမ်းမှဖြစ်၍ ရှေ့သို့ ခြေသံမကြားရအောင် တဖြည်းဖြည်း တိုးလာခဲ့ကြလေသည်။

"ကဲ - လှဝေ - မင်း ဒီနားကပဲ စောင့်နေဟော့။ ငါတစ်ယောက်တည်းပဲ ရှေ့ကို တိုးဝင်သွားပြီးပစ်မယ်"

ကိုဖိုးအောင်လည်း တောဝက်များ ဇင်ပြွန်းပင်အောက်တွင် ကြိမ်းသေရှိနေမည်ဟု မျှော်လင့်ကာ ရှေ့သို့ တဖြည်းဖြည်း တိုးဝင်လာခဲ့လေသည်။

"ဟာ - အပင်အောက်မှာ တောဝက်အုပ်က အကောင်တော်တော်များတာပဲ။ ဇင်ပြွန်းသီးတွေရှာပြီး စားသောက်နေကြတာပဲ"

"ငါဒီတောဝက်အုပ်ထဲက အကောင်ကြီးကြီးကို ရွေးပြီးပစ်နိုင်မှ ဝက်စွယ်ကြီးကြီး ရနိုင်မှာပဲ"

ထိုစဉ် တောဝက်ခပ်လတ်လတ်တစ်ကောင် ကိုဖိုးအောင်ရှိရာဘက်သို့ ပြေးတက်လာကာ ကိုဖိုးအောင်နှင့် ပက်ပင်းတိုးမိတော့သည်။

"အု - အု - အု"

"ဗျာ - ဝရော ရော"

"ဟာ - အပင်အောက်က တောဝက်တွေ အားလုံးလန့်ပြီး ပြေးထွက်သွားကြပြီ"

"တောက် - ပစ်ရခါနီးမှကွာ။ ဒီဝက်နာလေး လန့်ပြေးတာနဲ့ တခြားဝက်တွေ အားလုံး ပြေးထွက်သွားခဲ့တော့တာပဲ"



"ဟေး - ဟေး - အူး"

"လှဝေရေ - ငါ့ဆီ လာခဲ့တော့ဟေ့၊ ဝက်တွေ ပြေးကုန်ပြီကွ"

"ပစ်ရခါနီးမှ ပြေးထွက်သွားကြတာ နာလိုက်တာကွာ။ ဝက်တစ်ကောင်တည်းက ပြေးထွက်လာခဲ့တော့ ပက်ပင်းတွေ့ပြီး လန့်ပြေးပြေးတော့ ကျန်တဲ့ဝက်တွေ အားလုံး ပြေးတော့တာပဲဟေ့"

"ကဲ - ငါတို့ ဒီလျှိုထဲမှာ နေ့လယ်စာ ချက်စားကြမယ်ကွာ။ ပြီးမှပဲ တောင်ကုန်းတွေပေါ်အတိုင်း တောဝက်ရှာရင်း ပြန်ကြတာပေါ့ကွာ"

စားသောက်ပြီးကြသည်နှင့် စားပြီး လမ်းကြည့်လုပ်ရတော့သည်။ ညနေစောင်းအချိန်ဖြစ်လာ၍လည်း သားကောင်များ အစာရှာထွက်လာကြချိန်လည်း ဖြစ်နေသည်။ လျှိုမြောင်၊ တောင်စောင်းများအတွင်း ဂရုစိုက်၍ ရှာဖွေလာခဲ့ကြသည်။ ခရီးအတော်ဝေးဝေး ရောက်လာသည့်တိုင်အောင် တောဝက်များကို မတွေ့ကြသေးပေ၊ နှစ်ယောက်သားလည်း ခရီးနှင်လာရသည်မှာ မောပမ်းလာကြပြီဖြစ်၍ တောင်ကုန်းစောင်းတစ်ခုသို့အရောက်တွင် တစ်ခဏမျှ ထိုင်၍ နားနေကြလေသည်။

"ဖလပ် - ဖလပ် - ဖလပ်လပ်"

"ဟာ - ဒီအသံဟာ တောဝက်ရွှံ့လူး နေရာက နားရွက်ခါလို့ မြည်လာသံပဲကွ"

"ဒါဆိုရင် ဆရာ - သိပ်မဝေးတဲ့နေရာမှာ ဗွက်အိုင်ရှိနေတယ် ထင်တယ်"

"အေးကွ - အဲဒီဗွက်အိုင်ထဲ ဆင်းပြီး ရွှံ့လူးနေတာပဲ ဖြစ်မယ်"

"လာကွာ - ရွှံ့လူးနေတာဆိုရင် အပိုင်ပစ်ရုံပဲကွ"

"မင်းက ငါ့နောက် ခပ်လှမ်းလှမ်း ကနေပြီး ခြေသံမကြားအောင် ဖြည်းဖြည်းလိုက်ခဲ့ဟေ့"

ကိုဖိုးအောင်လည်း သေနတ်မောင်း တင်ကာ ရှေ့သို့ တဖြည်းဖြည်း တိုးသွားနေလေသည်။

"ဖလပ် - ဖလပ် - လပ် - လပ်"

"ဟော - နားရွက်ခပ်သံ ထပ်ကြားရပြန်ပြီ၊ ဒီတစ်ခါကြားရတာဟာ တော်တော်နီးတာပဲ၊ ရှေ့နားမှာဆိုရင် ဝက်လူးနေတာ တွေ့ရမယ်ထင်တယ်"

ကိုဖိုးအောင်လည်း သေနတ်ကို အသင့်အနေအထားဖြင့် ကိုင်ကာ ရှေ့သို့ အသံမကြားရအောင် တိုးလာခဲ့သည်။ သစ်ပင်များ၊ ဝါးပင်များက ထူထပ်နေခြင်းကြောင့် ထိုအပင်များအား အကာအကွယ်ယူကာ တိုးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ငါ့ခြေထောက်အောက်မှာ နင်းမိထားတာဟာ ဝါးလုံးခြောက်ပါလား"

"တော်သေးတယ် - ဖိမနင်းမိလို့သာပဲ။ ဖိနင်းမိခဲ့လို့ အသံကြားရင် ရှုံ့လူးနေတဲ့ တောဝက်က ကြားသွားပြီး ပြေးထွက်သွားမှာပဲ"

ကိုဖိုးအောင် ခပ်ရှုရှု နင်းဖိထား သော သူ့ခြေကို အသာအယာ ပြန်၍မ,ယူလိုက်ရသည်။

"ဟော - ရှေ့မှာ ဗွက်အိုင်ကို တွေ့ရ ပြီး အိုင်ထဲမှာလည်း တောဝက်ကြီးဝင်ပြီး ရှုံ့လူးနေတာပဲ"

ကုန်းခေါင်ခေါင်ပေါ်တွင် ရေမခန်းပဲ ရွှံ့များရှိနေသော ဗွက်အိုင်ကြီးကို မြင်ရကာ ကိုဖိုးအောင် အံ့ဩနေမိသည်။

"ဘာပဲဖြစ်ဖြစ်လေ - ရှာဖွေနေတဲ့တောဝက်ကြီးကိုတွေ့ရပြီဆိုတော့ ငါအမိအရ ချိန်ပြီး ပစ်ရတော့မှာပဲ"

ကိုဖိုးအောင်မှာ ကိုတ်ငါးဆယ်သာသာလောက်သာ ဝေးကွာတော့သဖြင့် သူ့သေနတ်ကို ရွံ့ဗွက်အိုင်ထဲမှ တောဝက်ကြီးအား အမိအရ ချိန်နေလေသည်၊ ချိန်သားကိုက်ပြီးဖြစ်၍ ခလုတ်ကွင်းထဲမှ ခလုတ်ကို လက်ညှိုးနှင့်ကွေးကာ ဆွဲဖြုတ်မည်အပြုတွင် ဗွက်အိုင်ထဲမှ တောဝက်ကောင်ကြီးမှာ မားခနဲ ခုန်တက်သွားခဲ့သည်။

"ဟင် - တောဝက်ကြီး ဗွက်အိုင်ထဲက ခုန်တက်သွားတာ မြင်ရပေမယ့် ဘယ်ရောက်သွားတယ်ဆိုတာကို မမြင်ရပါလား။ အံ့ဩစရာပဲ"

ကိုဖိုးအောင် ထိုအဖြစ်ကို အံ့ဩနေမိစဉ်မှာပင် ဗွက်အိုင်ကြီးနံဘေးရှိ သစ်ပင်ကြီးပေါ်မှ ရွှံ့စက်များ ကျလာသည်ကို တွေ့မြင်ရလေသည်၊

"ဟင် - ဆရာ ဟိုသစ်ပင်ပေါ်က ရွှံ့စက်တွေတော့ ကျလာပြီး အကောင်ကို မတွေ့ရဘူး ဆရာ၊ ပြီးတော့ သစ်ပင် အပေါ်ကိုင်းတွေအထိတက်ပြီး ပေနေတယ် ဆရာ"

"ဟုတ်ပ့ါကွာ - အံ့စရာအဖြစ်ပဲ၊ ငါတို့တော့ တောဝက်ဆက်ရှာဖို့အချိန်မရတော့ဘူးဟေ့၊ ရလာတဲ့ ဆတ်သားခြောက်ပဲ ထမ်းပြီးပြန်ကြတော့မယ်ဟေ့"

နောက်နေ့မနက်တွင် အိမ်နီးချင်းများ ရောက်လာကြကာ တောလည်သွားသည်မှာ ဘာတွေရလာကြောင်း မေးကြ သဖြင့် ဆတ်သားခြောက်ပါကြောင်း ပြောရလေသည်၊

"ဖိုးအောင် - မင်း ဝက်စွယ်ရဖို့ တောဝက်ပစ်သွားတာ မဟုတ်လားကွ၊ ဝက်မတွေ့လို့လား"

"အို - ဗျာ - ဦးကြီးဖြူကလည်း - တောဝက်မှ တော်တော်ကြီးကြီးကို တွေ့တာဗျ ဗွက်အိုင်ထဲမှာ ရွှံ့လူးနေတာလေ၊ အပိုင်ပစ်မယ်လည်းလုပ်ရော ဗွက်အိုင်ထဲက ထပြီး ခုန်တက်သွားလိုက်တာ ဘယ်ရောက်သွားမှန်းတောင် မသိလိုက်ပါဘူးဗျာ၊ ဒါပေမဲ့ - ဦးကြီးဖြူရယ် - တောဝက်ကြီးကိုသာ မတွေ့ရတော့တာဗျ၊ သစ်ပင်ပေါ်ကတော့ ရွှံ့စက်တွေ ကျလာတယ်လေ၊ ပြီးတော့ - သစ်ပင်မှာလည်း အထက်သစ်ကိုင်းတွေအထိ ရွှံ့တွေ ပေကျံနေတာဗျ"

"ဟာ - ဟုတ်လား - ဒါဆိုရင် မင်း ရွှံ့ဗွက်အိုင်ထဲက တွေ့ရတဲ့အကောင်ဟာ တောဝက်မဟုတ်ဘူးကွ၊ အဲဒါ လူးကောင်ကြီးပဲကွ၊ တစ်နည်းပြောရရင် တော့ တောထဲက နာနာဘာဝကောင်ကြီးပေ့ါကွာ"

"ဒါနဲ့ - မင်း အဲဒီကောင်ကြီးကို ခုန် တက်သွားတာ မြင်ရတော့ လန့်ရော လန့်သွားသေးလားကွ"

"လန့်တော့ မလန့်ပါဘူးဗျာ၊ အံ့ဩတွေးမိခဲ့တာပါပဲ"

"တော်သေးတာပေ့ါ - ဖိုးအောင်ရာ"

"ဘာဖြစ်လို့လဲ - ဦးကြီးဖြူရဲ့"

"အကယ်၍များ လန့်ကြောက်မိခဲ့ ရင် ဖျားနာပြီး ဆေးကုမရပဲ သေတတ်တယ်ကွ"

"ဟုတ်လား - ဦးကြီးဖြူရယ်၊ ကျွန် တော် မုဆိုးသက် ဒီလောက်ရလာပြီ၊ ဒီလို အဖြစ်မျိုး တစ်ခါမှ မကြုံဖူးခဲ့ဘူးဗျ"

ကိုဖိုးအောင်တို့ ဆရာတပည့်နှစ်ယောက်မှာ တောဝက်စွယ်ရလိုဇောနှင့် တောဝက်ကို မတွေ့တွေ့အောင် လိုက်ရှာပြီးပစ်ရန် ချိန်ရွယ်နေစဉ်မှာပင် တောဝက်ဟန်ဆောင် နာနာဘာဝ လူးကောင် ကြီးနှင့် တိုးမိခဲ့ကြခြင်းသာ ဖြစ်လေတော့သည်။

⟹ **တင့်ထူး (ဧယျာဝတီ)**



www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်သားမိုင်းရည်(ပ

ကမ္ဘာမြေသို့
လာရောက်သော
တခြားကမ္ဘာမှ
ဂြိုဟ်သားများကို
စုံစမ်းလေ့လာရာမှ
ဖြစ်ပေါ်လာသော
ဇာတ်လမ်းတစ်ပုဒ်

**စွန့်စားသူ** ဟုသည်မှာ ဘယ်သော ...တွင်မှ အမြောက်အမြား ပေါ်ထွက် ...နိုင်ခြင်း မရှိပါ။ စွန့်စားသူဟု သတ် ...ခြင်းခံရသည့်သူများအကြောင်းကို ...ကြားဖူးခဲ့ကြပါလိမ့်မည်။ သို့သော် ...သူများမှာ မိန်းမသားတစ်ဦးအတွက် ...စွန့်စားခြင်း (သို့ မဟုတ်) ငွေကြေး အတွက် စွန့်စားခြင်း (သို့မဟုတ်) ကိုယ့် ...နိုင်ငံပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသအတွက် စွန့်စားခြင်း (သို့ ...တည်းမဟုတ်) မိမိယုံကြည်ချက်ကြောင့် စွန့်လွှတ်စွန့်စားခြင်း(ထိုသို့မဟုတ်လျှင်) မိမိတိုးကွယ်သည့် ဘာသာအယူဝါဒ အတွက် စွန့်စားခြင်း (ဒါမှမဟုတ်) ထင် ပေါ်ကျော်ကြားလိုခြင်းကြောင့် ဂုဏ် သိက္ခာ မြင့်မားလိုခြင်းကြောင့် စသည် သည်ဖြင့် တစ်ခုခုအတွက်တော့ ကေန် ဖြစ်သည်။

www.burmeseclassic.com

သို့ရာတွင်ဤမြေကမ္ဘာတွင်အမှန်တကယ်မျှော်လင့်ရည်မှန်းချက်မရှိဘဲအမှတ်မထင် စွန့်စားသူတစ်ဦး ပေါ်ထွက်လာခဲ့ပါသည်။ ထိုသူမှာ မြန်မာသတင်း အေဂျင်စီတစ်ခုမှ သတင်းထုတ်လွှင့်ရေးမှူး ကိုရဲရင့်ဦး ဖြစ်သည်။ သူသည် ကြို တင်ကြံရွယ်သော သဘောဆန္ဒမပါဝင်ဘဲ ထူးထူးခြားခြား စွန့်စားခဲ့ခြင်းဖြစ်၏။

ဆရာသမားတစ်ဦးက ပြောဖူး သည်။ ယုံကြည်ချက်က စွန့်အားသတ္တိကို ပေးသည်။ ခံယူချက်က စွန့်လွှတ်စွန့် စားရဲအောင် သိဒ္ဓိတင်ပေးသည်ဟု။ ယခုရဲရင့်ဦးတစေတ့ ဘာယုံကြည်ချက်၊ ဘာ ခံယူချက်မှ မရှိပါ။ ဘာမဆို ရင်ဆိုင်လိုက်မည်ဟူသော စိတ်တစ်ခုတည်းဖြင့် ဤ နေရာ၊ ဤအရပ်သို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။ ဒါကလည်း သူ့ကံကြမ္မာသာ ဖြစ်လိမ့်မည်။ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းတွေးတောကြည့်လိုက်လျှင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်၏။

ရန်ကုန်မြို့အစွန်အဖျားရှိသာကေတမြို့သစ်တွင် နွေအခါနေ့ပူပူမှာ လေပွေလေနိုင်းတစ်ချက် ဝေ့လိုက်လျှင် ဖုန်တွေက တထောင်းထောင်း။ ယခု တည်ရှိနေသည့် သန်လျင်တံတားသစ်ကြီးနေရာတွင်းမြင်ကြီးတွင် မြို့တော်စည်ပင်အမှိုက်ကားများ လာရောက်စွန့်ပစ် စုပုံထားသည့် ဧရာမ အမှိုက်ပုံကြီး ရှိ၏။ ရန်ကုန်မြို့တစ်မြို့လုံးက စွန့်ပစ်ပစ္စည်းများအားလုံးကိုထိုနေရာမှာစွန့်ပစ်ထားပါ၏။ သံတိုသံစများ၊ ကြေးထည်ပစ္စည်းများ၊ မော်တော်ကားတာယာ၊ စက်ဘီးတာယာအဟောင်းများနှင့် လျှပ်စစ်ပစ္စည်း အပျက်အစီးမျိုးစုံ စသည့် တိုလီမိုလီပစ္စည်းတို့ကို ယင်းအမှိုက်ပုံကြီးတွင် ထိုးဆွရှာဖွေလျက် ကလေးလူကြီး၊ လူငယ်လူရွယ်၊ လူပေါင်းစုံဖြင့် နေ့စဉ် စည်ကားနေပါ၏။

ယနေ့တော့ ဤနေရာမှာ ထူးထူးခြားခြား လူသူလေးပါး ကင်းမဲ့တိတ်ဆိတ်နေသည်။ ထိုအမှိုက်ပုံကြီး၏ ပတ်ဝန်းကျင် တစ်မိုင်ပတ်လည်ကိုလည်း သံဆူးကြိုးများကာရံလျက် ခြံဝန်းခတ်ထား၏။ ခြံဝန်းထဲတွင် ယာယီတဲအိမ်ငယ်များ အစီအရီ ရှိနေသည်။ ခြံဝန်းအဝင်ဂိတ်တွင်လည်းလုံခြုံရေးတာဝန်ရှိသူများကစောင့်ကြပ်လျက်ရှိ၏။ ထိုကန့်သတ်နယ်မြေခြံဝန်း၏ အထက်မိုးကောင်းကင်တွင် အမှောင်ရိပ်ကြီး လွှမ်းခြုံနေ၏။ ဧရာမ အာကာသယာဉ်ကြီးတစ်ခု၏ အရိပ်မည်းကြီး ဖြစ်ပါသည်။ အာကာသယာဉ်ကြီးနှင့်အတူလိုက်ပါလာသူတွေကတော့ဤကမ္ဘာမြေသို့ကျူးကျော်ဝင်ရောက်လာသည့်ဂြိုဟ်သားများသည် ဤခြံဝန်းအတွင်းရှိ ယာယီတဲအိမ်ငယ်များတွင် အခြေမြဲ နေထိုင်လျက် ရှိပါသည်။ သို့ဖြစ်၍ ဤနယ်မြေအတွင်း လူသားတစ်ဦးတလေမျှ

ဝင်ရောက်ခြင်းမပြုရန် တားမြစ်ထားပြီး လုံခြုံရေးအစောင့်အရှောက်များချထားကာ (၂၄)နာရီ အသင့်အနေအထားဖြင့် စောင့်ကြည့်နေကြခြင်းဖြစ်သည်။

☆☆☆

ယခု ဂြိုဟ်သားများရှိရာ ခြံဝန်း၊ ဝင်းအတွင်းသို့ ဝင်ရောက်၍ ရုပ်မြင်သံကြားသတင်းတိုက်ရိုက်ထုတ်လွှင့်နိုင်ရန်အတွက် ရုပ်သံသတင်းထုတ်လွှင့်ရေးမှူး ရဲရင့်ဦးအား သက်ဆိုင်ရာက တာဝန်ပေးအပ်လိုက်ခြင်းဖြစ်၏။ ရဲရင့်ဦး အနေဖြင့် ဂြိုဟ်သားများနှင့် ပထမဦးဆုံး တွေ့ဆုံခွင့်ရရှိသည့် သံတမန်တစ်ဦးလည်း ဖြစ်နေပြန်ပါသည်။

ဂြိုဟ်သားများသည် ကမ္ဘာပတ် လမ်းကြောင်းအတွင်းသို့ ဝင်ရောက်စဉ် အာကာသယာဉ်မှာ တစ်စုံတစ်ခု ချွတ်ယွင်းမှုကြောင့် အရေးပေါ် ဆင်းသက်လာဟန်တူသော်လည်းအခြေအနေမှန်ကို သိဖို့လိုပါမည်။ ထို့ကြောင့် ကမ္ဘာမြေပေါ်သို့ရောက်ရှိလာသည့်ရည်ရွယ်ချက်၊ယခုပါရှိသည့်အင်အား၊၎င်းတို့၏ဉာဏ်ရည်အဆင့်အတန်း



"

ထိုအခါ ဆိုးထူးရှားသည့်
အနံ့ဆိုးကြီးက
အဆုတ်ထဲသို့ တစ်ဝကြီး
ဝင်ရောက်သွားလေသည်။
အော်ဝေါ့အန်ထွက်သည့်
အနံ့ဆိုးကြီးကြောင့်
သံသူတို့ မူးနေရာသို့
ကြွင်းကျန်အစားအစာများ
ပျို့အန် အန်ချင်စိတ်ကြောင့်
တဲအိမ်ကြမ်းပြင်အထက်သို့
ပြန်ထွက်သွားရပါသည်

www.burmeseclassic.com

www.burmeseclassic.com

မည်မျှရှိသည်၊ မည်သည့်လက်နက်မျိုး ကိုင်ဆောင်ထားသည် စသည့်အချက်အလက်တို့ကို ရဲရင့်ဦးက တွေ့ဆုံစုံစမ်း၍ သတင်းရယူရပေလိမ့်မည်။

သက်ဆိုင်ရာတာဝန်ရှိသူတို့ကလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်လျက် စူးစမ်းလေ့လာရေးအဖွဲ့၊ ထောက်ပံ့ရေးအဖွဲ့၊ ကာယဆယ်ရေးအဖွဲ့ဟူ၍ ကော်မတီသုံးရပ် ဖွဲ့စည်းထားရှိပြီးဖြစ်ရာ နိုင်ငံခြားပညာရှင်များ မရောက်လာမီ ပဏာမ စူးစမ်းရေးတာဝန်ဖြင့် ကိုရဲရင့်ဦးအား ရွေးပြီးစေလွှတ်ခဲ့ခြင်း ဖြစ်၏။

ရဲရင့်ဦးသည် ငယ်စဉ်ကတည်းက ပင် အာကာသသိပ္ပံပညာရပ်ကို လွန်စွာ စိတ်ဝင်စားသူဖြစ်၍ အာကာသထဲရှိ ဂြိုဟ်များအကြောင်းကိုလည်း လေ့လာ ဖတ်ရှုထား၏။ ယခုလက်တွေ့လေ့လာ ခွင့်ရရှိမည်ဖြစ်သဖြင့် စိတ်လှုပ်ရှားနေပါ သည်။ ရဲရင့်ဦးသည် ဗီဒီယိုကင်မရာကို ကိုင်ဆောင်လျက် ခြံဝင်းထဲသို့ တစ်လှမ်းချင်း ဝင်ရောက်သွားလေသည်၊ မည်သို့ဖြစ်စေ၊ သည်းထိတ်ရင်ဖို စွန့်စားခန်းတစ်ခုတော့ စတင်ခဲ့ပြီ။

သို့သော်လည်း ဤအခြေအနေကို စွန့်စားမှုအဖြစ် လက်ခံရန် လူအချို့ကသာ အသိအမှတ်ပြုကြ၏။ အများစုတမူ တာဝန်ဝတ္တရားအရမဖြစ်မနေ ဆောင်ရွက်ရခြင်းဟူ၍သာလည်လက်ခံထားကြပေသည်။ ဘယ်သူတွေ ဘာပဲပြောပြော စွန့်စားရသည်ကိုတော့ လက်ခံကြရပါမည်။ ကိုရဲရင့်ဦးတစ်ယောက်တည်း ဂြိုဟ်သားများရှိရာသို့ စွန့်စွန့်စားစား ဝင်ရောက်သွားသည်ကို တိုက်ရိုက်ထုတ် လွှင့်ပြသနေသော တီဗွီဖန်သားပြင်မှတစ်ဆင့်ကမ္ဘာအရပ်ရပ်ရှိလူအများက စိတ်ပါဝင်စားစွာဖြင့် စောင့်မျှော်ကြည့်ရှုနေကြ၏။

ဂြိုဟ်သားများနှင့် တွေ့ဆုံရာမှစ၍ ၎င်း၏ ဘဝမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလိမ့်မည်ဆိုတာကိုတော့ ကိုရဲရင့်ဦးအနေဖြင့် ကြိုတင်တွေးတော စဉ်းစားမိမည်မဟုတ်ပါ။ ၎င်းသည် သည်းထိတ်ရင်ဖိုစွန့်စားမှုများကို အထူးစိတ်ဝင်စားတတ်သူဖြစ်ပြီး စွန့်စားရာတွင် ရင်ခုန်တတ်သူဖြစ်သောကြောင့် ယခုကိစ္စကို မိမိသဘောဆန္ဒအလျောက် တာဝန်ယူခဲ့ခြင်းဖြစ်၏။ သူ့အနေဖြင့် ထူးခြားဆန်းပြားသောအခြေအနေတစ်ရပ်ရပ်ကို ရင်ဆိုင်ရန်အတွက် စိတ်အားထက်သန်စွာ ဝင်ရောက်သွားခြင်းဖြစ်ပါသည်။

☆ ☆ ☆



ဂြိုဟ်သားများနေထိုင်သည့် တဲအိမ်တံခါးဝသို့ ရောက်ရှိသွားသောအခါ အိမ်တံခါးပွင့်နေသဖြင့် အိမ်ခန်းထဲသို့ ဝင်လာပါရန် သွေးဆောင်ဖိတ်ခေါ်သည့်နှင့်တူပါသည်။ ရှိနေသယောင်ထင်မှတ်ရပေ၏။ ခပ်ဝေးဝေးတစ်နေရာတွင်ဂြိုဟ်သားအချို့သည်အမှိုက်ပုံကိုထိုးဆွကာ ၎င်းတို့အတွက် အသုံးဝင်မည့်ပစ္စည်းများကို ရှာဖွေယူငင်နေကြပါ၏။ ထိုမြင်ကွင်းကို ဗွီဒီယိုကင်မရာဖြင့် ရိုက်ကူးလိုက်ပြီး အိမ်ထဲသို့ ဝင်သွားသည်၊ အတွင်းသို့သူ ဝင်ရောက် သွားသောအခါ ဓာတ်ခွဲခန်းတစ်ခုကဲ့သို့ ဖန်ပြွန်များ၊ ဖန်ပေါင်းချောင်များအဆင့်ဆင့်တပ်ဆင်ထားသည့်စားပွဲရှည်ကြီးကိုတွေ့မြင်ရသည်၊ ဖန်ပြွန်အဆင့်ဆင့် အတွင်း၌လည်း အလင်းရောင်စုံ ဖြာထွက်နေသော အရည်တစ်မျိုး စီးဆင်းနေကြောင်း တွေ့ရ၏။

ယင်းအရည်မှာ တဖြည်းဖြည်း အခိုးအငွေ့အဖြစ် အသွင်ပြောင်းသွားပြီး ဖန်ပေါင်းချောင်အတွင်း၌ အငွေ့ပြန်ကာ ပေါင်းခံအရည်အဖြစ်ဖြင့် ဖန်ပြွန်ဝမှတစ်ဆင့် အောက်ခံဘူးရှည်တစ်ခုအတွင်းသို့ တစ်စက်ချင်း ကျဆင်းနေပါသည်၊

ကိုရဲရင့်ဦးသည် တွေ့ရမြင်ရသမျှကို ရုပ်မြင်ကင်မရာဖြင့် အဆက်မပြတ် ရိုက်ကူးကာ မှတ်တမ်းတင်လျက်ရှိ၏။ တီဗွီမှလည်းတိုက်ရိုက်ထုတ်လွှင့်ပြသနေပါသည်။ ထို့နောက် ရဲရင့်ဦးသည် ရုပ်သံရိုက်ကူးမှုကို ခေတ္တရပ်ဆိုင်းလိုက်ပြီး ဆေးရည်တစ်စက်ချင်း ခံယူလျက်ရှိသော သံဘူးရှည်ကို ကောက်ယူ၍ အနံ့ခံကာ နမ်းကြည့်မိသည်။

ထိုအခါ ဆိုးရွားစူးရှသည့် အနံ့ဆိုးကြီးက အဆုတ်ထဲသို့ တစ်ဝကြီး ဝင်ရောက်သွားလေသည်။ အော်ဂလီဆန်လောက်သည့်အနံ့ဆိုးကြီးဖြစ်၍ သံဘူးကိုမူလ နေရာသို့ ပြန်ချထားလိုက်ပြီးလျှင် ပျို့ချင် အန်ချင်စိတ်ကြောင့် တဲအိမ်အပြင်ဘက်သို့ ပြေးထွက်သွားရပါသည်၊ ဘူးပြန်ချထားသောအခါ လှုပ်ခါသွားသဖြင့် သူ့ညာဘက်လက်ခုံတွင် ဆေးရည်အချို့ပေစွန်းသွားလေ၏။ ထိုပေစွန်းသွားသော ဆေးရည်များမှာ သူ့၏ လက်အရေပြားကို ထွင်းဖောက်၍ စိမ့်ဝင်သွားပေသည်။

တဲအိမ်အဝင်ပေါက်အရောက်တွင် ဝမ်းဗိုက်တွင်းမှ လေများ လှိုက်တက်လာပြီး အန်ချလိုက်၏။ ထိုအခိုက် အမှိုက်ပုံမှ ဘက်ထရီအိုးဟောင်းနှင့် ဝိုင်ယာကြိုး ခွေများ လျှပ်စစ်ပစ္စည်းအတိုအစများကို ကောက်ယူပြီးပြန်လာသော ဂြိုဟ်သူမကြီးနှင့် ဝင်တိုးသည်။ ဂြိုဟ်သူမကြီးက ၎င်းကိုမလိုလားဟန်ဖြင့် လက်တစ်ဖက်ဆန့်ထုတ်ပြီး တွန်းဖယ်လိုက်ရာ ခပ်လှမ်းလှမ်းသို့ လွင့်စဉ်သွားပါသည်၊ အသာအယာ တွန်းလိုက်ဟန်တူသော်လည်း အလွန်ခွန်အားကြီးမား၍ ပြင်းထန်လှပါသည်။

www.burmeseclassic.com

ကိုရဲရင့်ဦးခမျာ ထော့နဲ့ ထော့နဲ့ဖြင့် ထလာပြီး လက်ဟန်ခြေဟန်ဖြင့် ရန်ပြုမှုလိုခြင်းမရှိကြောင်း ဂြိုဟ်သူမကြီးကို ရှင်းပြရှာပါသည်။ မည်မျှကြိုးစားရှင်းပြနေသော်လည်း ကြိုက်နှစ်သက်ဟန် မပြပါ။ လာမရှုပ်နဲ့ ဟူသောအမူအရာဖြင့် ပြန်ထွက်သွားရန် မြဲဝကိတ်ပေါက်ဆီသို့ လက်ညှိုးညွှန်ပြနေလေ၏။

ဤဂြိုဟ်သားတို့၏ ပုံသဏ္ဌာန်မှာ လူအရိုးစုကမ္ဘာဒွန်းရုပ်ပုံစံမျိုး ဖြစ်၏၊ မျက်နှာဝမ်းဗိုက်နှင့် ရင်သားတစ်စုံနေရာတွင်တော့ အသားစိုင်များ ရှိနေပါသည်၊ ထို့ကြောင့် ယောက်ျား၊ မိန်းမ ခွဲခြား၍ရ၏၊ လက်ချောင်း၊ ခြေချောင်းနှင့် နားခေါင်းများမှာမူ ရာဘာဖြင့်ပြုလုပ်ထားသော ရေဘဝဲနားမောင်းလက်တံကဲ့သို့ ရှည်ထွက်နေ၏။ ဆိုလိုသည်မှာ ရေဘဝဲကဲ့သို့ ရှည်မျောမျော လက်ချောင်းခြေချောင်းများ ရှိသော်လည်း မျော့ချောင်းမှုမရှိဘဲ ရာဘာချောင်းလို မာတောင့်တောင့် ဖြစ်နေပါသည်၊

သည်နောက်မှာတော့ ဂြိုဟ်သူမကြီးလည်း အိမ်ထဲသို့ ပြန်ဝင်သွား၏၊ ရဲရင့်ဦးသည် ဟိုဟိုဒီဒီ လျှောက်သွားရာ ရုပ်သံကင်မရာ အရိုက်ခံချင်သော အခြားဂြိုဟ်သားလေးများနှင့် အဆင်ပြေပြေ တွေ့ဆုံစူးစမ်း လေ့လာခွင့် ရရှိခဲ့သည်၊ ၎င်းတို့ကျေနပ်စေရန် ထောင်ထောင်မောင်းမောင်း ဂြိုဟ်သားနှစ်ဦးကို လက်ဝှေ့ထိုးမိုင်းပြီး တီဗွီရိုက်ကူးပြခဲ့သည်၊

ထိုအချိန်တွင် ဂြိုဟ်သူမကြီးမှာ ၎င်း၏ တဲအိမ်အတွင်းရှိ ဓာတ်ခွဲခန်းတွင် ပစ္စည်းတိရိယာများ ထပ်မံတပ်ဆင်ကာ အလုပ်ရှုပ်လျက်ရှိလေ၏၊ ရဲရင့်ဦးသည်လည်း မိမိလိုချင်သည့်မြင်ကွင်းများအား စိတ်ကြိုက်ရိုက်ယူပြီးနောက် ပြန်လည်ထွက်ခွာခဲ့သည်၊

☆☆☆

ဂြိုဟ်သားစခန်းမှ ပြန်လာပြီးနောက် ကိုရဲရင့်ဦးသည် အလွန်နာမည် ကြီးသွားပါ၏၊ ရန်ကုန်မြို့သူမြို့သားများ၏ ပါးစပ်များတွင်ရေပန်းစားနေသည်၊ ရုပ်မြင်သံကြားမှ သတင်းများ ထုတ်လွှင့်ပြီးနောက် နေအိမ်သို့ပင် ပြန်ခွင့်မရသေး ပါ၊ အင်တာဗျူးချင်သူများ၊ တွေ့ဆုံမိတ်ဆက်လိုသူများကြောင့် မနားရပါ၊

ထို့နောက် သတင်းအေဂျင်စီမှ လုပ်ဖော်ကိုင်ဖက်များ၏ ဂုဏ်ပြုညစာစားပွဲသို့ဆက်လက်တက်ရောက်ရပြန်သည်၊ ပါတီပွဲကလေးမျှသာဖြစ်သော်လည်းအဖျော်ယမကာမျိုးစုံနှင့် စားသောက်ဖွယ်ရာများမှာ အထူးစုံလင်လှပေ၏၊ ထိုဂုဏ်ပြုညစာစားပွဲတွင် စားသောက်နေ နိုက် ရဲရင့်ဦး၏ ညာဘက်လက်ချောင်း များမှာ ယားယံထုံကျဉ်သလို ဖြစ်လာပြီးလျှင် အသားစအချို့ပဲ ကြွေကျလာသဖြင့် အခြားသူများမရိပ်မိအောင်လက် ကိုင်ပဝါနှင့် စည်းနှောင်ထားလိုက်ရသည်၊ သူ့နှာခေါင်းထဲတွင်လည်း ဂြိုဟ်သူမကြီး၏ ဓာတ်ခွဲခန်းရှိ သံဘူးရှည်ထဲမှ အနံ့ဆိုးကြီးကို မေ့ပျောက်၍ မရနိုင်ဘဲ အနံ့ရလျက် ရှိသဖြင့် ဘာမှစားသောက်မရနိုင်အောင် ခံတွင်းပျက်နေ၏။

သူ့အဖြစ်ဆိုးကို အနီးကပ်ထိုင်နေသော သူငယ်ချင်းက ရိပ်မိသွားပြီး သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပို့လိုက်ရာ ၎င်းအား ကူးစက်ရောဂါ အထူးကုဆေးရုံကြီးသို့ သုတေသနပြုလုပ်ရန် ခေါ်ဆောင်သွားကြလေသည်။ ထိုအချိန်မှ စတင်၍ သူသည် နိုင်ငံတော်၏ အရေးကြီးပုဂ္ဂိုလ်ဖြစ်သွား၏၊ ထိုစဉ် သူ၏ညာဘက်လက်မှာ ဂြိုဟ်သား လက်မျိုး ရာဘာလက်တံကဲ့သို့ ပုံသဏ္ဌာန်အသွင် ပြောင်းလဲသွားပြီဖြစ်၏၊

သို့ဖြစ်၍ ကိုရဲရင့်ဦးအား သိပ္ပံပညာရှင်များက အရေးပေါ်သုတေသနပြုလုပ်ရန် လျှို့ဝှက်စီစဉ်နေကြပါသည်၊ ကံကောင်းချင်တော့ သူ့ထံတွင် လက်ကိုင်တယ်လီဖုန်း ရှိနေခြင်းဖြစ်သည်၊ ထိုစဉ်က ဂျီအက်စ်အမ် တယ်လီဖုန်းများကို တွင်တွင်ကျယ်ကျယ် မသုံးစွဲနိုင်ကြသေးသော်လည်း အလုပ်တာဝန်အရ အရေးကြီးတာဝန် ထမ်းဆောင် နေသူများကို ရုပ်သံအေဂျင်စီက စီဒီအမ်အေ မိုဘိုင်းတယ်လီဖုန်း ထုတ်ပေးထား သည်၊ ထို့ကြောင့် နေအိမ်သို့ တယ်လီဖုန်းဆက်ပြီး ချစ်ဇနီးထံသို့ မိမိအဖြစ်အပျက် တို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပေသည်၊

"မောင့်အဖြစ်ကတော့ အဲဒါပါပဲကွာ၊ မောင် အခု ကူးစက်ရောဂါကု ဆေးရုံ မှာ ရောက်နေတယ်"

"ဒါဆို မောင့်လက်က ဖြတ်ပစ်ရမှာလားဟင်"

"မပြောတတ်သေးပါဘူး အသက်ရယ်၊ မောင်တော့ စိတ်ညစ်တာပါပဲ၊ သေသ သေလိုက်ချင်တော့တယ်"

"မောင်က စွန့်စားချင်တာကိုး၊ ခုတော့အသက်လည်း မောင့်ကိုကြောက်လာပြီ သိလား"

"ဘာ - ဘာဖြစ်လို့လဲ - ဟင်"

"တော်ကြာ - မောင်က ဂြိုဟ်သားဘဝ ပြောင်းသွားရင် ဒုက္ခ"

"ဟဲ့ - မပြောကောင်း မဆိုကောင်း၊ ဖွ - လွှဲပါစေ၊ ဖယ်ပါစေ - အသက်ရယ်"

ဇနီးဖြစ်သူ သက်စုပြောမှ သူ တွေးပြီး ကြောက်ရွံ့သွားမိသည်၊ ဘာပဲဖြစ်ဖြစ် ဆေးရုံမှ အမြန်ဆုံး ခိုးထွက်ပြီး ဂြိုဟ်သူမကြီးနှင့် သွားရောက်တွေ့ဆုံမှ ဖြစ်ပေတော

www.burmeseclassic.com

မည်၊ သူ့အဖြစ်ဆိုးကို အဆိုပါဂြိုဟ်သူမကြီးသာလျှင် ကယ်တင်နိုင်လိမ့်မည်ထင်၏၊ သို့ဖြင့် လူနာစောင့်များအလစ်တွင် ဆေးရုံမှ တိတ်တဆိတ် ထွက်ပြေးခဲ့ပါသည်၊

☆ ☆ ☆

ဂြိုဟ်သားစခန်းအတွင်းသို့ ကိုရဲရင့်ဦး လျှို့ဝှက်စွာ ဝင်ရောက်သွားပြီး မကြာမီ အချိန်တွင် စခန်း၏ ပတ်ဝန်းကျင် မှာ အစောင့်အကြပ်များ ထပ်မံချထားလျက် လုံခြုံရေးအထူးတင်းကြပ်နေပြီ ဖြစ်သည်၊ ကိုရဲရင့်ဦးမှာ သူတို့ထက်စော၍ အလျင်ဦးစွာ စခန်းတွင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါ၏၊

ရဲရင့်ဦးအား ပြန်လည်ဖမ်းဆီးရမိ ရန် အပူတပြင်းကြိုးပမ်းအားထုတ်နေ ခြင်းမှာ ထိပ်တန်းလျှို့ဝှက် ကိစ္စတစ်ရပ်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ဂြိုဟ်သားတို့ထံမှ သိမ်းဆည်းရမိထားသည်၊ လက်နက်ဆန်းတို့မှာ မည်သူမှ ပစ်ခတ်၍ မရနိုင်သဖြင့် လက်နက်ပါရဂူများ လက်မှိုင်ချနေရ၏၊ ယခုအခါ ဂြိုဟ်သားအသွင်သဏ္ဌာန်သို့ ပြောင်းလဲသွားသည့် ရဲရင့်ဦး၏လက်ဖြင့် စမ်းသပ်ပစ်ခတ်ကြည့်လိုခြင်းက အဓိက အချက် ဖြစ်သည်၊ ထိုအရေးပေါ်စမ်းသပ်မှု အောင်မြင်ပါက ရဲရင့်ဦးအား အသုံးချကာ လက်နက်ဆန်းများ တီထွင်ထုတ်လုပ်၍ ဂြိုဟ်သားတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရပါက အနိုင်ရရှိရေးစီမံချက်ကို ချမှတ်ထားရှိကြ၏၊

ထိုအချိန်၌ရဲရင့်ဦး၏ ညာဘက်လက်မှာ ဂြိုဟ်သား၏လက်မျိုးဖြစ်နေပါပြီ၊ ဗိုက်ထဲကလည်း ဆာလောင်လှပြီဖြစ်၍ တဂွီဂွီ ဆန္ဒပြနေ၏၊ ဂြိုဟ်သားများ၏ ညစာအတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ရိက္ခာထောက်ပံ့သည့် တာဝန်ကျများသည် အမဲသားများ လာရောက်ပေးလျက်ရှိသည့်အတွက် ဂြိုဟ်သားများ တန်းစီနေကြ၏၊

ဗိုက်ဆာနေသော ရဲရင့်ဦးသည် ဂြိုဟ်သားအိမ်တစ်လုံးထဲမှ မြူထည်တစ်ခု ဆွဲယူပြီး မြုံလွှမ်းကာ ရိက္ခာရရှိရန် ဝင်ရောက်တန်းစီလိုက်ပါသည်၊ သို့သော် သူ့အလှည့်တွင် ရိက္ခာကုန်သွား၏၊ ထိုနေရာမှ ပြန်လှည့်ထွက်လာပြီး နောက် စိတ်ညစ်လှ၍ စဉ်းတီတုံးပေါ်ရှိ အသားခုတ်သည့် ဓားတစ်လက်ကို ကောက်ယူလိုက်ပြီး သူ့လက်ကို ခုတ်ဖြတ်ပစ်ရန် စိတ်ကူးမိသေးသည်၊ ဒါပေမဲ့ မိမိလက်ကို မိမိကိုယ်တိုင် ခုတ်ဖြတ်ရန် မလုပ်ရဲသောကြောင့် ထိုင်ငိုမိလေတော့သည်၊

အားရအောင် ငိုပြီးတော့မှ ဇနီးသည်ထံ တယ်လီဖုန်းဆက်လိုက်သည်၊

"ဟဲလို"

"မောင် - မောင်လားဟင်၊ မောင် ဘယ်ကိုရောက်နေလဲ - မောင်ရယ်"

"မောင်လေ - အခု"

ရဲရင့်ဦးသည် စကားပြောရန် ပါးစပ်ဟလိုက်စဉ် ပါးစပ်ထဲမှ သွား(၂)ချောင်း ပွံကြွကျလာ၏၊ ထို့ကြောင့် လွန်စွာထိတ်လန့်သွားသည်၊

"အသက် - မောင် - မောင်တော့ ဒုက္ခရောက်ပြီကွာ"

သူ့စကားသံမှာ ပီပီသသ မဟုတ်တော့ပါ၊ ငိုသံပါကြီးဖြင့် ဗလုံးဗထွေး ဖြစ်နေသည်၊

"ဟင် - မောင် - ဂြိုဟ်သားဘဝ ရောက်တော့မှာလားလို့ ပြောပါဦး၊ ဒါ - ဒါဆို - အသက်ကြောက်တယ် မောင်၊ မောင့်ကို ကြောက်တယ်၊ မောင် ပြန်မလာနဲ့တော့"

ချစ်ဇနီး သက်စုက ကြောက်လန့်တကြားဖြင့် အော်ပြောကာ တယ်လီဖုန်းချသွားသည်၊ ထိုအခါ ရဲရင့်ဦးသည်လည်း ဂြိုဟ်သူမ၏ တဲအိမ်အတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေတော့၏၊

"ကျွန်တော့်ကို ကယ်ပါဗျာ - ကယ်ပါဦး"

သူ့ပုံပန်းသဏ္ဌာန်ကို မြင်ရုံနှင့် သဘောပေါက်သွားသည့် ဂြိုဟ်သူမကြီးတ သခင်တဲ့သို့ မလိုလားဟန် မပြတော့ဘဲ ချစ်ခင်ကြင်နာစွာဖြင့် သူ့လက်ကို တယုတယ ဆွဲယူကိုင်ကြည့်ပါသည်၊ ပြီးတော့ စားစရာများ ချကျွေးသည်၊

သူမ၏ နောက်ဘက်နားတွင် ဂြိုဟ်သားကလေးတစ်ဦး ရှိပါသေး သည်၊ မိခင်၏ ကိုယ်လုံးနှင့်ကွယ်၍ သူ့ကို အားကိုးလိုဟန်ဖြင့် ချောင်းကြည့်နေသည်၊ ဂြိုဟ်သူမကြီးက သူ့ကလေး ကို ညွှန်ပြ၍ ကလေး၏ဖခင် သေဆုံးသွားသဖြင့် ၎င်း၏ ကိုယ်ပွားဂြိုဟ်သားတစ်ဦး ဖန်တီးရန် ဓာတ်ခွဲစမ်းသပ်နေခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည်၊ ယခု ရဲရင့်ဦးရောက်ရှိလာသဖြင့် သူ့စမ်းသပ်ချက်မှာ အောင်မြင်ပြီဖြစ်ကြောင်း၊ သူတို့ဂြိုဟ်တွင် ၎င်းတို့မိသားစုမှာ အကြီးအကဲများဖြစ်ကြပြီး သိပ္ပံပညာရှင်များဖြစ်ကြကြောင်း၊ ခင်ပွန်းသည်၏ခန္ဓာကိုယ်မှ DNA များ ထုတ်ယူ၍ပြန်လည်အသက် သွင်းရန်အတွက် ဤနေရာသို့ အရေးပေါ် ဆင်းသက်လာခဲ့ရာမှ ယခုကဲ့သို့ မထင်မှတ်သောအဖြစ်အပျက်များ ပေါ်ပေါက်လာပြီး ရေစက်ဆုံရခြင်းဖြစ်ကြောင်းနှင့် အလွန်ပင် ဝမ်းသာအားရဖြစ်မိကြောင်း ရှင်းပြပါသည်၊ ထို့ပြင် အာကာသယာဉ်ကြီးကိုလည်း ပြန်လည်၍ ပြင်ဆင်နိုင်ခဲ့ပြီးဖြစ်၍ပြန်လည်ထွက်ခွာတော့မည်ဖြစ်ရာ ဂြိုဟ်သားဘဝသို့ပြောင်းလဲသွားသူ ရဲရင့်ဦးအား ၎င်းတို့နှင့်အတူ လိုက်ပါရန် တိုက်တွန်းလိုကြောင်း ပြောပြပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်သားကလေးတလည်း ရဲရင့်ဦးအား လက်ညှိုးထိုး၍ သူ့ဖခင်နှင့် အလွန်တူကြောင်း၊ ၎င်းတို့နှင့် ခွဲခွာမသွားပါရန် တောင်းပန်လိုကြောင်း အမူအရာများဖြင့် ဖော်ပြပြောဆိုနေရှာ၏။

သို့ဖြင့်အမှတ်မထင် လူစွန့်စားဖြစ်လာသည့်ရဲရင့်ဦးမှာ ယခုအခါ လူပုံသဏ္ဍာန်အသွင် ကွယ်ပျောက်၍ဂြိုဟ်သားအသွင်ဖြင့် ဘဝသစ်ကူးပြောင်းသွားပြီဖြစ်ရာ ဂြိုဟ်သားဗိုင်းရပ်(စ်) ကူးစက်ခြင်းခံရသော အစမ်းသပ်ခံ လူထူးလူဆန်းဘဝဖြင့် ဤကမ္ဘာမြေပေါ်တွင် ဆက်လက်နေထိုင်မည့်အစား နယ်မြေ ချဲ့ထွင်ရန်နှင့် အာကာသသိမ်းစစ်ပွဲများကို ဖန်တီးလိုကြသည့် ဤကမ္ဘာမြေပေါ်မှ လူသားများ ထာဝရ ငြိမ်းချမ်းစေရန်အတွက် တမ္ဘာသားတို့နှင့်ဝေးရာ ဂြိုဟ်သစ်တစ်ခုတွင် ဂြိုဟ်သားတို့၏ အကြီးအကဲအဖြစ် နေရာအသစ်သို့ လိုက်ပါစွန့်စားကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်မိပါလေတော့သည်။

ထို့နောက် အချိန်ပိုင်းအတွင်းမှာပင် ကောင်းကင်ပြင်၌ အလင်းရောင်စုံများ ဖြာထွက်လင်းလက်လာပြီး အလွန်ကြီးမားခန့်ထည်လှသော အာကာသယာဉ်ပျံကြီးတစ်စီးသည် လျှင်မြန်သောအဟုန်ဖြင့် ကမ္ဘာမြေမှ ထွက်ခွာပျံသန်းသွားပါသည်။

သို့ဖြင့် ဂြိုဟ်သားကယ်ဆယ်ရေး စခန်းမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါ၏။ နေ့လယ်နေ့ခင်းတွင် ပူပြင်းသော လေပွေရိုင်းက မကြာခဏ ဝေ့ဝဲတိုက်ခတ်လျက်၊ ဖုန်မှုန့်တွေကလည်း တထောင်းထောင်း ထလျက်ပါပဲ။

မကြာမီ ဤစွန့်ပစ်အမှိုက်ပုံကြီးတွင် စွန့်ပစ်ပစ္စည်းအဟောင်းများကို ထိုးဆွကောက်ယူကြမည့် လေလွင့်ကလေးငယ်များဖြင့် ရှုပ်ဝေစီစွာ စည်ကားအသက်ဝင်လာပေဦးတော့မည်။

ရှေးအခါက အာကာသယာဉ်ကြီးနှင့်အတူ ဂြိုဟ်သားများ ကမ္ဘာမြေပေါ်သို့ ခြေချခဲ့သည့် အဖြစ်အပျက်မှာကား နှစ်ကာလကြာရှည်လာသောအခါတွင် လူမသိ သူမသိ ပုံပြင်တစ်ပုဒ်အဖြစ် မှုန်ဝါးသော ပုံရိပ်တစ်ခုသာ ဖြစ်ခဲ့ရလေ၏။

ယခုတော့ ...။

⇒ မျိုးမြင့် (အောင်လံ)




www.burmeseclassic.com

www.burmeseclassic.com

ငွေကြေး
ချမ်းသာသည့်
တစ်ဦးတည်းသမီး
ပြန်ပေးဆွဲခံရရာမှ
ငွေကြေးဖြင့်
ပြန်လည်ရွေးယူသော
အခါ

**အောင်သည်** အခန်းနံပါတ် (    ) ၏ တံခါးပေါင်ရှိ လျှပ်စစ်လူခေါ်ခေါင်းလောင်းခလုတ်ကို အသာအယာ နှိပ်လိုက်သည်။ အခန်းတွင်း၌ မြည်သွားသောအသံကို ကြားလိုက်ရသည်။

အောင်၏ဆွဲမအောရုံတွင်အန္တရာယ်သင်္ကေတအနီရောင်တစ်ခု ဖြစ်ပေါ်လာသည်။ ထို့ကြောင့်အောင်က ချက်ချင်းပင် အခန်းတံခါးဘေးဘက်သို့လျှပ်တစ်ပြက် နေရာရွှေ့လိုက်သည်။ အခန်းတွင်းမှ တုန့်ပြန်မှုက ပြင်းထန်သည်။

"ဒိုင်း - ဒိုင်း - ဒိုင်း"

သေနတ်ပစ်သံ သုံးချက်တိတိ။

ထွက်လာသောကျည်ထိပ်ဖူးခဲတောင့်ပုလေးများသည် ရှေ့ဆင့်နောက်ဆင့် ကျွန်းတံခါးကို အပေါက်သုံးဖောက်ဖောက်၍အောင်ဘေးမှ သေမင်းတေးသံကို ဟစ်ကြွေးလျက် ဖြတ်သန်းသွားကြသည်။

အတယ်၍သာ အောင့်အနေနှင့် လျှပ်တစ်ပြက် နေရာမရွှေ့လိုက်ပါက သူ၏ခန္ဓာကိုယ်တွင် အပေါက်ကလေးသုံးခုဖြစ်ပေါ်သွားနိုင်စရာ အကြောင်းရှိသည်။ သို့ရာတွင် အောင်သည် သေကံမရောက်သဖြင့် အသက်မပျောက်နိုင်သေးချေ။

နောက်ထပ် သေနတ်သံ ဆက်လက်ထွက်ပေါ်မလာဘဲ အခန်းတွင်း၌ ရောထွေးနေကန်လှုပ်ရှားသံများကို ကြားနေရပါသည်။ ထို့ကြောင့် ရရှိသော အခွင့်အလမ်းကို အတ်လွှတ်မခံနိုင်သော အောင်သည် ရှေ့တစ်လှမ်းတိုးကာ တံခါးရွက်ကို ရှူးဖိနပ်ဖြင့် အားရပါးရ ဆောင့်ကန်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် သူ့ရှာကင်အိတ်အတွင်းမှ ကိုးမိလီမီတာ ပစ္စတိုကို ခွဲထုတ်မောင်းတင် ထိုးချိန်လိုက်သည်။

ပွင့်သွားသော အခန်း၏ တံခါးရွက်နှင့်အတူ အခန်းတွင်းသို့ အောင် ရောက်ရှိသွားသည်။



သူတို့က ကောင်းသားပဲ
ငွေရရင် သမီးကို အရှင်လတ်လတ်
ပြန်ပေးမယ်လို့ တိုင်ပင်နေကြတာ
သမီးကြားတယ်။
အရမ်းကြောက်လာပြီ ပါးပါးရယ်။
ဒီ ဖြစ်စလောက်ငွေလေးအတွက်နဲ့
ရက်ရက်စက်စက်လုပ်ကြမှာကို
ပါးပါး မျက်နှာလွှဲနေသလားဟင်
သမီးအသက်က သိန်းငါးရာလောက်မှ
မတန်ဘူးလား ပါးပါးရယ်။ မေမေသာရှိရင်
အဲလိုမျိုး နှမြောနေမှာ မဟုတ်ဘူး




www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်အားဖြင့် အောင့်မြင်ကွင်းက ရှုပ်ထွေးနေသည်၊ သေနတ်ပြောင်းကို ထိုးချိန်ထားသော အောင့်အတွက် ပစ်ကွင်းမရှင်းပါချေ။ မိန်းမပျိုတစ်ယောက်ကို ယောကျ်ားတစ်ယောက်က အတင်းအဓမ္မသိမ်းကျုံးဖက်၍ ချုပ်နှောင်ရန် ကြိုးစားနေသည်၊ မိန်းမပျိုလက်ထဲတွင် မိန်းမကိုင်သေနတ်တစ်လက် ဆုပ်ကိုင်ထားသည်၊ မိန်းမပျိုက ထိုသူ၏ လက်တွင်းမှ အားသွန်ခွန်စိုက် ရုန်းထွက်လျက်...

“လွှတ် - လွှတ် - လွှတ်စမ်း၊ နင်ပါ သေသွားချင်သလား”

ဟု အသံကိုထိန်းလျက် ကြိမ်းမောင်းနေသည်၊

ထိုအခိုက်အတန့်တွင် မိန်းမပျို၏ လက်တွင်းမှ သေနတ်သည် အခန်းကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်၊ သူတို့နှစ်ယောက်စလုံး၏ အာရုံမှာ သေနတ်ကျရာသို့ ပြောင်းလဲသွားသည်။

ကျနေသောသေနတ်ကို ကောက်ယူရန် ကြိုးစားကြသည်၊

အောင်က သူတို့ထက် ဦးစွာထိုသေနတ်ကို ရှူးဖိနပ်ဦးဖြင့် ကန်၍ဖယ်ရှားလိုက်သည်၊ သေနတ်သည် အခန်းနံရံတစ်ဖက်ထောင့်သို့ ရောက်ရှိသွားသည်၊

“နှစ်ယောက်စလုံး ရပ်လိုက်ကြစမ်း၊ ပြောမရရင် ဟောဒီသေနတ်ပြောင်းထဲက ကျည်ဆန်ထိပ်ဖူးလေးတွေ ခုန်ထွက်လာကြလိမ့်မယ်”

အောင်ကရင်ခေါင်းတွင်းမှထွက်ပေါ်လာသောအာသံဖြင့်အမိန့်ပေးလိုက်သည်။ မိန်းမပျိုရော ယောကျ်ားတစ်ယောက်ပါ သူတို့၏ မကျေနပ်သော အကြည့်များက အောင့်ထံသို့ စူးစူးစိုက်စိုက် ဖြစ်သွားကြသည်။ မည်သို့ပင်ဖြစ်စေ လောလောဆယ် အချိန်တွင် သူတို့နှစ်ယောက်စလုံး ငြိမ်သက်စွာ ရပ်တန့်နေကြသည်၊

အောင်က မိန်းမပျိုကို စူးစူးရဲရဲ ကြည့်လိုက်သည်၊

မိန်းမပျိုသည်ပြန်ပေးဆွဲခံထားရသည်ဆိုသော ဖမ္မရွှန်းလဲ့နှင့်တူသည်၊ အောင့်ထံတွင် ရှိနေသော ဓာတ်ပုံလေးထဲကထက် ပို၍ အမိုက်စားအသွင်သဏ္ဍာန်မျိုး ဓာတ်ပုံထဲတွင် အပြုံးရိပ်လျှမ်းနေပြီး မျက်မှောက်တွင် အမုန်းရိပ်သန်းနေသည်။

ထိုအခါ လွန်ခဲ့သော ရက်သတ္တပတ်က အစပျိုးသောဖြစ်ရပ်သည် အောင်၏ အမြင်အာရုံထဲတွင် အစဉ်လိုက် ပြန်ပေါ်လာလေသည်၊

☆☆☆



အောင် ရောက်ရှိနေသော အဆောက်အအုံမှာ ဤမြို့တော်ရှိ အထပ်လေးဆယ် ပါ အပေါ်ဆုံးထပ်ဖြစ်ပြီး အသားနားဆုံး၊ အခမ်းနားဆုံး၊ အဖိုးအထိုက်တန်ဆုံး ဖရိ ဘာဝများဖြင့် ဖြည့်စွက်ပေါင်းစပ် မွမ်းမံပြင်ဆင်ထားသော ရုံးခန်းကြီးတစ်ခု ဖြစ်သည်။ အခန်းပတ်ပတ်လည်နံရံများကို ရှစ်မီလီမီတာထုရှိသောကြည်ပြာမှန်ချပ်ကြီး များဖြင့် ကာရံထားသည်၊ ထို့ကြောင့် ပြင်ပထက်ရုပ်ကောင်းကင်မှ ထွန်းပနေသော အလင်းရောင်ကို (မူလအလင်းထက်) ၂၅ နှုန်းမျှ လျှော့ပါးထားသဖြင့် ရုံးခန်းထဲတွင် အသင့်သမျှသော အလင်းရောင်ဖျော့ဖျော့သာလျှင် လွှမ်းခြုံထားသည်။ ပတ်လည် တပ်ဆင်ထားသော လေအေးပေးစက်များမှ ထွက်ပေါ်နေသော အအေးဓာတ်သည် လူ၏ခန္ဓာကိုယ်အတွက် သင့်လျော်သော အနေအထားထက် ပိုလျှံမသွားစေရန် အအေးထိန်းစနစ် တပ်ဆင်ထားသည်၊

ထိုရုံးခန်းထဲတွင် မဟူရာရောင် ဖိုင်ဘာမှန်ချပ် ထုထုထဲထဲနှင့် မြင်းစွာသဏ္ဍာန် ခြေကြီးနှင့် ဘေးဘက်စက်ဝိုင်းခြမ်း၌ အရောင်တင်ထားသော ကျွန်းအထပ်သား ကုလားထိုင်လေးများကို စီစီရီရီ နေရာချထားသည်။

အောင် အပါအဝင် အစိုးရရဲစုံထောက်အရာရှိသုံးယောက်သည် စားပွဲထိပ် နတ်ပန်းလက်ရာပုံဖော်ထားသော ကုလားထိုင်ကြီးပေါ်တွင် နိုင်ငံတကာ စီးပွားရေး လောကတွင် တွင်ကျယ်စပြုနေပြီဖြစ်သောဦးဇမ္ဗူဒီပ တစ်ဦးတည်းခန့်ညားစွာ ခန့်လျက်ထိုင်နေသည်၊

သူ၏အသက်မှာ ၆၅နှစ်ဖြစ်သောကြောင့် (အကယ်၍အစိုးရခန့်ထားသောအမှုထမ်း အရာထမ်းတစ်ဦးသာ ဖြစ်ခဲ့လျှင်) အငြိမ်းစား ပင်စင်နာတစ်ယောက် ဖြစ်နေလောက်ပြီ၊ သို့ရာတွင် သူသည် ကိုယ်ပိုင်လုပ်ငန်းကြီးတစ်ခု တည်ထောင်လျက် အောက်ဖြစ်ထွန်းနေသော စီးပွားရေးလုပ်ငန်းကို ခါးစောင်းတင်ထားသူ ဖြစ်သောကြောင့် သူ့ကိုယ်သူ အနားပေးမှသာလျှင် သက်သောင့်သက်သာ ငြိမ်းချမ်းစွာ နေနိုင်သူ ဖြစ်သည်၊

ယခု ပစ္စက္ခကာလတွင် သူ၏ မျက်နှာပေါ်တွင် ပေါ်လွင်နေသော အရိပ်အရောင်များကိုကြည့်၍ အကဲဖြတ်ရလျှင် မငြိမ်းချမ်းရုံမျှမက စိတ်ကယောက်ကယက်ဖြစ်နေသည်၊ ကိုယ်လုံးနှင့် အရပ်တုတ်ခိုင်မြင့်မား၍ ပြည့်ဖောင်းသော မျက်နှာကြီးက သာသာ သောကမီးတောက်လောင်နေကြောင်း ဖော်ပြလျက်ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင်တို့အတွက်ရော ကျုပ်အတွက်ပါ တိုတိုနဲ့လိုရင်ပဲ ပြောရရင် ကျု… တစ်ဦးတည်းသောသမီးပြန်ပေးဆွဲခံရတယ်၊ မောင်ရင်တို့ဌာနရဲ့အကြီးအကဲနဲ့ က… ဆွေးနွေးပြီးပြီ၊ မောင်ရင်တို့ သုံးယောက်ဟာ လုပ်ငန်းအကျွမ်းကျင်ဆုံးဖြစ်ကြောင်… ဒါကြောင့် လိုအပ်တဲ့ဆောင်ရွက်မှုတွေကို ညှိနှိုင်းဆောင်ရွက်သင့်တယ်လို့ အကြံ… ထားတယ်၊ ကျုပ် ဖြစ်စေချင်တာက ကျုပ်သမီး ဖမ္မုရွှန်းလဲ့ကို အမြန်ဆုံး အန္တရာ… ကင်းစွာနဲ့ တွေ့အောင်ရှာပါ၊ ဖြစ်နိုင်ရင် ဘယ်သူ့လက်ချက်လဲ ဆိုတာကိုတော့ မော… ရင်တို့ လုပ်ရိုးလုပ်စဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပါ၊ ကျုပ်သမီးလေး ကျန်း… ရွှင်လန်းစွာနဲ့ကျုပ်မျက်မှောက်ကိုပြန်ရောက်ဖို့အတွက်ဆိုရင်ငွေကြေးဘယ်လော… ပဲ တုန်ကျစေကာမူ ကျုပ် အသုံးပြုနိုင်ပါတယ်၊ ကျုပ်ပြောချင်တာ၊ ဒါပါပဲ၊ မောင်ရင်… သိချင်တာရှိရင် မေးကြပါ"

စကားဆုံးသောအခါ ဦးဖမ္မုဒီပါက သက်ပြင်းမောတစ်ချက် မှုတ်ထုတ်လိုက်… သည်၊ ကျန်ရဲစုံထောက်နှစ်ဦးက အောင်၏ မျက်နှာကို ပြိုင်တူလှမ်းကြည့်လိုက် မေး… ပြသည်၊ အောင်လိုအပ်သလို မေးခွန်းထုတ်စေချင်သောသဘောမျိုး ဖြစ်သည်၊

ဝင်စစ်အားဖြင့် သူတို့သုံးယောက်စလုံးတွင် အောင်က ဦးဆောင်သူဖြစ်သည်…

"ကျွန်တော်တို့အနေနဲ့ ဒါထက်ပိုပြီးပြည့်ပြည့်စုံစုံ သိပါရစေ၊ ဒါမှသာ လူကြ… မင်းရဲ့ သမီးရှာဖွေရာမှာ အထောက်အကူ ဖြစ်နိုင်မယ့်အချက်အလက်တွေ ပေါ်လ… မှာ ဖြစ်ပါတယ်"

အောင်က ပြေပြေပြစ်ပြစ်နှင့် (မေးခွန်းထုတ်ခြင်းထက်) ပိုမို၍ ပြည့်စုံသော… ဖြစ်စဉ်ကို ပြန်လည်ဖော်ထုတ်သော သဘောမျိုးဖြစ်သည်၊

ဦးဖမ္မုဒီပါသည် နှစ်မိနစ်ခန့် ခေတ္တစဉ်းစား၍ သူ့ဦးနှောက်ထဲတွင် အဆီအစ… တည့်စေရန် စီစဉ်သည်၊ ထို့နောက် ဆက်တိုက်ပြောပြလိုက်လေသည်၊

"သမီး ရွှန်းလဲ့ဟာ မနေ့က ညနေခြောက်နာရီလောက်က လမ်းလျှောက်ထွ… သွားတယ်၊ ခါတိုင်းလည်း အဲ့ဒီအတိုင်းပဲ၊ ညစာစားပြီးတာနဲ့ အနီးပတ်ဝန်းကျင်… လမ်းလျှောက်သွားနေကျပါ၊ ခုနစ်နာရီ ခုနစ်နာရီခွဲ အချိန်လောက်ဆို သမီးအိမ်… ပြန်ရောက်လာတာပါပဲ၊ ဒါပေမဲ့ အဲ့ဒီညနေကတော့ သမီး ပြန်မရောက်တော့ဘူ… ရှစ်နာရီထိုးလို့မှ မရောက်တော့ စိတ်ပူလာတယ်"

ဦးဖမ္မုဒီပါ၏ မျက်ဝန်းထဲတွင် မျက်ရည်များ ပြည့်လျှမ်းလာသည်၊ "ကျုပ် … အရှိန်အဝါနဲ့ဆိုရင်ထိတ်ထိတ်ကြဲအမျိုးသမီးတစ်ယောက်နဲ့ နောက်ထပ် အိမ်ထော…

…ာ…င်တာပဲ၊ ဒါပေမဲ့ သမီးလေး စိတ်ဆင်းရဲမှာစိုးလို့ သမီးကို အဖော်ပြုပြီး နှစ်ခေါင်း… …ွာနေလာခဲ့တယ်၊ သမီးမှာ (တကယ်လို့များ) ထိုက်ထိုက်တန်တန် အိမ်ထောင် …် ရှိခဲ့ရင်လည်း ကျုပ် ကန့်ကွက်စရာ အကြောင်းမရှိပါဘူး၊ ဒါကိုလည်း သမီးတို… …ီအလင်း ဖွင့်ပြောထားပြီးသားဖြစ်တဲ့အတွက် အခုလို ထွက်သွားတာဟာ ချစ်သူ… …ပြီး ထွက်သွားတာမျိုး မဖြစ်နိုင်ဘူး ထင်ရတယ်၊ သမီးရဲ့အသက်ဟာ (၁၉) နှစ် …ခွဲ ရှိသေးတယ်၊ သမီးမှာချစ်သူရှိတယ်လို့ တစ်ခါမှ မကြားဖူးဘူး"

သူက ခေတ္တနားပြီးမှ ဆက်ပြောသည်၊

ဒီနေ့မနက်ကျမှ ပြန်ပေးသမားတွေဆီက စာတစ်စောင်နဲ့ သမီး အင်မတန် …သတ်တဲ့ (ဝတ်နေကျ) စိန်လက်စွပ်တစ်ကွင်းလည်း သက်သေအဖြစ် ထည့်ပေး …်သေးတယ်၊ ပြန်ပေးသမားတွေ တောင်းတဲ့ငွေက သိပ်မများပါဘူး၊ သိန်းငါးရာ …ည်းပါ၊ ဒါပေမဲ့ တကယ်လို့ ငွေကိုထပ်ကာတလဲလဲ တောင်းလို့ အကြိမ်ကြိမ် အဖန် …ပေးပေမယ့် သစ္စာမရှိတဲ့ ပြန်ပေးသမားတွေ လက်ထဲမှာ သမီးရောက်နေခဲ့ရင် …သတ်အန္တရာယ်ပါ စိုးရိမ်ရတယ်၊ ဒါကြောင့် ကျုပ်ရဲ့ မိတ်ဆွေကြီးဖြစ်တဲ့ မောင်ရင် …ရဲတပ်ဖွဲ့အကြီးအကဲနဲ့ တိုင်ပင်ခဲ့တယ်၊ သူက အကြံပေးလို့ မောင်ရင်တို့ဆီကို …တ်သွယ်ပြီး အကူအညီတောင်းရတာ"

သူ့စကားကို ရပ်နားလိုက်သည်၊

ထိုအချိန်မှစ၍ အောင်တို့ ရဲစုံထောက်သုံးဦးအဖို့ ဖမ္မုရွှန်းလဲ့ကိစ္စသည် (အထူး …ခြင့်) အောင်၏ပခုံးပေါ်သို့ ကျရောက်သွားလေတော့သည်၊

အောင်သည် ဦးဖမ္မုဒီပါ၏ ရုံးခန်းမှ ထွက်လာပြီးနောက် ကျန်နှစ်ဦးကို တာဝန် …ပေးခဲ့သည်၊ အောင် ကိုယ်တိုင်က ဦးဖမ္မုဒီပါ နေထိုင်ရာ ဆိတ်ငြိမ်ရပ်ကွက်ရှိ …တော်ကြီးတမျှ ကြီးကျယ်ထည်ဝါသော စံအိမ်ကြီးသို့ ရောက်ရှိခဲ့ရသည်၊ စံအိမ် …ရှိ ဦးဖမ္မုဒီပါ၏ ဝန်ထမ်းများကို မေးမြန်းစုံစမ်းရာတွင် ဖမ္မုရွှန်းလဲ့တွင် ချစ်သူ …ားမရှိသော်လည်း အသုံးအစွဲမဆင်ခြင်ကြောင်း၊ တစ်ခါတစ်ရံဖခင်က ငွေကြေး …သည်မှာ သစ်ပင်က အလွယ်တကူ ခူးဆွတ်ရရှိနိုင်သော အရာဝတ္ထုမဟုတ် …ကြောင်း၊ ထို့ကြောင့် စည်းကမ်းနှင့် စနစ်တကျ သုံးစွဲသင့်ကြောင်း အကျိုးသင့် …ကြောင်းသင့် ပြောဆိုဆုံးမသော အခါမျိုးတွင် အဖေနှင့်သမီး ရက်သတ္တပတ် …ည်းငယ်မျှ စကားမပြောကြဘဲ နေခဲ့ဖူးကြောင်း၊ သို့ရာတွင် မှတ်အနည်းငယ်

www.burmeseclassic.com

လွန်မြောက်သောအခါ ဖခင်ဖြစ်သူ ဖမ္မုဒီပါကပင် အလျှော့ပေး၍ပြန်လည်ချော့မော့ လျက် အဖိုးထိုက်အဖိုးတန် လက်ဆောင်ပစ္စည်းအဖြစ် ဝယ်ပေးခဲ့ရကြောင်း စသည် ဖြင့် သိရသည်။

အောင်က ဖမ္မုရွှန်းလဲ့၏ အိပ်ခန်းတွင်းသို့ စံအိမ်ကြီးကြပ်ကွပ်ကဲသူ ဦးဖိုးမော နှင့်အတူ ဝင်ရောက်ရှာဖွေရာ ထူးထူးခြားခြား အမှုအထောက်အကူပြု ပစ္စည်းဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရှိပါချေ။ သူ၏ စားပွဲတင်ဓာတ်ပုံတစ်ပုံကို ခေတ္တကြည့်ရှုမှုထ သားရန် တောင်းယူခဲ့သည်။

ဖမ္မုရွှန်းလဲ့သည် မျက်ခုံးနက်နက်၊ မျက်လုံးလက်လက်၊ စွဲမက်စရာအသွင် သဏ္ဌာန်ရှိပြီး စကားသွက်သွက် ချက်ချက်ချာချာပြောနိုင်သူ ဟူ၍ ယူဆရသော နှုတ်ခမ်းပါးလေးနှင့် ဖြစ်သည်။

အောင်နှင့်အတူ တွဲဘက်တာဝန်ကျသူနှစ်ယောက်သည် ပြန်ပေးသမားထံမှ စာကို သဲလွန်စရှာကြည့်ကြသည်။ ထိုစာသည် ဦးဖမ္မုဒီပါနေထိုင်ရာ မြို့ပြစာတိုက် မှပင် ပို့လိုက်ခြင်းဖြစ်ကြောင်း၊ စာတိုက်တံဆိပ်အရ သိရသည်။ စာပို့သောရက်စွဲမှာ ဖမ္မုရွှန်းလဲ့ လမ်းလျှောက်ထွက်သွားသောနေ့၊ အောက်တိုဘာ (၂၀) ရက်ဖြစ်သည်။ စာပို့ချိန်မှာလည်း ညနေခြောက်နာရီဖြစ်ကြောင်း စာအိတ်ပေါ်တွင် ထူးထူးခြားခြား လက်ဇွေရာ မတွေ့ရပါချေ။

ထိုနေ့ညနေတွင် အောင်သည် သူတို့စုံစမ်းတွေ့ရှိချက်များကို ဦးဖမ္မုဒီပါထံသို့ တင်ပြရန်နှင့် ဦးဖမ္မုဒီပါဘက်မှ မည်သို့သော ထူးခြားချက်များ ရရှိခြင်း ရှိမရှိဆွေးနွေး သုံးသပ်ရန် စံအိမ်ကြီးသို့ တစ်ဦးတည်းရောက်ရှိသွားသည်။

ဦးဖမ္မုဒီပါသည် အောင်ကို ဖော်ရွေစွာ ဆက်ဆံသည်။ နှစ်ယောက်သား ပြေပြေလည်လည် ဆွေးနွေးကြသည်။ အောင်အတွက် ညစာကို စံအိမ်ကြီးမှာပင် ကျွေးမွေးသည့် ထိုညတွင် အောင် အိပ်စက်နိုင်ရန် အခန်းလွတ်တစ်ခန်းကို စီစဉ်ထား ရှိသည်။ အောင်က ထိုညတွင် ပြန်ပေးသမားတို့က ဦးဖမ္မုဒီပါထံသို့ ဖုန်းဆက်ပြော ဆိုခဲ့ပါက တစ်ပြိုင်တည်း ကြားသိနိုင်ရန် (အင်တာနယ် အိပ်စတင်းရှင်းအဖြစ်) အိမ် တွင်း ယာယီလိုင်းခွဲတစ်ခု ဖန်တီးထားလိုက်သည်။ ကြိုတင်ပြင်ဆင်ခြင်းတစ်ရပ်ကို အောင်၏ ကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ထားခြင်း ဖြစ်သည်။

☆ ☆ ☆

“တိုင်း၍ယက်သည့် ပဂ္ဂုလာ၊ မိုးရွာသည်နှင့် အဆင်သင့်” ဟူသော ဆိုရိုးစကား အတိုင်း ဦးဖမ္မုဒီပါထံသို့ ည ရှစ်နာရီငါးမိနစ်အချိန်တွင် ဖုန်းဝင်လာသည်ကို အောင် သည်လည်း တစ်ပြိုင်တည်း နားထောင်လိုက်ရသည်။ ပထမကြားရသောအသံမှာ ဖမ္မုရွှန်းလဲ့အသံ ဖြစ်နေသည်ဟူ၍ ထင်မြင်ယူဆရသည်။

“ပါးပါးက သမီးမရှိတော့ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ပျော်နေမှာ ပေါ့နော်၊ သူတို့က တောင်းထားတဲ့ငွေမရရင် သမီးကို အရှင်လတ်လတ် မြေမြှုပ်ပစ် မယ်လို့ တိုင်ပင်နေကြတာ၊ သမီးကြားတယ်။ အရမ်းကြောက်လာပြီပါးပါးရယ်။ ဒီဖြစ်စလောက်ငွေလေးအတွက်နဲ့ ရက်ရက်စက်စက်လုပ်ကြမှာကို ပါးပါးမျက်နှာလွှဲ နေသလားဟင်၊ သမီးအသက်က သိန်းငါးရာတောင်မှ မတန်ဘူးလား ပါပါးရယ်။ အားမာသာရှိရင် အဲလိုမျိုး နပြောနေမှာ မဟုတ်ဘူး”

တစ်ဖက်မှ ဆက်တိုက်ပြောနေသည်။

ဦးဖမ္မုဒီပါက တစ်ခွန်းတစ်ပါဒမှ ပြန်မဖြေ၊ သူ့ရင်ထဲတွင် ယူကျုံးမရ အမှုလုံး ထွေးလျက် သောကမီးတောက်လောင်၍ အသံမထွက်နိုင် ဖြစ်နေဟန်တူသည်။

“ကြားတယ် မဟုတ်ဘူး အဘိုးကြီး၊ ဒီညတွင်းချင်း ဆာလာအိတ်နဲ့ ငွေတွေ ထည့်ပြီး မိနစ်သုံးဆယ်အကြာမှာ ထွက်လာခဲ့၊ ခင်ဗျားခြံထဲက ထွက်ပြီးရင် ရေကန် ဘက်ကို လျှောက်လာခဲ့။ ညောင်ကြတ်ပင်ကြီးတစ်ပင်အနားမှာ မျက်နှာကို ပါဝါနက် စည်းထားတဲ့မိန်းမကြီးတစ်ယောက် တွေ့လိမ့်မယ်။ ခင်ဗျား ငွေအိတ်ကို ချထားပြီး နောက်ချင်းပြန်တော့၊ လုံးဝလှည့်မကြည့်နဲ့၊ ကိုယ့်စံအိမ်ကို ရောက်အောင်ပြန်သွားပါ။ နောက်ထပ်တစ်နာရီ၊ နှစ်နာရီလောက်ကြာရင် ခင်ဗျားသမီး ဘေးမသီ ရန်မခဘဲ အိမ်ပြန်ရောက်လာလိမ့်မယ်၊ အခုပြောတာ ရှင်းတယ်မဟုတ်လား အဘိုးကြီး”

ဆူပူငေါက်ငမ်း ကြိမ်းမောင်းသော အနိုင်ရသူ၏ တင်းမာသောစကားလုံး များသာ ဖြစ်သည်။

“ဟုတ် - ရှင်းတယ်”

အားမတန်၍မာန်လျှော့ရသော ဦးဖမ္မုဒီပါ၏မာကြောသောအသံ၊ သူ့ဘဝ သက် တမ်းတစ်လျှောက်၊ မည်သူ၏ အကြောကိုမှ မခံ။ သူကသာ အထက်စီးနင်း ပြောဆို ဆက်ဆံခဲ့သူဖြစ်သည်။ ဤတစ်ကြိမ်၌ သူတစ်ပါး၏ ဆူပူကြိမ်းမောင်းခြင်းကို ခံလိုက် ရလေပြီ။





www.burmeseclassic.com

www.burmeseclassic.com

ဦးဇမ္ဗူဒီပါက အောင့်ကို အားကိုးတကြီးဖြင့် လှမ်းကြည့်သည်၊ အောင်က ခေါင်းညိတ်ပြလိုက်ပြီးနောက် ...

"သူတို့ပြောတဲ့အတိုင်း လုပ်ဖို့ကလွဲလို့ တခြားနည်းလမ်း မရှိတော့ဘူး၊ ဒါပေမဲ့ ဒီနေ့ညဖြစ်စေ၊ နောက်တစ်နေ့မနက်ဖြစ်စေ၊အဲဒီသတ္တဝါမလွတ်စေရဘူး၊ ကျွန်တော် တို့လက်ထဲကို ရောက်ရစေ့မယ်၊ ကဲ – အခုချိန်ကစပြီး လှုပ်ရှားပေတော့၊ နောက်ထပ် နာရီဝက်ကြာမှ ခြံထဲက ထွက်ရမှာနော်၊ အမှားအယွင်း မရှိစေနဲ့၊ ကျွန်တော့်ဘက်က တာဝန်ကျေစေ့ရမယ်၊

အောင်က ပြတ်သားစွာ ပြောလိုက်သည်၊

သူသည် ဦးဇမ္ဗူဒီပါထက် မိနစ်သုံးဆယ်စော၍ ရေကန်အနီးရှိ ညောင်ပင်ကြီး အောက်သို့ လျှို့ဝှက်စွာ မှောင်ရိပ်ခို၍ရောက်နေနှင့်ရမည်၊ သူ့အနေနှင့် အနက်ရောင် ဘောင်းဘီရှည်၊ သာရေးဂျာကင်အနက်၊ မီးခိုးရောင်ကင်းဘတ်စ်ရှူးတို့ကို ဝတ်ဆင် ထားသည်၊ ကျွမ်းကျင်ပါးနပ်သော လူတစ်ယောက်၏ လှုပ်ရှားမှုဖြင့် မှောင်ထဲမှ အရိပ်ဝမာ ဝေ့ဝဲစွာ ရွေ့လျားခဲ့လေသည်၊

ဦးဇမ္ဗူဒီပါသည် ဆာလာအိတ်တစ်အိတ်ကို ဆွဲကာ သူ့ခြံဝင်းထဲမှ နှေးကွေးလေး တန်စွာ ထွက်ခဲ့သည်၊ ခြေလှမ်းမှန်မှန်ဖြင့် ရေကန်ဘက်သို့ ဦးတည်လျှောက်သွား သည်၊ ရေကန်အနီးမှ မျက်နှာတွင် ပဝါအနက်စီးလျက် ထွက်လာသော အမျိုးသမီး ကြီးတစ်ယောက်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ငွေစက္ကူများထည့်ထားသော ဆာလာအိတ်ကို မြေပြင်သို့ ကပျာကယာ ချသည်၊ ပြီးလျှင် လာလမ်းအတိုင်း နောက် ကြောင်းပြန်လည်သွားသည်၊

မျက်နှာတွင် ပဝါနက်စီးထားသော မိန်းမကြီးသည် ဦးဇမ္ဗူဒီပါချထားခဲ့သော ငွေအိတ်ကို အမြေးအလျှင်ကောက်ယူကာ နောက်သို့တစ်ချက်မျှပင် မကြည့်တော့ ဲဝဲရေကန်ဘေးမှလမ်းမြွှာအတိုင်း သုတ်သီးသုတ်ပျာ လျှောက်သွားသည်၊ ငွေအတွက် လောဘဇော တိုက်နေချိန်ဖြစ်သောကြောင့် အမြန်ဆုံးသွားရမည့် နေရာသို့ရောက် ရန် စိတ်သန်နေသည်၊

အောင်သည် အမှောင်ထဲမှ အရိပ်မည်းတစ်ခုဖြစ်သည်၊ ခြေကိုဖော့နင်းလျက် သူ၏ သားကောင်နောက်မှ မျက်ခြည်မပြတ် လိုက်လာသော မုဆိုးတစ်ယောက်ပမာ တည်း၊

☆☆☆

အခန်းနံပါတ် (၁၃) အပြင်ခန်းတွင် ငြိမ်သက်စွာရပ်နေကြသော ယောကျ်ား တစ်ယောက်နှင့် ဇမ္ဗူရွှန်းလဲ့ကို အောင့်လက်တွင်းရှိ သေနတ်ပြောင်းဝက စိုက်ကြည့် နေသည်၊ အတွင်းခန်းထဲ၌ အမျိုးသမီးအဝတ်အစားနှင့် ဆံပင်တု၊ ခုတင်ပေါ်ရှိ ငွေ စက္ကူများထည့်ထားသော ဆာလာအိတ်၊

"ဒါဆိုရင် စောစောက မိန်းမကြီးလို ဝတ်စားဆင်ယင်ပြီး ငွေအိတ်ယူသွားတာ မင်းပေါ့၊ မင်းတို့ ပြန်ပေးအဖွဲ့ထဲမှာ တခြားလွတ်မြောက်နေသူ ရှိသေးသလား"

အောင်က မေးခွန်းထုတ်သည်၊

ထိုသူက ဇမ္ဗူရွှန်းလဲ့ဘက်သို့ အကူအညီတောင်းသည့်အမူအရာဖြင့် လှမ်းကြည့် လိုက်သည်၊

"မင်းနောက်က ခြေရာခံလိုက်လာတဲ့ ငါ့ကို ကျည်ဆန်နဲ့ ကြိုဆိုတာမင်းလား"

ထိုသူက ခေါင်းခါပြသည်၊

"ဒါဆိုရင် ငါ သဘောပေါက်ပြီ၊ မိန်းကလေး၊ မင်းရဲ့ပါးပါးကြီးဆီကို မင်းဘာသာ ဖုန်းဆက်ခေါ်ပြီး ရှင်းပြလိုက်၊ နောက်ပြီး နိုင်ငံတော်ရဲ့ရဲတပ်ဖွဲ့ကို လှည့်စားခဲ့တဲ့ မင်းအပြစ်ကို မင်းခံလိုက်ပေဦးတော့"

အောင်က ပြတ်သားတင်းမာစွာ ပြောလိုက်သည်၊ စင်စစ်အားဖြင့် ဇမ္ဗူရွှန်းလဲ့ သည် ဤကြေးစားအလုပ်သမားတစ်ယောက်ကိုအသုံးပြုလျက် သူ့ကိုယ် သူပြန်ပေး ဆွဲခံထားရသူတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့သည်၊ သရုပ်ဆောင်စရာရှိသော သိန်းငါးဆယ် ထဲမှ ထိုအလုပ်သမားကို နှုတ်ပိတ်ခ တစ်သိန်းနှစ်သိန်းမျှ ခွဲဝေကြဲလိုက်ရန် ရည်ရွယ် ထားပေလိမ့်မည်၊ သို့ရာတွင် ယခု ရဲစုံထောက်အောင်က ဖော်ထုတ်နိုင်ခဲ့လေပြီ၊ သူ့ တာဝန် သူ ဆောင်ရွက်ရမည် ဖြစ်သည်၊ ဦးနှောက်စားရမည်မှာ ဦးဇမ္ဗူဒီပါ ဖြစ်လေ သတည်း၊


⇒ ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com

# အာရိုးစု သက်သေ



ပန်းချီအောင်နိုင်လင်း

"ဘဝချင်းမတူသည့် ချစ်သူနှစ်ဦး၏ ကွာခြားလှသည့် အခြေအနေကြောင့် မိန်းကလေးရှင်ဘက်မှ စတင်၍ ကျူးလွန်ခဲ့ရာမှ ဖြစ်ပေါ်လာသည့် သက်သေပြဇာတ်လမ်း"

**ငွေအညီးဆော**ဟိုတယ်လုပ်ငန်းစုသည် လအတော်ကြာ ကြိုးစားခဲ့ရသော နှစ်ဆယ်တိုက်ခံ အိမ်ယောင်းတစ်လုံး ပါဝင်သည့် မြေကွက်ကို နောက်ဆုံးမှာတော့ ဝယ်ယူနိုင်ခဲ့လေပြီ။ သူတို့သည် ဤနေရာတွင် အပန်းဖြေစခန်းနှင့် ဟိုတယ်အသစ် ဆောက်လုပ်ရန် လွန်ခဲ့သောလများအတွင်း စီစဉ်ခဲ့ပြီး ဝယ်ယူရန် သတ်မှတ်ထားသည့် မြေကွက်အားလုံးကိုလည်း ဝယ်ယူနိုင်ခဲ့ပြီး ဤမြေကွက်တစ်ခုသာ ကျန်နေခဲ့ခြင်းပင်။ ယခုတော့ ဤမြေကွက်ပိုင်ရှင်၏ မျိုးဆက်မိသားစုထံမှ ဝယ်ယူနိုင်ခဲ့ပြီဖြစ်သဖြင့် သူတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများကို ချက်ချင်းပင် စတင်တော့မည်ဖြစ်သည်။

တိုက်အိမ်သည် လူမနေသည်မှာ ကြာပြီဖြစ်သဖြင့် ဟောင်းနွမ်းနေပုံပေါက်သော်လည်း တိုက်၏အုတ်နံရံထုများမှာ ခိုင်ခံ့လှ ရွှေလတ်ရာဖြစ်သောကြောင့် ခိုင်ခံ့လှ

www.burmeseclassic.com

သည်၊ သူတို့သည် စိမ့်ကိန်းဖြစ်သောကြောင့်သာ ဖြိုဖျက်ရခြင်းဖြစ်ပြီး လူနေရန်သာ ဆိုပါက ဆေးအသစ် ပြန်သုတ်ရုံနှင့် ကောင်းကောင်း နေ၍ရပါသည်။ သူတို့သည် တိုက်အဟောင်းကြီးကို ဖြိုဖျက်လိုက်ပြီးနောက်မှ ခြံနောက်ဘက်ရှိ ရေတွင်းဟောင်း တစ်တွင်းကို တွေ့မြင်မိကြခြင်းဖြစ်သည်။ ရေတွင်းပေါ်တွင် သွပ်အဟောင်းများကို ဖုံးထားပြီး လူနေစဉ်ကတည်းကပင် ထိုရေတွင်းကို သုံးစွဲခဲ့ပုံမပေါ်ပါ။ သို့သော် ရေတွင်း သည် တိမ်ကောနေသည်မဟုတ်ဘဲ ရေများစွာထွက်နေဆဲဖြစ်သောကြောင့် ဆောက် လုပ်ရေး ကာလအတွင်း ထိုရေတွင်းမှ ရေသုံးစွဲရန် ဆုံးဖြတ်ကြပြီးနောက် ရေတွင်းကို ဆယ်ခဲ့ကြသည်၊ မမျှော်လင့်ဘဲ ထိုရေတွင်းထဲမှ လူအရိုးစုတစ်ခုကို တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်၊

အရိုးစုတွေ့ရာနေရာသို့ မှုခင်းတပ်ဖွဲ့မှ စိမ်းဝတီ၊ ရဲစွမ်းနိုင်တို့နှင့်အတူ မှုခင်း ဆရာဝန်ဒေါက်တာ ဇလပ်ဖြူသည်ပါလာသည်၊ (ဒေါက်တာဇလပ်ဖြူသည် ခန္ဓာဗေဒ ဆိုင်ရာ ပါရဂူဘွဲ့ ရရှိထားသူ တစ်ဦးဖြစ်သည်၊) ရေတွင်းထဲမှ အရိုးစုသည် မြေပေါ်သို့ ရောက်နေလေပြီ။ အသားအရေအရွတို့ တစ်စမှမရှိတော့သော်လည်း အရိုးတို့ကတော့ တောင့်တင်းခိုင်မာနေလျက် ရှိသေးသည်၊ ဆယ်ယူသူတို့သည် နားလည်မှုရှိစွာဖြင့် ဆယ်ယူထားသောကြောင့် အရိုးစုသည် ပုံပျက်နေပြီဖြစ်သော်လည်း ပြန်ဆက်ကြည့် လိုက်သောအခါ ရုပ်လုံးပေါ်လာသည်။ အတိုအစကလေးကအစ တော်တော်များများ ဆယ်ယူရရှိပြီး ဒေါက်တာက ပြန်ဆက်ပေးထားသည်၊ တာလပတ်စတစ်ခုပေါ်တွင် အရိုးစုကို ပုံစံမပျက် တင်ထားသည်။ သေသူ၏ အရပ်သည် (၆)ပေနီးပါးမျှ ရှိသည်၊

စိမ်းဝတီသည် ခန္ဓာဗေဒ ကျွမ်းကျင်သူတစ်ဦး မဟုတ်သော်လည်း အလောင်း ပေါင်းများစွာကို မြင်ဖူးခဲ့သူအနေနှင့် ဤအရိုးစုသည် ယောကျ်ားတစ်ယောက်၏ အရိုးစုဟုထင်သည်။ စိမ်းဝတီထင်သည့်အတိုင်းပင် ဒေါက်တာဇလပ်ဖြူကလည်း လူရွယ်အမျိုးသားတစ်ယောက်၏ အလောင်းဖြစ်လိမ့်မည်ထင်ကြောင်း ပြောသည်၊ သူမ၏ ခန့်မှန်းချက်အရ ဤအရိုးစု သေဆုံးခဲ့သည်မှာ အနည်းဆုံး (၁၀)နှစ်ကျော် ကြာခဲ့ပြီဟု ဆို၏။ မူလခြံပိုင်ရှင်မှာလည်း မရှိတော့သဖြင့် စတွေ့ခဲ့သော ရေတွင်းဖော် သည့် အလုပ်သမားများကိုသာ အနည်းအပါး မေးမြန်း၍ အရိုးစုကို သယ်ယူခဲ့ ရသည်၊

စိမ်းဝတီတို့သည် ဌာနသို့ ပြန်ရောက်သောအခါ ပထမဆုံးအနေနှင့် ထိုအရိုးစု သည်မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ကြရမည်ဖြစ်သည်။ အရိုးစု၏ မျက်နှာပိုင်း ကို ဓာတ်ပုံရိုက်ယူ၍ ကွန်ပျူတာဖြင့် အသားများဖြည့်စွက်ကာ မျက်နှာတစ်ခုကို ရုပ်လုံးပေါ်စေပြီးလျှင် တစ်နိုင်ငံလုံးရှိ အသက်(၂၀)ကျော် အရွယ် အမျိုးသားများ၏ မျက်နှာများဖြင့် တိုက်ဆိုင်စစ်ဆေးကြည့်ရသည်၊ နှယ်နီနိုင်က နာရီအတော်ကြာဦး ညည်ဖြစ်သော ထိုတိုက်ဆိုင်စစ်ဆေးမှုကို စောင့်ကြည့်နေခိုက် စိမ်းဝတီသည် ဒေါက် တာဇလပ်ဖြူနှင့်အတူ အရိုးစု၏ သေဆုံးသောအကြောင်းအရာကို သိရှိဖို့ရန် လေ့လာ လျက်ရှိသည်၊ ရဲစွမ်းနိုင်ကတော့ အရိုးစုကို တွေ့ခဲ့သည့် မူလခြံပိုင်ရှင်များအကြောင်း ကို စုံစမ်းရှာဖွေရန် ပြင်လျက်ရှိသည်။

ဒေါက်တာဇလပ်ဖြူသည် စေ့စပ်သေချာသူဖြစ်သည့်အားလျော်စွာ မကြာခင် အချိန်အတွင်းမှာပင် အရိုးစုကို လေ့လာရင်း သူမ တွေ့ရှိသမျှကို ပြောပြ သည်၊

"ဦးခေါင်းခွံနောက်ဘက်မှာ အက်ရာလေးတစ်ခု တွေ့တယ်။ သေသူကို နောက် ဘက်ကနေ သစ်သားတုတ်လို မာကျောတဲ့အရာနဲ့ အရိုက်ခံခဲ့ရတဲ့ပုံပဲ၊ ဒါပေမဲ့ အဲဒီ အက်ရာက သေလောက်တဲ့အထိတော့မဟုတ်ဘူး – စိမ်းရဲ့"

"အဲဒီတော့ သေသူကို နောက်ကနေ တစ်ခုခုနဲ့ ရိုက်ပြီး မေ့သွားတဲ့အချိန်မှာ ရေ တွင်းထဲ ပစ်ချလိုက်တာ နေမှာပေါ့"

"ခြေထောက်မှာလည်း ဒဏ်တွေ ရှိနေတယ်၊ ခြေဖဝါးတစ်ခုတလည်း ပြတ်နေ သယ်၊ ရေထဲပစ်ချတာ ဒီအတိုင်းမဟုတ်ဘူး၊ ရေပေါ်ပြန်ပေါ်မလာအောင် ခြေထောက် မှာ ခဲဆွဲပြီးချထားတာ"

ဒေါက်တာ ဇလပ်ဖြူက ပြောသည်၊

"အင်း – ဘယ်သူကများ လုပ်ပါလိမ့်နော်"

"အဲဒီခြံရဲ့ရေတွင်းထဲမှာဆိုတော့ အဲဒီခြံရှင်တွေပဲ တရားခံဖြစ်ဖို့များမှာပေါ့" ဟု ဒေါက်တာဇလပ်ဖြူက ပြော သည်။

☆☆☆

ရဲစွမ်းနိုင်သည် ငွေဆည်းဆာ ဟိုတယ်ပိုင်ရှင်က ပြောပြသဖြင့် ခြံရောင်းခဲ့သည့် ပိုင်ရှင်များကို သိရှိခဲ့ပြီး လိုက်လံစုံစမ်းခဲ့သည်၊ ထိုခြံပိုင်ရှင်များ မှာ ဦးသာအိနှင့်ဒေါ်ခင် ခင်တို့ဖြစ်ပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ရှိသည်။ ခင် ဆေးလိပ်ခုံသည် ဘိုးဘေးက နာမည်ကြီးဆေးလိပ်ခုံဖြစ်သည်၊ သားကြီးက တစ်နယ်တစ်ကျေးတွင် အိမ်ထောင်ကျပြီး နေထိုင်ရာ သမီးငယ် ခင်ခင်သာ တစ်ယောက်သာ မိဘများနှင့်

www.burmeseclassic.com

အတူနေထိုင်လေသည်၊ ထိုခေတ်က ထိုအရပ်တွင် သူဌေးဟု ခေါ်နိုင်သူများမှာ သိပ်မရှိပါ။ ဦးသာအိုးတို့မိသားစုနှင့် ဦးအုပ်စိုးတို့ မိသားစုတို့လောက်သာ ရှိသည်။ ဦးအုပ်စိုးသည် ဇနီးသည် ဆုံးပြီးနောက် နောက်ထပ်အိမ်ထောင်မပြုဘဲ သားနှစ်ယောက်နှင့် အတူနေထိုင်သည်။ သားကြီးသည် မိဘများ စပ်ဟပ်မှုဖြင့် လူကုံထံသမီးတစ်ယောက်နှင့် အိမ်ထောင်ကျခဲ့ပြီး သားငယ်ကို ဦးသာအိုး၏ သမီး ခင်ခင်သာနှင့် နှစ်ဖက်မိဘက သဘောတူထားကြသည်။ ယခုအချိန်တွင် နှစ်မိသားစုလုံးမှာ ယခုအခါ ထိုအရပ်ရှိ အိမ်ရာများကို ရောင်းချကာ မြို့ကြီးတွင် အခြေချနေထိုင်နေကြပြီဖြစ်သည်။ မြို့ဖေါ်တွင် လူတွေက များလှသည်၊ ဘယ်နေရာတွင် နေထိုင်ပြီး ဘာ အလုပ်လုပ်ကိုင်သည်ကိုသိရန် စုံစမ်းကြရဦးမည်ဖြစ်၍ ဌာနသို့ ပြန်လာခဲ့တော့သည်။

ရဲစွမ်းနိုင်သည် အိမ်ရှင်မိသားစုများအကြောင်း စိမ်းဝတီနှင့် နွယ်နီနိုင်တို့ကို ပြောပြနေစဉ်မှာပင် ဒေါက်တာဇလပ်ဖြူဆီမှ ဖုန်းဝင်လာသည်၊ ဒေါက်တာ ဇလပ်ဖြူသည် အရိုးစုကို စစ်ဆေးနေရင်းမှ ထူးခြားမှုတစ်ခုကို တွေ့သဖြင့် စိမ်းဝတီကို ဖုန်းဆက်လိုက် သည်၊

"စိမ်းရေ - သေသူရဲ့ပခုံးရိုးအောက်ဘက်မှာ ဒဏ်ရာနည်းနည်းတွေ့တယ်၊ သိပ်မထင်ရှားလို့ သေချာကြည့်မှ တွေ့တာ"

"အဲဒါက ဘာသဘောလဲ"

"ဘာကြောင့်လဲဆိုတာ ကိုယ်စဉ်း စားနေတာ၊ ဘယ်လိုပုံစံမျိုးဖြစ်တာလဲဆိုတာ ကြည့်နေတာ"

ပြောရင်းနှင့်ပင် ဒေါက်တာဇလပ်ဖြူက မှန်ဘီလူးဖြင့် သူမ ပြောသောနေရာကို သေချာကြည့်နေပြန်သည်။

"အလေးအပင် မရင်းနဲ့ ခါးမျက်သွားတာတို့၊ ဘာတို့မှာ တစ်ခါတလေ အရိုးအက်တဲ့အထိ ဖြစ်တတ်တယ်၊ အဲသလို ပုံစံမျိုး၊ ဒါပေမဲ့ - ဒီနေရာက အလေးအပင် ဆွဲလို့ ဖြစ်တာ၊ အလေးတုံးမလို့ ဖြစ်တဲ့နေရာနဲ့ မတူဘူး"

စိမ်းက သူမ ပြသောနေရာကို ကြည့်ရင်း ...

"ပခုံးပေါ်မှာ ထမ်းရင်ရော"

"ဘာ .."

"ပခုံးပေါ်မှာ အလေးအပင် ထမ်းတဲ့ လူတွေလေ၊ ကုန်ထမ်းတဲ့ အလုပ်သမားတွေ မြင်ဖူးတယ်မဟုတ်လား ဇလပ်ရဲ၊ အဲသလိုရော ..."

"ဟုတ်တယ်၊ အဲဒါပဲ ကုန်ထမ်းတဲ့ လူ၊ ဆန်အိတ်တို့ ပဲအိတ်တို့ထမ်းတဲ့ အလုပ်သမားဖြစ်နိုင်တယ်"

"အဲဒီအိမ်က ပွဲရုံဖွင့်ခဲ့တာလေ၊ ရေတွင်းရှိတဲ့ခြံက မိသားစုတွေက သူတို့ အလုပ်သမားဟောင်းတွေထဲက ဘယ်သူပျောက်ခဲ့သလဲဆိုတာ စုံစမ်းရမယ်"

☆☆☆

နွယ်နီနိုင်က ဦးသာအိုး၊ ဒေါ်ခင်ခင် နှင့် ခင်ခင်သာတို့အကြောင်း အချက်အလက် သိမ်းဆည်းထားရာ မှတ်တမ်း (Database) ထဲတွင် ရှာနေစဉ် ရဲစွမ်းနိုင်နှင့် စိမ်းဝတီတို့က အခင်းဖြစ် ပွားရာနေရာသို့ ပြန်လာခဲ့ကြသည်။ ထို အရပ်ရှိ ပွဲရုံများအကြောင်းနှင့် ပွဲရုံတွင် အလုပ်လုပ်ခဲ့သူများအကြောင်းကို နေရာအနှံ့ လိုက်စုံစမ်းကြသည်၊ အလုပ်သမားအများအပြားရှိသော ပွဲရုံဆို၍ ဦးအုပ်စိုးနှင့် သားနှစ်ယောက် ပိုင်ဆိုင်သော စိုးမိသားစုပွဲရုံသာ ရှိခဲ့သည်၊

နေ့တစ်ဝက် ကုန်ပြီးနောက် စိုးမိသားစုပွဲရုံမှ ထွက်သွားသော အလုပ်သမားတစ်ယောက်အကြောင်း သိရှိခဲ့ရ သည်၊ ထိုသူမှလွဲ၍ပျောက်နေသည်ဆို သူ ဘယ်သူမှမရှိပါ၊ ယခုတိုင်အောင် အားလုံးအသက်ရှင်လျက် ရှိကြသည်၊ ထိုသူ့နာမည်မှာ အောင်မြဖြစ်သည်။ ပွဲရုံအလုပ်သမား လုပ်နေသော်လည်း အတန်းပညာ (၁၀)တန်းအထိ တက်ဖူးသူဖြစ်သည်၊ ဦးအုပ်စိုး၏ ကွယ်လွန်သူ ဇနီးဘက်မှ တူတစ်ယောက်ဖြစ်သည်၊ မိဘများ ဆုံးပါးသွားပြီးနောက် ဦးအုပ်စိုး တို့အိမ်သို့ ရောက်လာခဲ့သည်၊ ဦးအုပ်စိုး၏ဇနီး ဒေါ်မြင့်မြင့် ကွယ်လွန်ပြီးနောက် မောင်အောင်မြကို ကျောင်းဆက်မထားတော့ဘဲ ပွဲရုံတွင် အလုပ်သမားအဖြစ် လုပ်ကိုင်စေခဲ့ခြင်းဖြစ်သည်၊

သေသူသည် ဦးသာအိုးတို့ခြံထဲရှိ ရေတွင်းထဲတွင် ရောက်နေသော်လည်း ဦးသာအိုးတို့အလုပ်သမားမဟုတ်ဘဲ ဦးအုပ်စိုးတို့ပွဲရုံမှ အလုပ်သမားဖြစ်နေ သည်၊ စိမ်းဝတီတို့အနေနှင့် မိသားစုနှစ်ခုစလုံးကို ရှာဖွေ၍ မေးမြန်းရန် လိုအပ်နေပြီဖြစ်သည်၊

☆☆☆

ဦးသာအိုးတို့မိသားစုအကြောင်း မတွေ့ရှိသေးသော်လည်း နွယ်နီနိုင်၏ ကြိုးစားရှာဖွေမှုဖြင့် ဦးအုပ်စိုးတို့နှင့် ပတ်သက်၍ သိလာရသည်။ စိုးထရေးဒင်းကုမ္ပဏီ၏ ဖုန်းနံပါတ်ကို သိပြီးနောက် ဦးစိုးမြင့်ဦးနှင့် တွေ့ရန် ချိန်းဆိုကာ စိမ်းဝတီနှင့် ရဲစွမ်းနိုင်တို့

www.burmeseclassic.com

နှစ်ယောက်က သွားတွေ့လိုက်ကြသည်၊ နွယ်နီနိုင်ကတော့ သေဆုံးသူသည် ကိုအောင်မြဆိုသူဖြစ်ကြောင်း အတည်ပြုနိုင်ရန် ကြိုးစားနေသည်။

စိမ်းဝတီတို့သွားတော့ ဦးစိုးမြင့်ဦး ကို အဆင်သင့် တွေ့ရသည်။

"ဒီလိုပါ - ဦးစိုးမြင့်ဦးတို့မိသားစု အရင်တုန်းက လုပ်ခဲ့တဲ့ပွဲရုံက ကိုအောင်မြဆိုတဲ့ အလုပ်သမားတစ် ယောက်အကြောင်း သိချင်လို့ပါ"

ဟု ရဲစွမ်းနိုင်က မေးတော့ -

"အောင်မြ - အောင်မြဆိုတာ ဘယ်သူလဲမသိဘူး။ အလုပ်သမားတွေက အများကြီး ဝင်လိုက်ထွက်လိုက်နဲ့ ကျုပ် တို့မသိပါဘူး"

ဟု ဆိုသည်၊ သူ့မျက်နှာကိုကြည့်၍ သူ လိမ်နေသည်ကို စိမ်းဝတီ သိပါသည်၊

"ဟုတ်ရဲ့လား၊ စဉ်းစားကြည့်ပါဦး။ ကိုအောင်မြဆိုတာ ဦးစိုးမြင့်ဦးအမေ ဒေါ်မြင့်မြင့်ရဲ့တူလေ၊ ခင်ဗျားတို့အိမ်မှာတောင် အတူနေခဲ့တာ မဟုတ်လား"

စိမ်းဝတီက ထပ်မေးတော့ စိုးမြင့်ဦး မျက်နှာပျက်သွားသည်၊ ဘူးခံငြင်းနေ၍ မြစ်ကြောင်း သိသွားရသည်၊

"ဪ - အဲဒီအောင်မြလား၊ သူက အိမ်ကထွက်သွားတာ ကြာပြီ။ ပွဲရုံကလည်း ထွက်သွားတယ်၊ ဘယ်ရောက်နေလဲ ကျုပ်တို့မသိဘူး။ အဆက်အသွယ်လည်း မရှိပါဘူး"

"ဦးသာအိုးကိုတော့ သိတယ် မဟုတ်လား၊ သူတို့ခြံထဲက ရေတွင်းဟောင်းထဲမှာ အရိုးစုတစ်ခုတွေ့တယ်၊ ကျွန်တော်တို့က ကိုအောင်မြအလောင်းလို့ ထင်တယ်၊ ဒါကြောင့် လာမေးကြည့်တာပါ"

ရဲစွမ်းနိုင်က ရှင်းပြသည်၊

"ဟုတ်လား၊ ကျုပ်တော့ သိပ်မထင် ဘူး၊ သူက မြို့က ထွက်တော့မယ်ဆိုပြီး ပွဲရုံကရော၊ အိမ်ကရော ထွက်သွားတာ ပဲလေ။ ကြာလှပြီ။ အမေက ခေါ်လာပေမယ့် သူနဲ့ ကျုပ်တို့က အပေါင်းအသင်း မဟုတ်ဘူး၊ သူ့အကြောင်း ကျုပ် သိပ် မသိဘူး"

"သူ ဘာလို့ပွဲရုံကရော အိမ်ကပါ ထွက်သွားတယ်ဆိုတာတော့ သိရမှာပေါ့နော်၊ ခင်ဗျားတို့နဲ့ မပြေလည်တာရော ရှိခဲ့လား။ ခင်ဗျားတို့က နှင်ထုတ်ခဲ့တာလား"

"မရှိပါဘူး။ သူ တခြားမြို့ကို ပြောင်းပြီးအလုပ်လုပ်မယ်" လို့ပြောသွားတာပဲလေ၊ သူ့စိတ်နဲ့သူ ထွက်သွားတာပါ၊ ကျုပ်တို့ ဘာမှမပြောခဲ့ဘူး"



"သူ့မှာ တခြားပြဿနာတွေ ဘာတွေရှိတာရော ကြားမိလား။ သူ့ကို မကျေနပ်တဲ့သူတွေ ဘာတွေရော ရှိလား"

"ကျုပ်တို့ အလုပ်သမားတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာတွေကို လိုက်သိနေရလောက်အောင် မအားဘူးဗျ။ ဒီလောက်ဆို တော်လောက်ပြီထင်တယ်၊ ကျုပ်မှာ အလုပ်တွေ ရှိသေးတယ်။ ဒီလူနဲ့ ကျုပ်တို့ ဘာမှမပတ်သက်တော့ဘူးဆိုတာ ခဲမှတ်ထား ပေးပါ"

"ဟုတ်ပါပြီ၊ ကျေးဇူးတင်ပါတယ်"

စိမ်းဝတီနှင့် ရဲစွမ်းနိုင်တို့ ပြန်ခဲ့ရသည်၊ အကြောင်းတော့ သိပ်မထူးခဲ့ပါ၊ သို့သော် ထိုလူ၏ ပြောပုံဆိုပုံကို စိမ်း သိပ်မကြိုက်ပါ။ သေချာပေါက် သူတို့မိသားစုနှင့် အောင်မြဆိုသူတို့အကြား တစ်ခုခုတော့ ရှိကိုရှိလိမ့်မည်ဟု စိမ်း ထင်နေသည်၊

စိမ်းတို့ပြန်လာသောအခါ နွယ်နီနိုင်က သေဆုံးသူမှာ ကိုအောင် ဆိုသူဖြစ်ကြောင်း အတည်ပြုနိုင်ပြီဟု ဆိုသည်၊ အရိုးစု၏ မျက်နှာပုံစံကို ဖြည့်စွက်ပုံဖော် ပြီး နိုင်ငံသား အချက်အလက်များ သိမ်းဆည်းရာ Database နှင့် တိုက်ဆိုင်ကြည့်သောအခါ ကိုအောင်မြဆိုသူနှင့် တော်တော်လေး တူနေသည်ကို တွေ့ခဲ့ရသည်၊ သေဆုံးသူ



"တပည့်ကျော်အလောင်းတို့ မုံရွာ တော့ သွားပြီ ဘယ်သူသတ်သလဲဆိုတာ သူတို့ရှာနေကြတယ်။ အဲဒီတုန်းက အရာလေး မြင်ခဲ့တာတွေကို ပြန်ပြောနိုင်မယ်ဆိုရင် တပည့်တော်ကို သတ်ခဲ့သူတွေကို သူတို့ ဖမ်းမိနိုင်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com

ခည်သူဖြစ်သည် သေချာသောအခါ ထိုလူ့အကြောင်းကို လိုက်လံစုံစမ်းရတော့မည် ဖြစ်သည်။

☆☆☆

စိမ်းဝတီနှင့် ရဲစွမ်းနိုင်သည် စုံစမ်းရင်းနှင့် ကိုအောင်မြနှင့် ပွဲရုံတွင် အလုပ် အတူလုပ်ဖူးသော အလုပ်သမားတစ်ယောက်ကို တွေ့သွားသည်။ ထိုလူ့နာမည်က ကိုမြင့်ဆိုင် ဖြစ်သည်။ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် နေထိုင်ရင်း ပွဲရုံတစ်ခုတွင် စာရေးလုပ်နေသည်။ ကိုမြင့်ဆိုင်ဆီမှ ကိုအောင်မြနှင့်ပတ်သက်သောအကြောင်းစုံကို သိလိုက်ရသည်။

ကိုအောင်မြသည် ရွာကျောင်းတွင် အလယ်တန်းအောင်ပြီးနောက် အဖေပိုးထိ၍ ဆုံးပါးပြီးနောက် အဒေါ်ဖြစ်သူက ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်ပြီး သူ့အမေကလည်း အဖေမဆုံးမီကပင် ရောဂါဖြင့် ဆုံးပါးခဲ့သည်။ ဆွေမျိုးများရှိသော်လည်း ဘယ်သူကမှ လူပျောက်တိုင်ကြားမှု မရှိခဲ့ခြင်းပင်။

အောင်မြနှင့် ဦးသာအိုး၏သမီး ခင်ခင်သာတို့သည် အထက်တန်းကျောင်းတွင် ကျောင်းနေဘက်များဖြစ်ခဲ့ပြီး လူငယ်သဘာဝ ချစ်ကြိုက်ခဲ့ကြသည်။ ဦးအုပ်စိုး၏သားငယ် စိုးမြင့်ဦးနှင့်လည်း အရွယ်တူဖြစ်သော်လည်း စိုးမြင့်ဦးက ရှစ်တန်းတွင် စာမေးပွဲ တစ်နှစ်ကျပြီး တစ်တန်းငယ်ခဲ့သည်။ စိုးမြင့်ဦးကလည်း ခင်ခင်သာကို ချစ်ကြိုက်ခဲ့သော်လည်း ခင်ခင်သာက အောင်မြကိုသာ ရွေးချယ်ခဲ့သည်။ ထိုအကြောင်းကြောင့် နဂိုကတည်းက ဗိုင်ဖြစ်သူက အိမ်ခေါ်ထားခြင်းကို သဘောမကျသော သားအဖသုံးယောက်က အောင်မြကို ပို၍အမြင်မကြည် ဖြစ်လာခဲ့သည်။ အောင်မြကို (၁၀)တန်း ဆက်မတက်ဖြစ်အောင် အမျိုးမျိုးနှောင့်ယှက်ကာ ပွဲရုံတွင် အလုပ်သမားဖြစ်အောင် လုပ်လိုက်ကြသည်။

မိဘများမသိအောင် တိတ်တဆိတ် အနေအထိုင် ဆင်ခြင်ကြသော်လည်း စိုးမြင့်ဦး ကြားဝင်သောကြောင့် ခင်ခင်သာ၏ မိဘများ သိရှိသွားပြီး အောင်မြနှင့် လုံးဝ သဘောမတူကြောင်း ခင်ခင်သာကို ဆူပူကြပြီး အောင်မြကိုလည်း ပက်ပက်စက်စက် ပြောဆိုခဲ့ကြသည်။ ခင်ခင်သာကို ကျောင်းမှထုတ်ပြီး အိမ်ထဲတွင် ပိတ်ထားမည်လုပ်သောကြောင့်လည်း အောင်မြက သူပဲ အနစ်နာခံကာ ကျောင်းထွက်ပေးလိုက်ခြင်းလည်းဖြစ်သည်။ ထို့အပြင် ခင်ခင်သာနှင့် လမ်းခွဲပါမည်ဟု ကတိပါပေးပြီး သူ့ဦးလေး ပွဲရုံတွင် အလုပ်သမားဝင်လုပ်ခဲ့သည်။ သူ့အဒေါ်အိမ်တွင်လည်း မနေတော့ဘဲ ပွဲရုံနှင့်နီးသောနေရာမှာ အိမ်ခန်းလေး ငှားနေခဲ့သည်။ ခင်ခင်သာက ကျောင်းဆက်တက်ပြီး ဆယ်တန်း အောင်သွားခဲ့သည်။ စိုးမြင့်ဦးက ကိုးတန်းအောင်သည်။

ခင်ခင်သာသည် သူ့အိမ်မှ အိမ်ဖော်အမျိုးသမီး အကူအညီနှင့် အောင်မြနှင့် ပြန်ဆက်သွယ်ဖြစ်ခဲ့သည်။ ကျောင်းတွေဖွင့်တော့ ခင်ခင်သာ့မိဘများက တစ်နှစ်လုံး မြို့ကြီးမှာ ထားရမည်ကို စိတ်မချသောကြောင့် အဝေးသင်တက္ကသိုလ် တက်နိုင်းခဲ့သည်။ ခင်ခင်သာသည် အောင်မြနှင့် တိတ်တဆိတ်ဆက်သွယ် မြဲဖြစ်သည်။ စိုးမြင့်ဦး ဆယ်တန်းအောင်ပြီးနောက် ခင်ခင်သာကို စိတ်မချဟု သူ့မိဘများကို တောင်းရမ်းခဲ့သည်။ ခင်ခင်သာ့ မိဘများကလည်း ဦးအုပ်စိုး၏ သားဆိုလျှင်တော့ ပြောစရာမရှိပဲ သဘောတူခဲ့သည်။

ခင်ခင်သာသည် အောင်မြနှင့် မပြတ်သေးကြောင်း စိုးမြင့်ဦးအစ်ကို စိုးတင့်ဦးတခေါက်တခေ သိရှိသွားခဲ့သည်။ စိုးတင့်ဦးကလည်း စောစောစီးစီးမိန်းမယူနှင့်ပြီးသောကြောင့်သာ တည်တည်တံ့တံ့ဖြစ်နေရသော်လည်း ခင်ခင်သာကို တိတ်တခိုး ချိတ်နေသူဖြစ် သည်။ ညီဖြစ်သူက ကြိုက်နေသောကြောင့်သာ ဦးစားပေးလိုက်ရသော်လည်း အောင်မြနှင့် ဖြစ်သွားမည်ကိုတော့ စိုးတင့်ဦးလည်း သဘောမတူနိုင်ပါ။ ထို့ကြောင့် ညီဖြစ်သူကို ပြောပြလိုက်ရာ စိုးမြင့်ဦးက အောင်မြကို ထိုးကြိတ်ရန်လုပ်ခဲ့သည့်အပြင် အမြန်ဆုံး လက်ထပ်ဖြစ်ရန် ကြိုးစားခဲ့သည်။ ကိုမြင့်ဆိုင်သည် အောင်မြနှင့် အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သဖြင့် ထိုအကြောင်းများအားလုံးကို သိရှိနေခြင်းဖြစ်သည်။

တစ်ညတွင် ဒေါ်မြင့်မြင့်၏မွေးနေ့ပွဲ ကျင်းပသောကြောင့် ပွဲရုံမှ အလုပ်သမားအချို့ပါ တက်ရောက်ခဲ့ကြသည်။ ကိုမြင့်ဆိုင်လည်း မွေးနေ့ပွဲ ကျင်းပရာ သူတို့မြို့ကြီးထဲရောက်နေခဲ့သည်။ ဦးသာအိုး၊ ဒေါ်ခင်နှင့် သမီးဖြစ်သူ ခင်ခင်သာလည်းရောက်နေသည်။ ထိုညတွင် ဦးအုပ်စိုးက စိုးမြင့်ဦးနှင့် ခင်ခင်သာတို့ကို စေ့စပ်ပွဲအနေနှင့် ကြေညာနို့ စီစဉ်ထားခဲ့သည်။ သို့သော် ဦးအုပ်စိုးက ကြေညာလိုက်စဉ်မှာပင် ခင်ခင်သာတသူ သဘောမတူကြောင်း လူအများရှေ့တွင် ထကန့်ကွက်လိုက်သည်။

ဦးအုပ်စိုးနှင့် ဦးသာအိုးမှာ အကြီးအကျယ် ဒေါသထွက်ခဲ့ပြီး ဦးသာအိုးက ထိုလက်ထပ်ပွဲကို သဘောမတူလျှင် သူ့သမီးအဖြစ်မှ စွန့်လွှတ်မည်ဖြစ်ကြောင်း ပြောလိုက် သည်။ ဒေါ်ခင်က တားနေစဉ်မှာပင် ခင်ခင်သာက ထိုမြို့ထဲမှ ထွက်ပြေးသွားခဲ့

www.burmeseclassic.com

သည်၊ အားလုံးက ခင်ခင်သာသည် သူမတို့အိမ်ကို အရင်ပြန်ပြေးသွားခြင်းဖြစ်သည်ဟု ထင်လိုက်ကြသည်။ ထိုညက ခင်ခင်သာ ထွက်ပြေးသွားပြီးနောက် ဒေါ်မြင့်မြင့်၏ မွေးနေ့ပွဲလည်း ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်၊ ကိုမြင့်ဆိုင်တို့ အလုပ်သမားတစ်စုကတော့ မွေးနေ့ပွဲပြီးမှ သိမ်းဆည်းပြီး ပြန်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ သိမ်းဆည်းကြသူများတွင် အောင်မြ မပါကြောင်း ကိုမြင့်ဆိုင် သတိထားမိခဲ့သည်၊ အောင်မြလည်း မျက်နှာပူသဖြင့် စောစောစီးစီး ပြန်သွားပြီဟုသာ ထင်လိုက်သည်၊ စိုးမြင့်ဦးညီအစ်ကိုလည်း အရှက်ရသွား၍ထင်သည်၊ ရှုတ်ရှုတ်သဲသဲ ဖြစ်ပြီးကတည်းက ဧည့်သည်တွေရှေ့ကို ပြန်ရောက်မလာတော့ပါ။

နောက်မှ သိကြရသည်မှာ ခင်ခင်သာသည် ထိုညက အိမ်သို့ ပြန်မရောက်ခဲ့ပါ၊ ထို့အတူ အောင်မြသည်လည်း အိမ်မှထွက်သွားပြီဟု ဦးအုပ်စိုးနှင့် သားအဖများက ပြောညာခဲ့ပြီး နောက်ရက်မှစ၍ ပွဲရုံသို့ ရောက်မလာခဲ့တော့ပါ၊ ကိုမြင့်ဆိုင်နှင့်တကွ ထတ်ဝန်းကျင်က အောင်မြနှင့် ခင်ခင်သာတို့ နိုးရာလိုက်ပြေးသွားပြီဟု ထင်ခဲ့ကြသည်၊ သနစိမ်းဝတီတို့က အောင်မြ၏အရိုးစု အလောင်းကို တွေ့ခဲ့ကြောင်း ပြောသောအခါ ကိုမြင့်ဆိုင်မှာ ထင်မထားသည်ကို ကြားရသဖြင့် အံ့သြသွားရသည်၊

ဖြစ်နိုင်သည်မှာ ကိုအောင်မြသည် ထိုမွေးနေ့ညတွင် အသတ်ခံရခြင်းဖြစ်နိုင်သည်။ ခင်ခင်သာကမူ ဘယ်သို့ရောက်နေသည် မသိနိုင်ပါ၊ ရေတွင်းပျက်ထဲမှ အရိုးမှာ တစ်ယောက်တည်းသာဖြစ်ပြီး နှစ်ယောက်မဟုတ်ပါ၊ ခင်ခင်သာသည် ထိုညက သေဆုံးခဲ့ခြင်းမဟုတ်လျှင် တစ်နေရာရာတွင်တော့ ရှိနေရမည်၊ ခင်ခင်သာ့အဖေ ဦးသာအိုးသည် ခင်ခင်သာ အောင်မြနှင့် နိုးရာလိုက်ပြေးသည်ထင်၍ သမီးကို စိတ်နာပြီး လုံးဝလိုက်မရှာ၊ သတင်းလည်း မစုံစမ်းခဲ့ဟု သိရသည်။

ဦးသာအိုးသည် အောင်မြကို သမီး နှင့် သဘောမတူသူဖြစ်သောကြောင့် သူနှင့်သူ့တပည့်များက အောင်မြကို သတ်ပြီး သူတို့ခြံထဲရှိ ရေတွင်းပျက်ထဲတွင် မြှုပ်ထားနိုင်သည်၊ သမီးကိုတော့ တစ်နေရာရာသို့ပို့ပြီး ဖာတ်မြှုပ်ထားနိုင်သည်၊ သို့မဟုတ်၊ ခင်ခင်သာက ငြင်းသဖြင့် အရှက်ရသွားသော စိုးမြင့်ဦးသည်လည်း အောင်မြကို ရန်လုပ်နိုင်သည်၊ တစ်ခါတုန်းကပင် အောင်မြကို စိုးမြင့်ဦးနှင့် အပေါင်းအသင်းများက ဝိုင်းဝန်းရိုက်နှက်ဖူးသေးသည် မဟုတ်လော။

ထိုအချက်များက စိမ်းဝတီ၏ တွေးဆချက်သက်သက်သာ ဖြစ်နေသေးသည်၊ ဦးသာအိုး၊ ဒေါ်ခင်နှင့် ခင်ခင်သာတို့ ဘယ်ရောက်နေသည်ကို သိအောင် စုံစမ်းရဦး



မည်၊ နောက်ထပ် သက်သေဖြစ်နိုင်မည့် အချက်အလက်များကို ထပ်မံစုဆောင်းရဦး ခြင်းဖြင့်ဦးသတ်သည့်မှန်လျှင်ပင် သူ့ကိုအရေးယူနိုင်သည့်သက်သေအထောက် အထားက ဘာမှမရှိပါ၊ လူသတ်မှုကလည်း နှစ်ပေါင်းကြာခဲ့ပြီဖြစ်သောကြောင့် စိမ်း ဝတီတို့အနေနှင့် တရားခံရှာဖို့ ခက်နေဦးမည်ပင်။

☆☆☆

စိမ်းဝတီတို့အတွက် ကံကောင်းချင်တော့ ရေတွင်းဆယ်ယူကြသော အလုပ်သမားများထဲက တစ်ယောက်က ရေတွင်းပျက်ထဲမှ ရသော လက်စွပ်တစ်ကွင်းကို ရောက်အပ်နံခြင်းပင်ဖြစ်သည်၊ ရေတွင်းပျက်ကို ဆယ်သောနေ့ကပင် ပါလာခဲ့ခြင်းဖြစ်သော်လည်း ထိုအလုပ်သမားက အခြားလူများ မမြင်ခင် တစ်ယောက်တည်း ခဲ့သောကြောင့် ဘယ်သူမှမသိအောင် ကောက်ယူထားခဲ့သည်၊ ချက်ချင်းကြီး ရောင်းရဲသောကြောင့် အိမ်မှာသိမ်းထားစဉ် ညဘက် အိပ်မက်ထဲတွင် အဘိုးကြီးတစ်ယောက်က လက်စွပ်ကို လူသတ်စုံစမ်းရေးအဖွဲ့ထံသို့ ပေးအပ်ရန် သည်ဟု ဆို၏၊ ညတိုင်း အိပ်မက်ပေးသည့်အပြင် ခုတင်ပေါ်မှ ဆွဲချခြင်း၊ ဖဲရိုက်ခြင်းတို့ပါလုပ်လာသောကြောင့်မထားရဲတော့ဘဲ လာအပ်ရခြင်းဖြစ်သည်ဟု ဆိုသူတသည်၊

လက်စွပ်က ရှေးလက်ရာယောကျ်ားဝတ်လက်စွပ်ဖြစ်ပြီးအရည်အသွေးကောင်း ကျောက်များဖြင့် ပြုလုပ်ထားသော နဝရတ်လက်စွပ်တစ်ကွင်းဖြစ်သည်၊ လက်စွပ်အတွင်းဘက်က အက်စ်အက္ခရာပုံစံ ခပ်ရေးရေးထွင်းထားသည်ကိုလည်း တွေ့ရသည်၊ နဝရတ်လက်စွပ်ဆိုသည်ကို လူတိုင်း မဝတ်တတ်ကြပါ၊ ပြုလုပ်ပေးသူတများအစီအရင်ဖြင့် အဆောင်ကောင်းတစ်ခုဖြစ်အောင် လုပ်တတ်ကြသည်ဟု ကြားဖူးသည်၊ ထိုလက်စွပ်ပိုင်ရှင်သည် သေဆုံးသူနှင့်ဝတ်သတ်ခြည်မှာ ရှာသည်၊

စိမ်းဝတီသည် အရင်ခေတ်က ထိုရပ်ကွက်ထဲတွင် နာမည်ကြီးခဲ့သော ပန်းထိမ်ဆိုင်များကို လိုက်စုံစမ်းသည်၊ တချို့ဆိုင်များက မိဘများလက်ထက်က လုပ်တိုင်းပြီး လုပ်တော့သဖြင့် စုံစမ်းမရဖြစ်ရသည်၊ အရင်ခေတ်က ပန်းထိမ်လုပ်ခဲ့သော များ ဆုံးပါးသဖြင့် ဘာမှမေးမရသည်လည်း ရှိသည်၊ နောက်ဆုံးတွင် နေရာသစ် ပြောင်းလဲပြီး တိုးတက်အောင်မြင်နေသော ပန်းထိမ်ဆိုင်တစ်ဆိုင်သို့ ရောက်ခဲ့

www.burmeseclassic.com

သည်၊ ထိုဆိုင်သည် ဆွေစဉ်မျိုးဆက် ပန်းထိမ်လုပ်လာသောဆိုင်ဖြစ်ပြီး ထိုအ တွင် နာမည်အကြီးဆုံးဆိုင်ဖြစ်ခဲ့ သည်၊ ယခု အနားယူနေပြီဖြစ်သော ပန်းထိမ်ဆ အဘိုးကြီးက သူလုပ်ပေးခဲ့သော နဝရတ်လက်စွပ်ကို ကောင်းကောင်းမှတ်မိသည်

ကိုးပါးသီလခံယူကာ အဓိဋ္ဌာန်ဝင်ပြီးအဆောင်အနေနှင့်သေချာလုပ်ပေးခဲ့သေ လက်စွပ်ဖြစ်ကြောင်း ဖတ်ကြောင်းပြန်ပြောပြသည်၊ လက်စွပ်ပိုင်ရှင်မှာ ဦးအုပ်စိုး ဖြစ်သည်၊ ဦးအုပ်စိုးသည် ထိုလက်စွပ် ပျောက်သွားပြီး နောက်ထပ်လက်စွပ်တစ်ကွ ကိုထိုဆိုင်မှာပင်လာအပ်ခဲ့ကြောင်းလည်း သိရသည်၊ နောက်ထပ်အပ်သောလက် မှာတော့ အင်္ဂလိပ်စာ အမှတ်အသား ထွင်းမပေးလိုက်ကြောင်း ပန်းထိမ်ဆရာအဘိုးကြ က ပြောပြသည်၊

စိမ်းဝတီသည် ချက်ချင်းပင် ရေတွင်းပျက်ထဲတွင် တွေ့ရသော အရိုးစုကို သင် သည့်တရားခံဝတ်ထားခဲ့သည်ဟုယူဆခဲ့သောလက်စွပ်တစ်ကွင်းကိုသက်သေအ နှင့် ရှာတွေ့ထားကြောင်း သတင်းဖြန့်လိုက်သည်၊ ဦးစိုးမြင့်ဦးမိသားစုဆီသို့ သတ ရောက်စေရန် ရည်ရွယ်ပြီး ဖြန့်ခြင်းဖြစ်သည်၊

ရဲစွမ်းနိုင်ကတော့ ဦးသာအိုးနှင့် မိသားစုနောက်သို့ လိုက်နေဆဲဖြစ်သည် Facebook နှင့် internet ပေါ်မှာလည်း ရှာသည်၊ အပြင်မှာလည်း ရှာသည်၊ နောက်ဆ တွင် facebook ပေါ်တွင် ဦးသာအိုးမြေးဟု ထင်ရသော မိန်းကလေးတစ်ယောက် တွေ့ရာမှ အစရှာတွေ့ခဲ့ခြင်းဖြစ်သည်၊ ဦးသာအိုး၏ သားဖြစ်သူကို စုံစမ်း၍ရခဲ့သည် ခင်ခင်သာမှာ ထိုညကစ၍ ပျောက်ဆုံးခဲ့ခြင်းမှာ အမှန်ပင်ဖြစ်သည်၊ ဒေါ်ခင်သ သမီးစိတ်နှင့် စောစီးစွာ ဆုံးပါးသွားခဲ့သည်၊ ဦးသာအိုးကတော့ လွန်ခဲ့သော(၂)နှ လောက်ကမှ ဆုံးသွားခြင်းဖြစ်သည်၊ သားဖြစ်သူသည် အခင်းဖြစ် စဉ်က ထိုအရပ်မှ နေခဲ့သူဖြစ်သောကြောင့် ထိုသူနှင့်တော့ မသက်ဆိုင်ခဲ့ပါ၊ သူတို့မိသားစုသည် နော ပိုင်းတွင် ခင်ခင်သာကို လိုက်လံစုံစမ်းရှာဖွေခဲ့ သော်လည်း လုံးဝစုံစမ်းမရခဲ့ကြော သိခဲ့ရသည်၊

စိမ်းဝတီတို့ရွာနသို့ သူနိုး နှစ်ခါဝင်သည်၊ ပထမ တစ်ညက မမိလိုက်ဘဲ လွ သွားသော်လည်း ဘာပစ္စည်းမှတော့ ပါမသွားပါ၊ ရဲဌာနသို့ ဝင်ခိုးခြင်းသည် အခိုးတ ပစ္စည်း လိုချင်၍ မဟုတ်သည်မှာ သေချာသည်၊ ဒုတိယညမှာတော့ သူနိုးကို မိလို သည်၊ စိမ်းဝတီနှင့် ရဲစွမ်းနိုင်က ရုံးခန်းတွင် ရှိနေဆဲဖြစ်သောကြောင့်ပင်၊ စိမ်းဝတီ လွှင့်လိုက်သော သတင်းသည် ဦးစိုးမြင့်ဦးတို့မိသားစုဆီ မျှော်လင့်သည်ထက်ပ



...စီးစွာ ရောက်သွားခဲ့ပုံရသည်၊ သူနိုးသည် ဖောက်ထွင်းကျွမ်းကျင်သော နာမည် ...ကြီး ဖောက်ထွင်းဝိဇ္ဇာဖြစ်သည်၊ ထိုသူ့ကို စစ်မေးလိုက်သောအခါ ဦးစိုးမြင့်ဦးက ငွေ ...၍ စေခိုင်းကြောင်း ဖော်တော့ သည်၊

ဦးအုပ်စိုးသည် အသက်(၆၅)နှစ် ကျော်ပြီဖြစ်သော်လည်း သန်တုန်း မြန်တုန်း ...သည်၊ ကုမ္ပဏီကိုလည်း သားကိုဦးစီးခိုင်းထားသော်လည်း သူက နောက်ကွယ်က ...ကြီးကြားနေဆဲဖြစ်သည်၊ စိမ်းဝတီသည် ဦးအုပ်စိုးနှင့် တစ်ခေါက်လောက် တွေ့ကြည့် ...ဆုံးဖြတ်လိုက်သည်၊ ဦးအုပ်စိုးသည် သူ့အိမ်တွင် စိမ်းဝတီကို ကောင်းကောင်းပင် ...တ်ခံ တွေ့ဆုံသည်၊ သေဆုံးသူ ကိုအောင်မြနှင့် ပတ်သက်ပြီး မေးသောအခါတွင် ...တော့ သူ့သား ဦးစိုးမြင့်ဦးနှင့် တစ်လေသံတည်း ထွက်ဆိုသည်၊ ကိုအောင်မြသည် ...တို့ အိမ်က ထွက်သွားခဲ့သည်မှာ ကြာပြီဖြစ်ပြီး သူတို့ လုံးဝမသိကြောင်း၊ သူတို့နှင့် ...လုံးဝမပတ်သက်ကြောင်း ရှုပ်မပျက်ပဲ ပြောနိုင်သည်၊

ဦးအုပ်စိုး၏လက်တွင် နဝရတ် လက်စွပ်တစ်ကွင်း ဝတ်ထားသည်ကို စိမ်းဝတီက ...သတိထားမိလိုက်သည်၊ အဘိုးကြီးသည် နဝရတ်လက်စွပ်ကြိုက် ပုံရသည်၊ စိမ်းဝတီ ...က ရေတွင်းဆယ်ယူရာမှ ရခဲ့သော လက်စွပ်ကို အဘိုးကြီးကို ပြလိုက်သည်၊ အဘိုး ...ကြီးက ပထမတော့ သာမန်လက်စွပ်ဟုထင်ကာ သိပ်မကြည့်ပါ၊ စိမ်းဝတီက အတွင်း ...ဘက်ကိုကြည့်ရန် ပြောတော့မှ အတွင်းဘက်က အမှတ်အသားကိုကြည့်ကာ အဘိုး ...ကြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်၊ စိမ်း က ထိုလက်စွပ်ကို ဦးသာအိုးတို့ အိမ် ...နောက်ရေတွင်းပျက်ထဲက ရခဲ့ကြောင်း ပြောသောအခါ အဘိုးကြီး မျက်နှာပျက်သွား ...သည်၊ စိမ်းက မမေးရသေးပဲနှင့် သူ့လက်စွပ်မဟုတ်ကြောင်း ငြင်းတော့သည်၊ လက် ...စွပ်သက်သေနှင့်ဖမ်းဆီးစစ်ဆေး၍ရကြောင်းပြောခဲ့သော်လည်း တကယ်တမ်းတော့ ...ဖြစ်အောင်ရန် သေချာလောက်သည့် သက်သေတော့ မဟုတ်သေးပေ၊ ဘယ်လိုပင် ...ဖြစ်စေ၊ ဦးအုပ်စိုးတို့သားအဖကိုတော့ လွန်ခဲ့ သော(၁၀)နှစ်ကျော်က လူသတ်မှုနှင့် ...တရားစွဲဆိုရမည်ထင်သည်၊

☆☆☆

ဆရာလေးဒေါ်ခေမာစာရီသည်အသက်(၃၀)ကျော်ခန့်ရှိမည်ဟုခန့်မှန်းသည်၊ သို့သော် သူမ၏မွေးနေ့ကိုမည်သူမှမသိကြပါ၊ သူမ ကျောင်းသို့ ရောက်နေသည်မှာ တော့ (၁၀)နှစ်ကျော်ပြီဟု ဆရာတော်က ပြောပြ၍ သိကြရသည်၊ မြစ်ရေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

မျောပါလာသဖြင့် ပတ်ဝန်းကျင်က ဆယ်ယူ၊ ဆေးရုံပို့ပြီး နောက်ဘာစကားမှလည်း မေးမရ၊ ပြန်စရာအိမ်လည်း မရှိသောကြောင့် ဆရာတော်ကျောင်းကို ပို့၍ သီလ ဝတ်ပေးလိုက်ကြခြင်းဖြစ်သည်။ ဆရာတော်ကျောင်းတွင် သီလရှင်ဆရာကြီး၊ ဆ လေးစုစုပေါင်း(၂၀)ကျော်ခန့်ရှိသည်။ ဆရာလေးလည်းအနေအေးပြီးအားလုံးအ ကျိုးနွံသောကြောင့် ကျောင်းရှိ သီလရှင်ယောဂီအားလုံးကလည်း ချစ်ခင်ကြသ ဆရာလေးသည် သူ့ဘဝအတိတ်အကြောင်းနှင့်ပတ်သက်ပြီး ဘာတစ်ခုမမှတ်မ သည့်အလား၊ မပြောလိုသည်လားမသိ။ ဘာတစ်ခွန်းမှ ပြောဆိုခြင်းမရှိပါ။ ဘာတစ် မေးမြန်း၍မရပါ၊ တရားချိန်ကို မှန်မှန်တက် သည်။ ကူလုပ်စရာရှိလျှင် ကူလုပ်သ ဘယ်သူနိုင်းနိုင်း မညည်းမညူ လုပ်ပေးသည်။ သို့အတွက် သူမကို ဘယ်သူ လည်းဘာမှစပ်စုမနေကြတော့ပေ၊ ဤကျောင်းရှိအမြဲတမ်းသီလရှင်စာရင်းတွင်သ သွင်းထားလိုက်ကြသည်။

တစ်ညတွင်တော့ ဆရာလေး ဒေါ်ခေမာစာရီသည် အိပ်မက်တစ်ခုကို မြင်မက် သည်။ ထိုအိပ်မက်ထဲတွင် သူသည် မြို့ကြီးတစ်ခုနောက်တွင် ရောက်နေပြီး လူ ခဆောင်တ လူတစ်ယောက်ကို ဝိုင်းဝန်းရိုက်ပုတ်နေသည်ကို ကြည့်နေရသည်။ သ ယောက်ထဲမှ တစ်ယောက်က အုတ်ခဲဖြင့် ထိုလူ၏ခေါင်းကို ထုချလိုက်ပြီး မလှု ယောက်ဖြစ်နေသော ထိုလူကို ရေတွင်းထဲ ပစ်ချလိုက်သည်ကိုမြင်လိုက်ရသည်။ အိ မက်ထဲတွင် သူမသည် အသံမထွက်အောင်ကြိတ်၍ ငိုရှိုက်နေသည်ကိုသိနေရသည် ထိုလူသုံးယောက်မြင်မသွားအောင် သူမက သစ်ပင်နောက်တွင်ပုန်းနေခြင်းဖြစ်သည် ထိုလူသုံးယောက်မသိအောင် သူမသည် တခြားတစ်ဖက်သို့ ပြေးထွက်လာခဲ့သည် ထိုအချိန်တွင် မောကြီးပန်း ကြီး ငိုရှိုက်ရင်း အိပ်ရာမှ လန့်နိုးလာခဲ့သည်။ ထိုအဖြ အပျတ်ကို သူမ မသိပါ၊ အိပ်မက်ထဲတွင် ဇာတ်လမ်းတစ်ခုလို မြင်ရခြင်းဖြစ်သည် မနက်(၂)နာရီခွဲတွင် အိပ်မက်မှ နိုးလာသော ဆရာလေးလည်း ပြန်မအိပ်တော့ တရားထိုင်နေလိုက်သည်။

ဆရာလေးသည်နောက်နှစ်ည လောက် ထိုအိပ်မက်ကို ဆက်တိုက်မက်သည် နောက်ညမှာတော့ လူတစ်ယောက်က "ဆရာလေး၊ တပည့်တော် ကို မမှတ်မိတော့ ဘူးလား။ တပည့်တော်ကို သတ်ခဲ့တဲ့လူတွေကို အပြစ်ရအောင် လုပ်ပေးပါ ဆရာ လေး" ဟု ဆရာလေးကို တောင်းပန်လေသည်၊ "တပည့်တော် အလောင်းကို ရဲတွေ တွေ့သွားပြီ။ ဘယ်သူသတ်လဲဆိုတာ သူတို့ရှာနေကြတယ်၊ အဲဒီတုန်းက ဆရာလေ မြင်ခဲ့ တာတွေကို ပြန်ပြောနိုင်မယ်ဆိုရင် တပည့်တော်ကို သတ်ခဲ့တဲ့လူတွေကို အပြစ်ပေးနိုင်မှာပဲ" ဟု သူက ပြောသွားသည်။ သို့သော် ဆရာလေး စိတ်ထဲတွင် ထိုလူ ကို သိသလိုလို၊ မသိသလိုလို ဖြစ်နေသည်၊ ထိုလူ၏ပြောပုံအရ တစ်နေ့ညက မက် သော အိပ်မက်ထဲမှ အသတ်ခံလိုက်ရသူသည် ထိုသူဖြစ်မည်ဟု ထင်သည်။ ထိုသူ သည် ဆရာလေးနှင့် မည်သို့ပတ်သက်ခဲ့ဖူးသည် မသိပါ။

နောက်တစ်ညမှာတော့ ဆရာလေး အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်နှင့် အဘိုး အိုတစ်ယောက်ကို တွေ့ရသည်၊ ထိုအဘိုးက "သမီး၊ သနားစရာကောင်းတဲ့ (၃၁) ဘုံ သားတစ်ယောက်ကို ကူညီရမယ်။ သူ့ကိုသတ်ခဲ့တဲ့သူတွေကို အပြစ်မပေးနိုင်မချင်း သူက ဘယ်သူ့အမျှပေးပေး၊ သာဓုမခေါ်တဲ့အတွက် မကောင်းတဲ့ဘဝကနေ မကျွတ် လွတ်နိုင်ဘူးဖြစ်နေတယ်ကွယ်။ အခု သူ့ကိုသတ်ခဲ့တဲ့ လူတွေ တရားဥပဒေကပေးတဲ့ အပြစ်ကိုခံရဖို့ အချိန်ကျရောက်လာပြီ။ သမီး ကူညီရမယ်၊ အဘိုးပြတာကို ကြည့်ပါ" ဟု ပြောပြီး မြင်ကွင်းများကို ပြသည်၊ ဆရာလေးစိတ်ထဲတွင် မှတ်ဉာဏ်သိ စိတ်များ အလိုလိုဝင်လာသည်၊ သီလရှင်ဘဝမရောက်ခင်က လူအမည် ခင်ခင်သာဖြစ်ခဲ့သည့် အကြောင်း၊၊ သူမ၏ချစ်သူ အသတ်ခံရသည့်အကြောင်းများကို အလိုလို မှတ်မိလာ သည်။

☆ ☆ ☆

မှုခင်းရဲတပ်ဖွဲ့က တရားလို ပြုလုပ်၍ ဦးအုပ်စိုးနှင့် ဦးစိုးမြင့်ဦးကို လွန်ခဲ့သော (၁၀)နှစ်က လူသတ်မှုအတွက် တရားခံအနေနှင့် တရားစွဲဆိုခဲ့ပါသည်၊ သေဆုံးသူ တိုအောင်မြနှင့် ဦးအုပ်စိုးတို့ ပတ်သက်မှုကို ကိုမြင့်ဆိုင်က သက်သေထွက်ဆိုပေး သည်။ သေဆုံး၏အလောင်းနှင့်အတူ တစ်နေရာတည်းမှ ရရှိခဲ့သော နဝရတ်လက် စွပ်ကို ပြုလုပ်ပေးခဲ့သော ပန်းထိမ်ဆရာ အဘိုးကြီးကလည်း ဦးအုပ်စိုး လက်စွပ် ဖြစ်ကြောင်း သက်သေခံနိုင်သည်၊ ထိုသက်သေလက်စွပ်ကို လာရောက်ခိုးယူရန် ဦးစိုးမြင့်ဦးက ကြိုးစားခဲ့ခြင်းလည်း ရှိသေးသည်၊

သို့သော် လွန်ခဲ့သော(၁၀)နှစ်က အမှုကို ထိုမျှလောက်သော သက်သေနှင့် တော့ ကျိန်းသေပေါက် အပြစ်ပေးနိုင်ဖို့ ရာ မလွယ်မှန်းလည်း စိမ်းဝတီတို့ သိပါသည်၊ သို့သော် ဘုရားဒကာ၊ ကျောင်းဒကာ သူဌေးကြီးများအဖြစ် လက်ရှိရပ်တည်နေသော ဦးအုပ်စိုးတို့သားအဖ နာမည်ပျက်ပြီး အပြစ်ဒဏ်အနည်းငယ်မျှ ခံရလျှင်ပင် သေဆုံး

www.burmeseclassic.com

သူအတွက် တစ်ခုခုလုပ်ပေးနိုင်ခြင်းဖြစ်သည်ဟု စိမ်းဝတီတို့အဖွဲ့က ယူဆပြီး တရားစွဲခြင်း ဖြစ်ပါသည်။ တရားခံများက နာမည်ကြီးရှေ့နေငှား၍ အမှုကို စစ်ကြပါသည်။ တရားလို ရှေ့နေ ဒေါ်ဝေဝေထက်ကလည်း တရားခံ အစစ်အမှန်များကို အပြစ်ဒဏ်ကျခံစေရန် တရားလိုရှေ့နေအဖြစ် ဆောင်ရွက်နေကျ အရည်အချင်းပြည့် ရှေ့နေ တစ်ယောက်ပင် ဖြစ်ပါသည်။

စိမ်းဝတီနှင့် နွယ်နီနိုင်တို့လည်း တရားခွင်တွင် နားထောင်နေကြပါသည်။ လိုအပ်ပါက သက်သေအနေနှင့် ထွက်ဆိုပေးရန်လည်း ဖြစ်ပါသည်။ ရဲစွမ်းနိုင်နှင့် တရားရုံးတွင် ချိန်းထားသော်လည်း ခုထိ ရောက်မလာသေးပါ။

စိမ်းဝတီသည် ညက ဘုရားရှိခိုးရင်း အမှန်တရားဘက်က နိုင်ပါစေကြောင်း ဆုတောင်းခဲ့ပါသေးသည်။ ဦးအုပ်စိုးတို့ကို ပုဂ္ဂိုလ်ရေးအရ မုန်းလည်းမမုန်းပါ။ သေဆုံးသူသည်လည်း အသိအကျွမ်းမဟုတ်ပါ။ အမှန်တရားဘက်မှ နိုင်စေချင်၍ အပြစ်လုပ်ထားသူများ အပြစ်ဒဏ်ခံစေလိုခြင်းသာ ရှိပါသည်။ ညက စိမ်းဝတီသည် အိပ်မက်တစ်ခုမက်ခဲ့သည်။ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုက စိမ်းဝတီကို "ဘာမှမပူပါနဲ့ သမီး။ တရားလိုဘက်က သက်သေတစ်ယောက် ရောက်လာပါလိမ့်မယ်။ အဲဒီအခါ အားလုံး ပြီးသွားမှာပါ" ဟု ပြောသွားသည်။

ဒေါ်ဝေဝေထက် တင်သွင်းသမျှကို တရားခံရှေ့နေက ချက်ကျလက်ကျကာကွယ်နိုင်နေသော်လည်း တရားသူကြီးက မှန်ကန်သော တရားသူကြီးဖြစ်သောကြောင့် ဒေါ်ဝေဝေထက်ပြောသော အချက်အလက်သက်သေများက မှန်ကန်ပြီး တရားခံရှေ့နေအတင်းကြီး အကွက်ဆင် ကာကွယ်နေကြောင်း သိနေပုံရသည်။ အောင်မြနှင့် ရန်ငြိုးမရှိကြောင်း သူတို့၏ ယခင်အလုပ်သမားထဲမှ လူတစ်ယောက်ကလည်း ထွက်ဆို သွားခဲ့သည်။ တရားသူကြီးက တရားလို ရှေ့နေကို နောက်ထပ်သက်သေသွင်းလိုသလားဟု မေးသည်။ ဒေါ်ဝေဝေထက်မှာ ပြောရန်ဆွံ့အနေသည်။ သူမမှာ နောက်ထပ် ထုတ်စရာ ဖဲမရှိပါ။ ရှိသမျှကို အကောင်းဆုံး တင်ပြခဲ့ပြီးပြီ ဖြစ်သည်။

ထိုအချိန်တွင် ရဲစွမ်းနိုင်သည် အသက်(၃၀)ကျော်ခန့်အရွယ် အမျိုးသမီးတစ်ယောက်နှင့်အတူ တရားခွင်ထဲသို့ ရောက်ရှိလာသည်။ အမျိုးသမီး၏ မျက်နှာသည် ကြည်လင်နေသည်။ သီလရှင်လူထွက်ပုံစံ ခေါင်းတုံးနှင့် ဖြစ်သည်။

"တရားလိုဘက်က သက်သေကို သွင်းချင်ပါတယ်" ဟု ရဲစွမ်းနိုင်က ပြောလိုက်သည်။ စိမ်းဝတီနှင့် နွယ်နီနိုင်ပင် ပါးစပ်အဟောင်းသားနှင့် သူတို့ကို ကြည့်နေရသည်။

"သေဆုံးသူ ဦးအောင်မြ မသေဆုံးခင်က ချစ်သူဖြစ်ခဲ့ဖူးတဲ့ ဒေါ်ခင်ခင်သာပါ"

ရဲစွမ်းနိုင်က တရားသူကြီးနှင့်တကွ တရားခွင်မှ လူအားလုံး ကြားအောင် အသိပေးလိုက်ပါသည်။ ဦးစိုးမြင့်ဦး ပါးစပ်မှ "ခင်ခင်" ဟု အံ့ဩတကြီး ထွက်သွားသည်။ ဒေါ်ခင်ခင်သာ ဖြစ်သည်မှာ သေချာပါသည်။ တရားသူကြီးက တရားလိုဘက်မှ သက်သေအဖြစ် လက်ခံ လိုက်ပါသည်။

ဆရာလေး ဒေါ်ခေမာစာရီသည် သေဆုံးသူ ချစ်သူဟောင်းအတွက် အမှန်တရား ပေါ်သော်လည်း တစ်ဖက်သားများအတွက် ဒုက္ခပေးရာရောက် သောကြောင့်ဖြစ်သောကြောင့် သီလရှင်ဝတ်နှင့် မပြောမဆိုချင်သည့်အတွက် ခေတ္တလူထွက်ကာ လူဝတ်ကြောင် အဝတ်ကို ဝတ်ခဲ့ခြင်းဖြစ်သည်။ အိပ်မက်ထဲက အဘိုး ညွှန်ကြားသော အဆောက်အအုံသို့ သွားရောက်ခဲ့ရာ အထူးမှုခင်း ရဲတပ်ဖွဲ့၏ ရုံးခန်းဖြစ်နေပါသည်။ ထိုနေရာတွင် တရားရုံးသို့ လာရောက်တော့မည့် ရဲစွမ်းနိုင်နှင့် တွေ့ဆုံခဲ့ခြင်းပင် ဖြစ်ပါသည်။

လွန်ခဲ့သော (၁၄)နှစ်က ဦးအုပ်စိုး၊ စိုးတင့်ဦးနှင့် စိုးမြင့်ဦးတို့ သားအဖသုံးယောက်က ကိုအောင်မြကို မည်သို့မည်ပုံ သတ်ခဲ့ပြီး ရေတွင်းဟောင်းထဲသို့ ပစ်ချထားခဲ့သည့်အကြောင်းများကို ဒေါ်ခင်ခင်သာက တိတိကျကျ ထွက်ဆိုခဲ့ရာ သားအဖသုံးယောက်မှာ မည်သို့မှ မငြင်းသာတော့ပါ။ နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း အရိုးစုသက်သေတစ်ခုမှ စတင်ကာ တရားခံများကို ထိုက်သင့်သောအပြစ် ပေးနိုင်တော့မည် ဖြစ်ပါသည်။

လောကီကိစ္စများ ပြီးဆုံးလျှင် ဒေါ်ခင်ခင်သာသည် ဒေါ်ခေမာစာရီဘဝသို့ ပြန်သည်ကူးပြောင်းမည် ဖြစ်ပါသည်။ သေဆုံးသူ ကိုအောင်မြအတွက်လည်း ကုသိုလ်ကောင်းမှုပြုကာ အမျှအတန်းပေးဝေ၍ ကောင်းမွန်ရာဘုံဘဝသို့ ကူးပြောင်းစေရမည် ဖြစ်ပါတော့သည်။

(မှုခင်းဆိုင်ရာ စစ်ဆေးချက်များနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက နားလည်ပေးစေလိုပါသည်။)

⇒ သိင်္ဂါကျော်

www.burmeseclassic.com

www.burmeseclassic.com






သရုပ်ဖော်ပန်းချီ ဝေမွန်ထင်း

မှား

**မိုးရွာ**ပြီးစ ဖြစ်၏။ ပတ်ဝန်းကျင်မှာ အုံ့မှိုင်း၍ စိုထိုင်းထိုင်းဖြစ်နေ၏။ ကြိုးတိုက် တံစက်မြိတ်မှ မိုးရေစက်များ တစ်ပေါက်ချင်း ကျနေဆဲပင် ရှိသေးသည်။ တနင်္ဂနွေနေ့ ဖြစ်သော်လည်း မိုးတစိမ့်စိမ့် ဖြစ်နေသည်မို့ ထောင်ကြီးဘက်မှ အကျဉ်းသားတို့ ငြိမ်သက်နေကြသည်။

မိုးတစိမ့်စိမ့် စွေ၍ရွာနေသည်မှာ (၄)ရက်မျှ ရှိပြီဖြစ်၍ ထောင်မြေအနှံ့တွင် မိုးရေတို့ဖြင့် စိုစွတ်လျက် ရှိပေသည်။ ကြိုးတိုက်အုတ်တံတိုင်းအတွင်း မြေကွက်လပ်တွင်မူ ထိုင်စရာနေရာပင် မရှိတော့ချေ။

www.burmeseclassic.com

ရုံးပိတ်ရက်ဖြစ်သော်လည်း ကျွန်တော့်အဖို့ နံနက်ပိုင်းသာ အနားရ၍ ညနေပိုင်းတွင် အလုပ်ပြန်ဝင်ရ၏။ ထောင်တွင်းလုံခြုံရေးနှင့် ထောင်ပိတ်ရန် တာဝန်များအပြင် ကြိုးတိုက်ထဲမှ ကြိုးသမားများအား လမ်းလျှောက်၊ ရေချိုး၊ ထမင်းကျွေးရန်မှာ ကျွန်တော့်တာဝန် ဖြစ်၏။

ကြိုးတိုက်တွင် အခန်း(၁၀)ခန်းရှိ၏။ (၁၀)ခန်းလုံးပင် ကြိုးသမားများဖြင့် ပြည့်နေ၏။ ကြိုးသမားများမှာ လေလုံမိုးလုံ တိုက်ခန်းကျဉ်းကျဉ်းကလေးထဲတွင် တစ်နေ့လုံး ထိုင်လိုက်၊ ထလိုက်၊ အိပ်လိုက်ဖြင့် အချိန်ကို ကုန်စေရသူများဖြစ်၏။

နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် (၁၅)မိနစ်ခန့် ရေချိုး၊ လမ်းလျှောက်ရန် ထုတ်ပေးသည်မှအပ သူတို့ဘဝမှာ မိုးကောင်းကင်မှ နေနှင့်လတို့ကိုပင် မြင်ရသူများမဟုတ်ကြပေ၊ ပြင်ပသဘာဝနှင့် ပတ်ဝန်းကျင်ကိုမူ လုံးဝမြင်ခွင့်မရှိကြပေ။ သူတို့နှင့် အပြင်လောကတို့ အုတ်တံတိုင်း(၃)ထပ် ကာဆီးထား၏။

တရားခံသော်မှ ကြိုးမိန့်ချလိုက်သည့်အချိန်မှစ၍ အယူခံအဆင့်ဆင့်ကို မျှော်လင့်ကြီးစွာ အဆင့်ဆင့်လျှောက်ထားပြီး သေဒဏ်မှ လွတ်မည့်ရက်၊ သို့မဟုတ် ကြိုးစင်ပေါ်တက်ရမည့်ရက်များကို ရင်တဖိုဖိုဖြင့် စောင့်ကြိုနေရသူများ ဖြစ်ကြသည်။

မိဘဆွေမျိုး ဇနီးသားသမီးများဆိုသည်မှာလည်း ခရီးနီးသူများပင် တစ်လ တစ်ကြိမ်နှစ်လတစ်ကြိမ်ခန့်သာ ထောင်ဝင်စာလာ တွေ့နိုင်ကြ၏။ အချို့ကြိုးသမားများမှာ ကြိုးတိုက်ရောက်၍ နှစ်ပေါက်သည်အထိ ထောင်ဝင်စာလာသည်ကို မတွေ့ရပေ။ သေဒဏ်ကြိုးမိန့်ကျသူ ကြိုးသမားတစ်ယောက်အဖို့ အခြားအကျဉ်းသားများကဲ့သို့ ဆွေမျိုးမိဘ၊ ဇနီးသားသမီးများနှင့်သာ ဝေးကွာနေရသည်မဟုတ်၊ ထောင်ထဲမှ အကျဉ်းသားအချင်းချင်းပင် မတွေ့ကြရပေ။ သီးခြားအခန်းဖြင့် တစ်ကိုယ်တည်း နေရသူများဖြစ်ကြသည်။

ကြိုးသမားများအဖို့အနီးဆုံး အမြဲမပြတ် တွေ့ဆုံနေရသူများမှာ ထောင်အမှုထမ်းများသာ ဖြစ်သည်။ ယင်းအမှုထမ်းများအထဲတွင် မိဘသဖွယ်၊ ညီအစ်ကိုသဖွယ် အားကိုးအားထားပြုနိုင်သူမှာ ကြိုးတိုက်တာဝန်ခံထောင်မှူးပင် ဖြစ်၏။

သူတို့၏ ကျန်းမာရေး၊ စားသောက်ရေး၊ နေထိုင်မှု၊ အဝတ်အထည်၊ အယူခံ၊ စာပေးစာယူ၊ ထောင်ဝင်စာ စသည်ဖြင့် အထွေထွေကိစ္စများကိုမူ ကြိုးတိုက်တာဝန်ခံထောင်မှူးနှင့်သာလျှင် ရင်းနှီးစွာတိုင်ပင်၍ အကူအညီတောင်းရသည်။

ကျွန်တော်သည် ကြိုးတိုက်တာဝန်ခံထောင်မှူး ဖြစ်ပါသည်။ ကြိုးတိုက်ထဲသို့ဝင်လိုက်သည်နှင့် အခန်း(၁၀)ခန်းသို့နှံ့အောင် လိုက်လံနှုတ်ဆက်ရသည်။ ကျန်းမာရေး စားသောက်၊ အနေအထိုင် စသည့်အခြေအနေများကို လိုက်လံမေးမြန်းရသည်။ ကျွန်တော့်မျက်နှာကို ပြုံးရွှင်စွာထား၍ သူတို့အား နှုတ်ဆက်ရသည်။ သူတို့ လိုအပ်သူ တိုင်ကြားသမျှ၊ တင်ပြသမျှကို မှတ်သား၍ သက်ဆိုင်ရာများသို့ တင်ပြတောင်းခံပေးရသည်။

ကြိုးသမားများအပေါ်တွင် တာဝန်အရ ဆောင်ရွက်မှုမျိုးသာမက သူတို့၏ စိတ်ချမ်းသာမှု၊ အဆင်ပြေမှုများကိုပင် ကိုယ်စိတ်စေတနာဖြင့် ကူညီပေးခဲ့သည်သာမက ကြိုးတိုက်အတွင်းသို့ ရေချိုး၊ ထမင်းကျွေးရန်တာဝန်ဖြင့် ရောက်သည့် အချိန်တိုင်းပင် လူကြီးလူငယ်အလိုက် ရယ်စရာများ၊ ပုံတိုပတ်စ၊ ရုပ်ရှင် အကြောင်း၊ ဝတ္ထု၊ သတင်းများ စသည်တို့ကို သူတို့စိတ် ကြည်လင်ချမ်းသာကြ စေရန် ပြောကြားပေးရ၏။

ရံဖန်ရံခါ အသက်အရွယ်ကြီးသော ကြိုးသမားကြီးများနှင့် ဘုရားအကြောင်း တရားအကြောင်းများ တက်သမျှမှတ် သမျှ ဆွေးနွေးရသေး၏။ သူတို့လိုသော တရားစာအုပ်၊ စိပ်ပုတီး စသည်များကို ထောင်ပိုင်အား ခွင့်တောင်းပြီး အပြင်မှ ရှာဖွေပေးရသည်။

အဆိုပါ (၁၀)ယောက်သော ကြိုး သမားထဲတွင် "မောင်နီ" ဆိုသူမှာ ကျွန်တော့်အား အခင်မင်ဆုံး၊ အလေးစားဆုံး နှင့် အားအကိုးဆုံး ကြိုးသမားတစ်ယောက်ဖြစ်၏။ ကျွန်တော်နှင့်တွေ့တိုင်း သူ့အမှုအကြောင်း၊ သေဆုံးသွားသော ဇနီးအကြောင်း၊ ရွာတွင်ကျန်ရစ်ခဲ့သော အခါလယ်အရွယ် သမီးကလေး အကြောင်းများကို ရင်းနှီးခင်မင်စွာပြောတတ်သည်။

အပြင်လောကတွင် လုပ်ကိုင်စား သောက်ခဲ့စဉ်က ဘုရားတရားကို သတိမရခဲ့သော်လည်း သေဘေးနှင့် ကျော့ချင်းကပ်နေသောအချိန်တွင် ဘုရား တရားကို သတိရလာ၏။ သတိရသော်လည်း ရွတ်ရန်ဖတ်ရန်ကား ဘာမျှမတတ်ရှာပေ။ ကျွန်တော်က အပြင်မှ ဘုရားရှိခိုးစာအုပ်၊ စိပ်ပုတီး၊ ပြက္ခဒိန်မှ ဘုရားပုံတော်တားများကို ရှာဖွေပေးရ၏။ ဘုရားရှိခိုးသင်ပေးရ၏။ ပုတီးစိပ် နည်းပြောပြရ၏။ ဂုဏ်တော်တို့ပါတို့နှုတ်

www.burmeseclassic.com

တိုက်ချပေးရ၏။ မောင်နီသည် ဘုရားစာ၊ တရားစာကို ဝါသနာမပါ၍ မလေ့လာ
သော်လည်းမြန်မာစာ ကောင်းကောင်းတတ်သဖြင့် သင်ပြသမျှကို ကျက်မှတ်နိုင်
သည်၊

ကျွန်တော်နှင့် တွေ့ပြီးသည့်အချိန်၏ နောက်ပိုင်းတွင် မောင်နီတစ်ယော
နောင်တတရား သတိသံဝေဂများရ၍ သူ့အမှားကို သူ ယူကျုံးမရဖြစ်ရှာသည်၊ အ
ဘဝကိုတည်ငြိမ်လာအောင်ညီငယ်တစ်ယောက်ပမာ သွန်သင်ဆုံးမ၍အဖက်ဖက်
စိတ်ချမ်းသာအောင် ကူညီစောင့်ရှောက်နေသော ကျွန်တော့်အား ကျေးဇူးမမေ့
ကြောင်း မကြာခဏ ပြောပြ သည်။



ကျွန်တော်သည်
ထိုင်ငေ့ရာမှ 'ဝုန်း'သ
ဖတ်တတ်ရပ်လိုက်
လက်သီးနှစ်ဖက်
တျစ်တျစ်ပါငအောင် ဆုတ်လိုက်ပြ
'အံမာ – ဝင်းကလေး'ဟု အံကြိတ်ပြ
ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်နှ
ကျွန်တော့်အနီးတွင် ရပ်ငေ့သော
ထောင်ကြပ်ကြီး တစ်ယောက်
လှမ်း၍ ဆွဲလိုက်သည်

မောင်နီတစ်ယောက် စိတ်ရိုင်းစိတ် ပေါင်းများ ပျောက်၍ စိတ်ကောင်းစိတ်သစ်
များ ဝင်နေသည်ကိုကြည့်၍ ကျွန်တော့်မှာ ဝမ်းသာရ၏၊ သူ ခံစားနေရသော ကြိုး
သမားဘဝမှ မြန်မြန်လွတ်ပါစေ ဆုတောင်းရသည်မှာလည်း အမောပင်ဖြစ်၏။

ခင်မင်ရင်းနှီး၍ သံယောဇဉ်တွယ်နေသော ကြိုးသမားများထဲမှ မတော်တဆ
တံရှော်သူများအား ကြိုးစင်ပေါ်တင်ရသည့်အခါမျိုးတွင် ကျွန်တော့်မှာလည်း ကြေကွဲ
ခံစားရတတ်သဖြင့် သူတို့ အား ချမ်းသာစေချင်၏။

☆☆☆

ထိုနေ့က ကျွန်တော်ကြိုးတိုက်ထဲဝင်သွားချိန်တွင် မောင်နီ၏အခန်းမှာငြိမ်သက်
နေ၏။ မိုးရွာထားသဖြင့် မြေကြီးများ စိုထိုင်းနေ၍ ကြိုးတိုက် တာဝန်ကျထောင်ကြပ်
များက ကျွန် တော့်အတွက် အုတ်တံတိုင်းအနီး တံခါး ပေါက်နားတွင် ကုလားထိုင် ခင်း
ပေး၏။

ကြိုးတိုက်ကို ကာထားသော အုတ်တံတိုင်း၏ အပေါက်နားတွင် ထိုင်နေခြင်းဖြစ်
၍အခန်းပေါက်များနှင့် အနည်းငယ်လှမ်းနေသည်။ အခါတိုင်းဆိုလျှင် မောင်၏အခန်း
နှင့် မလှမ်းမကမ်းနေရာတွင် ကျွန်တော် ထိုင်လေ့ရှိသည်၊

ကြိုးသမားများအား နစ်ယောက် တစ်တွဲ (၁၅)မိနစ်ခန့်စီ ရေချိုးလမ်း လျှောက်
ထုတ်ပေး၏၊ မိုးအေးနေသဖြင့် ရေမချိုးကြပေ၊ အညောင်းဖြေ လမ်းလျှောက်ပြီး
အာလာပ သလ္လာပစကားများပြော၍ ရယ်ကြ မောကြ၏။ မိုးကောင်းကင်မှ မှုန်ပြာပြာ
ဖြစ်နေသော တိမ်လွှာများကို ကြည့်နူးအားရစွာ မော့ကြည့်ကြ၏၊ မိုးသားလေအေး
အေးကို အားရပါးရ တစ်ဝကြီးရှူကြ၏။

နစ်ယောက်တစ်တွဲစီဖြင့် (၅)တွဲ ထုတ်၍လူစုသွားသော်လည်း မောင်နီ ထွက်
မလာပေ၊ သူ့အလှည့်တွင် သော့ကိုင်ထောင်ကြပ်က တံခါးဖွင့်ပေးထား၏၊ မောင်နီ
ကား လုံးဝပင် အပြင်သို့ မထွက်ခဲ့ပေ။ ကျွန်တော်ကလည်း သူ့ကို မမေးမိ၊ ထွက်လာ
သော ကြိုးသမားများနှင့်သာ စကားပြောနေလိုက်သည်၊ မိုးအေးအေးနှင့် မောင်နီ
တစ်ယောက် ကွေးနေပြီဟု စိတ်ထဲတွင် ထင်နေမိ သည်၊

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအလှည့်ကျသော ကြိုးသမားများ အခန်းထဲမဝင်မီ သူတို့အတွက် ညနေစာထမင်း ရောက်လာ၏။ ဟင်းများမှာ ကုလားပဲဟင်း၊ ကြက်သားဆီပြန်၊ ငါးပိကြော်ဖြစ်၏။ သူတို့အား မကျွေးမီ ထုံးစံအတိုင်း ဟင်းပန်းကန်များကို တစ်ခွန်းစီ မြည်းကြည့်ရ၏။ ထမင်းနှင့်ဟင်းများ မြည်းကြည့်ရခြင်းမှာ ထမင်းဟင်း ကောင်း၊ မကောင်း ကြိုတင်၍ သိနိုင်ရန်ဖြစ်သည်။

ထမင်းနှင့် ဟင်းများကို ထမင်းပို့ တာဝန်ကျသော အကျဉ်းသားက အခန်းထဲ အရောက်ပို့ပေးရ၏။ သော့ကိုင် ထောင်ကြပ်က အခန်းစေ့တံခါးများ သော့ဖွင့်ပေးရသည်။ အခန်းထဲသို့ မဝင်ရသေးသော ကြိုးသမားတစ်ယောက်သည် သူ့အတွက် ထမင်းနှင့်ဟင်းကို ကျွန်တော်နှင့် မလှမ်းမကမ်းမြေကြီးပေါ်တွင် ထိုင်၍မြိန်ရေရှက်ရေ စားနေ၏။

"ကြက်သားဟင်းကလည်း ဆီနည်းလိုက်တာ၊ ဖိုကြီးထဲက ဟင်းချက်တဲ့ကောင်တွေ သိပ်လုပ်စားတယ်။ အစိုးရက တို့အတွက် ပေးထားတဲ့ဆီကို ဒီမအေ ( ) တွေ ခိုးစားတဲ့ ကြက်သားဟင်းက ဘာ အရသာမှလည်း မရှိဘူး"

မောင်နီ၏အခန်းဆီမှ ဆူဆဲနေ သောအသံသဲ့သဲ့ကို ကြားလိုက်ရ၏။ အသံမှာ အစက တိုးတိုးဖြစ်သော်လည်း တစ်စတစ်စ ကျယ်လာ၏။ ဖိုကြီးထဲမှ ချက်ပြုတ်ပေးသူများကို ဆဲဆိုနေသံများ ဖြစ်၏။

ကျွန်တော်သည် ထိုင်နေရာမှပင် -

"ဟေ့ - မောင်နီ - စောစောက တိတ်နေပြီး အခုမှ အသံထွက်လာရသည့်လားကွ။ ဘာတွေများ ဆူနေတာလဲ" ဟု ရယ်ရယ်မောမောနှင့် လှမ်း၍ပြောလိုက်သည်။

မောင်နီသည် ကျွန်တော့်အား ဘာမျှပြန်မပြောဘဲ ဖိုကြီးထဲက လူများကိုသာ ဆဲမြဲဆဲနေရုံမက စိတ်ဆိုးမာန်ဆိုးနှင့် သူ စားနေသော ထမင်းပန်းကန်ကို ဆောင့်၍ ချလိုက်သည်။

"ဟေ့ - မောင်နီ - ငါပြောနေတာ မကြားဘူးလားကွ။ မင်း အခုလိုဆဲနေမယ့် အစား ငါ့ကို အကျိုးအကြောင်း တိုင် ပါလား။ မင်းမကျေနပ်တဲ့အကြောင်းကို ငါက ကြိုးတိုက်အစီရင်ခံစာစာအုပ်မှာ ရေးပြီး ထောင်ပိုင်ဝန်ကို တင်ပြပေးမှာပေါ့။ အခုလို အော်ပြီးဆဲနေတာ အပိုပေါ့ကွ။ ပြီးတော့ ကြိုးတိုက်တာဝန်ခံထောင်မှူးတစ်ယောက်လုံး အနားမှာ ရှိနေလျက်နဲ့ မင်း အော်ဆဲနေတော့ ငါ့မှာ တာဝန်မကင်းဘူးပေါ့ကွ"

"မတိုင်ချင်ပါဘူးဗျာ - ဖိုကြီးထဲက ကောင်တွေ လူပါးဝလွန်းလို့ ဆဲနေတာ"

"အေး - မတိုင်ချင်ရင်လည်းနေ၊ အော်ကျယ်ဟစ်ကျယ်တော့ ဆဲမနေနဲ့၊ ငါ့ တာဝန်ကမင်းတို့ကြိုးသမားအားလုံးစိတ်ချမ်းသာမှုအဆင်ပြေမှုရှိအောင် ကူညီပေးဖို့ ဒီမှာလာထိုင်နေတာ"

မောင်နီသည် ခေတ္တမျှ ငြိမ်သွား သော်လည်း နောက် ပြန်ဆဲမြဲဆဲနေပြန် ၏။

ကြိုးသမားများအတွက် လာပို့သော ထမင်းနှင့် ဟင်းများကို သူတို့အား မကျွေးမီက ကျွန်တော်ကိုယ်တိုင် မြည်းကြည့်ပြီးမှ ကျွေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော် မြည်းစဉ်ကလည်း သူ ပြောသလောက် ဆီနည်းပြီး အရသာမရှိသော ဟင်းများမဟုတ်ပေ၊ အကယ်၍ သူပြောသလောက် ညံ့နေပါက သူမပြောမီပင် ကျွန်တော်က တိုင်ကြား ပြောဆိုပေးရမည်ဖြစ်သည်။

ဖိုကြီးမှ သူတို့အား ချက်ပြုတ်ကျွေးမွေးနေသူများမှာလည်း သူတို့ကဲ့သို့ပင် ဘဝတူ ထောင်ကျအကျဉ်းသားများသာ ဖြစ်သည်။ ထောင်ထမင်းဟင်းချက်သော ဖိုကြီးထဲမှ အချက်အပြုတ် တာဝန်ယူရသူများတွင် ထောင်လက်တောက်များ ရှိကြသည်၊ ထောင်ထမင်းဟင်းများ မကောင်းသည့်ကိစ္စတွင် သူတို့ လက်တောက်များ မကောင်းကြောင်း ကျွန်တော် သိပါသည်၊ သို့သော် မောင်နီ ဒေါ်ပွလောက်အောင် ထိုနေ့က ဟင်းများ မညံ့လှပါ။ သူက ဖိုထဲက အကျဉ်းသားများကို ဆဲနေသော်လည်း ဟင်းကို မြည်း ပြီးမှကျွေးသော ကျွန်တော့်မှာ တာဝန်မကင်းဖြစ်နေ၏။

"ကဲ - မောင်နီ - တော်ကွာ - ဆူညံ ဆူညံလုပ်မနေနဲ့၊ မင်းလိုပဲ ဒီထမင်းနဲ့ ဒီဟင်း တို စားနေကြတဲ့ ကြိုးသမား (၉) ယောက်က ဘာမှမပြောဘဲ၊ မင်းတစ်ယောက်တည်း ဆူနေတာပဲကွ"

မောင်နီသည် ထိုင်နေရာမှ ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး -

"ဆူမယ်ဗျာ - ဘာဖြစ်လဲ၊ ခင်ဗျားက ကျုပ်ကို သတ်ချင်လို့လား၊ သတ်စမ်း ပါဗျာ၊ သေအောင် - ကျုပ် သေရဲပါတယ်"

ကျွန်တော့်အားထောင်မှူးတစ်ယောက်အနေဖြင့်လည်းကောင်း၊ ခင်မင်လေးစား ခံရသူတစ်ယောက်အနေဖြင့်လည်းကောင်း အကျဉ်းသား တစ်ဦးတစ်ယောက်၏ ပြန်လှန်ပြောဆိုခြင်းမျိုးကို တစ်ခါမျှမခံခဲ့ရဘူးပေ။ ကျွန်တော်သည် အကျဉ်းသားများ





www.burmeseclassic.com

www.burmeseclassic.com

ကြောက်ရွံ့အောင် နေထိုင်ဆက်ဆံတတ်သူမဟုတ် သော်လည်း ခင်မင်လေးစားခြင်းကို ခံရသူဖြစ်သည်။ ယခုကိစ္စတွင် ကျွန်တော် စေတနာထား၍ ခင်မင်မိသော ကြိုးသမား၏ပြန်လှန်ပြောဆိုခြင်းခံရသည့်အတွက် ကျွန်တော့်နားကိုပင် ကျွန်တော် မယုံမိပေ။

အံ့ဩစိတ်၊ မခံချင်စိတ်တို့မှ ဖြစ်ပေါ်လာသော ကျွန်တော့်၏ ဒေါသမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ မျက်လုံးများပင် ပြာသွားသည်ထင်၏။ ကျွန်တော့်အဖို့ သည်းခံနိုင်သော အခြေအနေမျိုးတွင် စော်ကားခံရပါက ကျွန်တော်သည် လူအေးတစ်ယောက်အသွင် ရယ်ပြုံး၍ ခံနေသည်ကို တွေ့ကြရပေမည်။ အကယ်၍ သည်းမခံနိုင်လောက်သော စော်ကားမှုမျိုးနှင့် ကြုံရသောအခါတွင် ကျွန်တော်သည် အလွန်စိတ်တိုတတ်သော မိုက်မှုနဲ့တစ်ဖောက်တန်း ဖြစ်ရျှသည်။

ကျွန်တော်သည် ထိုင်နေရာမှ "ဝုန်း" ခနဲ မတ်တတ်ရပ်လိုက်၏။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး "အံမာ - မင်းကလား" ဟု အံကြိတ်ပြီး ရှေ့သို့ ခြေလှမ်း တိုးလိုက်သည်နှင့် ကျွန်တော့်အနီးတွင် ရပ်နေသော ထောင်ကြပ်ကြီးတစ်ယောက်က လှမ်း၍ ဆွဲလိုက်သည်။

"ဆရာ - မှားမယ်"

ထောင်ကြပ်ကြီး၏ အသံသည် ကျွန်တော့်နားထဲသို့ လုစ်ခနဲ ဝင်သွား၏။ အခြေအနေမှာ ကျွန်တော်က အထက်စီးနေရနေသည်။ အခန်းထဲတွင် တံခါးပိတ်၍ သော့ခတ်ထားသူအား ကျွန်တော်က တစ်ဖက်သတ် အနိုင်ယူရမည်ဖြစ်သည်။ စက္ကန့်ပိုင်းအတွင်း ဖြစ်ပေါ်လာသော တစ်ဖောက်ကန်းစိတ်ကို မျက်စိများ ပြာနေသည့်ကြားမှ သတိနှင့် ထိန်းနိုင်ခဲ့၍သာ ဤအကြောင်းကို ပြန်၍ရေးနိုင်သေးခြင်းဖြစ်သည်။

မောင်နီသည် ကျွန်တော့်အား သံတိုင်ကြားမှနေ၍ သူစားနေသော ထမင်းပန်းကန်၊ ဟင်းပန်းကန် ခုံဖိနပ် စသည်များဖြင့် လှမ်း၍ပေါက်၏။ ကျွန်တော်သည် ခါးထောက်၍ သူ့အား မျက်တောင်မခတ် စိုက်ကြည့်နေလိုက်သည်။

"လာပါဗျာ - သတ်လှည့်စမ်းပါ။ ကျုပ်ကို သတ်စမ်းပါ။ ခင်ဗျား ကျုပ်ကိုမသတ်ရင် ကျုပ် - ခင်ဗျားကို သတ် မယ်"



မောင်နီသည် သံတံခါးတစ်ပေါက်သာရှိသော ကြိုးတိုက်ခန်းထဲတွင် တစ်ယောက်တည်း ကျွမ်းထိုးလိုက်၊ အုတ်နံရံနှင့် ခေါင်းနှင့်တိုက်လိုက်ဖြင့် ဒေါသပုန်ထနေ၏။ ကျွန်တော့်အနီးတွင် ရပ် နေသော ထောင်ကြပ်လူငယ်နှစ်ယောက်သည် နံပတ်တုတ်များကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မခံချင်သော မျက်နှာထားများဖြင့် ကျွန်တော့်အား ကြည့်နေကြ၏။ အမိန့်ကို စောင့်နေကြ၏။

ကြိုးတိုက်ထဲမှ ဆူဆူညံညံ အသံကြား၍ ကျွန်တော် ညာလက်ရုံး အောင်ဒင်ကြီးသည် ကြိုးတိုက်ထဲ ပြေးဝင်လာပြီး ကျွန်တော်၏ အနီးတွင်ရပ်၍ ကျွန်တော့်အခြေအနေကို စောင့်ကြည့်နေသည်။ ကျွန်တော်ကြာကြာရပ်၍ကြည့်နေလျှင် အခြေအနေ ဆိုးသွားနိုင်၏။ ကျွန်တော် လှုပ်လိုက်လျှင် မောင် နီ ဒုက္ခရောက်သွားနိုင်သည်။ မောင်နီကလည်း ကျွန်တော့်ကိုမြင်လျှင် ပို၍ ဒေါသပုန် ထနေဦးမည်။

ယခုအချိန် မောင်နီ ဘာကြောင့် ကျွန်တော့်ပေါ် စိတ်ပြောင်းသွားပြီး ယခုလို ဒေါပွနေသည်ကို မသိရသေးပေ။ မောင်နီသည် လှောင်အိမ်ထဲမှ ကျားတောင်ကဲ့သို့ ဒေါသမာန် လွန်ကဲပြီး သံတံခါးကို ခေါင်းနှင့် ခြေ၍ ဆောင့်လိုက်ရာ သွေးများ ဖြာခနဲ စီးကျလာသည်ကို မြင်လိုက်ရသည်။

ကျွန်တော့်ရင်ထဲတွင် ကရုဏာစိတ် ဖြစ်သွား၏။ စောစောတ ဒေါသဖြစ်မိခြင်း သူ့ကိုကြည့်၍ သနားလာ၏။ ကျွန် တော် သူ့ကို မကြည့်တော့ဘဲ ချာခနဲ လှည့်၍ တိုက်အပြင်သို့ ထွက်ခဲ့သည်။

"သွားပါဗျာ - တိုင်ရေးစမ်းပါ။ ခင်ဗျားတို့ ထောင်ပိုင်ကြီးကို တိုင်လိုက်ပါ။ ကျုပ်တို့ တင်အောင် တိုင်ခဲ့ပါ"

ကျွန်တော် ထွက်လာခဲ့သည့် နောက်ပိုင်းတွင် မောင်နီ၏ အော်သံ၊ ဆဲသံများ ကြိုးတိုက်အတွင်း၌ ပွက်ပွက်ဆူ၍ ကျန်ခဲ့သည်။ မောင်နီသည် ကျွန်တော်က ကြောင်း ထောင်ပိုင်ဝန်အား သွားရောက်တိုင်ကြားသည်ဟု ထင်နေခဲ့သည်။ တော့်စေတနာကို မောင်နီ မရိပ်မိရှာချေ။

☆ ☆ ☆

www.burmeseclassic.com

ကျွန်တော်သည် ကြိုးတိုက်မှထွက်၍ ဆေးရုံဘက်သို့ သုတ်ခြေတင်ရသည် ဆရာဝန်အား အချိန်မီအကြောင်းကြား၍ မောင်နီ၏ဒဏ်ရာများကို ဆေးထည့်ပေ ရန်မှာ အရေးကြီးသည်။

ကျွန်တော် ဆေးရုံဘက်ရောက်ချိန် တွင် ဆရာဝန်မရှိတော့ပါ။ သို့သော် ထော ဆရာဝန်များမှာ (၂၄)နာရီ တာဝန်ရှိ၍ ကျွန်တော်တို့ ထောင်မှူးများကဲ့သို့ ထော အရာရှိများရိပ်သာတွင် အိမ်ပေးထားပါသည်။ အရေးပေါ်လူနာရှိက အချိန်မရွေ ခေါ်ယူနိုင်ပါသည်။ ကျွန်တော်သည် ဘူးတံခါးဝမှနေ၍ ဆရာဝန်အား စာရေး၍ခေါ်ခိုင် လိုက်ရသည်။

ဆရာခင်ဗျား ...

ကြိုးတိုက်အခန်းနံပါတ် (၅)မှ ကြိုး သမားမောင်နီ၏ ဦးခေါင်းတွင် သံတံခါးနှ ဆိုင်ဆောင့်မိ၍ ဒဏ်ရာရသွားပါသည်။ အမြန်လာ၍ ဆေးထည့်ပေးပါရန် မေတ္တာရပ်ခံအ ပါသည်။

ထောင်မှူ

(ကြိုးတိုက်တာဝန်ခံ

မကြာမီပင် ဆရာဝန် လိုက်လာ၏။ ဆေးရုံမှ အကျဉ်းသား သူနာပြုကလေး ဆေးလင်ဗန်းကို ကိုင်ကာ ကြိုးတိုက်ဘက် ကူးသွားကြ၏။

ကျွန်တော် ပါလာလျှင် မောင်နီ ဆေးအထည့်မခံဘဲ ကတ်သတ်နေဦးမည်ဖြစ် ကျွန်တော် မလိုက်တော့ဘဲ ဆရာဝန်အား အကျိုးအကြောင်း ပြောပြ၍ ထောင်ကြ အုပ်တစ်ဦးအား ထည့်လိုက်သည်။

မောင်နီသည် ထောင်ပိုင်ဝန်လာ၍ သူ့အား စစ်ဆေးမေးမြန်းမည်ကို စောင့်နေ ဆရာဝန် ရောက်လာ၍ အံ့ဩသွား၏။ အစသော် ထောင်ပိုင်ဝန်က ကျွန်တော်၏တို ကြားရုက်အပြင် ဆေးထည့်ခိုင်းသည်ထင်၍ ဆေးထည့်ခံရန် ငြင်းနေသေး၏။ ဆ ဝန်က ချော့မော့ဆေး ထည့်ပေးမှငြိမ်သက်စွာ ဆေးထည့်ခံလေသည်။ မောင်နီသ ဆရာဝန် ဆေးထိုးပေးပြီးနောက် နဖူးမှ ဒဏ်ရာကို ဆေးထည့်ပေးသည်ကို ငြိမ်သ စွာ ခံနေသည်။



သူ့မျက်စိရှေ့တွင် ရောက်နေသော ဆေးပုလင်း၊ ဝါဂွမ်း၊ ပတ်တီးလိပ်၊ ကတ်ကြေး များ ထည့်ယူလာသော ကြွေရည်သုတ် ဆေးလင်ဗန်းကလေးကို စိုက်ကြည့်နေ၏။ လင်ဗန်းကလေးထဲသို့စိုက်ကြည့်ရင်းလင်ဗန်းထဲတွင်ပက်လက်ကလေးကျနေသော သတ်ဝါးခန့်စာရွက် ကလေးကို မြင်လိုက်၏။

မောင်နီသည် လင်ဗန်းထဲမှ စာရွက်ကလေးကို ကောက်ယူ၍ ဖတ်ကြည့်လိုက် သည်။ စာရွက်ကလေးမှာ ကျွန်တော် ဆရာဝန်အခေါ်ခိုင်းစဉ်က ရေးပေးလိုက်သော စာဖြစ်၏။ ဆရာဝန်က အမှတ်မထင် ဆေးလင်ဗန်းထဲ ထည့်လိုက်ရာမှ မောင်နီဆီသို့ ပါလာခဲ့ခြင်းဖြစ်သည်။ မောင်နီသည် ကျွန်တော့်လက်ရေးနှင့်စာကို ဖတ်ရင်းမျက်ရည် ဝိုင်းလာ၏။ ဦးခေါင်းကိုယမ်းကာ သက်ပြင်းချလိုက်သည်။



"နေဝင်ကောင်း၍ အိပ်ထဲတွင် အိပ်နေသော ဒေါ်ငွေမသည် အမြင်မှ နူးနူးညံ့ညံ့ အသံကြား၍ ထွက်လာခဲ့ မောင်နီ၏ တးချက်ဖြင့် အေးစိန် သပိုးငယ်ကလေးကို ပွေ့ချီ ရင်း လဲကျသွားသည်ကို မြင်လိုက်ရ၏။ သွေးအိုင်ထဲတွင်လဲနေသော အေးစိန်၏ ရင်ခွင်ထဲမှ မြေးကလေးကို ဝင်၍ ပွေ့ချီကာ – 'မောင်နီ ကျုပ်သမီးကို သတ်နေပါပြီ၊ လာကြပါဦး' တု အော်ဟစ်ရင်း ထွက်ပြေးရှာလေ၏

www.burmeseclassic.com

တဖြည်းဖြည်းနှင့် သွေးအေးလာသည်နှင့်အမျှ မောင်နီ နောင်တရလာ၏။ တစ်ညလုံးလည်း မောင်နီ အိပ်မပျော်တော့ချေ။

ပြကွင်းမှ ဘုရားပုံတော်ကိုဦးချရင်း ကျွန်တော့်မျက်နှာကိုမြင်လာ၏။ ကျွန်တော်ပေးထားသော စိပ်ပုတီးကိုကိုင်ရင်း ကျွန်တော့်ကို သတိရနေ၏။ ကျွန်တော်နှုတ်တိုက်ချပေး၍ ရနေသော ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုရင်း ကျွန်တော့်ကို အောက်မေ့စိတ်ဖြစ်ပေါ်နေ၏။ နောက်ဆုံး မောင်နီ မျက်ရည်ကျလေတော့သည်။

☆☆☆

ကောင်းသတင်းဖြစ်စေ၊ မကောင်းသတင်းဖြစ်စေ ထောင်အုတ်ရိုးအတွင်း၌ သတင်းတစ်ခု ထွက်လာလျှင် (၅)မိနစ် အတွင်း တစ်ထောင်လုံး ပျံ့နှံ့သွားတတ်သည်။

တနင်္ဂနွေနေ့ညနေပိုင်းတဖြစ်သောတိုင်မှာ တနင်္လာနေ့နံနက် ထောင်ပိုင်ဝန်ရုံး[illegible] သိနှင့်ပြီးဖြစ်နေ၏။ ထောင်ပိုင်ဝန်က ရုံးခန်းသို့ ရောက်[illegible] ကျွန်တော့်အား ခေါ်၍ မောင်နီနှင့်ဖြစ်သော အကျိုးအကြောင်းကို ခေါ်၍ [illegible] ကျွန်တော့်အား အပြစ်တင်ခြင်းထက် ကြိုးသမားနှင့် ရန်ဖြစ်သည်ဆို၍ [illegible]နေရ ရသည်။

ကျွန်တော်သည် ထောင်ထဲတွင် အကျဉ်းသားများနှင့် ပဋိပက္ခဖြစ်ဖူးသူ မဟုတ်ပေ။ အကျဉ်းသားများဘက်မှ ပါဝင်ကူညီဖေးမ ပြောဆိုလေ့ရှိသဖြင့် ထောင်အမှုထမ်းအရှင်းချင်းကပင် အပြစ်တင်ခြင်း ခံရသူဖြစ်သည်။ ထောင်ပိုင်ဝန်အား အဖြစ်အပျက်အားလုံးကို အစအဆုံး ရှင်းလင်းတင်ပြလိုက်ပါသည်။ ထောင်ပိုင်ဝန်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီး ပြုံးနေပါသည်။

ကျွန်တော့်အား အကျိုးအကြောင်း တွေ့ဆုံမေးမြန်းပြီး ထောင်ပိုင်ကိုယ်တိုင် ကြိုးတိုက်သို့သွားသည်။ တနင်္လာနေ့တိုင်းလည်း ထောင်ပိုင်ဝန်သည် ထောင်အတွင်း ဝင်ရောက်စစ်ဆေးလေ့ရှိသည်။

ထောင်ပိုင်ဝန်သည် ကြိုးတိုက်တွင် တစ်ခန်းစီ ဝင်ရောက်စစ်ဆေးပြီး သူတို့၏ ကျန်းမာရေး၊ နေထိုင်ရေး၊ အစားအသောက်၊ အယူခံစသည်များကိုမေးမြန်းနေသည်။ မောင်နီအခန်းသို့ ရောက်သော်လည်း မသိဟန်ဆောင်၍ မေးနေကျအတိုင်း မေးမြန်း[illegible]။ ထောင်ပိုင်ဝန်သည် မောင်နီ၏ဦးခေါင်းမှ ဒဏ်ရာကို စိုက်ကြည့်လိုက်သည်နှင့် [illegible]င်နီ၏ ဦးခေါင်းမှာ အောက်သို့ ငုံ့သွားသည်။ မောင်နီ၏ မျက်နှာလည်း ကောင်း[illegible]ကို ထောင်ပိုင် သတိထားမိသည်။

"တဲ့ - မောင်နီ - မင်းခေါင်းက ဒဏ်ရာက ဘာဖြစ်တာလဲ"

"တံခါးနဲ့ တိုက်မိတာပါ ဆရာကြီး"

"တာ့ - တံခါးနဲ့ တိုက်ရအောင် တံခါးက မင်းကို လာတိုက်တာလား၊ မင်းက တံခါး[illegible] သွားတိုက်တာလား"

"တံခါးကို ကျွန်တော်က သွားတိုက်တာပါ"

"ဟေ့ - တံခါးကို မင်းက သွားတိုက်ရအောင် တံခါးနဲ့ ရန်ဖြစ်လို့လား"

"မဟုတ်ပါဘူး ဆရာကြီး၊ မတော် တဆပါ"

"တာ - မတော်တဆသာဆိုတယ်၊ မင်းဒဏ်ရာက မသေးပါလား။ ငါ့ကို မှန်မှန်[illegible]စမ်း။ မင်း ဒီဒဏ်ရာ ဘာဖြစ်တာလဲ၊ မင်းတို့ ကြိုးတိုက်ထောင်မှူးကော[illegible]ကြောင်း သိရဲ့လား၊ ငါ့ကိုလည်း ဘာမှမပြောပါလား"

မောင်နီသည် ထောင်ပိုင်၏အမေးကို ဘာမျှပြန်မဖြေဘဲ သံတိုင်ကိုကိုင်၍ ငိုင်ငိုင်[illegible]ပ်တာ မျက်ရည်လည်နေ၏။

"ကျွန်တော် မှန်တဲ့အတိုင်း ပြောပါ့မယ် - ဆရာကြီး။ ကျွန်တော် မနေ့က ထောင်[illegible] ရန်ဖြစ်ပြီး ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်ဘဲ သံတိုင်နဲ့ ခေါင်းနဲ့ တိုက်[illegible]ပါတယ်"

"ဘယ်ထောင်မှူးလဲ"

"ကြိုးတိုက်ထောင်မှူးပါ"

"တာ့ - အဲဒါ မင်းဆရာဆို"

"တုတ်ပါတယ် - ဆရာမကပါဘူး၊ ကျွန်တော် မိဘလို ချစ်ခင်အားကိုးနေသူပါ။ [illegible]ခဲ့ - မနေ့က ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်အောင် ဖြစ်သွားပါတယ်"

"ဘာလဲ - ထောင်မှူးက မင်းကို ရိုက်သလား"

"မရိုက်ပါဘူး"

"ဆဲသလား"



www.burmeseclassic.com

www.burmeseclassic.com

"ဆဲလည်း မဆဲပါဘူး"

"ဟာ - ဒါနဲ့ ရန်ဖြစ်တယ်ဆို"

"ရန်ဖြစ်တယ်ဆိုပေမယ့် ကျွန်တော် တစ်ယောက်တည်း ဒေါပွပြီး အော်ဟစ်
ဆူဆဲလုပ်မိပါတယ်။ ဆရာ ကျွန်တော့်ကို ဘာမှပြန်မလုပ်ဘဲ ကျွန်တော့်ခေါင်းက ရို
မိတဲ့ ဒဏ်ရာကို ဆရာဝန် ခေါ်ပြီး ဆေးထည့်ပေးသွားပါတယ်"

"ထောင်မှူးက မှားတာလား၊ မင်းက မှားတာလား"

"ကျွန်တော် မှားတာပါ။ ကျွန်တော့်အပေါ် စေတနာမေတ္တာထားတဲ့ဆရာ့ကို
ကားမိတဲ့ ကျွန်တော့်အမှားကို ကျွန်တော်သိပြီး ယူကျုံးမရဖြစ်နေပါတယ်"

"အေး - ကိုယ့်အမှားကို ကိုယ်သိရင် ကောင်းတာပေါ့ကွာ။ နေရာတကာ
ဒေါသရှေ့ထားရင် ကောင်းတာပဲ မောင်နီ။ မင်းဘဝမှာ ဒေါသကြောင့် အမှားအမျိုး
တွေ ကြုံခဲ့ပြီထင်တယ်လား"

"ဟုတ်ပါတယ် - ဆရာကြီး၊ ကျွန်တော့်ဆရာကို ကျွန်တော် တောင်းပန်ပါရစေ
ကျွန်တော် ရှိုးခိုးတောင်းပန်ပြီး ဆရာက တော့နုပ်ပါတယ်ဆိုမှ ကျွန်တော် အသေဖြေ
ပါတယ်ဆရာကြီး၊ ဆရာတများ ကျွန်တော့်အပေါ် မကျေနပ်ရင် ကျွန်တော် ကြိုးစင်
ရောက်တောင်မှ"

"တော့ - တော့ - မောင်နီ - တော် - တော်၊ မင်းဆရာကို ငါ အခုခေါ်ပေးမယ်၊
ကြိုက်သလို တောင်းပန်ပေါ့ကွာ"

ထောင်ပိုင်ဝန်သည် မောင်နီ၏ စကားကို ဆက်နားမထောင်တော့ဘဲ ကျွန်တော်
အား ချက်ချင်းပင် ခေါ်လွှတ်လိုက်ပါသည်။

☆☆☆

ကြိုးတိုက်သို့ ကျွန်တော် ရောက်ပြီး သံတံခါးရှေ့တွင် မတ်တတ်ရပ်လိုက်သည်
နှင့် မောင်နီသည် ကျွန်တော့်အား မျက်ရည်ဝိုင်းသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်
နေရှာသည်။

"ဆရာ့ကို ရှိခိုးတောင်းပန်ပါရစေ ဆရာ၊ ကျွန်တော် မကန်တော့ခင် ဒီစာက
ကို ဖတ်ပြီး မနေ့က ကျွန်တော်ရဲ့ မိုက်မှားမိတဲ့အပြစ်ကို ခွင့်လွှတ်ပါ"

မောင်နီသည် သံတိုင်ကြားမှ စာရွက်ခေါက်ကလေးတစ်ခုကို ကျွန်တော့်အား
လှမ်းပေးပြီး ဒူးထောက်၍ ထိုင်ချလိုက်ပါသည်။

သူငယ်ချင်း မောင်နီ

မင်း စိတ်ကောင်းကောင်းထားပြီး ဒီစာကို ဖတ်ပေါ့ကွာ။ ငါလည်း မင်းဆီကို ကိုယ်
တိုင် လာပြောချင်ပေမယ့် ဒီနှစ် မိုးဦးကောင်းပြီး လယ်တွေက ရေလျှံနေလို့ စာတိုက်
ထဲ စာနဲ့ ရေးလိုက်ရတယ်။

လွန်ခဲ့တဲ့ ဝါဆိုလဆန်းတစ်ရက်နေ့ကပဲ ရွာမှာ ကျန်ခဲ့တဲ့ မင်းရဲ့သမီးကလေး ဆုံး
သွားတယ်။ မင်းရဲ့ ယောက္ခမကြီးလည်း သူ့မြေးကလေးရဲ့စိတ်၊ သေသွားတဲ့ သမီးရဲ့
စိတ်တွေနဲ့ မစားနိုင်၊ မသောက်နိုင်ဖြစ်ပြီး ဝါဆိုလဆန်း (၁၀)ရက်နေ့ကပဲ ဆုံးသွား
ပြီတယ်။

ရွာမှာတော့ မင်းအတွက် သံယော ဇဉ်တွယ်စရာ လက်ကျန်မရှိတော့ဘူးပေါ့
ကွာ။ မင်းသာ ဒီရတနာသုံးပါး သတိရပြီး ချမ်းသာပါစေလို့တို့ ဆုတောင်းလိုက်ရတယ်
သူငယ်ချင်း။

မောင်သော့

ကုန်းကြီးရွာ၊ ကျောက်ဆည်မြို့နယ်

(မြစ်သားစာတိုက်)

သူ့စာကိုဖတ်ပြီး ကျွန်တော်ပါ စိတ်မကောင်းဖြစ်သွားသည်။ စာဆုံး၍ သူ့ကို
ကြည့်လိုက်သောအချိန်တွင် မောင်နီသည် ကျွန်တော့်အား ပေါက်ဆိန်ပေါက် ကန်
တော့နေသည်ကို တွေ့ရသည်။

ကျွန်တော်သည် သူ့ကိုကြည့်ရင်း ကြိုးတိုက်သို့ ရောက်ခါစက သူပြောပြဖူးသော
သူ့အဖြစ်အပျက် သူ့အမှုအကြောင်း ကို ပြန်လည်သတိရနေပါတော့သည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကုန်းကြီးရွာသား မောင်နီသည် မိဘမျာ မရှိသည့်နောက် မိဘလက်ငုတ် လယ်ကလေးကိုပင် ကြိုးကြိုးကုတ်ကုတ် လုပ်ကို နေသူဖြစ်၏။

မောင်နီသည်အလုပ်ကိုကြိုးစား၏။ အနေအထိုင်ကျစ်လျစ်၏။ သဘောကော ၍ ရိုးသား၏။ ပေါင်းသင်းဆက် ဆံရေးကောင်း၏။ မောင်နီမှာ ဒေါသကြီးတတ်သေ ညည်ဆိုးတစ်ခုသာ ရှိပေ သည်။

မောင်နီ ဒေါသကြီးမှုကြောင့် မကြာခဏ သူကြီးအိမ် ရောက်ခဲ့ရ၏။ မည်မျှ ခင်မင်သူဖြစ်စေ ဒေါသထွက်ချိန်တွင် ထင်မိထင်ရာ ပြောတတ်၏။ တစ်ဖက်က လုပ်တတ်၏။ သို့သော် သူ့အမှားကို သူ သိတတ်၍ တောင်းပန်တတ်ခြင်းကြော ရုံးပြင်ကနား မရောက်ခဲ့ရပေ။

ဘဲရွာထဲနေ မုဆိုးမကြီး ဒေါ်ငွေမတွင် သမီးတစ်ယောက်သာ ရှိ၏။ နာမည်မှ အေးစိန်ဖြစ်သည်။ အေးစိန်သည် အလှကြီး အချောကြီး မဟုတ်သော်လည်း အရုပ်ဆိုး ရုမဟုတ်ပေ။ အေးစိန်သည် ရိုးရိုးအအဖြစ်သော်လည်း စကားတတ်၏။

ဒေါ်ငွေမသည် ခသောက်ခြားမရှိသည့်နောက် သမီးကလေးနှင့်ပင် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်နေခဲ့သည်။ မောင်နီသည် ဒေါ်ငွေမ၏သမီး အေးစိန်ကို မျက်စိ ကျနေ၏။ အေးစိန် တောက်စိုက်ရာ၊ ပျိုးနုတ်ရာ၊ ရေခပ်ရာတို့တွင် မောင်နီ တကောက် ကောက် လိုက်ခဲ့သည်။ အေးစိန်ကလည်း မောင်နီ့ဘက် ပါချင်ချင်ဖြစ်နေသည်၊ သို့ သော်မိခင် ဒေါ်ငွေမ၏သဘောကိုမသိရသေး၍မောင်နီ၏မေတ္တာကိုလက်မခံဝံ့သေး ပေ။

အမေဒေါ်ငွေမကိုအရင်အကဲစမ်းသည့်သဘောဖြင့်မောင်နီတကောက်ကောက် လိုက်နေကြောင်း ပြောပြ၏။ ဒေါ်ငွေမကလည်း အလုပ်အကိုင်တော် ၍ အနေအထိုင် ကျစ်လျစ်ရိုးသားသော မောင်နီ့အပေါ်တွင် ငြင်းဆန်ရမလို၍ သမီးအား မကန့်ကွက် ပေ။

အေးစိန်သည် အမေ ဒေါ်ငွေမ၏ သဘောကို ရိပ်မိသည်နှင့် မောင်နီ၏ မေတ္တာကို လက်ခံလိုက်လေသည်။ မကြာမီ မုဆိုးမကြီး ဒေါ်ငွေမ၏ သမီး အေးစိန်နှင့် တစ်ကိုယ် တည်းသမား မောင်နီတို့ လူကြီးစုံရာနှင့် ကန်တော့ပြီး လင်မယားဖြစ်ခဲ့ကြသည်။



မောင်နီသည် မိန်းမရပြီးသည့် အချိန်တွင် လယ်အလုပ်များကို ယခင်ကထက် ပို၍ကြိုးစားသည်။ မောင်နီသည် မိဘမရှိ၊ ဆွေမျိုးမရှိ၊ ညီအစ်ကို မောင်နှမ မရှိ၊ တစ် ကိုယ်တည်းသမားဘဝကပင် အလုပ်ကိုကြိုးစားလုပ်တတ်သူဖြစ်၏။ ယခု မောင်နီ၏ ဘဝမှာ စိုပြေ၍လာချေပြီ။ တာဝန်လည်း ပို၍လာလေပြီကိုသိသော မောင်နီသည် သစ်ဝမ်းတစ်ခါး ဘဝကထက်ပို၍ အလုပ်ကို တိုးချဲ့လာ၏။

ဇနီးဖြစ်သူ အေးစိန်ကလည်း လိမ္မာရေးခြားရှိ၏။ လင့်ဝတ္တရားကို သိ၏။ မောင်နီ လယ်ထဲအလုပ်ဆင်းနေစဉ် အေးစိန် အိမ်မှထမင်းချက်၍ လိုက်ပို့၏။ မောင်နီ ထမင်း စား၍နားနေစဉ် လယ်အလုပ်များကို အေးစိန်က ဝင်ကူညီလုပ်၏။ အိမ်ပြန်ရောက် ချိန်တွင် မောင်နီ့အဝတ်တွေ လျှော်ဖွပ်ထား၏။ မောင်နီ ထမင်းစားဖို့အသင့်ချက်ထား ၏။ အချက် အပြုတ်ကိုစွပြီးသည်နှင့် နွားစာစဉ်း၏။ မောင်နီပြန်လာလျှင် ချိုးရန် ရေကာ အစ ခပ်ထားသည်။

မောင်နီကလည်း လယ်ထဲက အိမ် ပြန်ရောက်လျှင် ဇနီးဖြစ်သူ လုပ်ကိုင်ထား သည်များကိုကြည့်၍ တပြုံးပြုံးဖြစ်နေ၏။ အေးစိန်အား ယခင်ကလို ကောက်စိုက် ပျိုးနုတ်အလုပ်များကိုမလုပ်ရပေ။ ရှေ့သွားနောက်လိုက်ညီသော သမီးနှင့် သမက်ကို ကြည့်၍ ဒေါ်ငွေမလည်း တပြုံးပြုံးဖြစ်နေရှာ၏။ ရွာထဲမှ မိတ်ဆွေများက ဒေါ်ငွေမအား သားမက်ရတော်ကြောင်း ချီးကျူးစကား ပြောကြ၏။ ဒေါ်ငွေမကမူ ခပ်ပြုံးပြုံးပင် ခေါင်း ညိတ်ပြလေ၏။

မောင်နီနှင့် အေးစိန်တို့အိမ်ထောင် ဘက်တစ်နှစ်ကျော်သောအချိန်တွင် သမီးဦး အလေးတစ်ယောက် ထွန်းကားလာ၏။ မောင်နီတို့ဇနီးမောင်နှံမှာ သမီးဦးကလေးကို ကြည့်၍မြူးနေကြ၏။ ဒေါ်ငွေမအဖို့မူ မြေးဦးကလေးရ၍ မြူးရ ရှာသည်မှာ အရှုးတစ် ပိုင်းဖြစ်၏။ မြေးကလေးကို ပွေ၍ လူတကာကို ပြရရှာသည်မှာ အမောပင်ဖြစ်၏။

မောင်နီသည် အလုပ်ကို ကုန်းနေအောင် လုပ်၏။ လယ်ထဲမှ အလုပ်မည်မျှ ပင်ပန်းလာစေကာမူ အိမ်အရောက် ဇနီးနှင့် သမီးကလေးကိုမြင်လိုက်ရလျှင် ရွှင်လန်း သွား၏။ သမီးကလေး (၃၊၄) လရလျှင် မောင်နီတစ်ယောက်တည်း ပင်ပန်းနေသဖြင့် အေးစိန်က လယ်ထဲ လိုက်၍ကူ၏။ မောင်နီက အေးစိန် သွေးနုသေးသည်ဆို၍ ဘာ အလုပ်မှ လုပ်ခွင့် မပြုပေ။

www.burmeseclassic.com

တစ်စတစ်စနှင့် သမီးကလေးအခါလည်အရွယ်သို့ရောက်ခဲ့ပြီ၊ မောင်နီတို့အိမ်ထောင်သက်လည်း နှစ်နှစ်ကျော်ခဲ့ပြီ၊ မောင်နီသည် ဇနီးနှင့် သမီးကလေးအား ချစ်လိုက်သည်မှာ မျက်စိအောက်မှပင် အပျောက်မခံနိုင်ချေ။

မိုးဦးတစ်ညတွင် မိုးကြီးသည်းထန် စွာ ရွာချလေ၏၊ မောင်နီသည် မိုးမလင်းမီကပင် ထ၍ လယ်ထဲသို့ ဆင်းသွား၏။ ညက မိုးကြီးသည်းထန်စွာ ရွာလိုက်၍ ပျိုးခင်းများ ရေလျှံတော့မည်ကို မောင်နီက ပူပန်၍ စောစောကြီး ထသွားခြင်းဖြစ်၏၊

မောင်နီသည် နေမထွက်မီကပင် ချွေးထွက်အောင် ကန်သင်းများဆယ်၍ ရေထုတ်ရ၏၊ ရေဝင်ပေါက်များကိုပိတ် ရ၏၊ နေအတော်မြင့်မှ မောင်နီ အလုပ်ကနား၏၊ အလုပ်နားသည်ဆိုလျှင် ထမင်းလည်း ဆာလှချေပြီ၊ အခါတိုင်း သည်အချိန်တွင် အေးစိန် ထမင်းလာပို့မြဲဖြစ်၏၊

အခြားနေ့များတွင် မောင်နီ အိပ်ရာ မှထပြီး ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ဆီဆမ်း ချိုချဉ်မုန့်အချို့နှင့်တားတော်ပဲပြုတ်ကလေးဆီဆမ်း၍လက်ဖက်ရည်ကြမ်းနှင့် အသာပြုစုခဲ့ရသည်၊ ယနေ့ မိုးမလင်းမီကပင် ထ၍ မျက်နှာသစ်ပြီး လယ်ထဲသို့ ခေါင်းပေါင်းထားသော ပုဆိုးဟောင်းနှင့် မျက်နှာသုတ်ခဲ့ရသည်၊

မောင်နီအဖို့ အလုပ်က ပိုပင်ပန်းသဖြင့် ပိုဆာနေသည်၊ အေးစိန်အဖို့ ခါတိုင်းထတ်ဝင် ယနေ့ စီရိယူထား၍ ထမင်းလာပို့ဖို့ ကောင်းသည်၊ ယခုမူ ခါတိုင်းပို့နေကျအချိန်ထက်ပင် နောက် ကျနေသည်၊

မောင်နီသည် စောင့်ရင်းစောင့်ရင်း ကပင် ထမင်းဆာလွန်း၍စိတ်တိုလာ သည်၊ သစ်ပင်ရိပ်တွင်အမောဖြေရင်း အေးစိန်ကိုမျှော်ရသည်၊ အေးစိန်ကား ပေါ်မလာချေ၊ တဖြည်းဖြည်းနှင့်စိတ်တိုရာမှ ဒေါသကြီးလာပြီဖြစ်သော မောင်နီသည် နွားနှစ်ကောင်ကို သစ်ပင်တွင် ချည်ထားခဲ့ပြီး တောခုတ်ဓားမကို ခါးကြားထိုး၍ ရွာသို့ ပြန်လာခဲ့သည်၊

အိမ်သို့ရောက်လျှင် အိမ်ရှေ့တွင် အေးအေးဆေးဆေးထိုင်၍ ကလေးနို့ တိုက်နေသော အေးစိန်အား တွေ့ရ၏၊

"ဟေ့ - အေးစိန် - ဘာလို့ ငါ့ကို ထမင်းလာမပို့သေးတာလဲ၊ ငါ့မှာဖြင့် လယ်ထဲကနေ တမျှော်မျှော်နဲ့၊ နင်ကဖြင့် ဒီမှာ အေးအေးဆေးဆေး၊ အံ့ပါရဲ့ဟာ"

မောင်နီသည် ခေါင်းတွင် ပတ်ထားသော ပုဆိုးဟောင်းဖြင့် မျက်နှာမှ ချွေးများကို သုတ်ရင်း ကြမ်းပြင်ပေါ်သို့ ထိုင် ချလိုက်သည်၊

"ကျုပ်လည်း စောစောထပြီး ထမင်းချက်မလို့ဟာ၊ အမေကလည်း ကောင်းကောင်း နေမကောင်းဘူး၊ ကလေးကလည်း ချလို့မရမို့၊ ခုတွင်ကမှ ချက်ရတယ်တော်ရေ့ တော် - ဆာတာချည့် ပြောမနေ နဲ့၊ အိမ်မှာ ကျုပ်လည်း ဘယ်လိုလုပ်နေရတယ်ဆိုတာ ကြည့်ဦး"

"အောင်မာ - ငါက နင့်ကို ဒါလောက် သက်သာအောင်ထားတာ၊ ဒီတစ်ရက်ကလေး နင်ပင်ပန်းရတာနဲ့ တော် ဆာတာချည့် ကြည့်မနေနဲ့လေး၊ ဘာလေးနဲ့၊ နင့်တားက - ကဲ - နင်ချက်တဲ့ထမင်းလည်း ငါမစားချင်ဘူး၊ ငါ့ကို နောက်လည်း ချက်မကျွေးနဲ့တော့"

မောင်နီသည် ပြောပြောဆိုဆို ချက်ထားသောထမင်းအိုးကို မီးဖိုပေါ်မှ ကန်ချလိုက်၏၊

"တော် မစားချင်နေပါ၊ ထမင်းအိုးကိုတော့ မခွဲပါနဲ့၊ နေမကောင်းတဲ့ ကျုပ် အမေစားဖို့ ရှိပါသေးတယ်"

"အောင်မယ် - နင့်အမေစားဖို့တော့ သိတတ်တယ်၊ ငါ့ကျတော့ အငတ်ထားတယ်ပေါ့ ဟုတ်လား၊ ကဲ - အကုန်ငတ်ဟာ - ကဲ - ကဲ"

မောင်နီသည် ပြောရင်းကပင် ထမင်းအိုး၊ ဟင်းအိုး၊ မီးဖိုထဲမှ ပန်းကန်ခွက်ယောက်များကို ရိုက်ခွဲပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်၊

"တော်ဟာ တစ်ကောင်ကြွက်ပီပီ တစ်ကောင်ကြွက်စိတ်ထားတယ်"

အေးစိန်ပါးစပ်မှ တစ်ကောင်ကြွက် ဆိုသောစကားသည် မောင်နီနားထဲသို့ "ဒိုင်း" ခနဲ ဝင်၍ဆောင့်လိုက်ရာ မျက်စိများ ပြာသွားပြီး မောင်နီတစ်ကိုယ်လုံး ဒေါသလွှမ်းမိုးသွားတော့၏၊

"ကဲဟာ - ငါ့ကို တစ်ကောင်ကြွက် ဆိုတဲ့ကောင်မ၊ ငါ အခုမှ တစ်ကောင်ကြွက်ဖြစ်မှာ၊ ကဲ - ကဲ"

မောင်နီသည် ပါးစပ်မှ ကြိမ်းမောင်းပြောဆိုရင်း ခါးကြားမှ တောခုတ်ဓားမနှင့် ထိုင်နေသော အေးစိန်အား တအား ခုတ်ချလိုက်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး - ကျုပ်သမီးလေး သေပါပြီ - ကလေး - ကလေး"

နေမကောင်း၍ အိမ်ထဲတွင် အိပ်နေသော ဒေါ်ငွေမသည် အပြင်မှ ဆူဆူညံညံ အသံကြား၍ထွက်လာစဉ်မောင်နီ၏ဓားချက်ဖြင့် အေးစိန် သမီးငယ်ကလေးကိုပွေ့ရင်း လဲကျသွားသည်ကို မြင်လိုက်ရ၏။ သွေးအိုင်ထဲတွင် လဲနေသော အေးစိန်၏ ရင်ခွင်ထဲမှ မြေးကလေးကို ဝင်၍ ပွေ့ချီကာ - "မောင်နီ ကျုပ်သမီးကို သတ်နေပါပြီ လာကြပါဦး" ဟု အော်ဟစ်ရင်း ထွက်ပြေးရှာလေ၏။

မောင်နီက နောက်မှ ဓားနှင့် လိုက်သေးသော်လည်း ရွာထဲမှ အသံကြား၍ ပြေးထွက်လာကြသော ရွာသားများကဝိုင်းဝန်းဖမ်းဆီးထားလိုက်ကြသည်။ ရွာသားများနှင့် သူကြီးရောက်လာသော အချိန်တွင် မောင်နီသည် ဓားကို လွှတ်ချပြီး - "ကျုပ် မှားသွားပြီ - သူကြီး၊ ကျုပ်ကို ဂါတ်တဲသာ ပို့ပါတော့" ဟု ပြောပြီး ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

အေးစိန်၏ အလောင်းနှင့်အတူ မောင်နီအား ရဲဌာနသို့ လှည်းနှင့်တင်၍ ပို့ရန် ရွာထဲမှ ထွက်လာသောအချိန်တွင် နောက်ပိုင်းမှ သမီးငယ်ကလေး၏ ငိုသံသည် မောင်နီ၏ နားထဲသို့ စူးဝင်သွားလေသည်။

ခေါင်းငုံ့နေသော မောင်နီအားကြည့်ရင်း ကျွန်တော် သက်ပြင်းချလိုက်မိပါသည်။

သူ့အကြောင်းကို သိထားပြီးဖြစ်၍ သူ့အပြစ်ကို ခွင့်လွှတ်ရန် ကျွန်တော် ဝန်မလေးပါ။ သို့သော်စိတ်နောက်ကိုလူလိုက်၍အမိုက်ကြီးမိုက်၊ အမှားကြီးမှားနေသော မောင်နီအတွက် ကျွန်တော် ရင်လေးမိသည်။

အကယ်၍သာ သူနေသောတိုက် ခန်းတံခါး ဖွင့်ထားစဉ်က သူနှင့် ကျွန်တော် ဝဋ်ပကွဖြစ်၍ သူ့မှာ ဤလိုစိတ် ရိုင်းစိတ်မိုက်များ ဝင်လာမည်ဆိုပါက မောင်နီပင် နှစ်ကြီးထပ်၍ ကျမည်လား၊ ကျွန်တော်ပင် ကြိုးတိုက်ထဲ ဝင်ရမည်လား မတွေးတတ်တော့ပါ။

သူနှင့် အချင်းများစဉ်က ဖြစ်ပေါ်လာသော ကျွန်တော်၏ဒေါသစိတ်ကို အချိန်မီ ထိန်းလိုက်နိုင်ခြင်းအတွက် လည်းဝမ်းသာမိသည်။ ကျွန်တော့်ဒေါသစိတ်ကိုထိန်းရန် သတိပေးလိုက်သော ထောင်ကြပ်ကြီးကိုလည်း သတိရတိုင်း ကျေးဇူးတင်မိသည်။



စိတ်ဆိုသည်မှာ သတိနှင့်သာ ထိန်း၍ရပေသည်။ သတိ တိမ်းချော်သော် စိတ်ကို ထိန်းနိုင်တော့ မည်မဟုတ်ပေ။

☆☆☆

ကြိုးတိုက်မှ ထွက်လာပြီး လမ်းတစ်လျှောက်လုံး မောင်နီ့အကြောင်းကိုတွေးလာခဲ့မိသည်။

ကျွန်တော် ရုံးခန်းရောက်မှ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။ ထိုအချိန်တွင် ထောင်ပိုင်ဝန်က အခေါ်ခိုင်းကြောင်း ထောင်ကြပ်ကလေးတစ်ယောက် လာ၍ခေါ်ပြန်၏။

စိတ်ချလက်ချ ထိုင်နေရာမှ ထောင်ပိုင်ဝန်ရုံးခန်းသို့ လိုက်သွားရပြန်သည်။ ထောင်ပိုင်ဝန်၏ ရုံးခန်းအရောက်တွင် ထောင်ပိုင်ဝန်က ကျွန်တော့်အား ဖောက်ပြီးသား ရုံးစာတစ်စောင်ကို လှမ်း၍ပေးလေသည်။

စာကို ကပျာကရာ လှမ်းယူပြီး ဖွင့်၍ ဖတ်လိုက်သည်။ ထိုစာမှာ တရားရုံးချုပ်မှ မောင်နီ၏ အယူခံကို ပယ်လိုက်သောစာဖြစ်နေလေသည်။

မောင်နီအဖို့တော့ မည်သို့တုန်လှုပ်ရှာလေမည်မသိ၊ ကျွန်တော့်ရင်မှာမူ တဆတ်ဆတ် ခုန်လာပါတော့သည်။

⟹ မင်းသုဝဏ်

**ဆင်ခြေထောက်ရှုပါ**


(၁) ကန့်ချုပ်နီမြစ်ခေါက်၊ ထင်းရှူးသား နှစ်မျိုးရော၍ နွားနက်ကျင်ငယ်ရည်နှင့် သွေး လိမ်းပါ။


(၂) နွားနက်ကျင်ငယ်ရည်နှင့် ချင်းခြောက်မှုန့်ရောကာ နွေ့စဉ်သောက်ပါ။

(၃) ခွေးလျှောယားမြစ်အမှုန့်ကို ဆီနှင့်ချက်၍ လိမ်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

> တန်ခိုးကြီးဘုရားကို မျှော်ခိုတုတ်ရန် ခိုးယူရာမှ ဒုက္ခတွေ့လာကြရသည့် လူတစ်စုအကြောင်း

**ဒေါ်ငြိမ်းမယ်** အသက်က လေးဆယ်ရှိနေပြီ။

သားသုံးယောက်၊ သမီးတစ်ယောက်ရှိပေမယ့် အားလုံးအိမ်ထောင်ခွဲသွားကြသူတွေ။

နေတာက ကြည့်မြင်တိုင်၊ သဲကွင်းမှတ်တိုင်၊ ငှက်ပျောအုန်းဈေးရဲ့အနောက်ဘက် လှိုင်မြစ်တစ်ဖက်ကမ်းမှာ နေတယ်။

မြေကွက်ကလေးတစ်ကွက်နဲ့ အိမ်ကလေးတစ်လုံးပိုင်တာ။ သားတွေ၊ သမီးတွေက တစ်စစီ ခွဲယူလိုက်ကြတာ။ ဒေါ်ငြိမ်းမယ် ပိုင်ဆိုင်မှုလက်လွတ်ဖြစ်သွားရတော့၊ ပထမတော့ သားတွေ၊ သမီးတွေက တစ်လှည့်စီ ကျွေးသေးတယ်။

သားတွေ၊ သမီးတွေမှာကလည်း အလုပ်ရယ်လို့ မည်မည်ရရမရှိတော့ သူတို့တစ်တွေ သားတွေ၊ သမီးတွေ မွေးလာတော့ ဒေါ်ငြိမ်းမယ်ကို တာဝန်မယူနိုင်တော့ဘူး။ ဒီတော့ ဒေါ်ငြိမ်းမယ် ဘုန်းကြီးကျောင်းမှာ မိန်းမကပ္ပိယအဖြစ် သွားနေနေတော့တယ်။

သူနေတဲ့ကျောင်းက ကြည့်မြင်တိုင်မြို့ရဲ့ အထင်ကရကျောင်းတိုက်ကြီးဖြစ်တဲ့ "ကျောင်းကြီးတိုက်ကျောင်း"ရဲ့ ဆွမ်းချက်ရုံမှာ အလုပ်ရခဲ့တယ်။

ဒီမှာ ကိုရင်ကြီး "ဦးလူချွေး"နဲ့တွေ့တော့တာပဲ။ ဦးလူချွေးဆိုတာကလည်း သားတွေ၊ ချွေးမတွေက ပစ်ထားလို့ ကြံရာမရဖြစ်ပြီး သက်န်းဆီးပြီး ကိုရင်ကြီး ဘဝနဲ့ ကျောင်းကြီးတိုက်မှာ ကပ်ရပ်ပြီး စားနေတဲ့လူ။ ဘုန်းကြီးစာ ဘာမှမတတ်။ မနက်မိုးလင်းရင် ကျောင်းဝိုင်းထဲမှာ အမှိုက်လှဲတယ်။ ရေခတ်ပေါ့။

အရက်ဆွမ်းကပ်ဖို့အတွက် နံနက်စာချက်ဖို့ တာဝန်ယူရတယ်။ ကိုယ်ရင်ကြီး ဦးလူချွေးမှ ဈေးထဲ အလှူခံထွက် လိုက်ရင် နံနက်အရက်ဆွမ်းအတွက် သစ်သီးဝလံဆိုတာ အလျှံအပယ်ရတယ်။

အဲဒီလိုရတဲ့အလှူခံပစ္စည်းထဲက ပိုလျှံနေတဲ့ ကုန်စိမ်းတွေကို ဒေါ်ငြိမ်းမယ်က ညနေတချင်ကျောင်းပေါက်ဝမှာ လင်ပန်းကလေးခင်းပြီး ရောင်းတယ်။ အရင်းမစိုက်ရတော့၊ တစ်နေ့တစ်ထောင် နှစ်ထောင်ရတယ်။ အဲဒါကလေးကို ကိုရင် ဦးလူချွေးနဲ့ အပ်ဝတ်စီခွဲယူပြီး သရေစာကလေး ဝယ်စားနဲ့ အလုပ်ဖြစ်နေတာပေါ့။

နေ့ဆွမ်းဆိုတာ ကျောင်းကြီးတိုက်မှာပိုလျှံနေတာ စားမကုန်လို့ ခွေးတွေတောင် ရှာကျွေးနေရတယ်။

နှစ်ယောက်သား ဝိုက်ဝတော့ ဟိုဟာဖြစ်လာတယ်။ ကြီးချင်းထား ကြီးရင်းချီး ဆိုးချင်းထား အိုးချင်းထိဆိုတော့ သူတို့နှစ်ယောက် လူမှုရေးနယ်ပယ်တွေ ကျုံ့တုန်ကြတော့။

တွဲ့ပဲနေနိုင်ပါ့မလား။ ကိုရင်လူချွေးကလည်း လောကီသား။ ဒေါ်ငြိမ်းမယ်ဆိုတာကတော့ မပြောနဲ့တော့၊ ဆွမ်းချက်ကြရတာ၊ သူတို့နှစ် ယောက်တည်း၊ ဘယ်သူမှ မရှိ။ ကြည့်မြင်တိုင်ရပ်ကွက်ဆိုတာက မီးအလွန်ပျက်တဲ့နေရာ၊ မှောင်မှောင်မည်းမည်းထဲမှာ ဒီနှစ်ယောက်တည်း အမြဲတွေ့နေရတာဆိုတော့ မှားကြတာပေါ့။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက အခုထင်ရှားကျော်ကြားနေတဲ့ "သကျမုနိ" ဘုရားကြီးက ချုံပုတ်ထဲမှာ စံပယ်နေတုန်း၊ ဘေးပတ်ပတ်လည်မှာက သစ်ပင်ချုံပုတ်တွေနဲ့ ရှုပ်ထွေးနေတာ၊ လူသွားလူလာလည်း ပြတ်တယ်။

ဒီတုန်းက ကျောင်းကြီးတိုက် မသန့်ရှင်းဘူး၊ ချဲရောင်းတဲ့ သက်န်းဝတ်၊ သစ်မှောင်ခိုသက်န်းဝတ်၊ မကောင်းတဲ့မိန်းမ မွေးစားနေတဲ့သက်န်းဝတ်၊ အတုတွေကြီးစိုးနေတဲ့အချိန်။

"နေလဂမ္ဘီရ" ဂျာနယ်မှာ သကျမုနိ ဘုရားအကြောင်းပါလာပြီး ဦးသန်းရွှေရဲ့ဇနီး ဒေါ်ကြိုင်ကြိုင်က ဒီသကျမုနိမြတ်စွာ ဘုရားကို ဖော်ထုတ်ပြုပြင်လိုက်တဲ့အချိန်မှာမှ အဲဒီသက်န်းဝတ်အတုတွေ ပျောက်ကုန်ပြီး အခုတော့ ကျောင်းကြီးတိုက်ထဲမှာ တကယ့်သာသနာ့ဝန်ထမ်းတွေပဲ ရှိပါတော့တယ်။

"ဒီမှာ ဒုက္ခရောက်ပြီ၊ ဈေးထဲကို အလှူခံမထွက်ရတော့ အပိုဝင်ငွေ မရတော့ဘူး။ ဒီမှာတင် လောဘစိတ်ကလေး ဝင်လာပြီ၊ ဒီသွမ်းချက်ရုံထဲမှာ နှစ်ပေါင်းတစ်ထောင်ကျော်က ထုဆစ်ထားတဲ့ ရှားပါးသစ်သားဖြစ်တဲ့ 'သစ်ကနက်သား' နဲ့ ထုဆစ်ထားတဲ့ လူတစ်ရပ်စာအမြင့် 'မဟာရုပ်ပွားတော်ကြီး' ရှိနေတယ်လေ



အခုကိုရင်ကြီးဦးလူခွေးနဲ့ ဒေါ်ငြိမ်းမယ်တို့ပြဿနာက ကျောင်းကြီးတိုက် မသန့်ရှင်းခင်က ဖြစ်ခဲ့တဲ့ပြဿနာ ပါ။

"လှံ့ထမ်းလာတာ မြင်ရပေမယ့်"

"ကံထမ်းလာတာ မမြင်ရဘူး"

ဆိုတဲ့ ရှေးလူကြီးတွေ စကားလိုပါပဲ၊ ဒေါ်ငြိမ်းမယ်တို့ တိတ်တိတ်ပုန်း ခိုးစားနေတာ၊ ကြာတော့ ကလေးရှိလာတယ်လေ။

ဒီမှာတင် ကျောင်းထိုင်ဆရာတော်ကြီးက ကိုရင်လူခွေးကို လူထွက်ခိုင်းပြီး ဒေါ်ငြိမ်းမယ်နဲ့ လက်ထပ်လို့ ပေးစားလိုက်ရတော့တာပေါ့။

ဒီမှာ ဒုက္ခရောက်ပြီ၊ ဈေးထဲကို အလှူခံမထွက်ရတော့ အပိုဝင်ငွေ မရတော့ဘူး။ ဒီမှာတင်လောဘစိတ်ကလေးဝင်လာပြီ၊ ဒီသွမ်းချက်ရုံထဲမှာက နှစ်ပေါင်းတစ်ထောင်ကျော်က ထုဆစ်ထားတဲ့ ရှားပါးသစ်သားဖြစ်တဲ့ "သစ်ကနက်သား" နဲ့ ထုဆစ်ထားတဲ့ လူတစ်ရပ်စာအမြင့် "မဟာရုပ်ပွားတော်ကြီး" ရှိနေတယ်လေ၊ ဒီရုပ်ပွားတော်ကြီးကို ရှတ်စိကျနေတဲ့ ဘုရားမှောင်ခိုသမားတစ်ယောက်နဲ့ ပေါင်းမိပြီး ဒီသစ်ကနက် ဘုရားကို ခိုးဖို့ ကိုရင်ကြီး ဦးလူခွေးနဲ့ ဒေါ်ငြိမ်းမယ်တို့နှစ်ယောက် တာဝန်ယူလိုက်ကြတယ်။

ရမယ့်ပိုက်ဆံက နည်းနည်းမဟုတ်ဘူး၊ ငါးသိန်းတဲ့၊ အဲဒီခေတ်က ငါးသိန်းက (SE) အက်အီး၊ တက္ကစီတစ်စီးမှ လေးသိန်းပဲရှိတာဆိုတော့ ဘဝပြောင်းပြီပေါ့။ လောဘစိတ် ပြောပါတယ်။

ဒီလိုနဲ့ တစ်ညလူတွေလစ်တုန်း ဒီဘုရားကို ဖျာနဲ့လိပ်ယူပြီး စက်လှေနဲ့ အနောက်ဘက်ကမ်းက သူတို့သားတွေဆီ သွားပို့လိုက်ပြီး သူတို့နှစ်ယောက်ကတော့ အခြေအနေမပျက် သွမ်းလောင်းရုံမှာ ပြန်နေကြသတဲ့။

ဒီဘုရားအခိုးခံရတော့ ဘယ်ဘုန်းကြီးမှ မသိဘူး၊ မသိတာလည်း မဆန်းပါဘူး၊ ဆော်တော်တန်တန်ကိစ္စနဲ့ ဒီသွမ်းလောင်းရုံထဲကို ဘယ်ဘုန်းကြီးမှ မကြွကြပါဘူးတဲ့။

သွမ်းကပ်လည်း ဒီလင်မယား။

www.burmeseclassic.com

ပန်း၊ ဆီမီး၊ ရေချမ်းကပ်လည်း ဒီလင်မယားဆိုတော့ တချို့ကိုယ်တော်တွေက ဒီဘုရား ဒီဆွမ်းလောင်းရုံထဲရှိတာတောင် မသိကြဘူး။

ဘုရား ပျောက်ခြင်း၊ မပျောက်ခြင်း ကိစ္စ ဘယ်သူမှ ဂရုမစိုက်တော့၊ ဒေါ်ငြိမ်းမယ်တို့ကိစ္စ အောင်မြင်တယ်လို့ ဆိုရမှာပေါ့။ ကံကြမ္မာက သူတို့ဘက်က ပါနေတယ်လို့ ဆိုရမှာပေါ့၊

လူ့ဘဝတုန်းက "ထွေရာကျပန်း လုပ်ကိုင်စားသောက်ခဲ့ဖူးတဲ့ ကိုရင် လူချွေးက ကားမောင်းတတ်တော့ တက္ကစီတစ်စီးဝယ်ပြီး လုပ်ကိုင်စားမယ်ဆိုတဲ့ စိတ်ကူးနဲ့ အိပ်လိုက်တာ အရက်ဆွမ်းချက်ဖို့ နောက်ကျသွားသတဲ့၊

"ကိုရင်လူချွေး – ကိုရင်လူချွေး"

"ဟေ – ဘယ်သူတုံးကွ"

"ကျွန်တော်ပါ – ခင်ဗျားသားမက် စံလှပါ"

"တ – ဘာကိစ္စရှိလာလို့လဲ"

"ခင်ဗျားညည်းကြောင့်ထင်တယ်၊ ကျုပ်တို့တစ်အိမ်လုံး ဒုက္ခရောက်ကုန်ပြီ"

"အာ ... ဘာဖြစ်တာလဲ – ပြောပြစမ်း ပါဦး"

"ညက တစ်ညလုံး အိပ်ကြရဘူး"

"ဘာတုံး – သူခိုးတက်လို့လား"

"မဟုတ်ဘူး – ခင်ဗျားသားနဲ့ ခင်ဗျားသမီး အထက်လုန်၊ အောက်လျှောဖြစ်ပြီး နေ့တွေပဲ စားထားတာတွေ ပြန်အန်နဲ့ဖြစ်နေလို့ အခု အနောက်ပိုင်းဆေးရုံမှာ တင်ထားခဲ့ရတယ်"

"ဟေ – ဟုတ်လား။ အေး – အေး – ငါ အရက်ဆွမ်းကပ်ပြီး နောက်က လိုက်ခဲ့မယ်၊ မင်းတို့ တိုးတိုးတိတ်တိတ် ပြန်ကြ"

ဒီလိုနဲ့ ကိုရင်လူချွေးနဲ့ ဒေါ်ငြိမ်းမယ် တို့ ဘုန်းကြီးများကို အရက်ဆွမ်းကပ်ပြီး နံနက်(၇)နာရီလောက်မှာ အနောက်ပိုင်းဆေးရုံကို လိုက်ခဲ့ကြတယ်၊

ဆေးရုံရောက်တော့ သူ့သား အသက်က မြော့မြော့ပဲ ကျန်တော့တယ်။ သမီးကတော့ ဆေးရုံရတင်ပေါ် တင်လိုက်တာနဲ့ ဘာမှမကုရသေးဘဲ အသက်ထွက်သွားပါလေရောလား၊

မကြာပါဘူး။ မိုးတော်တော်လင်းတော့ သူတို့ရွာကလူတွေ တဖွဲဖွဲနဲ့ အနောက်ပိုင်း ဆေးရုံကို ရောက်လာကြတယ်၊



ရွာလုံးကျွတ်ပဲ ပြောပါတော့၊

လူနာလာပြီး မေးကြတယ်ထင်ရင် မှားလိမ့်မယ်၊ အမှန်က တစ်ရွာလုံး အထက်အန် အောက်လျှောဖြစ်နေကြလို့၊ ဆေးရုံတက်ဖို့ လာကြတာ၊

ကျေးရွာဥက္ကဋ္ဌ ခေါင်းခဲပြီ။

နံနက်စောစော ဘာမှမစားရမသောက်ကြရသေးဘဲအထက်လုန်အောက်လျှောဖြစ်တယ်ဆိုတော့ ထူး ဆန်းနေတာပေါ့၊

အစားမှားလို့ဖြစ်တယ်ဆိုရင်လည်း တစ်အိမ်ထောင်၊ နှစ်အိမ်ထောင်ပေါ့၊ အခုတော့ တစ်ရွာလုံးနီးနီးဖြစ်နေတာ၊

ဒီတော့ ဥက္ကဋ္ဌက ဂမ္ဘီရသမား၊ ဘုန်းကြီးလူထွက်ဗိုဗို ရွာကို စုန်းကိုက်ခံရပြီလား၊ နတ်ကိုက်ခံရပြီလား၊ ဒါမှမဟုတ် ရောဂါပါလာတဲ့ ညည့်သည်တစ်ယောက်ယောက်များ ရှိမလားလို့ စုံစမ်းလိုက်တော့၊

စက်လှေဆိပ်က ပွဲထောင်သမား ဖိုးထွားက ညက ကိုရင်လူချွေးတို့လင် မယား ဘာကြီးမှန်းမသိတဲ့ ပစ္စည်းရှည်ရှည်ကြီးတစ်ခု ဖျာနဲ့ လိပ်ယူလာကြောင်း ခိုခိုရဲ့ စက်လှေနဲ့ ပို့ပေးခဲ့ရကြောင်း ပြောတော့ ...

ရပ်ရွာကိုယ်စားလှယ်တွေကိုခေါ်ပြီးကိုရင်လူချွေးရဲ့အိမ်ပေါ်တက်ရှာလိုက်တော့ သုတ်တန်းပေါ်မှာ တင်ထားတဲ့ ဒီသစ်ကနက်ဘုရားကြီးကို တွေ့တော့တာပဲတဲ့၊

ဒီတော့ ဘုရားကြီးကို ဥက္ကဋ္ဌအိမ်ကို ပင့်၊ ရေမွှေးနဲ့သာတွေနဲ့ဆေး၊ ဆီမီးတွေ ပူဇော်၊ ကန်တော့ပွဲတွေပေးပြီး ...

"တပည့်တော်တို့ရွာသားတွေ ဒီကိစ္စမှာ မပါဝင်ပါဘူး၊ တစ်ခါတစ်ရံ မှားတာ ခွင့်လွှတ်တော်မူပါလို့" တောင်းပန်ကြသတဲ့၊

ချက်ချင်းပဲကြည့်မြင်တိုင်ရဲစခန်းကိုအကြောင်းကြားပြီး ဆေးရုံမှာရှိနေတဲ့ကိုရင်လူချွေးနဲ့ ဒေါ်ငြိမ်းမယ်တို့ကိုလည်း ဖမ်းဆီးပြီး အိုးစည်၊ ပုံမောင်းနဲ့ ကစုန်တီးမှုတ်ပြီး သစ်ကနက်ဘုရားကြီးကို ကြည့်မြင်တိုင်ကျောင်းကြီးတိုက်ကျောင်းကြီးကို ပြန်ပို့လိုက်တော့မှ ဆေးရုံပေါ်က လူနာတွေလည်းအကုန်ပြန်ကောင်းသွားပြီး ရွာကိုပြန်ခဲ့ကြသတဲ့၊

ဒေါ်ငြိမ်းမယ်တို့ လင်မယားနှစ်ယောက်ကတော့ ဘုရားခိုးမှုနဲ့ ထောင်သုံးနှစ်စီ ကျသွားကြတယ်၊ သစ်ကနက်ဘုရားကတော့ ဘုရားရှင်ရဲ့ နေရာမှန်ဖြစ်တဲ့ ကျောင်း

www.burmeseclassic.com

ကြီးတိုက် ကျောင်းဝိုင်းအတွင်းက "မာန်အောင်မြင်စကြာရှင်" ဘုရားများ ကိန်းဝပ်ရာ သိမ်တော်အတွင်းမှာ ယခုထက်တိုင် ကိန်းဝပ်စံပယ်လျက် ရှိပါတယ်။

ကြုံကြိုက်ရင်တော့ လိုရာဆုများ တောင်းနိုင်ဖို့နဲ့ ဘုရားအတွက် လှူဒါန်းဖို့ ပြည်တော်ပြန်သစ်ကနက်ဘုရားကို လာရောက်ဖူးမြော်ကြစေလိုပါတယ်။

ဆုတောင်းပြည့်တာကတော့ စာရေးသူရဲ့ကိုယ်တွေ့ဖြစ်ကြောင်း သတင်းကောင်းပါးချင်ပါတယ်။ တစ်ခုရှိတာက စံပယ်ပန်းနဲ့ များလာပြီး ဆုတောင်းမယ်ဆိုရင် ဆုတောင်းပြည့်တာ အမှန်ပါ။

လိုရာဆန္ဒ ပြည့်ဝကြပါစေ။

ဤအဖြစ်မှန် ဇာတ်ကြောင်းကို ပြောပြသော ဦးပဥ္စင်း မောင်ဦး (ကျောင်းကြီးတိုက်) ကျောင်းအား အထူးကျေးဇူးတင်အပ်ပါသည်။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ

⇒ **မကွေးညိုစိမ့်**

**[illegible]**

(၁) ဥသျှစ်ရွက်နုနု သတ္တုရည် (၁၂)ပဲသားခန့်ကို နေ့စဉ် နံနက်စောစောထ၍ ရက်ကြာကြာ စွဲသောက်ပါက သက်သာသည်။

(၂) ခံတက်ခေါက်မြစ် သုံးခွက်၊ တစ်ခွက် တင်ကြို သောက်က ဆီးချိုပျောက်သည်။

(၃) ငှက်ပျောပွင့်ကို ချက်ပြုတ်စားပါ။

(၄) ဆီးဖြူသီးအစေ့ကို စားပါ။

(၅) တမာခေါက်ကိုပြုတ်၍ နံနက်စောစော ရက်များများ သောက်ပါ။

(၆) သရက်ရွက်အနုကလေးများကို အခြောက်လှန်း၊ အမှုန့်လုပ်သောက်ပါ။



# ဝင်းမောင်ကျော်

## လူပေါင်းမှားခဲ့လေခြင်း

www.burmeseclassic.com

www.burmeseclassic.com

“ မိမိစိတ်ကို
မိမိ မနိုင်ဘဲ
မြဲ ပေါ်တက်
လှုမှားပေါင်းမိရာမှ
တံကြမ္မာတစ်ပတ်လည်ကာ
မိမိထံ ရောက်ရှိလာပုံကို
ဖတ်ရှုရမည့်

**၁၉၈၀** - ခုနှစ်လောက်က ဦးဖြိုးမော
တစ်ယောက် ဟင်္သာတမြို့နယ်၊ ကျေး
အုပ်စုတစ်ခုတွင် နေထိုင်ခဲ့သည်။ တော
ယာ၊ လယ်လုပ် စားမခုတ်ဘ၀ဖြင့်
မယား၊ သမီးသားနှင့် လုပ်ကိုင်
သောက်နေထိုင်၍ အသက် (၈၀) ေ
မျှလောက်ရောက်ရှိသောအခါ ဇနီးဖြစ်
သေဆုံးသွားသည်။ အကြီးဆုံးသား
အိမ်မှ ပျောက်သွားပြီး စစ်ထဲသို့ လို
သွားသည်ဟု ကြားရ၍ ကွဲကွာနေ
ကြာမြင့်ခဲ့ပြီ။ သမီးမှာ မိဘများမလိုလ
သော ယောကျ်ားနှင့် ခိုးရာလိုက်သွား
အဆက်အသွယ်ပြတ်နေသည်။ တစ်ေ
သောအခါ ဦးဖြိုးမောင်၏ အမျိုးအ‌ေ
များက ရန်ကုန်သို့ ဘုရားဖူးသွားရန်
သောအခါ သူလည်း စိတ်ပြေလ
ပျောက် ဘုရားဖူးလိုက် ဖြစ်ပါသည်။
ရန်ကုန်တွင်ရှိသော ရွှေတိဂုံ ဘုရား



လေဘုရား၊ ဗိုလ်တထောင်ဘုရား၊ ကမ္ဘာအေး ဘုရားနှင့် ဘုရားပေါင်းစုံဖူး
ပြီး အတိသို့ပြန်မည်အပြုတွင် သူဟာ စိတ်ကူးတစ်မျိုး ပေါ်လာပါသည်။ သူထည်
ည်နေရာလှည်းတန်းတစ်ပိုက်၌ အင်မတန်သာယာလာသည်ကို မြင်တွေ့သောအခါ
ာတို့မပြန်ချင်ပါ။ ထို့အတွက်ကြောင့် သူတို့တည်းခိုသော အိမ်နှင့် ဆွေမျိုးသားချင်း
ောင်းသော အိမ်ရှင် မောင်ဝင်းထွန်းကို ...

“ညီလေး - အစ်ကို တောမပြန်ချင်ဘူးကွာ။ ငါ့မှာ အနောင်အဖွဲ့လည်း မရှိတော့
ဘူး၊ သားကလည်း စစ်ထဲလိုက်သွားတယ်။ သမီးကလည်း ယောကျ်ားနောက်လိုက်
သွားတာ အဆက်အသွယ်ပြတ်နေတယ်။ ဇနီးကလည်း ဆုံးသွားပြီ။ ငါ့ကို ဒီမှာ အလုပ်
အလေးတစ်ခုလောက် ရှာပေးပါလား”

“ဦးဖြိုးမောင်ကလည်းဗျာ၊ အသက်ကြီးခါမှဆိုတော့ ဘယ်လိုလုပ်ပြီး အလုပ်
ရမှာလဲ၊ အသက်ကြီးတော့ အလုပ်ရှားပြီပေါ့”

“ညီလေးရယ် - ဘယ်အလုပ်ဖြစ်ဖြစ်ပေါ့”

“အဲဆို ဆိုက်ကားနင်းမလား အဲဒါကတော့ လွယ်လွယ်အလုပ် ဖြစ်တယ်”

“နင်းမယ်ကွာ”

“ခင်ဗျား ဆိုက်ကားနင်းတတ်လို့လား”

“နင်းတော့ မနင်းတတ်ဘူး။ တစ်ရက်၊ နှစ်ရက်တော့ သင်ပေးပေါ့ နင်းတတ်မှာ
ပါကွာ”

ဒီလိုနှင့် မောင်ဝင်းထွန်း အိမ်မှာ ဦးဖြိုးမောင်ဟာ ဆိုက်ကား စ၍အနင်းသင်ပါ
တော့သည်။

ဆိုက်ကားကို ရန်ကုန်မြို့တွင် နင်းလာခဲ့သည်မှာ တစ်နှစ်မျှလောက် ရှိပါသည်။
သူ ညီဝမ်းကွဲတော်စပ်သူ မောင်ဝင်းထွန်းအိမ်တွင် ထမင်းလခပေးစား၍ နေခဲ့သည်။
သူ ဝင်ငွေသည် အတော်အသင့်တော့ ကောင်းပါသည်။ သူဟာ စိတ်နှလုံး အေးရာ
အေးကြောင်း နေတတ်ထိုင်တတ်ပေသည်။ တရားသဘောရှိသူဖြစ်သည်။ သူ့ဆိုက်
ကားစီးသောသူတွေထဲတွင် တစ်ခါတစ်ရံ ငွေပိုပိုပေးသော သူ့သားအရွယ်သာသာ
မိတ်ဆွေလေး တစ်ယောက်ရှိသည်။ ၎င်းလူသည် တစ်ခါတစ်ရံ တိုက်ပုံအင်္ကျီအဖြူ
ဝတ်လေ့ရှိသည်။ အတွင်းခံအင်္ကျီမှာတော့ လည်ကတုံးတက်ထွန်းအဖြူဝတ်တတ်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ၎င်းမိတ်ဆွေလေးက ရုပ်ရည်က သန့်သန့်ပြန့်ပြန့်နှင့် ရုံးတက်ချိန်မှာ သူ့ဆိုက်ကားစီးသည်၊ ရုံးဆင်းချိန်မှာတော့ တစ်ခါတစ်ရံပြန်လေ့မရှိဘဲ ညရှစ်နာရီလောက်မှ ပြန်သည်၊ ဤအချိန်တွင်လည်း သူ့ဆိုက်ကားကို စီးလေ့ရှိသည်၊ ဦးဖြိုးမောင် မတွေ့လျှင်လည်း စောင့်ဆိုင်း၍ စီးပါသည်၊ ဆိုက်ကားစီးသော အခါတွင်လည်း နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ငွေပိုပေးလေ့ရှိပါသည်၊ ဒါကို ဦးဖြိုးမောင် သဘောအကျကြီး ကျမိပါသည်၊ သဘောအကျဆုံးကတော့ မိတ်ဆွေလေးသည် ချော့ကျော့မော့မော့နှင့် အလုပ်သွားပြီး အလုပ်ပြန်အနေ အထိုင် သန့်သန့်ပြန့်ပြန့်ရှိတာကို သဘောကျမိဆုံးပါ၊ တစ်နေ့တော့ ဤ မိတ်ဆွေလေးကို လက်ဖက်ရည်ဆိုင်တွင် ရင်ဖွင့်ပါတော့သည်၊

"ညီလေး အစ်ကိုကြီးကိုကွာ အလုပ်ကလေး ရှာပေးပါလား၊ ဌာနတစ်ခုခုမှာပေါ့၊ လုံခြုံသေချာပြီးငြိမ်းချမ်းတဲ့အလုပ်ဖြစ်ဖြစ်ပေါ့၊ ဒါ ဆိုက်ကားနင်းရတာ ညညကျတော့ ခြေထောက်တွေ ကြွက်သားတွေ တိုက်ခဲပြီး အိပ်မပျော်သလိုဖြစ်နေလို့ မနင်းချင်တော့ဘူးကွာ"

"ခင်ဗျား ဘာတယ်အလုပ်ရရင် လုပ်မှာလား"

"လုပ်မှာပေါ့ - ညီလေးရယ်"

"တဲ - ကောင်းပြီဗျာ၊ ဒီတစ်ပတ်တော့ ကျွန်တော် မန္တလေး တက်စရာ ရှိတယ်၊ နောက်တစ်ပတ်ကျရင် ခင်ဗျား ကျုပ် နောက်လိုက်ခဲ့တော့"

အလုပ်ပေးတော့မယ်ဆိုတော့ သူက အရမ်းဝမ်းသာသွားသည်၊ တောမှာ လယ်လုပ်ကိုင်းလုပ် ယာထဲ ကိုင်းထဲမှာ အလုပ်လုပ်လာခဲ့သော သူသည် ကြော့ကြော့မော့မော့နှင့် အလုပ် လုပ်ရတော့သည်၊ အတွေးနှင့်ပျော်ရွှင်လျက် ရှိပါတော့သည်၊ ဆိုက်ကားနင်းရသော ဘဝဝဋ်ကျွတ်တော့မည့်အတွေးနှင့် ဝမ်းသာမိပြီ၊

"ဦးလေးနဲ့ ကျွန်တော် ရင်းနှီးနေတာ ကြာပြီ၊ နာမည်အပြည့်အစုံမသိလို့ ပြောပါဦး"

"ဦးဖြိုးမောင်ပါ ငါ့ညီ"

"ဦးဖြိုးလို့ပဲ ခေါ်လိုက်မယ်၊ ဦးဖြိုး ကျွန်တော်လုပ်တဲ့ အလုပ်သိလား"

"အတိအကျတော့ မသိဘူး၊ ဒါပေမဲ့ ထင်ထားတာက"



"ဘယ်လိုထင်လဲ ပြောပါဦး"

"အစိုးရဌာနတစ်ခုရဲ့ရုံးစာရေးကြီးလို့ ထင်တယ်၊ ဟုတ်တယ်မို့လား - ငါ့ညီ"

"အဲဒီလိုပဲ ထင်လိုက်ပါတော့ဗျာ"

"ခင်ဗျားလည်း ကျွန်တော့်လို အလုပ် လုပ်ချင်တယ်မို့လား"

"လုပ်ချင်တာပေါ့ - ညီလေးရာ"

"ကဲ - မနက်ဖြန်ခါ ကျွန်တော်နဲ့ လိုက်ခဲ့တော့"

နောက်နေ့ သူ ထင်ထားသော ရုံးစာရေးကြီးနောက်ကို လိုက်သွားသောအခါ အိမ်တစ်အိမ်သို့ရောက်၍ ဦးဖြိုးမောင် တစ်ယောက်ကို ဇလုံထဲ ရေတွေအပြည့်ထည့်ပြီး ကျောက်ခဲတစ်လုံးကို လက်ဖြင့် နှိုက်ခိုင်းပါသည်၊

"ဒီမှာ ဦးဖြိုး၊ ဒီရေဇလုံထဲက ကျောက်ခဲကို လက်ညှိုးနဲ့ လက်ခလယ် ပူးပြီးနှိုက်ယူလိုက်ပါ၊ ကျောက်ခဲလက်ထဲ ပါလာပြီဆိုရင် ဇလုံထဲက ရေတွေ ငြိမ်နေရမယ်နော်၊ လှုပ်မသွားရဘူး၊ လှုပ်မသွားရဘူး"

ဦးဖြိုးမောင်သည် ရေဇလုံထဲမှာ ထည့်ထားသော ကျောက်ခဲကို လက်ညှိုးနှင့် လက်ခလယ်ပူးပြီး နှိုက်လိုက်သောအခါ ကျောက်ခဲပါတော့လာသည်၊ ရေက မငြိမ်၊ ငြိမ်ငြိမ်ပြီး ကျောက်ခဲပါလာတဲ့အခါလည်း ရှိတယ်၊ တကယ်တမ်းကျတော့ သူ့တာဝန်ပေးသော ပညာရပ်မှာ "မောင်" တို့တစ်တွေ သူတို့ခိုင်းသလိုဖြစ်မလာပါ၊ ဒီအတွက်ကြောင့် ...

"ဦးဖြိုးလိုသေးတယ်ဗျ၊ အလုပ် မဖြစ်သေးပါဘူး"

ဤအိမ်သည်နေရာမှာတင်ပဲ ရေထည့်ထားသော ဖန်ခွက်ထဲက ပိုက်ဆံအကြွေ ဆယ်ပြားစေ့ကိုလက်ညှိုးနှင့်လက်ခလယ် ပူးညှပ်ပြီး နှိုက်ခိုင်းလို့နှိုက်နေတဲ့သူလည်း တွေ့ရတယ်၊ ဦးဖြိုးမောင်တစ်ယောက် တွေးမိတာကတော့ ဒီအလုပ်က (ခါး)အတွက် သင်တန်းပေးနေတာဖြစ်မည်၊ ငါလည်းသင်တန်းသားပါလားလို့တွေးမိပါတော့သည်၊ နောက်တစ်နေ့ကျတော့ ...

"ဦးဖြိုး ကျောက်ခဲကို ရေခွက်ထဲက နှိုက်တာလေးများ ရေငြိမ်အောင် မနှိုက်နိုင်သေးဘူး၊ သူများတွေများ နှစ်ရက်၊ သုံးရက်လောက် ဆိုပြီးတယ်၊ အောင်တယ်ပေါ့၊ ခင်ဗျား ဘယ်နှရက် သင်နေရမှာလဲ၊ သူများလို ပိုက်ဆံ ငါးပြားဆယ်ပြားစေ့ ရေငြိမ်အောင် နှိုက်နေတာမျိုးဆိုရင် ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဦးဖြိုးဟာ ဤအလုပ်ကို ဝါသနာ မပါ၊ ဒါကြောင့်မို့လို့ သင်ရတာ ခက်ခဲနေ သည်၊

"မောင်"ရာ - လက်တွေ့ကလည်း အသက်ကြီးတော့ အကြောတွေက ဆွဲ ပြီး အလိုလိုတုန်နေတာ ဖြစ်မှာ"

"ဦးဖြိုးနော် - ကျွန်တော်တို့အလုပ်ကို သင်ပြီးခါမှ မလုပ်ချင်တော့ဘူး။ ဟိုအလုပ် ပြောင်းမယ် သည်အလုပ်ပြောင်းမယ်နဲ့ မလုပ်နဲ့နော်၊ ကျွန်တော်တို့ အဖွဲ့သားတွေက လက်ခံမှာ မဟုတ်ဘူး"

မှန်ပါသည်၊ သူတို့အလုပ်က လူမသိစေချင်သော အလုပ်ဖြစ်ပါသည်၊ ဦးဖြိုးမောင် လုပ်ချင်လုပ်ပါသည်ဆိုလို့သာ မောင်က ခေါ်လိုက်ရသည်၊ အမှန်တကယ်မှာ မခေါ်ချင် ပါ။ အသက်ကြီးသည့်အတွက် ယခုလို သူတို့ အဖွဲ့ထဲဝင်ပြီးခါမှ ဟိုသည်ပေါက်ကြား ညည်းဆိုခဲ့တာ "မောင်" တို့ အတွက် အန္တရာယ်ရှိသည်၊ ဒါတွေကိုလည်း ဦးဖြိုးမောင် သဘောပေါက်သည်၊ နေ့ညနေ့နှင့်အမျှ အိမ်စရိတ်ပေး လက်ဖက်ရည်တိုက်နှင့် သူ့ အပေါ် "မောင်" တို့က အားနာသူသလို ဖြစ်နေပါသည်၊ ကြာလာတော့ အားနာလာ သည်၊ အဲဒီအတွက်ကြောင့် တစ်ခုလောက်တော့ သင်တဲ့အထဲမှ ရေဇလုံထဲက ကျောက်ခဲကို ရေငြိမ်အောင် နှိုက်ပြီးလုပ်ပြလိုက်သည်၊ ဒါကတော့ အလွယ်ဆုံးနည်း ပါ။ "မောင်"တို့အဖွဲ့သည် ဦးဖြိုးမောင်ကို လက်ခုပ်များ ချီးမြှင့်ကြသည်။

"အိမ့ - တို့အဘိုးကြီး ဦးဖြိုးကွ၊ ဒီတစ်ခါတော့ ရေထည့်ထားတဲ့ ဖန်ခွက်ထဲက အကြွေဆယ်ပြားစေ့နှိုက်ပါ၊ ကျောက်ခဲနှိုက်သလို ရေငြိမ်အောင် နှိုက်ရမယ်နော်"

ဦးဖြိုးမောင်မှာ ကျောက်ခဲနှိုက်တာတောင် ရက်ပေါင်းတော်တော်ကြာအောင် နှိုက်ခဲ့ရသည့်အတွက် ပိုက်ဆံဆယ်ပြားစေ့ ရေငြိမ်အောင် နှိုက်ဖို့ဆိုသည်မှာ တော် တော်လေးမလွယ်ဘူးဆိုတာ သိပါသည်၊ အသက်အရွယ်ရလာတော့ လက်ကလည်း မငြိမ်၊ အာရုံကလည်းမကျ၊ ဒါမျိုးကို ဝါသနာကလည်း မပါ၊ ဒီတော့ ဖန်ခွက်ထဲက ဆယ်ပြား စေ့ကို ရက်ပေါင်းတစ်လရှိသွားပါပြီ၊ အဆင်မပြေပါ၊ မောင်တို့အဖွဲ့ စိတ်ပျက်လက် ပျက်နှင့် အဖွဲ့သားထဲမှ တစ်ဦးက ...

"ဒီအဘိုးကြီး တော်တော်လေး ဒုံးဝေးပါလား အသုံးမကျဘူး"

နောက်တစ်ဦးကလည်း ...



"အသုံးချလို့ရတဲ့နေရာတွေ ရှိပါတယ်ကွာ"

အသုံးချလို့ရတဲ့နေရာရှိပါတယ်ဆိုတော့ ဦးဖြိုးမောင်ခမျာ ဒါကို ဘယ်လိုနေရာ တွေ နိုင်းဦးမလဲ မသိဘူးတွေးပြီး စိုးရိမ်နေမိသည်၊ အတွေးတွေကတော့ ခြောင်း နေအောင် တွေးပါသည်၊ "မောင်"တို့ ပေးစာ ကမ်းစာက စားနေတာ ကြာပါပြီ၊ ဤ ငွေကြေးများကလည်း မသန့်ရှင်းသော ငွေများဖြစ်သည်၊ သည်ငွေများ စားမိသည့် အတွက် တစ်ခုခုတော့ ပေးဆပ်ခဲ့မည်ဟု သန္နိဋ္ဌာန်ချလိုက်ပါသည်၊ ပေးဆပ်ပြီးရင် တော့ ဦးဖြိုးမောင်တစ်ယောက် တောသို့ပြန်ပြီး သူ့ရွာနှင့် တစ်ရွာကျော်လောက်မှာ ဆရာတော်ဘုန်းကြီးရှိသည့် ကျောင်းတွင် ကပ္ပိယပဲ လုပ်တော့မည်လို့ စိတ်ကူးယဉ်မိပါ သည်၊

ဒါတွေကို သူ့လက်ရှိနေသောအိမ် မှ ညီဝမ်းကွဲ မောင်ဝင်းထွန်းကို တိုင်ပင်သော အခါ ကောင်းပါသည်ဆိုတဲ့အကြောင်း၊ ဒီအလုပ်တွေက သံသရာမှာတင် မကောင်း ကြောင်း ဒီလိုအဖွဲ့အစည်းထဲ ရောက်သွားပြီး ပြန်ထွက်ရင် ရန်ကုန်မှာမနေသင့်တော့ ဘူး ဘာဖြစ်လို့လဲဆိုတော့ သူတို့အဖွဲ့အစည်းတစ်ခုခုဖြစ်လျှင် ဦးဖြိုးမောင်က တိုင်လို့ တောလို့ ဖော်လို့သာဆိုတာ ဖြစ်လာနိုင်တယ်၊ အသက်အန္တရာယ်ရှိကြောင်း ညီဖြစ်သူ ဝင်းထွန်းမှ အေးအေးဆေးဆေး ပြောပြပါတော့သည်၊ ဦးဖြိုးမောင်ကလည်း တော်ပြန် ရန် ဆုံးဖြတ်ချက်ချလိုက်ပြီး နောက်တစ်နေ့ကျတော့ "မောင်"တို့အဖွဲ့မှပင် စတင်၍ --

"ဦးဖြိုး ခင်ဗျား ရန်ကုန်ရောက်တာ ဘယ်လောက်ကြာသွားပြီလဲ"

"၂ နှစ်လောက် ရှိသွားပြီ ညီလေး"

"ဒါဆိုရင် အခုမှ တောက တက်လာ တဲ့ လူပုံသဏ္ဌာန်နဲ့ ရန်ကုန်မှာ အနေကြာတဲ့ သဏ္ဌာန် ခွဲတတ်လား"

"ဒါတော့ ခွဲတတ်ပါတယ် ညီလေးရဲ့"

"ကောင်းပြီဗျာ၊ ဒါဆိုရင် မနက်ဖြန် ခါ အလုပ်တစ်မျိုးစမယ်"

ရေခွက်ထဲ ပိုက်ဆံကို ရေမပွက်အောင် ရေမလှုပ်အောင် နှိုက်နိုင်းတာ ရေမငြိမ် တဲ့အတွက် "မောင်"တို့က သူတို့အလုပ်ကို နိုင်းလို့မဖြစ်သည့်အတွက် အလုပ်တစ်ခု ပြောင်းပါတော့သည်၊ ပိုက်ဆံအိတ်ထဲ လက်ကောက်က ငါးကွင်း၊ ဆွဲကြိုး တစ်ချပ် လောက်ရှိတဲ့ ကြိုးတစ်ကုံး အိတ်ထဲတွင်ထည့်ပြီး တန်ခိုးကြီးဘုရားအနီးတွင်

www.burmeseclassic.com

တောကလာသော ဘုရားဖူးလူတွေရှိသည်ကို မောင်တို့က သိသည်။ ရွှေတွေက အတု တွေ ချည်းပင်။ ဒီတော့ ပိုက်ဆံအိတ်ကျကျန်ခဲ့သည့် ပုံပန်းသဏ္ဍာန် ဟန်ဆောင်၍ တစ်နေရာမှ မသိမသာနေပြီး အသက်ကြီး ဝါကြီး တောကလာသော လူရိုးအတူ ပိုက်ဆံအိတ်ကျနေသည်ကို လူအများ သွားနေသောလမ်းတွင် ချထားပြီး ၎င်းသူများ တ တွေ့သောအခါ ကောက်မည်ပြုလုပ်သည့် အချိန်တွင် ဦးဖြိုးမောင်က အရင်မြင်လို့ လှမ်းအော်ရမည်။ အပြည့်အစုံ အသင်ပေးထားပြီးဖြစ်၍ တန်ခိုးကြီးဘုရားရှေ့တွင် သွားပြီး ဖာတ်လမ်းစပါတော့သည်။ ပိုက်ဆံအိတ်ကို "မောင်" တို့က မသိမသာ ချလိုက် ပါသည်၊ နောက်သို့ လှည့်မကြည့်ပါ။ ဤတောမှ လာသောသူများက ပိုက်ဆံအိတ်ကို ကောက်မည်လုပ်သည့်အခါ ဦးဖြိုးမောင်က နောက်သို့ လှည့်မကြည့်ပါ။ ဤတော လာသောသူများက ပိုက်ဆံအိတ်ကို ကောက်မည်လုပ်သည့်အခါ ဦးဖြိုးမောင်က ...

"ဟော့ - ဟိုမှာ ပိုက်ဆံအိတ် ရှေ့က လူကျသွားတယ်"

ဤအခါတွင် ဘုရားဖူးလာသော သူတွေလက်ထဲတွင် ဖြစ်သွားပါပြီ၊ ဒီတော့ "မောင်" တို့အဖွဲ့ထဲက လူတစ်ဦး တစ်ယောက်က ...

"ဒီပိုက်ဆံအိတ်က ရှေ့က လူတွေကျသွားတာ၊ ခင်ဗျားတို့ကလည်း ကောက်ထား တယ်၊ ဒီဦးလေးကြီးက အရင်မြင်တယ်၊ ဒီတော့ ခင်ဗျားတို့ နှစ်ဦး ဝေယူကြဗျာ ကျသွားတဲ့လူကတော့ ဘယ်ရောက်သွားလည်း မသိဘူး၊ ခင်ဗျားတို့ နှစ်ဦးပဲ ဆိုင် တယ်၊ ပိုက်ဆံအိတ်ထဲ မှာ ဘာတွေလဲ ဖွင့်ကြည့်ဦးလေ"

အရင်ကောက်ထားတဲ့ သူ ဖွင့်လိုက်သောအခါ ...

"ဟာ - ရွှေတွေပါလား၊ ပိုက်ဆံလေးက နည်းနည်းပဲပါတယ်"

"မောင်" တို့အဖွဲ့ထဲမှ လူတစ်ဦးက ...

"ရွှေဆိုလည်း ရွှေပေါ့ဗျာ၊ ခွဲဝေယူကြပေါ့၊ ရွှေဟုတ် မဟုတ်ကို ရွှေဆိုင် သွားစစ် ကြည့်ကြ၊ ရွှေအစစ်ဆိုရင် အဲဒီဆိုင်မှာပဲ ခွဲယူပေါ့"

အမှန်က ရွှေဆိုင်က "မောင်" တို့နှင့် တစ်ဖွဲ့တည်းဖြစ်သည်၊ ရွှေ စစ် မစစ် သွား စစ်ဆေးကြည့်သောအခါ ရွှေမှာ အစစ်ဖြစ်နေသည်ဟု ရွှေဆိုင်က ပြောပါသည်။ တကယ်တမ်းကျတော့ ရွှေမဟုတ်ပါ၊ ရွှေရည်စိမ်ထားသော ရွှေအတုဖြစ်ပါသည်။ ဘုရားဖူးလာသော တောသားများကို မောင်တို့အဖွဲ့မှ စကားစပြောပါတော့သည်။

ရွှေဆိုင်သမားကို "ရွှေအစစ်ဖြစ်နေရင်ဗျာ ဘယ်လောက်သားရှိလဲ၊ ချိန်ပါဦး လက် စွပ်က ငါးကွင်း၊ ဆွဲကြိုးက တစ်ကုံး အားလုံးပေါင်း ရွှေသားအချိန် ဘယ်လောက် ရှိလဲ"

"ငါးကျပ်သားလောက်ရှိတယ် - ဆရာ"

"ရွှေဈေးက ဘယ်ဈေးလဲ"

"တစ်ကျပ်သား (၁၅၀၀) ဈေးပါ ဆရာ"

"မောင်" တို့အဖွဲ့မှ ရွှေဆိုင်သမားကို ...

"ခင်ဗျား ယူလိုက်ပါလားဗျာ"

"ကျွန်တော် မနေ့ကမှ တစ်ဆယ် သားလောက် ရွှေဝယ်ထားလိုက်လို့ မယူ နိုင် တော့ပါဘူး"

"ဒီလိုလုပ်ပါလား၊ အရင်ဆုံးတွေ့တဲ့ သူတွေဖြစ်တဲ့ ဦးလေးကြီးတို့အဖွဲ့ပဲ ငွေအမ်း ယူလိုက်ပေါ့၊ ငါးကျပ်သားဆိုတော့ ခုနစ်ထောင့်ငါးရာကျတယ်၊ နှစ်ဦး ခွဲယူလိုက်လေ၊ တစ်ဦးက ငွေအမ်းလိုက်ပေါ့"

"ဘယ်လောက်အမ်းရမှာလဲ - ဒို့တူ"

ဤကဲ့သို့ပြောပြီး "မောင်" တို့အဖွဲ့မှ ဦးဆောင်စကားပြောပြန်ပါသည်။ တစ်ဖက်မှ ဘုရားဖူးလာသော လူများသည် ခေါင်းပေါ်မှ မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းထား ရာမှ ဖြုတ်ပြီး မျက်နှာသုတ်လိုက်သည်၊ တချို့လူငယ်မှာလည်း ပုဆိုးတိုတိုနှင့် ခါးပုံစ ကြီးကို အရှည်ကြီးချစည်းလျက် မျက်နှာသုတ်လိုက်သည်။ တချို့လူငယ်မှာလည်း ပုဆိုးတိုတိုနှင့် ခါးပုံစကြီးကို အရှည်ကြီးချစည်းလျက် မိန်း ကလေးတွေကျတော့ လည်း သနပ်ခါး ပါးကွက်ကျားနှင့် မြင်တွေ့ရသည်၊ မောင်တို့အဖွဲ့မှ တစ်ဦးက ဦးဖြိုး မောင်ဘက်ကို လှည့်ပြီး ...

"ဒီဦးလေးကြီးကလည်း တောကပဲလား"

"ဟုတ်ပါတယ် - ဒို့တူ၊ ကျုပ်လည်း ဘုရားဖူးလာတာ ငွေပြတ်သွားလို့ လမ်း စရိတ် နည်းနေလို့ဗျာ"

"ဒီဘက်က လူငယ်တွေနဲ့ ကလေးမလေးတွေရယ် ဟိုအဘကြီး အဒေါ်ကြီးတွေ ကလည်း တောကပဲထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်ဗျာ – ကျုပ်တို့ ဘုရားဖူးလာတာပါ၊ တောကပါပဲ"

"ကဲ – ခင်ဗျားတို့ တောကလာတဲ့ နှစ်ဦးနှစ်ဖွဲ့ ရွှေအတုကောက်ရတယ်ဆိုတော့ ဟို ဦးလေးကြီးကတော့ သူ့မှာ ပြန်စရာလမ်းစရိတ်တောင် နည်းနေတယ်ဆိုတော့ အဘကြီးတို့ အဒေါ်ကြီးတို့ မိသားစုတွေ အမ်းလိုက်ပေါ့ဗျာ"

"ဘယ်လောက်အမ်းရမှာလဲ – ငါ့တူ"

"ခုနစ်ထောင့်ငါးရာလောက်ကျတာကိုနှစ်ဦးခွဲရမယ်ဆိုတော့ သုံးထောင့်ခုနစ် ငါးဆယ်ကျတယ်၊ ဟိုဦးလေးကြီးက လူနည်းပါတယ်၊ သုံးထောင့်ငါးရာလောက် လိုက်ပေါ့၊ ကျွန်တော်တို့ကတော့ မဆိုင်ဘူးနော်၊ ကြားထဲက ပြောနေတာ၊ ခင်ဗျား အချင်းချင်း အဆင်ပြေရင် ပြီးတာပဲ"

"ဟုတ်ပါပြီ – ငါ့တူရယ်၊ အမ်းလိုက်ပါ့မယ်"

ခေါင်းခေါင်းကြီး ခေါင်းသားသော အဘကြီးတို့ မိသားစုသည် ငွေသုံးထော [illegible] အိတ်ထဲထဲမှ ငွေထောင်းပေးလိုက်ပါသည်၊

[illegible] ငွေသုံးထောင့်ငါးရာကိုလက်ခံပြီး ခေါင်းငိုက်စိုက်ချ၍တစ်နေ [illegible] သည်၊ တောမှ ဘုရားဖူးလာသော မိသားစု၊ ဘုရားဘက်သို့ ထွက် [illegible] ရတော့ပေ၊ ဦးဖြိုးမောင်ကတော့ ဒီငွေကိုယူချင်စိတ်လည်းမရှိတော့ ရွှေအတုကို အစစ်လို့ဆိုပြီး ခေါင်းခံလုပ်လိုက်ရတဲ့အတွက် ဝမ်းနည်းပက်လက် ဖြ နေသည်၊ မောင် တို့အဖွဲ့ ဦးဖြိုးမောင်နောက် လိုက်လာသောအခါ ငွေများကို တစ်ပြ မကျန် ထုတ်ပေးလိုက်တော့သည်၊ ဤအခါတွင် ဦးဖြိုးမောင်ကို လက်ခုပ်တီးပြီး ဆ ပါသည်၊ မောင်တို့ အဖွဲ့မှ ဘာပြောလဲဆိုတော့ ...

"ဒီတစ်ခါတော့ တို့ဦးဖြိုး စွံသွားပြီ၊ ကျွေးမွေးလာလိုက်ရတာ တစ်လလော ရှိပြီ၊ ဒီတစ်ခါပဲ အလုပ်ဖြစ်သွား တယ်"

"မောင်"တို့အဖွဲ့နောက်တစ်ဦးကလည်း ...

"မင်းကလဲကွာ – ဒီလောက်လည်း ပြောမနေပါနဲ့၊ တောသားကို တောသ အချင်းချင်း လှတ်လိုက်ရင် ပွဲပြီးသွားမှာ ပေါ့၊ ဟား – ဟား – ဟား"

ဤကဲ့သို့ ပွဲကျသွားပြီး ဝေစုခွဲသော အခါ ဦးဖြိုးမောင်အတွက် ငါးရာရပါသည် သူ့ဝေစုလေး (၅၀၀) ကျပ်ကိုအိတ်ထဲထည့်၍ဦးဖြိုးမောင်စိတ်မကောင်းသည့်အတွ



မလိုချင်ပါ၊ သို့သော်လည်း မောင်တို့အဖွဲ့မှ ဘုရားဖြစ်မည့် အုတ်နီခဲလို့ ပြောခံရမှာ စိုးတာရယ်၊ မဖွယ်မရာ ရှိုင်းရှိုင်းစိုင်းစိုင်း ပြောမှာစိုးသည့်အတွက်ကြောင့် ငွေအိတ်ထဲ ထည့်ပြီး ကားလမ်းအတိုင်း အိမ်သို့ပြန်အလာတွင် ကားဂိတ်မှတ်တိုင်မှာ (၁၂)နှစ် သမီးလေးတစ်ဦး ငိုနေသည်ကို တွေ့ရ၍ ...

"သမီး ဘာဖြစ်လို့ ငိုနေတာလဲ"

"သမီးအဖေက ဟိုအနားက စက်ရုံက ဝန်ထမ်းပါ၊ သူ့ဌာန ငွေချေးတဲ့လူဆီက အတိုးနဲ့ဆွဲပြီး သမီးကျောင်းစရိတ်လုပ်ဖို့ပေးလိုက်တာ၊ ကားတစ်မှတ်တိုင်ပဲ စီးရ တယ်၊ ကားပေါ်ကဆင်းတော့ အိတ်ထဲ အခုမရှိတော့ဘူး၊ အဘကြီးရယ် ခါးပိုက်နှိုက် နောက်ပါသွားပြီ၊ ဟီး – ဟီး – ဟီး"

"သမီး – မငိုနဲ့ – မငိုနဲ့"

"သမီးငွေ ဘယ်လောက်ပါသွားလဲ"

"၅၀ ကျပ်ပါသွားတယ် – အဘ ကြီး"

"အေးအေး – ရော့၊ အဘပေးလိုက်မယ်၊ မငိုနဲ့တော့၊ ကားမစီးနဲ့တော့ကွာ၊ လမ်း လျှောက်ပြန်တော့ အိမ်က နီးတယ် မဟုတ်လား"

ကလေးပိုက်ဆံပါသွားတာ ဖြစ်နိုင်သည်၊ သို့သော်လည်း မောင်တို့အဖွဲ့တော့ မဟုတ်ပါ၊ တခြားအဖွဲ့ဖြစ်နိုင်သည်၊ ဦးဖြိုးမောင်တစ်ယောက် ရန်ကုန်မြို့ကြီးကို စိတ် နာသွားပါပြီ၊ ယနေ့တော့ ခေါင်းငိုက်စိုက်ချပြီး အိမ်ကိုကုန်းကြောင်းလျှောက်ပြန်လိုက် တာ အိမ်ရောက်တဲ့အခါ ညီဝမ်းကွဲဖြစ်သူကို ယနေ့ သူ ဖြစ်ပျက်ခဲ့သမျှ ရွှေအတုကို အစစ်ပြောခဲ့ရကြောင်း၊ တောက ဘုရားဖူးလာတဲ့ သူတွေ ရွှေအတုကြီးကိုယူသွားရပြီး ရှိသမျှ ငွေတွေပေးခဲ့ရလို့စိတ်မကောင်းပါ၊ သူ့ကိုရှယ်ယာ (၅၀၀) ပေးလိုက်ကြောင်း၊ ဘားလမ်းမအတိုင်း ကုန်းကြောင်းလျှောက်ပြန်အလာ ကားမှတ်တိုင်မှာ ၁၂ နှစ်သမီး လေးတစ်ယောက်ငိုနေလို့မေးကြည့်တော့စက်ရုံမှ သူ့အဖေဖြစ်သူက ကျောင်းစရိတ် ငွေရှာပေးလိုက်တာကို ကားစီးပြီးအဆင်း ကားပေါ်မှာ "ခါး"ပိုက်နှိုက်တယ်ဆိုပြီး ငိုနေ လို့ စိတ်မကောင်းဖြစ်၍ ကလေးမေးကြည့်တော့ ငွေ ၅၀ ဆိုသည့်အတွက် ပေးခဲ့ဖြစ် သည်၊ ညီဝမ်းကွဲမောင်ဝင်းထွန်းကို သူ ရန်ကုန်မှာ မနေတော့ဘူး၊ ရန်ကုန်ကို စိတ်နာ လို့ မနက်ဖြန်ခါ တောပြန်တော့မယ်ဆိုတာ ရင်ဖွင့်နေပါတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

"မောင်ဝင်းထွန်းရေ - အစ်ကို မနက်ဖြန်ပြန်တော့မယ် တောကို"

"ဗျာ - ပြန်တော့မယ်ဆိုတော့ တောမှာ အိမ်ရှိသေးလို့လား"

"အိမ်က ရှိပါတယ်၊ ငါ့ညီမ ဝမ်းကွဲ နေတယ်ကွာ၊ ရွာလည်း မပြန်တော့ဘူး၊ တို့ရွာရဲ့တစ်ရွာကျော်မှာ အစ်ကိုဝမ်းကွဲ ဘုန်းကြီးက ကျောင်းထိုင်ဖြစ်နေတယ်၊ အဲဒီကျောင်းမှာ ဝတ်ကြီးဝတ်ငယ် ပြုစုပြီး ကပ္ပိယလုပ်နေတော့မယ် မောင်ဝင်းထွန်းရေ၊ တရားထိုင်၊ ပုတီးစိပ်လုပ်လို့ ရတာပေါ့၊ ဒီမှာလုပ်လို့ မရဘူး၊ နေချင်စိတ်မရှိလို့ပါ"

"လုပ်နိုင်ရင် ကောင်းပါတယ် - အစ်ကိုရယ်"

"မလုပ်လို့လည်း မဖြစ်တော့ဘူး၊ ဒီလူတွေပေးတဲ့ ငွေ ပေးစာကမ်းစာကို ဖြစ်ဖြစ်မြောက်မြောက်မဟုတ်ပေမဲ့ စားမိသောက်မိတာ တော်တော်လေး ကြာသွားတယ်၊ စိတ်ခဲ့အညစ်အကြေးတွေကိုစိတ်နဲ့ပဲ ဆေးကြောပစ်ရမှာပဲကွာ၊ ညီလေးရေ - အစ်ကို နေထိုင်သည့်အချိန်မှာ အမှားအယွင်းနဲ့ အပြစ်တွေရှိရင် ခွင့်လွှတ်ကွာ၊ ရန်ကုန်တော့ စီးပြီး သွားအပြီ နောက်ပြန်ခဲ့ နံနက်ပြန်ပြီနော်"

☆ ☆ ☆

နောက်တစ်နေ့နံနက်တွင်တော့ မောင် တို့အဖွဲ့သည် လက်ဖက်ရည်ဆိုင်မှာ စောင့်နေကျနေရာတွင် စောင့်ပါသည်၊ သို့သော်လည်း ဦးဖြိုးမောင်က ပေါ်မလာ၊ မောင်တို့အဖွဲ့သားများ ဦးဖြိုးမောင် ပေါ်မလာလို့ သူ နေသောအိမ်သို့ မေးမြန်းပြီး လိုက်၍သွားသောအခါ ဦးဖြိုးမောင်၏ညီဖြစ်သူမှ တောသို့ပြန်သွားကြောင်း ပြောလိုက်သည်၊ ညီဖြစ်သူ မောင်ဝင်းထွန်းမှာလည်း ဒီအလုပ်မျိုးကို စောစောစီးစီး တရားရသွားပြီး သံယောဇဉ်ပြတ်နိုင်တဲ့တောမှလာသောညီအစ်ကိုဝမ်းကွဲတော်စပ်သော ဦးဖြိုးမောင် သူပြန်သွားသည်ကိုဝမ်းသာမိပါသည်၊ ဘယ်အတွက်ကြောင့်ဆိုသော် တစ်ချိန်ချိန်မှာ အန္တရာယ်ဖြစ်မှာ အမှန်ပါ၊ ဒီအလုပ်ကို ပထမတော့ "ခါး" ဆိုတာ သူ လုံးဝမသိ ရှာပါ၊ မောင်ဝင်းထွန်းဆိုသူလည်း ဦးဖြိုးမောင်ကို ပြောမည်နှင့် အစောကြီးထဲက ပြောချင်ပါသော်လည်း မနေစေချင်လို့ ပြောသလားလို့ ထင်မှာစိုးသည့်အတွက်ကြောင့် မပြောမိခဲ့သော်လည်း ဒီအလုပ်တွေကို ဝါသနာပါခဲ့သူမဟုတ်ပါ၊ ယခုလို ပြန်သွားပြီဆိုတော့ ဇာတ်သိမ်းသွားချေပြီပေါ့၊



ဦးဖြိုးမောင်တစ်ယောက် တောရောက်သွားပြီဆိုတော့ သူ့ညီအစ်ကိုဝမ်းကွဲ ဘုန်းကြီးကျောင်းတွင် ကပ္ပိယကြီး ကျောင်းရဲ့နောက်မှာ ဆွမ်းချိုင့်ဆွဲလို့ ဘုန်းကြီးကျောင်းမှာ တရားရိပ် ဘုရားရိပ်အောက်မှာ ပျော်ရွှင်ပါတော့သည်၊ ဦးဖြိုးမောင်လည်း ရန်ကုန်နေစဉ်က အကုသိုလ် မီးလိုပူသော "မောင်" တို့ရဲ့လက်ဖက်ရည် သောက်မိ စားမိတာ နေ့စဉ်နှင့်အမျှ စိတ်ဆင်းရဲရသလောက် ယခု ဘုန်းကြီးကျောင်းတွင် စေတနာသဒ္ဓါတရားရှိသော သူများမှ လှူဒါန်းသည့် ဆွမ်းကွမ်းနှင့် ထမင်းဟင်းများကို စားပြီးလှူသော သူများကို နေ့စဉ်နဲ့အမျှ မေတ္တာပို့ပေး၍ ထိုသူတွေများအတွက် ညဘက်ကျတော့ ဘုရားဝတ်တက်ပြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီး သက်ရှည်လိုရာဆန္ဒပြည့်ပါစေလို့ ဆုတောင်းပေးနှင့်စိတ်အေးချမ်းသာ ရှိခဲ့ပေသည်၊ မီးလိုပူပြီး သံတွေခဲမျိုရသော အလုပ်မျိုး မဟုတ်ပါ၊ ကပ္ပိယကြီး ဦးဖြိုးမောင်ကို ဘုန်းကြီးကျောင်းခြံနှင့် ခြံချင်းကပ်နေသော ဦးစံမောင်တို့သည် ဘုန်းကြီးကျောင်းအတွက် အင်မတန်အားကိုးရသော မိသားစုဖြစ်ပါသည်၊ ကျောင်းမှာ အာဂန္တုရဟန်းသံဃာများနှင့် ဧည့်သည်များ အချိန်မတော် ရောက်လာခဲ့သည့်အခါတွင် ဆွမ်းဟင်းလျာများကို ပူစရာမလိုပါ၊ အကြောင်းကြားလိုက်တာနှင့် လှူဒါန်းမှုက အဆင်ပြေအောင် ချက်ပြုတ်လှူဒါန်းပါသည်၊ သည်လို အားကိုးရသော ဆွမ်းဒကာ၊ ဆွမ်းဒကာမများမှာ အကြောင်းတစ်ခု ဆုံစည်းဖြစ်ချင်လာတော့ ရန်ကုန်သို့ ဦးစံမောင် မိသားစု ဘုရားဖူးအပြန် သမီးလေး မမြင့်မြင့်ဦးမှာ ဆွဲကြိုးတစ်ကုံးနှင့် ပိုက်ဆံအိတ်ထဲမှ ငွေခါးပိုက်နှိုက်နောက်ပါသွားသည်လို့ကြားသိရပါသည်၊ အနှိုက်ခံလိုက်ရတာကလည်း ဘတ်စ်ကားပေါ်မှာ ကလေး မလေး တောသို့ပြန်ရောက်လာသောအခါ မျက်ရည်နှင့် မျက်ခွက်၊

"ကားပေါ်မှာ ဆွဲကြိုးကို နှိုက်သွားတာ အဘ၊ သမီးဆွဲကြိုးက ချိန်းဟနေလို့ ပိုက်ဆံအိတ်ထဲကို ထည့်ထားတာ၊ ကားပေါ်က ဆင်းလို့ကြည့်လိုက်တော့ ပိုက်ဆံအိတ်မရှိတော့ဘူး၊ ဆွဲကြိုးနဲ့ ငွေပါသွားတယ်၊ အိတ်ထဲမှာ ထည့်ထားတာ"

"ငွေဘယ်လောက်ပါသွားလဲ - သမီး"

"ငွေက ၁၀၀ လောက်ပါသွားတယ်၊ ငွေကတော့ ဘယ်လိုမှ သဘောမထားပါဘူး၊ ဆွဲကြိုးက ဘွားဘွားမသေခင်တုန်းက အမှတ်တရပေးခဲ့တာမို့လို့ နစ်နှမြောသားရှိတယ်၊ အရှိန်နဲ့ ပြောတယ် အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com

ကလေးမလေးပြောသော စကားများကို နားထဲမှ မထွက်၊ ကပ္ပိယကြီး စိတ်မကောင်းဖြစ်ပြီး သူ ကူညီချင်တဲ့စိတ်တွေ တဖွားဖွားပေါ်ပေါက်လာခဲ့ပေသည်၊ သူ ဘယ်လိုစဉ်းစားတွေးတောသလဲဆိုတော့ ရန်ကုန်ပြန်သွားပြီး မောင်ကို ပြောပြမည်၊ သူ တောမှာ ဘုန်းကြီးကျောင်း ကပ္ပိယလုပ်နေကြောင်း၊ ၎င်းရွာထဲတွင် ဆွမ်းနှင့် ဟင်းလျာများနည်းသည့်အခါဒကာ၊ ဒကာမများ၊ ရဟန်းသံဃာများ ရောက်လာသည့်အချိန် ငုဝင်စရာမလို လှူဒါန်းသည့် အလှူရှင်များ ဖြစ်သည်၊ ယခု ရန်ကုန်ကအပြန် ခါးပိုက်နှိုက်ခံရ၍ ကလေးမလေး တငိုငို တရှိုက်ရှိုက်ဖြစ်နေတာကို ရလိုရငြား အကူအညီ တောင်းမည်လို့ စဉ်းစားပြီး ရန်ကုန်သို့ လိုက်ပါသွားတော့သည်၊

ကပ္ပိယကြီး ဦးဖြိုးမောင် ရန်ကုန်သို့ ရောက်သောအခါ မောင်ဝင်းထွန်းကို အကျိုးအကြောင်း ပြောပြသောအခါတွင် ပြန်မဆက်သွယ် သင့်ကြောင်း ညီတော်စပ်သူမှ [illegible]ပြောသော်လည်း ဦးဖြိုးမောင်မှာ တစ်ဇက်သားကို ကူညီချင်စိတ်တွေ များပြားနေ၍ [illegible]ရပေ၏၊

"မောင်" [illegible] နောက်တစ်နေ့ တွေ့ဆုံပါတော့သည်၊

"ဦးဖြိုး [illegible]နေတာလဲ၊ အရင်တုန်းကလို တောသားကြီးပုံပါပဲလား၊ [illegible] ကြာပြီနော်"

"ဟုတ်တယ် – ငါ့ညီ၊ ဦးဖြိုး အကူ အညီ တောင်းချင်လို့"

"ဘာကိစ္စများလဲ – ပြောပါ – ဦးဖြိုး"

"ဦးဖြိုး တောက ဘုန်းကြီးကျောင်း မှာ ကပ္ပိယလုပ်နေတာ၊ ကျောင်းသေး နားက အိမ်က ကျောင်းရဲ့ဝေယျာဝစ္စ ကိစ္စတွေရော ဆွမ်းကွမ်းအစ ကူညီတဲ့ ဒကာ၊ ဒကာမ တွေ ဒီရန်ကုန် ဘုရားဖူး အပြန်မှာ သူတို့သမီးတွေ ဆွဲကြိုးနဲ့ ငွေပါသွားလို့ "မောင်" ကို အကူအညီ တောင်းရအောင် လာတာ"

"ဘယ်နေရာမှာ အနှိုက်ခံရတာ လဲ"

"မြေနီကုန်းနားမှာလို့ ပြောတယ်"

"ဘယ်ရက်ကလဲ"

"နှစ်ပတ်ကျော်သွားပြီ"

"မောင်" သည် တွေဝေသွားပြီး တော်တော်လေး စဉ်းစားနေသည်၊ မေးခွန်းတွေ မေးသည်၊

"ဆွဲကြိုးက ဘယ်ပုံသဏ္ဍာန်လဲ၊ ဘယ်လောက်သားလောက်ရှိလဲ၊ ငွေကတော ဘယ်လောက်လဲ"

"ဆွဲကြိုးက နှစ်ကျပ်သားတဲ့၊ MC ကြိုး၊ ငွေကတော့ (၁၀၀၀/ –) ငွေကတော့ မရလည်း ပြန်မယူတော့ဘူးလို့ ပြောပါတယ်"

မေးသမျှကို တိတိကျကျ ပြောနိုင်သည့်အတွက် ...

"ဦးဖြိုး နောက်နေ့ စောင့်ပါ"

ဤကဲ့သို့ပြော၍ နောက်တစ်နေ့ ဦးဖြိုးမောင်နှင့် "မောင်" တွေ့သောအခါ ...

"ဒီမှာ ဦးဖြိုးဆွဲကြိုးဟုတ်လား၊ ငွေ ကတော့ ရမှာ မဟုတ်တော့ဘူးနော်"

"ဟာ – အဆင်ပြေလိုက်တာ၊ ညီ မောင်ရယ်၊ ဒီဆွဲကြိုးကို ကာယကံရှင် ပြန်ပေးမှာပါ၊ ယုံပါနော်"

"ယုံပါတယ် – ဦးဖြိုးနေတဲ့ တောက ဘယ်တောလဲ၊ ရန်ကုန်မှာ မနေတော့ဘူးလား"

"မနေတော့ဘူး – ညီ မောင်"

"ဘုန်းကြီးကျောင်းမှာ ဆွမ်းခံပြီး ကပ္ပိယအလုပ် လုပ်၊ တရားထိုင် ပုတီးစိပ် အဲဒီအလုပ်ပဲ လုပ်တော့တယ် ညီ "မောင်" လိုက်ခဲ့ပါလား ရောက်ဖူးတယ် ရှိအောင်"

မောင် ရုတ်တရက် တွေဝေသွား သည်၊

"ဦးဖြိုး – ကျွန်တော် တောကိုလိုက်ရင် ဦးဖြိုးအတွက် အနှောင့်အယှက် ဖြစ်မှာလား"

"မဖြစ်ပါဘူး – ကျုပ်အတွက် အဖော်တောင် ရပါသေးတယ်"

ဦးဖြိုးမောင်က ဖော်ရွေသည်၊ အဖော် တောင် ရသေးတယ်လို့ပြောလိုက်တော့ မောင်တစ်ယောက် တောသို့လိုက်ရန် ဆုံးဖြတ်လိုက်ပါတော့သည်၊

"လိုက်မယ်ဗျာ၊ ရောက်ဖူးတယ်ရှိအောင် ဘယ်နေ့ပြန်မလဲ"

"မနက်ဖြန်ခါ"

"မောင့်"ကို ဦးဖြိုးမောင် တောသို့ ခေါ်သွားပါတော့သည်၊ ရွာရောက်တော့ ကျောင်းဒကာကြီး ဦးစံမောင်ရဲ့သမီးလေး ဆွဲကြိုးကို ဖြုလိုက်သည့်အခါ သမီးလေးသည် ဝမ်းသာအားရနှင့် ကပ္ပိယကြီး ဦးဖြိုးမောင်နှင့် "မောင်" ကို ထိုင်ပြီးတော့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဦးတိုက်ပါတော့သည်။ ရွှေကိုလည်း စစ်နိုင်းလိုက်သေးသည်။ ရွှေ မှန်ကန်နေသည်။ ဦးစံမောင်ကိုယ်တိုင် ကပ္ပိယကြီးနှင့် "မောင်" ကို ကျေးဇူးတင်စကားတွေ ပြော၍ နောက်နေ့ ထမင်းဖိတ် ခေါ်ကျွေးပါတော့သည်။ တောမှ ဟင်းကြွေးလျာများသည် သဘာဝလတ်ဆတ်သော ဟင်းသီး၊ ဟင်းရွက်များနှင့် သားငါးများဖြစ်နေ၍ "မောင်" သည် ထမင်းမြိန်၍ ပီတိဖြစ်မိပါသည်။ ထမင်းစားပြီး လေကောင်းလေသန့်ရရန် ရှုရှိုက်ချင်သည့်အတွက် ကပ္ပိယကြီးကို အိမ်ပေါ်မှ ခြံထဲဆင်းရန် ဗဟုသုတအဖြစ် ပြောသောအခါကပ္ပိယကြီးနှင့်မောင်တို့သည်ဦးစံမောင်ရဲ့ခြံထဲတွင်လေ့လာကြသည်။ သာယာလှသည့် သီးနှံပင်များ စိုက်ပျိုးထားပုံမှာ သစ်သီးသစ်ပင်တွေ ပေါများသည်။ ရှောက်ချိုသီး၊ ရှောက်ချဉ်၊ သံပုရာ၊ ကျွဲကော၊ မာလကာ၊ သရက်၊ အုန်း၊ ငှက်ပျော၊ ဩဇာသီးပင်၊ ပန်းမာလာတွေ အစီအရီနှင့် ပျော်ဖို့ကောင်းသည်။ ခြံကြီးမှာလည်း ကျယ်ဝန်းလှသည်။ သာယာလိုက်ပါဘိ။ အိမ်ကြီးကလည်း ခန့်ထည်သည်။ မိဘတွေ ထားခဲ့သော ဆောက်ထဲခဲ့သော သစ်တောင်းဝါးကောင်း အိမ်ကြီး။

ကပ္ပိယကြီးနှင့် "မောင်" တို့ ခြံထဲတွင် လျှောက်ကြည့်နေသောအချိန် ခြံပိုင်ရှင် ဦးစံမောင်က နောက်ထဲမှလိုက်လာ၍ –

"ဦးဖြိုးနဲ့ ငါတို့ခြံထဲလျှောက်ကြည့်တာ ပျော်ရဲ့လား"

"ပျော်ဖို့ကောင်းရုံတင် ဘယ်ဟုတ်မလဲ၊ သာယာလိုက်တာ မပြောပါနဲ့တော့ စိတ်တို့အရမ်းကြည်နူးသွားတာပဲ။ ကျွန်တော်တို့ ရန်ကုန်မှာ အိမ်ပေါ်ကဆင်းရင် လမ်းပေါ်ရောက်နေတာ။ စိတ်အနှောင့်အယှက် ဖြစ်စရာတွေချည်းပဲ"

"ဒီကတော့ ကျေးတောရွာကိုးကွ – ငါ့တူရဲ့ မြို့နဲ့တော့ ဘယ်တူမလဲ"

"ဦးလေးခြံထဲမှာ အိမ်ငယ်လေး တွေလို၊ အဆောင်တွေလိုလည်း ရှိတယ်နော်။ လူတွေလည်း အများကြီး"

"အဲဒါက ကိုင်းချိန်မှာ ကိုင်းလုပ်သူနှင့် လယ်ချိန်မှာ လယ်လုပ်သူတွေပါ၊ တခြားသူတွေတော့ မဟုတ်ပါဘူး။ ငါ့ တူသား နောင်မယ်အမျိုးတွေပေါ့"

"ဦးလေးမှာ လယ်ဧက ဘယ်လောက်ရှိလဲ"


"လယ်ဧက ကတော့ ၁၀၀၀ လောက် ရှိတယ်"

"ဦးလေး စပါးတွေအများကြီး ရမှာပေါ့နော်"

"ဦးလေးက စပါးကို အဓိက မထားဘူး။ ပဲကို အဓိကထားတယ်။ နှမ်းပြောင်းနဲ့ မျိုး၊ မတ်ပဲတို့ ဘာတို့ပေါ့။ နွေကျရင် အဲဒါတွေ စိုက်တာပေါ့"

ဦးစံမောင်တို့ မိသားစုကို မောင်သည် ဒီနေရာ ဒီဒေသမှာ ချမ်းသာတဲ့ တောသူဌေးဆိုတာ ကောင်းကောင်းကြီး သဘောပေါက်သွားပါပြီ။ ဦးစံမောင်ကို နှုတ်ဆက်၍ ကပ္ပိယကြီးဦးဖြိုးမောင်နှင့် ကျောင်းသို့ပြန်လာခဲ့ပါသည်။ "မောင်" အတွေးတစ်မျိုး ထုတ်အရိုင်းတွေ ဝင်ခဲ့မိပေသည်။ ဒီအတွက်ကြောင့် အကြံဉာဏ်တစ်မျိုးထုတ်ရင်း ဘာလွန်းတာကို သိ၍ ကပ္ပိယကြီးကို တမျိုးတမည် ပြောတော့သည်။

"ဦးဖြိုး ကျွန်တော်ရန်ကုန်ပြန်ဦးမယ်၊ ဒီနေရာဒီဒေသက အရမ်းအေးချမ်းတယ်၊ ဒီကို ဘုန်းကြီးကျောင်းမှာ ယာယီကပ္ပိယလုပ်ရင်း တစ်ခုခုစီးပွားရေးလုပ်ရင် ကောင်းမလားလို့ ရန်ကုန်က ကိစ္စတွေ သံယောဇဉ်တွေပြန်ပြီးဖြတ်လိုက်ဦးမယ်"



"ဦးစံမောင်တို့ မိသားစုသည် ငှင်းရွှေတသျှာရှစ်ကြီးကို သေတ္တာထဲထည့်ပြီး သိမ်းထားသည်မှာ တစ်နှစ်မျှလောက်ကြာတော့ သေတ္တာဖွင့်ကြည့်သောအခါ ရွှေတသျှာရှစ်ဟာ ရွှေရောင်တွေမြယ်၊ ကြေးရောင်ပေါက်နေသည့်အတွက် မြို့တက်ပြီး ပန်းထိမ်ဆိုင်သို့ စစ်ဆေးကြည့်ရာ ရွှေအစစ်မဟုတ်ဘဲ ကြေးဖြစ်နေသည်လို့ ပြောလိုက်သည်

www.burmeseclassic.com

“ကောင်းတာပေါ့ - မောင်ရယ်၊ ဝမ်းသာလိုက်တာ”

အင်မတန်ရိုးသားရှာတဲ့ ကပ္ပိယကြီး ဦးဖြိုးမောင်က ဝမ်းသာလိုက်တာဆိုတ အမှန်ပါ။ ရန်ကုန်မြို့မှာ ခေါင်းတုံးပေါ် ထိပ်ကွက် ခါးလုပ်စားနေတဲ့သူက ဒါတွေ စွန့်လွှတ်ပြီး ဘုန်းကြီးကျောင်းမှာ ဘုရားအလုပ် တရားအလုပ် လုပ်ပြီး ပုတီးစိပ် တရား ထိုင်ပြီး မကောင်းမှုတွေကို မလုပ်တော့ဘူး၊ တခြားသမ္မာအာဇီဝတစ်ခုခု လုပ်မှာ တော့ ကပ္ပိယကြီး ဦးဖြိုးမောင် အင်မတန်ဝမ်းသာတာပေါ့။

မောင်ဟာ ရန်ကုန်ရောက်သောအခါ သူနှင့် အမြဲလုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ပန်းထိမ်ဆရာဆီမှာ ကြေးဟင်္သာရုပ်ကို အမြန်လုပ်စေသည်၊ အလေးချိန်မှာ တ ပိဿာ ရှိသည်။ ပန်းထိမ်ဆရာ ပြီးသွားသည်နှင့် မောင်သည် ကပ္ပိယကြီး ဦးဖြိုးမော ရှိရာ တောသို့ တပည့်တစ်ယောက်ခေါ်၍ ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့ပါသည် ကပ္ပိယကြီး ဦးဖြိုးမောင်တလည်း “မောင်” မကောင်းမှုဒုစရိုက်တွေ မလုပ်လော တော့ဘူး၊ သံဝေဂတရားတွေ ရသွားလောက်ပြီ၊ ဘုန်းကြီးကျောင်းမှာ သူ့လိုပဲ ဘုရ အလုပ်၊ တရားအလုပ် လုပ်ပြီး ပုတီးစိပ် တရားထိုင်တော့မယ်ဆိုတော့ အလွန် ဝမ်းသာပြီး ပီတိဖြစ်နေပါတော့သည်၊ မောင်ကလည်း ဘုန်းကြီးကျောင်းမှာ ညဘ ဘုရားဝတ်တက်ချိန်တွင် ပိတ်ဖြူကိုဝတ်၍ ပုတီးစိပ်တရားကို အင်မတိ အင်မတ ဝမ်းသာဖို့ ကောင်းအောင် လုပ်၏၊ ရွာသားလူအများ ကြည်နူးမိပါသည်၊ တစ် ကျတော့ “မောင်” သည် ကပ္ပိယကြီး ဦးဖြိုးမောင်ကို ပြောပါတော့သည်၊

“ဦးဖြိုး ကျွန်တော် အာရုံတစ်ခု မြင်တယ်ဗျာ”

“ဘာအာရုံများလဲ - ပြောပါဦး”

“ဦးစံမောင်ရဲ့ခြံထဲမှာ ဟိုးရှေးဘိုးစဉ်ဘောင်ဆက်က ရတနာမြှုပ်ထားတာ ေ ရတယ်”

“ဟုတ်လား၊ မောင်က ညညကျတော့ ပိတ်ဖြူကိုဝတ်၊ ပုတီးစိပ်တရားထိုင်လု လုပ်နေတော့ သမထအားကောင်းပြီး အမြင်ဓာတ်၊ အကြားဓာတ်တွေ ရတယ်ထ တယ်၊ အေးပေါ့လေ - မောင်က ပါရမီဓာတ်ခံရှိတယ်ထင်တယ် ကောင်းတာပေ ကွယ်”

“ကျွန်တော်လည်း တွေ့တာမြင်တာကို ပြောတာပါ။ အဲဒီတော့ ဦးစံမောင်ကို ပြောပေးပါ၊ ရွှေတွေ၊ ငွေတွေမြှုပ်ထားတဲ့ ရတနာသိုက်ကို ဖော်မယ်၊ တွေ့ခဲ့ရင်တော့ တစ်ကိုယ် တစ်ဝက်ယူဖို့ အကြောင်းပြောပါလား”

“ဟာ - ဒါပြောလို့ရပါတယ်၊ သူတို့မှ မသိတဲ့ကိစ္စ တခြားနေရာ လွင်ပြင်ကွင်းထဲ ဆိုရင် သူတို့ပေးစရာတောင် မလိုဘူး၊ အခုက သူတို့ ခြံဝိုင်းထဲမှာမို့လို့ တစ်ဝက် ပေးမယ်လို့ ပြောတာ၊ လက်ခံမှာပါ”

ကပ္ပိယကြီး ဦးဖြိုးမောင်သည် ဦးစံမောင်တို့မိသားစုကို မောင်ပြောသည့်အတိုင်း အေးအေးဆေးဆေး နားဝင်အောင် ပြောပြပြီး ဒီခြံဝင်းမှာ ရတနာသိုက်ရှိကြောင်းနှင့် ရွှေအိုး ငွေအိုးဖော်လို့ရကြောင်း၊ ရတနာ၊ ရွှေငွေများ ဖော်လို့ရလျှင်လည်း တစ်ကိုယ် တစ်ဝက်နှင့် ဖော်မည်ဆိုပါက ဖော်မည်ပြောသည့်အခါ ဦးစံမောင်တို့ မိသားစုတွေ ထဝင်စားပြီး ရွှေအိုး ငွေအိုး ဖော်ရန် ဆုံးဖြတ်လိုက်ပေတော့သည်၊ မောင်ကတော့ အပြုံးတစ်ခုကို လျှို့ဝှက်ပြုံးလိုက်လေသည်၊

☆ ☆ ☆

ရတနာသိုက်ဖော်ရန် “မောင်” သည် သတ်သတ်လွတ်စားပိတ်ဖြူခင်းကြည်ဝတ် ...န်းသီး၊ ငှက်ပျောသီးတွေနှင့် ဘုရားပွဲ၊ တရားပွဲ၊ ဘိုးတော်ပွဲ၊ သိုက်ပွဲ၊ နတ်ပွဲ ပွဲခေါင်း ...ံ့ စုံအောင်ပြုလုပ်ပြီး ဆေးကြိမ်လုံး တကားကားနှင့် အာရုံခံကြည့်သည်ဆိုကာ သူ့ ...န်ကုန်မှ ပါလာသော တပည့်ကျော်ကြီးကို ဦးစံမောင်ခြံရဲ့အနောက်မြောက်ထောင့် ...ရပ်ကို (၅) ပေပတ်လည်မှာ ကပ္ပိယကြီး ဦးဖြိုးမောင်နှင့် နစ်ဦး တူးခိုင်းသည်၊ သိပ်ပြီး ...ကြာလိုက်ပါ၊ မြေအိုးထဲမှာ ရွှေဟင်္သာရုပ် တွေ့ပါလေတော့သည်၊ တွေ့သောအခါ ...လူတွေ တအံ့တဩ ဖြစ်ကြပါသည်၊ ၎င်းဟင်္သာရုပ်ကို ဒူးဆစ်မှဖြတ်ပြီး ရွှေစစ် မစစ် ...စ်ဆေးကြည့်မည်ပြော၍ ငရဲမီးနှင့်တို့၍ မှတ်ကျောက်တင်ကြည့်သောအခါ ရွှေစစ် ...ည်ကို တွေ့ရပါတော့သည်၊ ရွှေကို ချိန်ကြည့်သောအခါတွင် တစ်ပိဿာရှိသည်၊ ...ဒို့အတွက် ကြောင့် ရွှေဈေးမှာ တစ်ကျပ်သားလျှင် (၁၅၀၀) ထောင့်ငါးရာ ဖြစ်သည့် ...အတွက် တစ်ပိဿာဆိုလျှင် (၁၅၀၀၀၀) တစ်သိန်းခွဲဖြစ်သည်။ ဦးစံမောင်တို့က တစ် ...တ် ငွေအမ်းရမည့်အတွက် (၇၅၀၀၀) ခုနစ်သောင်းငါးထောင် ငွေ ပေးလိုက်ရပါ

www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ "မောင်" လည်း သူ့တပည့် တစ်ယောက်နှင့် ဘုန်းကြီးကျောင်းတွင် တ
ဝတ်လောက် အနေပြုပြီး ဆရာတော်ကို ငွေများကန်တော့၊ ကပ္ပိယကြီးကိုလည်း ဘုန်
ကြီး ဦးပဉ္စင်း ဝတ်ရန်ဆိုပြီး ငွေအနည်းငယ်ပေး၍ ရန်ကုန်သို့ ပြန်သွားပါလေတော့
သည်။

ဦးစံမောင်တို့ မိသားစုသည် ၎င်း ရွှေဟင်္သာရုပ်ကြီးကို သေတ္တာထဲထည့်ပြီး သိမ်
ထားသည်မှာ တစ်နှစ်မျှလောက်ကြာတော့ သေတ္တာဖွင့်ကြည့်သောအခါ ရွှေဟင်္သာ
ရုပ်ဟာ ရွှေရောင်တွေ ပြယ်၊ ကြေးရောင်ပေါက်နေသည့်အတွက် မြို့တက်ပြီး ပန်းထိမ်
ဆိုင်သို့ စစ်ဆေးကြည့်ရာ ရွှေအစစ်မဟုတ်ဘဲ ကြေးဖြစ်နေသည်လို့ ပြောလိုက်သည်
ဘိုးတော် အတုအယောင်ဆောင်သွားသော "မောင်" တို့အဖွဲ့ကို ကပ္ပိယကြီး ဦးဖြိုး
မောင် ခေါ်လာတာဖြစ်သည့်အတွက်ကြောင့် ဦးဖြိုးမှာ တာဝန်ရှိကြောင်း၊ အလို
အလိုပါ ဖြစ်နိုင်ကြောင်း ဦးဖြိုးကို တာဝန်ရှိသူများနှင့် စစ်ဆေးမေးသောအခါ ...

"ကျွန်တော် ရန်ကုန်ကို လိုက်သွားပါ့မယ်"

"ဦးဖြိုး ရန်ကုန်လိုက်သွားရင် တွေ့ပါ့မလား"

"တကယ်လို့မတွေ့ရင် ဦးဖြိုး ဒီလူတွေကို ခင်ဗျား ခေါ်လာတာနော်၊ ခင်ဗျားမှာ
တာဝန်ရှိတယ်"

"အင်း - ဟုတ်ပါပြီဗျာ၊ ကျုပ်နဲ့ ရန်ကုန်လိုက်ခဲ့ပါ၊ သူတို့ ကျင်လည်ကျက်စား
နေရာကို ကျုပ် သိတယ်၊ ဖမ်းဖို့လိုက်ခဲ့ပါ"

ရွှေတစ်ပိဿာဆိုတော့ တော်တော်လေးများပါသည်၊ ၁၉၈၀ ခုနှစ်က ရွေ
ကျပ်၅၀၀၀လောက်ပေးလိုက်ရသည်ဆိုတော့ လူတွေရဲ့စိတ်ထဲမှာ မွှန်ထူပြီး ဒေါသ
လည်း ပေါက်ကွဲနေပါတော့သည်။ အမှန်မှာ "မောင်" သည် ရွှေဟင်္သာရုပ်ပြုလုပ်စဉ်
ရွှေဟင်္သာရုပ်ရဲ့ ဘယ်ဒူးဆစ်နှင့် ညာဒူးဆစ်မှာ ရွှေအစစ် ထည့်ထားပါသည်၊ ဘ
အတွက်ကြောင့် ဆိုသော် ရွှေစစ် မစစ်ကို စစ်ကြည့်မည့်အခါ ဤခြေထောက်
ချောင်းကို ဖြတ်ပြီး စစ်ပြသည့်အတွက် ဟိုဘက် ရွှေ (၂) ပဲသား၊ သည်ဘက်ရွှေ (
ပဲသား၊ ပေါင်း (၁) မတ်သားမျှလောက်တော့ အကုန်ခံခဲ့ပေသည်၊ မောင်က တော
တပည့်တစ်ယောက် ခေါ်လာသည်ဆိုတာ ပန်းထိမ်ဆရာတစ်ယောက်ကို တပ
လုပ်ခေါ်လာခြင်းဖြစ်ပါသည်။ ဘုန်းကြီးကျောင်းနှင့် ဦးစံမောင်တို့ ခြံဝိုင်းမှာ ခြံစည်း
ခြားနေသည့်အတွက် ညအချိန် လူခြေတိတ်ချိန်တွင် "မောင်" တို့ ဆရာတပည့်

ယောက် ပေါက်ပြားနှင့် မြေကြီးတူးပြီး ရေအိုးအလွတ်တစ်လုံးရှာ၍ ရွှေဟင်္သာရုပ်တု
ကို ထည့်၍မြှုပ်ခဲ့ခြင်း ဖြစ်သည်။

"ဦးဖြိုး မနက်ဖြန်သွားမယ်၊ ခင်ဗျား အဆင်သင့်ဖြစ်ပြီလား"

"အဆင်သင့်ပါပဲဗျာ"

ကပ္ပိယကြီးဦးဖြိုးမောင်၊ ဦးစံမောင် ၏မိတ်ဆွေတချို့နှင့် ရွှေရည်စိမ် ကြေးဟင်္သာ
ရုပ်တုအိတ်ထဲထည့်၍ ရန်ကုန်သို့ သွားပါတော့သည်၊ ရန်ကုန်ရောက်တော့ မောင်ဝင်း
ထွန်း အိမ်တွင်တည်းခိုသည်၊ ဦးဖြိုးမောင်လည်း ဒီခါးတွေ ကြောက်လို့ ဘုန်းကြီး
ကျောင်းမှာ ကပ္ပိယလုပ်ပါတယ်ဆိုမှ အကုသိုလ်နှင့်တွယ်ပြီပြန်တယ်၊ ဘဝရဲ့အတိတ်
က ကံအကြောင်းတရားလား၊ သူ့မှာ မပြတ်သေးတဲ့ သူ ပြုမိတဲ့ကံအကြောင်းတရား
လား၊ "မောင်" တို့ ခါးပိုက်နှိုက် ကျင်လည်ကျက်စားသည့်နေရာ လိုက်လံရှာဖွေသော်
လည်း မတွေ့ပါ၊ အချိန်အခါကလည်း တစ်နှစ်ကျော်ကျော်လောက် ရှိသွားပြီဆိုတော့
"မောင်" တို့သည် ရန်ကုန်မှာ အကြောင်းအရာတစ်ခုနှင့် စီမံချက်တွင် ခါးကိုစွပါသွားပြီ
ထောင်ကျနေသည်လို့ တစ်ဦးက ပြောပါသည်၊ နောက်တစ်ဦးကတော့ ခါးပိုက်နှိုက်မှု
သိလို့ လူမိုက်တစ်ယောက် "ဓား" နှင့် ထိုးလိုက်၍ သေသွားပြီလို့လည်း တစ်ဦးက
ပြောပြန်သည်။

"ဦးဖြိုး - ကျွန်တော်တော့ မရှာချင် တော့ဘူးဗျာ၊ အမှုဖွင့်ခဲ့မယ်"

၎င်းလူတွေ နေထိုင်ခဲ့သော မြို့နယ် တွင် ကြေးဟင်္သာရုပ်ကို ရွှေအစစ်ဆိုပြီး လိ
ညာငွေတောင်းသွားသည်ကို ရဲစခန်းတွင် သက်သေခံပစ္စည်းပါပြီး အမှုဖွင့်၍ ဇေ
သို့ ပြန်လာခဲ့ပါတော့ သည်၊ ဦးဖြိုးမောင်လည်း ပြန်လိုက်လာခဲ့ပါသည်၊ ရန်ကုန်
နေစဉ်က ဆိုက်ကားနင်းပြီး "မောင်" တို့ ခါးပိုက်နှိုက်တွေနှင့် အတူအရောတဝင် လုပ်
သည်ဟု သိရသောအခါ ဦးစံမောင်မိသားစုက ဦးဖြိုးမောင်အပေါ် အယုံအကြည်
နည်း၊ မသင်္ကာဖြစ်တာ ရွာမှ ကျောင်းထိုင်ဆရာ တော် ဘုန်းကြီးအား လျှောက်ထား
သည်၊ ဆရာတော်မှ ခေါ်ပြီး ...

"ဟေ့ - ကပ္ပိယ၊ ရန်ကုန်က နင် ခေါ်လာတဲ့လူတွေ ခါးပိုက်နှိုက်တွေဆို၊ အဲဒီ
တွေကို ရအောင်ပြန်ရှာပေးလိုက် မတွေ့ရင်တော့ ကပ္ပိယတာဝန် - နားလည်လာ

www.burmeseclassic.com

ဤကဲ့သို့ ဘုန်းကြီးမှ စိတ်ဆိုးကာ မိန့်တော်မူသောအခါ ကပ္ပိယကြီး ဦးဖြိုးမောင် အနေကျဉ်းကြပ်ပြီး ဒုက္ခရောက်ပါတော့သည်၊ တကယ်တမ်းမှာလည်း ဦးဖြိုးမောင်မှာ တာဝန်ရှိတာ အမှန်ပါ။ ဦးစံမောင်ကလည်း ဦးဖြိုးမောင်ကို ကြံရာပါအဖြစ် အမှုထပ်ဖွင့်သည်၊ အချိန်အခါကလည်း တစ်နှစ်ကျော်လောက် ရှိသွားပြီဆိုတော့ "မောင်" တို့သည် ရန်ကုန်မှာ အကြောင်းအရာတစ်ခုနှင့် စီမံချက်တွင် ခါးကိုစွ ပါသွားကာ ထောင်ကျတာယုံရမလား၊ သေပြီးဆိုတာ ယုံရမလား၊ ဘယ်အချိန်က ထောင်ကျတာလဲ၊ ဘယ်အချိန်က သေသွားတာလဲ၊ ကျေးရွာသို့ ရဲဝန်ထမ်းများ ရောက်လာသောအချိန် ဦးစံမောင်သည် အမှု၏ ဖြစ်ကြောင်းကုန်စင် ပြောလိုက်သောအခါတွင် ကပ္ပိယကြီး ဦးဖြိုးမောင်မှ မျက်ရည် များ ဝဲလာပြီး ...

"ကျွန်တော့်ကိုသာ ဖမ်းပါတော့ဗျာ၊ ကျွန်တော် မဆင်ခြင်ပဲ မစင်ကြယ်တဲ့ အစားအစာတွေ စားခဲ့မိလို့ ယခုလို ဖြစ်ရတာ ကျွန်တော့်အမှားပါ"

[illegible] –

"ဦးဖြိုးမောင်ဒီလူတွေနေတဲ့နေရာ၊ သူတို့ရဲ့အမည်နာမ သူတို့အမြဲတမ်းလှုပ်ရှားနေတဲ့နေရာတွေကိုပြောပါ။ ကျွန်တော်တို့ပြည်သူ့ရဲ့ဆိုတာ တောရောမြို့ပါ ဆက်နွယ်နေပါတယ်၊ ရာဇဝတ်မှုက ပြေးမလွတ်ပါဘူး"

ဤကဲ့သို့ ပြောဆိုပြီး ဦးစံမောင်တို့ မိသားစုမှာလည်း ကပ္ပိယကြီး ဦးဖြိုးမောင်ဟာ ဒီတိုင်းမှာ ပါဝင်နေသည်ဟု တိုင်ကြားစွပ်စွဲထားသည့်အတွက်ကြောင့် ရဲစခန်းသို့ လက်ထိတ်ဖြင့် လိုက်ပါသွားရပါတော့သည်၊ လမ်းတစ်လျှောက်လုံးလည်း ကပ္ပိယကြီးက ငါသည် ရန်ကုန်မှာ နေစဉ်တုန်းက သူတို့ ပေးခဲ့၊ ကျွေးခဲ့သော အစားအစာများကို စားမိသောက်မိတဲ့အတွက်ကြောင့် ဒီလိုပေးဆပ်ရတာ၊ ငါ့မှာ ဒီအကုသိုလ်တရား ရှိနေရင်တော့ အတုံ့အလှည့်ရှိရင်လည်း ကျေပါတော့လို့ ကပ္ပိယကြီး ဦးဖြိုးမောင် တစ်ယောက် စိတ်ထဲမှာ ကြိတ်မှိတ်ပြီး နောင်တဖြင့် ညည်းတွားနေမိသည်၊

⟹ ဝင်းမောင်ကျော်



www.burmeseclassic.com

**ိုင်** ဆိုင်ခွင့်ရသမျှ စည်းစိမ်ဥစ္စာကို
**တစ်** ဦးတည်း အပိုင်စီးလိုသဖြင့်
**ဒ** ဆောင်းစိတ်မွှေးကာ
**လုပ်** ကြံသတ်ဖြတ် ကြံစည်ရာမှ



**ကောင်းကင်**တစ်ခုလုံးမည်းမှောင်နေသောတိမ်တိုက်တွေကလခြမ်းကွေး ွေးလေးကိုရစ်ပတ်ချည်နှောင်ထားကြလေသည်။

ထို့ကြောင့် ညကားပို၍နက်ရှိုင်းလွန်းလှနေ၏။

မန္တလေးမြို့စွန်တစ်နေရာရှိတိုက်ခံအိမ်ကြီးတစ်လုံးသည်ညအမှောင်ထုအောက် ှင်ခန့်ညားထည်ဝါမှုအားလုံးပျောက်ကွယ်နေသော်လည်းခြံကြီးအတွင်းဝဲယာရှေ့ ောက်တို့တွင်အသွေးစုံရောင်စုံသောပန်းပင်မျိုးစုံတို့ကိုလှပစွာစီတန်းစိုက်ပျိုးထား ောကြောင့် ထိုပတ်ဝန်းကျင်၏ ညရှုခင်းကား ချစ်စရာပန်းရနံ့တို့ဖြင့် ထုံမွှန်းနေ သည်။

ထိုစဉ် ရင်တုန်ထိတ်လန့်ချင်စရာ ခွေးအူသံကြီးရုတ်တရက် ပေါ်ထွက်လာလေ ည်၊ညနက်သန်းခေါင်တွင်အေးစက်စက်လေထု၏အထိအတွေ့နှင့်အတူသင်းပျံ့



www.burmeseclassic.com

www.burmeseclassic.com

သော ပန်းရနံ့များအကြား အိပ်စက်အနားယူကုန်ကြသော ထိုအိမ်ကြီးအတွင်းရှိ လူများသည် ထိုကြောက်လန့်ချင်စရာ ခွေးအူသံကြီးကို အန်တုရင်း ငြိမ်သက်စွာဖြင့် ဆက်လက်အိပ်မောကျနေဆဲပင်။

သို့သော် ထိုအိမ်ကြီး၏ အပေါ်ထပ်အိမ်ခန်းတစ်ခုအတွင်း၌ မြယမုံဆိုသော မိန်းမလှလေးတစ်ယောက်သာ ထိုမသတီစရာခွေးအူသံကြီးကြောင့် လူးလွန့်လှုပ်ရှား လာရင်း နိုးထလာလေသည်။

မြယမုံသည်ထိုအိမ်ကြီး၏အပေါ်ထပ်တွင်သူမတစ်ဦးထဲသာရှိနေသည်ဟူသော အသိက သူမ၏စိတ်ထဲ အလိုလိုကြောက်စိတ်များကို ဖန်တီးလာစေသည်။ မြယမုံ သည်ဆက်လက်အိပ်နေချင်စိတ် လုံးဝမရှိတော့သဖြင့်တုန်ယင်ချောက်ချားနေသော စိတ်ကို ထွေးပွေ့သယ်ဆောင်၍ လေသာဆောင်ရှိရာသို့ ထွက်လာခဲ့လေတော့ သည်။

ကြောက်လန့်ချောက်ချားနေသော မျက်ဝန်းနက်လေးများက ဂနာမငြိမ်နိုင်ဘဲ [illegible] ဟိုဟိုသည်သည်သို့ဝေ့ဝဲအကဲခတ်ကြည့်နေမိလေသည်။ ထိုသို့အကဲခတ် [illegible] သည့်အရိပ်အငွေ့များပင် မမြင်တွေ့ရသဖြင့်မြယမုံသည် စိတ်သက်သာသွားဟန်ကြောင့် သူမ၏ မျက်နှာပြင်ပေါ်ဝယ် ကြောက်လန့်စိတ်လေး အနည်းငယ် ပြေလျော့သွားသည့်အပြင် လေဝှေ့လိုက်တိုင်း ပန်းပွင့်များ၏ ရနံ့လေး များက သူမ၏စိတ်ကို မှိုင်မှို၍ကြည်လင်သွားစေ၏။

ဘာမှထူးခြားဆန်းကြယ်ပုံမရသော အလင်းရောင် ပိုးဟပ်ပါး ညပန်းရီကြားချပ် တစ်ခုကြောင့် သူမ၏ခြေလှမ်းများက အိပ်ခန်းရှိရာသို့ပြန်လည်၍ ရွေ့လျားလာလေ တော့သည်။

☆☆☆

ရန်ကုန် - မန္တလေးအဝေးပြေးလမ်း မကြီးပေါ်တွင် (………)အမည်းရောင် ကား လေးတစ်စီး တရိပ်ရိပ်နဲ့ မန္တလေးမြို့ရှိရာသို့ ဦးတည်ပြေးလွှားနေလေသည်။ ထိုကား လေးကို မောင်းနှင်လာနေသူလေးက အသက်(၂၇)အရွယ်ရှိ လှပစွာချောမောလှပ သော နှင်းချစ်သူ အမည်ရှိ မိန်းမပျိုလေးတစ်ဦးပင် ဖြစ်သည်။



ထိုမိန်းမပျိုလေး၏ မျက်နှာပေါ်တွင် တစ်ခုခုကို အလိုမကျနိုင်ဖြစ်နေပုံရပြီးလျှင် သူမသည် အလွန်တရာမှ ဝမ်းနည်းပူဆွေးသောက ရောက်နေသည့် ပုံစံမျိုးပင်။ နှင်း ချစ်သူသည် မန္တလေးမြို့သို့ ခရီးနှင်စအချိန်မှာပင် မန္တလေးမြို့ရှိ အဒေါ်ဖြစ်သူထံမှ ဖုန်း ဝင်လာလေသည်။

"တူမလေး နှင်းချစ်သူ - တူမလေး လာတဲ့အချိန်ထိ စောင့်ခိုင်းတာ မရဘူးကွဲ့။ ခုလေးတင်ပဲ အစ်ကိုကြီးကိုစွ အားလုံးပြီးခဲ့ပြီ - တူမလေးရယ်။ ဒီပိုင်း လုံးမဟာ တော်ကို ဆိုးတယ်ကွဲ့"တဲ့။

နှင်းချစ်သူသည် ကားမောင်းနေရင်း ဖုန်းဆက်လာသော အဒေါ်ဖြစ်သူ၏စကား ပြန်လည်ကြားယောင်နေမိပြီး သူမ၏ အောက်နှုတ်ခမ်းသားလေးကို အပေါ်သွား နှင့် အသာဖိကိုက်ထားရင်း သူမ၏ ဖခင်အတွက် ရင်နာနေမိလေသည်။

"ဖေဖေရယ် - သမီး ဖေဖေ့ရဲ့မျက်နှာကို နောက်ဆုံးအကြိမ်တောင် ကြည့်ခွင့် မရတော့ဘူးပေါ့ - အဟင့် - ဟင့် - ဟင့်"

နှင်းချစ်သူသည် ရင်ထဲမှ ဆို့နစ်တက်လာသော ဝေဒနာတွေကြောင့် ကားမောင်း ရင်းနဲ့ပင် ငိုရှိုက်နေမိလေ သည်။ နှင်းချစ်သူသည် မြန်မာနိုင်ငံ၌ တက္ကသိုလ်ပညာသင် ကျောင်းပြီးသွားခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံတွင် ထပ်မံ၍ ပညာသင်ကြားခဲ့ သည်။ ပညာသင်ကြားနေစဉ်အချိန်အတွင်း နှင်းချစ်သူ၏ ဖခင်ဖြစ်သူ ဦးလွင်မောင် သိန်းသည် တစ်ပင်လဲမှ တစ်ပင်ထူ ဆိုသည့်မူအတိုင်း မြယမုံဟုခေါ်သော မိန်းကလေး အားလက်ထပ်ခဲ့လေသည်။

မြယမုံသည်ဦးလွင်မောင်သိန်းထက်အသက်များစွာငယ်လေသည်။ နှင်းချစ်သူ ၏ဖခင်ရင်းဖြစ်သူ လဲ့ကြည်ပြာသည် နှင်းချစ်သူ မြန်မာနိုင်ငံ၌ ပညာသင်ကြားနေစဉ် တက္ကသိုလ် ပထမနှစ်တွင်ပင် ရုတ်တရက် ကွယ်လွန်သွားခဲ့ရှာလေသည်။

ဦးလွင်မောင်သိန်းသည် ကျန်ရစ်သူ သမီးနှင်းချစ်သူ၊ ညီမဖြစ်သူ ဒေါ်သန်းနုသိန်း တို့အတူ အေးအေးလူလူ နေထိုင်နေရာမှ နှင်းချစ်သူ နိုင်ငံခြားရောက်နေချိန် နောက် အိမ်ထောင် ထူထောင်ခဲ့ခြင်း ဖြစ်သည်။ နှင်းချစ်သူသည် ဩစတြေးလျမှ ပြန်ရောက် သည်နှင့် ဖခင်ဖြစ်သူထံ ပြန်လည်နေထိုင်ခြင်းမရှိတော့ဘဲ ရန်ကုန်မြို့ရှိ တိုက်ခန်းတစ် ခန်း၌ သူငယ်ချင်းမတစ်ဦးနှင့်အတူနေထိုင်ရင်း ကုမ္ပဏီကြီးတစ်ခု၌ အလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့လေသည်။

www.burmeseclassic.com

အကြောင်းမှာ ဖခင်၏ဆန္ဒအား မကန့်ကွက်လိုသော်လည်း သူမ၏ မိခင်နေ
တွင် အစားထိုး ဝင်ရောက်နေသော မြယမုံအား မကြည့်ချင်၊ မဆက်ဆံချင်၍ ဖြ
သည်၊ အဓိကမှာ ဖခင်၏လုပ်ရပ်အား ဆန္ဒပြကန့်ကွက်သည့်သဘောသက် ရော
စေရန် ရည်ရွယ်ချက်ဖြစ်၏။

ထိုအတောအတွင်းအဒေါ်ဖြစ်သူဒေါ်သန်းနုသိန်းထံမှတစ်ဆင့်မြယမုံအကြောင်
တစ်စွန်းတစ်စကြားသိနေရလေသည်။ နှင်းချစ်သူသည်မြယမုံအား တစ်ခါတစ်ရံမှ
မမြင်ဘူးသော်ငြား မုန်းတီးရွံရှာစက်ဆုပ်နေသူဖြစ်သည်။ နှင်းချစ်သူ ကုမ္ပဏီမှ
လွှတ်ချက်အရ ထိုင်းနိုင်ငံသို့ရောက်နေစဉ် ဖခင်ဖြစ်သူ၏သတင်းဆိုးကိုကြားရ
သည်၊

"နှင်းလေး – အစ်ကိုကြီး ဆုံးပြီ" ဆို သော အဒေါ်ဖြစ်သူထံမှ သတင်းပင်၊ အ
ကြီးသောအလုပ်တာဝန်ဝတ္တရားများကိုပစ်၍ ချက်ချင်းကြီး ပြေးလာရန် မဖြစ်နိုင်၍နှင်း
သူမှာ ကြေကွဲဝမ်းနည်းနေရသောစိတ်တွေက နောင်တရခြင်းနှင့်အတူ ရှုံးသွပ်သ
ရသောက်မတတ် ခံစားရလေသည်၊

"ဖေဖေရယ် – သမီးရဲ့ အပြစ်ပါ၊ ဖေဖေ့ကို တစ်ယောက်တည်း ပစ်ထားခဲ့မိ
သမီးရဲ့အမှားကို ခွင့်လွှတ်ပါ – ဖေဖေရယ်"

ထိုစကားလုံးများက နှင်းချစ်သူရဲ့ရင်ထဲမှ ထပ်တလဲလဲ ပြောဖြစ်လေသည်
ရင်နာရလွန်းသောကြောင့်မျက်ဝန်းနှစ်ဖက်မှစီးကျလာသော မျက်ရည်စများက
မြင်ကွင်းများပင် ပျောက်ကွယ်လုမတတ် ဖြစ်စေ၏။ ဒီအတိုင်း ကားမောင်းနေလို
နှင်းချစ်သူအဖို့ အန္တရာယ်က ကြီးမားလွန်းနေပြီ၊

နှင်းချစ်သူသည် ကားမောင်းနေရင်း ရှေ့သို့ ခရီးဆက်ရန် အားအင်များ ကုန်
သွားသလို ဖြစ်လာလေရာ နီးစပ်ရာ ပလက်ဖောင်းဘေးသို့ ကားကို ထိုးရပ်လိုက်
ကားစတီယာရင်ပေါ်သို့ သူမ၏ မျက်နှာလေးကို မှောက်ချထားရင်း ကြေကွဲ
သည်၊

သူမရင်တစ်ခုလုံး အနည်းငယ် စိတ်သက်သာရာရသွားအောင် ငိုရှိုက်နေမိသ
မှာ အချိန်ဘယ်လောက်ထိကြာ သွားပြီကိုပင် သတိမထားမိသူ၏ ကားမှန်တံခါး
လူတစ်ယောက်က "တဒေါက်ဒေါက်" နဲ့ လာရောက်ခေါက်နေသည့်အသံကို ကြား

မှပင် သူမ၏ မျက်ရည်များကြောင့် ဝေဝါးနေသော မျက်ဝန်းများဖြင့် လှည့်ကြည့်မိလေ
၏။

သူမနှင့် မတိမ်းမယိမ်းအရွယ်ခန့် သာရှိသော ရုပ်ရည်ခပ်သန့်သန့် ယောက်ျား
တစ်ယောက်က ကားမှန်အား တဒေါက်ဒေါက်နှင့်ခေါက်၍ အသံပြုရင်း နှုတ်မှတစ်ခု
ကို ပြောဆိုနေပုံကြောင့် နှင်းချစ်သူသည် ကားမှန်တံခါး ကို အနည်းငယ် ဖွင့်ချလိုက်
လေသည်၊

ထိုအခါ ထိုလူက –

"ဟော့ – ဟော့ – ဒီမယ်အမိ – ဒီနေရာက လူသိပ်ပြတ်တယ်၊ မင်းရဲ့ကားကို ဒီ
နေရာမှာ အကြာကြီးရပ်မထားသင့်ဘူးကွ၊ မင်းရဲ့ကား ပျက်နေရင် တို့ကြည့်ပေးမ
လေ"

သွေးသစ်သည် လူပြတ်သောလမ်းဘေးတွင် ကားလေးတစ်စီး ရပ်နားနေသည
ကို တွေ့ရရာ အကူအညီပေးရန် ဆင်းကြည့်မိုက် ကားရှေ့ခန်း စတီယာရင်ပေါ်
မျက်နှာအပ်ကာ ခန္ဓာကိုယ်လေး တသိမ့်သိမ့် တုန်ခါနေအောင်ဝင် ငိုကြွေးနေသော
မိန်းကလေးတစ်ယောက်ကို မြင်တွေ့လိုက်ရခြင်းဖြစ်သည်၊

အခုလည်း သွေးသစ်ပြောနေသော စကားကို ဂရုမစိုက်သလို ငိုစိုလေးနှင့်သူမ
မို့အစ်နေသောမျက်ဝန်းလေးများက သွေးသစ်ကို ငေးကြည့်နေပြန်လေသည်။

ထို့ကြောင့် ...

"ဟော့ – မိန်းကလေး – တို့ပြောနေတာ ကြားရဲ့လား၊ ဘာများ ကူညီရမလဲလို့
တို့က လူကောင်းပါ"

ထိုအခါမှသာ ကားထဲမှ အလွမ်းမင်းသမီးလေးက သတိဝင်လာပုံရပြီး –

"ဟို – ဟိုလေ – နှင်းရဲ့ကားက ဘာမှ မဖြစ်ပါဘူး၊ ဟို – ဟို – နှင်း – နှင်းလေ အရ
စိတ်ညစ်နေလို့ပါရှင်၊ အခုပဲ သွားတော့မှာပါ"

"မင်း သိပ်စိတ်ညစ်နေရင်လည်း မင်းအိမ်ရောက်မှညစ် – အမိရေ၊ ဒီနေရာ
မင်းတို့လိုအားနွဲ့သူတွေကြာကြာမရှိသင့်တဲ့နေရာကွ၊ မင်းရဲ့ကားဘာမှမဖြစ်ရင်လည
တို့ကို ခွင့်ပြုပါ"

"ဟုတ် – ကျေးဇူးပါရှင်"

www.burmeseclassic.com

www.burmeseclassic.com

အမြင်မတော်ရင်ကူညီတတ်သော သွေးသစ်တစ်ယောက် သူ၏ကားဆုံးသည်နှင့် ထိုမိန်းကလေး၏ ကားဘေးမှ ချာခနဲ လှည့်ထွက်လာမိလေ၏။ သူ၏စိတ်ထဲတွင်သည်း -

"ဘယ်လိုမိန်းကလေးလဲကွာ။ စိတ်ညစ်လို့ဆိုပြီး ကားကို လမ်းဘေးထိုးရပ်ပြီး ငိုနေရတယ်လို့ - ခပ်ကြောင်ကြောင်နဲ့"

နှင်းချစ်သူသည် သူမ၏ကျေးဇူးတင်စကားကိုပင် ဆုံးအောင် နားမထောင်နိုင်ဘဲ သူ့အား မျက်မှောင်ကြီးကြုံ့လျက် စူးစမ်းသလို ကားမှန်မှတစ်ဆင့်ကြည့်ရင်း ပြောဆို လှည့်ထွက်သွားသော ထိုလူ၏နောက်ကျောပြင်အားတစ်ချက်ကြည့်လိုက်ပြီးနောက် သူမ၏ ကားလေးကို စက်နှိုး၍ ထိုနေရာမှ ထွက်ခွာလာခဲ့လေတော့သည်။

သွေးသစ်သည် ထိုမိန်းကလေး၏ ကားမောင်းနှင်ထွက်ခွာသွားမှပင် သူ၏ကားကို စိတ်ရှုပ်ရ တော်နီးလိုက်လေတော့သည်။ သွေးသစ်သည် မလှမ်းမကမ်းမှ ထင်မိမိနှင့် သွားသော ကားလေးကို လှမ်းကြည့်မိရင်း တွေးမိ လေသည်။ "နှင်း" ဆိုး နှင်းချစ်သူ သူတော်ယံ သူမ နာမ်စားသုံးတတ်သော ထိုမိန်းကလေးသည် ဘယ်လို သောကတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရရှာပါလိမ့်၊ သူမ၏ အသည်းအသန် ငိုကြွေးနေ ပုံလေးက သွေးသစ်၏ ရင်တစ်ခုလုံး တုန်လှုပ်သွားစေလေသည်။

မျက်ရည်များ ဝေကျုံနေသော ထိုမိန်းတလေး၏မျက်နှာလေးမှာ ညှိုးရောင်ဝမ်းနည်းနေပြီး သိပ်ပြီး နေကောင်းပုံလည်း မရသောကြောင့် "နှင်း" ဟူသော ထိုမိန်းကလေးကို စိတ်မချနိုင်လွန်းစွာ သူမ၏ကားလေး ထွက်ခွာရာလမ်းကြောင်းအတိုင်း မလှမ်းမကမ်းမှလိုက် ရန် ဆုံးဖြတ်လိုက်လေသည်။

သွေးသစ်သည် ထိုမိန်းကလေးကို မြင်မြင်ချင်းပင် ကရုဏာသက်မိ၏။

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာအခက် အခဲတွေနဲ့များ ရင်ဆိုင်ကြုံတွေ့နေရတာလဲကွာ။ သူ့ကိုကြည့်ရတာ ငွေကြေးကြောင့်တော့ ဟုတ်မယ်မထင်ပါဘူး"

အချိန်ခဏအတွင်းပင် သူ၏စိတ်ကို စိုးမိုးနိုင်လွန်းသော သူမလေးကြောင့် သွေးသစ်မှာ သက်ပြင်းချရင်း မသိမသာ ကပ်လိုက်နေမိသည်။

နှင်းချစ်သူသည် သူမ၏ကား နောက်မှ မယောင်မလည်နှင့် ကပ်၍ပါလာသော ထိုလူကို လုံးဝနားမလည်နိုင်တော့။ ဘာကြောင့်များ သူမရဲ့ကား နောက်က နောက် ယောင်ခံလိုက်နေမှန်းမသိရ၊ ဒီလူ့ရဲ့ကားကိုကျော်တက်သွားဖို့အခွင့်အရေးပေးထားသော်လည်း လုံးဝကျော်တက်မသွားဘဲ နောက်က လိုက်မြဲတိုင်း လိုက်နေ၏။

"ဒီလူက မိန်းကလေးတွေ့ရင် ကြောင်တတ်တဲ့ငနဲလား။ ကားရပ်ထားတုန်းက ကူညီလိုစိတ်ရှိပုံရပြီး အခုတော့ တစ်မျိုး"

နှင်းချစ်သူသည် လူ့ရဲ့စိတ်၏ အမျိုးမျိုးအပြောင်းအလဲ မြန်တတ်သောသဘောကြောင့် ထိုလူကို မျိုးစုံထင်ကြေးပေး၍ တွေးနေမိသည်။ နှင်းချစ်သူသည် အိမ်ကို အေးဆေးမှ ရောက်သွားလည်း ကိစ္စမရှိတော့ သူမ ချစ်ခင်တွယ်တာရမဲ့ ဖခင်ကြီးရဲ့ အရိပ်အယောင်တောင်မှ မြင်တွေ့ခွင့်ရတော့မှာမှမဟုတ်တော့တာ။ ခက်တာက နောက်က ကပ်လိုက်လာနေတဲ့ ငနဲသားကြောင့် စိတ်အနှောင့်အယှက် ဖြစ်မိလေသည်။

"မဟုတ်မှလွဲရော - ဒီလူက - ဟို - ဖေဖေ့နောက်မိန်းမ မြယမုံရဲ့လူများလား။ ဘာများယုတ်မာဦးမလို့လဲ - ဟား"

နှင်းချစ်သူသည် သူမ၏အတွေးတို့ လွန်နေပြီဟူသောအသိကြောင့် မျက်လုံးအစုံကိုမှိတ်ရင်း ဦးခေါင်းကို ခါယမ်းပစ်လိုက်ပြီး အတွေးရိုင်းတချို့ကို မောင်းထုတ်ပစ်လိုက်မိ၏။ ဒါကလည်း လူတစ်ယောက်ကို အကြောင်းစုံမသိဘဲ ရက်ရက်စက်စက် ပစ်မရှုတတ်သည့် သူမ၏ စိတ်ဓာတ်လေးပါ။

နှင်းချစ်သူ မောင်းနှင်လာသော ကားလေးသည်လည်း တဖြည်းဖြည်းနဲ့ မန္တလေးမြို့မှ ကြံ့ခိုင်ပါ၏ဆိုင်းဘုတ်ကိုပင် ကျော်လွန်လာခဲ့လေပြီ။ နှင်း ချစ်သူသည် နောက်ကြည့်မှန်မှတစ်ဆင့် သွေးသစ်ကားလေးကို ကြည့်မိလိုက်လေရာ သွေးသစ်၏ကားလေးကို အရိပ်အယောင်မှပင် မတွေ့ရတော့သဖြင့် နှုတ်ခမ်းလေးရွဲ့ရှုံ့ တစ်ချက်ပြုံးလိုက်မိရင်း ကားကိုဖြည်းဖြည်းမှန်မှန် ဆက်မောင်းလာခဲ့လေသည်။

သို့နှင့် သူမ၏ကားလေးမှာ ခြံအမှတ် (၅၂၈) ရှေ့သို့ပင် ရောက်ရှိလာခဲ့လေတော့သည်။ ထိုခြံကြီးထဲရှိ အိမ်ကြီးသည် နှင်းချစ်သူအား ချောက်ချားစွာ ကြိုဆိုနေလေသည်။ သူမသည် ကားဟွန်းကို မတီးဖြစ်သေးဘဲ မရောက်တာ ကြာနေပြီဖြစ်သော သူမ ငယ်စဉ်ကတည်းက နေထိုင်လာတဲ့ အိမ်ကြီး၏ အောက်ထပ်တစ်ခုလုံး အုတ်နံရံများဖြင့် အထပ်ထပ်ဝနေသော ကြီးမားခိုင်ခံ့နေသော တိုက်ခံနှစ်ထပ်အိမ်ကြီးကို ခြံအပြင်ဘက်မှ လှမ်းမော့ကြည့်ရင်း ခဏလေး ငေးကြည့်နေမိလေသည်။

www.burmeseclassic.com

နင်းချစ်သူ အိမ်ကြီးအတွင်းသို့ ရောက်လာသည် အိမ်သားများကို လိုက်လှဲ ဖော်ရွေစွာ စကားများများ မပြောနိုင်သေးဘဲ သူမ၏ အိပ်ခန်းရှိရာသို့ ဝင်ရောက်ပြီး အနားယူနေမိသည်။ ထိုစဉ် သူမ၏ အိပ်ခန်းတံခါးကို အပြင်မှ ခေါက်နေသံကြောင့် တံခါးဖွင့်လိုက်လေရာ မြယမုံ ဖြစ်နေလေသည်။

☆☆☆

"အော် - အစ်မ - လာ - ထိုင်ပါ"

နင်းချစ်သူ၏ ညှို့ဝတ်ကျေပွန်သော ဖိတ်ခေါ်ချက်ကြောင့် အခန်းတွင်းသို့ ဝင်လာသော မြယမုံမှာ နင်းချစ်သူအား ယဉ်ကျေးဖော်ရွေသောမျက်နှာနှင့် ကြည့်ရင်း -

"နင်းချစ်သူက ချောလိုက်တာ၊ ဒါကြောင့် အစ်ကိုကြီးက သူ့ရဲ့တစ်ဦးတည်းသော သမီးလေး ချောကြောင်း လှကြောင်း ယမုံကို ခဏခဏပြောပြတတ်တယ်လေ၊ ... - အစ်ကိုကြီး ... နည်းနေတယ် - နင်းချစ်သူ"

နင်းချစ်သူသည် မြယမုံ၏ စကားကို ကြည့်လိုက်ရသောအခါ သူမ၏ မျက်ဝန်းနက်ထဲမှ ချစ်ရည်ကြည်လေးများဝင် ဝဲ၍တက်လာသည်။

"မြယမုံ - ဖေဖေက ကျွန်မကို ခဏခဏ ချီးမွမ်းသတဲ့လား၊ သူ့ဆီ တစ်ခေါက် တောင် မလာဘူးဆိုပြီး သမီးဆိုးလေးလို့ ကင်ပွန်းမတပ်ခဲ့ဘူးလား မမြယမုံ"

ဝမ်းနည်းသံလေးကြောင့် တုန်ရီနေသော နင်းချစ်သူ၏စကားသံအဆုံးတွင် မြယမုံသည် သူမ၏ခေါင်းကို ညင်ညင် သာသာလေး ခါယမ်းလိုက်ရင်း ...

"အာ - အစ်ကိုကြီးက နင်းချစ်သူကို ဘယ်တုံးကမှ ဆိုးတယ်လို့ မပြောခဲ့ပါဘူး တွယ်"

"အခု - ယမုံလာတွေ့တာက နင်းချစ်သူအဖေက ယမုံဆီမှာ အပ်ထားခဲ့တဲ့ပစ္စည်း တွေကို နင်းချစ်သူဆီ လွှဲပေးဖို့ပါ။ ဒီပစ္စည်းတွေကို နင်းချစ်သူပြန်ပြီးလက်ခံပေးပါနော်၊ နောက်ပြီး ဒီသော့ (၂) ချောင်း"

မြယမုံ၏စကားတွေက ထူးဆန်းလွန်းနေသည်၊ သူ့စိတ်က ပြောင်းလဲသွားပြီ လား၊ သူက ဖေဖေ့ရဲ့လက်ရှိဇနီး ပဲ၊ ဘာကြောင့် ပစ္စည်းတွေကို ပြန်ပေး နေတာလဲ၊ သူ့ကိုကြည့်ရတာ အသက် မဲ့နေသလို ဘာမှမက်မောပုံလည်းမရဘူး"



နင်းချစ်သူသည် မြယမုံ၏စကားကို ယုံကြည်ရခက်နေဟန်နှင့် သူမ၏ မျက်ခုံးလေးနှစ်ဖက်ကို တွန့်ကွေးထားရင်း တွေးတောနေမိပြီး မြယမုံ၏ မျက်ဝန်းထဲသို့ စူးစူး ...လေး သေချာစိုက်ကြည့်၍ အကဲခတ်နေမိ၏။

မြယမုံသည် နင်းချစ်သူ၏အကြည့်ကို ဂရုမစိုက်သည့်အပြင် သူမ၏ မျက်နှာပေါ် ... သက်မပါသောအပြုံးတစ်ခု ရိပ်ခနဲ ထင်ဟပ်သွားပြီးလျှင် ...

"ဒီသော့လေးက ယမုံနဲ့ မင်းအဖေရဲ့အခန်းတံခါးသော့၊ ကျန်တဲ့တစ်ချောင်းက မင်းအဖေရဲ့ဗီရိုသော့ပဲ - နင်းချစ်သူ၊ ဒီသော့တွေကို ယမုံ သွားလေရာကိုယူဖို့ မင်း အဖေက အမြဲသတိပေးတယ်၊ အခု မင်းရဲ့အဖေလည်း မရှိတော့ဘူးဆိုတော့ သမီး ...တဲ့ နင်းချစ်သူက ဆက်ပြီးသိမ်းဆည်းစောင့်ရှောက်ပါ၊ အခန်းထဲက မင်း အဖေရဲ့ ...ထဲမှာ အရေးကြီးတဲ့ပစ္စည်းတွေရှိတယ် - နင်းချစ်သူ"

မြယမုံ၏ စကားတွေကြောင့် နင်းချစ်သူ၏ ထိလုနီးနီး မျက်ခုံးလေး နှစ်ဖက်မှာ ...ဝင် နီးကပ်သွားလေတော့သည်။

ဒီပုံစံက မြယမုံဆိုတဲ့ မိန်းမတစ်ယောက်ရဲ့စိတ်ရင်းအမှန်တွေပဲလား၊ ငါ့ကို လှည့် ...ပြီးအယုံသွင်းနေတာရော မဖြစ်နိုင်ဘူးတဲ့လား၊ မြယမုံက ဖေဖေ့ရဲ့စည်းစိမ်တွေကို ...ပ်ခဲ့တာပဲမဟုတ်လား၊

ခါလေးပြောတော့ မြယမုံဆိုတာ မိန်းမလည်တဲ့၊ အခုဟာက နင်းချစ်သူ နား ...ည်နိုင်တော့၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ပြောင်းလဲနေတာတော့ အမှန်ပါ၊

နင်းချစ်သူသည် ဖြေရှင်းရခက်နေ သောပုစ္ဆာတစ်ပုဒ်ကို အဖြေရှာနေဆဲ၊ မြယမုံ ...ဘ်များမှ လေသံတိုးရှရှလေးက ထွက်လာပြန်၏၊

"နင်းချစ်သူ - ယမုံ - ဒီအိမ်ကြီးက မကြာခင် ထွက်သွားဖို့ ရည်ရွယ်ထားပါတယ်၊ ...ဲ"

မြယမုံ၏ လေသံလေး ရှေ့သို့ မဆက်ရသေးခင် -

"ဗျို"

အခန်းတံခါးကို အပြင်မှ ခပ်ဖြည်းဖြည်း တိုးဖွင့်လိုက်သံကြောင့် နင်း... ...ည့်များက တံခါးပေါက်ဆီသို့ ရောက်သွားသည်၊ အခန်းထဲသို့ ဝင်လာသူမှာ နင်း



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ အဒေါ်ဖြစ်သူ ဒေါ်သန်းနုသိန်း ဖြစ်သည်၊ နှင်းချစ်သူအား ညနေစာအတွက်

ရောက်ခေါ်ခြင်းဖြစ်သည်။

ဒေါ်သန်းနုသိန်းပြင်ဆင်ပေးထားသော ထမင်းဝိုင်းမှာ နှင်းချစ်သူ၏အကြိုက်

ချည်းသာဖြစ်၏၊ ဒေါ်လေးဖြစ်သူ၏ စေတနာတွေကြောင့် ကြည်နူးမိလေသည်။

ချစ်သူသည် ထမင်းပွဲပြင်ဆင်လုပ်ကိုင်ပေးနေသော အမျိုးသမီးတစ်ဦးကို ထမင်

ရင်း မသိမသာ အကဲခတ်နေမိ၏။

ထိုအိမ်အကူအမျိုးသမီး၏ မျက်လုံးများကို နှင်းချစ်သူ မနှစ်မြို့၊ သူမရဲ့အကြ

များက အေးစက်လွန်းနေသည်၊ နှင်းချစ်သူ၏ စိတ်ထဲသိပ်ဘဝင်မကျ၊ ထို့ကြောင့်

"ဒေါ်လေး – ဟိုအမျိုးသမီးက"

"အော် – ခင်ဦးကိုပြောတာလား၊ ရောဝတီဘက်ကပါကွယ်၊ သူ့ခမျာ မိဘနှ

[illegible] အိမ်တောင်နဲ့လည်း ကွဲနေတယ်ဆိုလားပဲ နှင်းလေ

[illegible] ဒိုင်းတွဲ့ အဖော်ရအောင်၊ နှင်းလေးရဲ့ဖေဖေ့

[illegible] နှင်းလေးနိုင်ငံခြားသွားတဲ့ နှစ်မှာပဲ အစ်ကိုကြီးရဲ့ကျန်

[illegible] လာတယ်ကွယ်၊ အစ်ကိုကြီးရဲ့နှလုံးက တစ်နေ့ထက်

[illegible] တယ်၊ ခွဲစိတ်ကုသရမယ့် အခြေအနေထိ ဖြစ်လာတယ် – နှင်းလေ

ရဲ့"

"ဟင် – ဖေဖေ ဒီလောက်ထိတောင် ဖြစ်နေတာ နှင်းကိုတော့ ဒေါ်လေး သေ

နားလည်အောင်ပြောပြပြီး လှမ်းခေါ်သင့်တာပေါ့၊ ဖေဖေ ဒီလိုထိဖြစ်နေတာတော

သမီးဖြစ်တဲ့ နှင်းက ရေရေရာရာ မသိရတဲ့ဘဝပါလား – ဒေါ်လေးရဲ့"

"ဒေါ်လေးကို အပြစ်တင်ရင် ခံရမှာ ပဲ – ကလေးရဲ့၊ အစ်ကိုကြီးကိုယ်တိုင်

ရေမြေခြားမှာ ပညာသင်နေရှာတဲ့ သူ့ရဲ့တစ်ဦးတည်းသောသမီးလေးကို မသိအော

ဖုံးဖိထားခိုင်းတာပါ – နှင်းလေးရယ်၊ ကဲပါ – တူမလေးရယ် – ပြီးတာတွေပြီးပါစေတော

နော်၊ သွားလေသူလည်း သူချစ်တဲ့သမီးလေးက သူ့အတွက် ဝမ်းနည်းနေရင် စိ

ဖြောင့်မှာမဟုတ်ဘူး၊ စိတ်ထဲ ဘာမှမထားနဲ့တော့နော်"

နှင်းချစ်သူသည် ဒေါ်လေးဖြစ်သူ၏ အားပေးနှစ်သိမ့်သောစကားအဆုံး၌

သက်တစ်ချက်ကို ခပ်အုပ်အုပ်လေး ချမိလိုက်ရင်း ကျောက်ဆစ်ရုပ်ထုလေးလိုငြိ



လေးစိတ်မပါလေဟန် စားသောက်နေသော မမြယမုံထံသို့ အကြည့်တစ်ချက်ရောက်

သွားမိ၏၊ တိုက်ဆိုင်စွာပင် မြယမုံ၏ အမှတ်မထင် ဖျတ်ခနဲ မော့ကြည့်လာသော မျက်

ဝန်းအကြည့်နဲ့ ဆုံသွားလေရာ၊ မြယမုံက –

"ယမုံလည်း တစ်နေ့ကုန် မအားပါဘူး – နှင်းချစ်သူရယ်၊ အစ်ကိုကြီးက ကျန်းမာ

ရေးမကောင်းတော့ ယမုံလည်း အစ်ကိုကြီးရဲ့လုပ်ငန်းတွေကို တာဝန်ယူနေရတာလေ၊

ဒီအိမ်မှာက အစ်ကိုကြီးရဲ့နှမအရင်းရှိနေတာပဲ၊ ယမုံက ဘာစိတ်မချစရာရှိလဲ – နှင်း

ချစ်သူ"

မြယမုံရဲ့စကားတွေက အမှန်တွေပါ၊ မြယမုံ တစ်နေ့ကုန် မရှိလည်း ဖေဖေ့ရဲ့ညီမ

ဖြစ်တဲ့ ဒေါ်လေးက ရှိနေတာပဲလေ၊ ဒါပေမဲ့ – နှင်းချစ်သူ အမှတ်တမဲ့ ဖျတ်ခနဲ တွေ့

လိုက်ရတာက မြယမုံ၏ စကားကြောင့် ဒေါ်လေးရဲ့ သိသိသာသာ ပျက်ယွင်းသွားတဲ့

မျက်နှာ၊ ဘာကြောင့်လဲ၊ နှင်းချစ်သူ တစ်ချက်တွေဝေသွားမိလေသည်၊

ဒါပေမဲ့ – နှင်းချစ်သူရဲ့ အတွေးတို့မှာ မိနစ်ပိုင်းပင် မကြာလိုက်၊ ဒေါ်လေး သန်းနု

သိန်း၏ တောင်စဉ်ရေမရ စကားသံများအကြား၌ လွင့်ပျောက်ကွယ်ရင်း ညနေစာ

ထမင်းဝိုင်းလေးမှာလည်း ပြီးဆုံးသွားခဲ့လေသည်၊

☆☆☆

"ကလင် – ကလင် – ကလင်"

မနက်(၉)နာရီ မထိုးသေးခင် ဧည့်ခန်းအတွင်းရှိ တယ်လီဖုန်းလှုပ်ခေါ်နေသံမှာ

ဆူညံနေလေ၏။

ဧည့်ခန်းနှင့် ကပ်နေသော နှင်းချစ်သူမှာ ထိုဖုန်းသံကျယ်ကျယ်လောင်လောင်

ကြောင့် –

"ဟား – ဒေါ်လေး ဈေးသွားပြီထင်ပါရဲ့၊ ဒီအိမ်မှာ ဘယ်သူမှ ဖုန်းလာကိုင်မယ့်သူ

ရှိကြတော့ဘူးလား၊ စောစောစီးစီးကွာ၊ ဘယ်သူ့ဆီကပါလိမ့်"

အိပ်ရာနိုးစ နှင်းချစ်သူမှာ ဖုန်းသံ၏ ဆူညံမှုကြောင့် မကျေမချမ်း ရေရွတ်ရင်း

ဖုန်းကိုင်ရန် အခန်းတွင်းမှ ထွက်လာခဲ့လေ၏။

"ဟယ်လို – မြန်နံ့ပါတ်(၅၂၈)ကပါရှင်"

www.burmeseclassic.com

www.burmeseclassic.com

"အော် - ဟုတ်ကဲ့ - ကျွန်တော်တို့က (………)စခန်းက ဒုရဲအုပ်ပါ၊ မမြယမုံဆိုတဲ့ အမျိုးသမီး မြင်ဦးလွင် မရောက်ခင် လမ်းမှာ ကား Accident ဖြစ်လို့၊ အခု ဆေးရုံ (… … …)မှာ တင်ထားရပါတယ်တဲ့၊ အခြေအနေ ဆိုးပါတယ်၊ ဒါ - ကျွန်တော်တို့ ရဲတပ်ဖွဲ့က တာဝန်ရှိတဲ့အတိုင်း ဒီအိမ်ကို လှမ်းပြီးအကြောင်းကြားတာပါ ခင်ဗျာ"

နင်းချစ်သူသည် မှုခင်း ရဲအရာရှိ၏ ရှေ့ဆက်ပြောလာသည့်စကားသံတွေကာ သူမ၏နားထဲ မကြားတစ်ချက်၊ ကြားတစ်ချက် မြယမုံကား Accident ဖြစ်တယ်တဲ့၊ အတွင်းလူနာဆိုပါလား၊ သူ - သူမ ဘာဖြစ်သွားပြီလဲ၊ ဘာဖြစ်သွားသေးလဲလို့ မေး လိုက်ချင်သည်၊

ဒါပေမဲ့ - မေးခွန်းတွေက ဘာကြောင့် လည်ချောင်းဝမှာတင် ပျောက်ကွယ်ကုန် ရတာလဲ၊

"တင်း - စိတ်မကောင်းပါဘူး - မြယမုံရယ်၊ ကျွန်မကို ရှင်ပြောခဲ့တဲ့အတိုင်း တစ်နေ့ကျ ဒီအိမ်က ထွက်သွားပါမယ်တဲ့၊ ရှင် ဒီလိုပုံစံကြီးနဲ့ ဒီအိမ်ကြီးက ထွက်သွား မှာလား မြယမုံရယ်"

ဒီလိုတွေးမိရင်း နင်းချစ်သူသည် မြယမုံအတွက် ဝမ်းနည်းကြေကွဲစွာ ခံစားနေ မိ၏၊ အမြဲ အမျက်များတာ မြန်ဆန်လွန်းသည်၊ တစ်ချိန်က ဒီမိန်းမကို လုံးဝမနှစ်မြို့ သူမ၏နားသည်တိုင်ဝင် မကြားချင်လောက်အောင် မုန်းနေမိ၏၊ မြယမုံနဲ့ ဆုံတွေ့ခဲ့ည တဝင် သူမ၏ ရိုးသားမှုအရိပ်အငွေ့ကို ခံစားမိ၏၊ တစ်ခုခုကို ဖုံးကွယ်ထားသည်ကို လည်း နင်းချစ်သူ၏ စိတ်ထဲ အလိုလို သိနေလေသည်၊

မြယမုံ၏ရင်ထဲက ပြောချင်နေ သောစကားတချို့ကို ထိန်းချုပ်ထားနေရသည်ကို နင်းချစ်သူက သူမ၏ ညှိုး ငယ်နေသောမျက်ဝန်းထဲ ထိုးဖောက်ခံစားလို့ ရနေသေး သည်၊ နင်းချစ်သူက မြယမုံပေးထားခဲ့တဲ့သော့တံလေးနှစ်ချောင်းကိုကိုင်တွယ်ကြည့် နေပြီးနောက် သူမ၏မျက်နှာတွင် သိုသိပ်လျှို့ဝှက်နိုင်လွန်းတဲ့ အရိပ်လေးတစ်ခုဖြတ် ပြေးသွားလေတော့၏၊

နင်းချစ်သူသည် မြယမုံ၏ ဈာပနအတွက် လိုအပ်သည့်ကိစ္စများကို တာဝန် ကျေစွာ ဆောင်ရွက်ပေးခဲ့လေသည်၊ ရက်အနည်းငယ်အတွင်း အရာအားလုံးသည် နေသားတကျ ပြန်လည်ဖြစ်သွားပြီးနောက် မြယမုံ မသေဆုံးခင် မိနစ်ပိုင်းအနည်း

ငယ်က ဝေဒနာတွေ ခံစားနေရသည့်ကြားထဲ သူမရဲ့နှုတ်ခမ်းများမှ တိုးတိုးတိမ်တိမ် အသံလေးနှင့် နင်းချစ်သူအား ပြောပြခဲ့သည့်လိပ်စာလေးကို ပြန်၍စဉ်းစားနေမိလေ သည်၊

"ဘာတဲ့ - သွေးသစ် - သွေးသစ် - မန္တလေး(………)ရပ်ကွက်တဲ့၊ အိမ်လိပ်စာပဲ ဖြစ်ရမယ်၊ သူ့ခမျာ နာမည်ကိုတောင် မပြောပြနိုင်ခဲ့ရှာဘူး၊ သွေးသစ်ဆိုတဲ့နာမည်ကို တစ်လမ်းဝင် တစ်လမ်းထွက် လိုက်မေးကြည့်ရမယ့်ပုံပဲ - ဟင်း၊ မြယမုံက ဒီလူဆီကို ဘာကြောင့်လွှတ်ရတာလဲ၊ အရေးတကြီးအကြောင်းတစ်ခုခုရှိလို့များလား၊ သွေးသစ် ဆိုတဲ့လူနဲ့ ရှင်နဲ့ ဘယ်လိုများပတ်သက်နေတာလဲ မြယမုံရယ်၊ ရှင် သေအံ့မူးမူးမှာ သေရာရွတ်ပြခဲ့တဲ့ လိပ်စာလေးမို့ ကျွန်မက တာဝန်ကျေစွာရှာပေးပါ့မယ် - မြယမုံ ရယ်၊ ရှင် - ကောင်းရာမွန်ရာသွားပါ - မြယမုံ၊ တမလွန်ဘဝမှာ ဖေဖေနဲ့ တွေ့ဆုံနိုင် ပါစေ - မြယမုံရယ်"

နင်းချစ်သူသည် မန္တလေးမြို့၏ နေအပူရှိန်ဒဏ်ကြောင့် သူမ၏ လှပသော နဖူး ပြင်လေးမှ ချွေးစေးကလေး များပင် ဆို့တက်နေလေတော့သည်၊ သူမ၏ ကားလေး က (… … …)ရပ်ကွက်လေးထဲသို့ စတင်ဘီးလိမ့်ဝင်လိုက်သည်နှင့် လူတချို့၏ စပ်စု လိုသည့်အကြည့်များက သူမထံ ဦးစွာဝင်ရောက်လာလေတော့သည်၊

သူမ၏ကားလေးကို ရပ်ကွက်အုပ် ချုပ်ရေးမှူးရုံးရှေ့သို့ ထိုးဆိုက်လိုက်ပြီး ထိုလူ ၏ နာမည်ကို စုံစမ်းကြည့်မိလိုက်ရာ "သွေးသစ်"ဆိုတဲ့လူက (… … …) (၃) လမ်းမှာ နေသည်တဲ့၊ နင်းချစ်သူသည် စိတ်လက်အေးသွားပုံကြောင့် သက်ပြင်းမောလေး တစ်ချက်ကို ညင်ညင်သာသာလေး ချလိုက်လေတော့၏၊

ရပ်ကွက်လူကြီး ညွှန်ပြသည့် (………) (၃)လမ်းသို့ သူမ၏ကားလေးကိုဦးတည် လိုက်လေသည်၊ ထိုလူနေထိုင် ရာလမ်းထိပ်သို့ရောက်သည်နှင့် ဆိုင်တစ်ဆိုင်ရှေ့သို့ ကားကို ခဏရပ်လိုက်ပြီး ထိုလူ ဒီလမ်းထဲတွင် ရှိ၊ မရှိ ပို၍သေချာစေရန် စုံစမ်းမေးမြန်း နေသေးသည်၊ ရှိသည်တဲ့၊

"သွေးသစ်၊ အိမ်နံပါတ် (၇၀)"

နင်းချစ်သူသည်အိမ်နံပါတ်(၇၀)ဟုရေးထားသောတစ်ထပ်တိုက်လေးရှေ့တွင် သူမ၏ကားလေးကိုထိုးရပ်လိုက်လေသည်၊ နင်းချစ်သူသည်ကားလေးပေါ်မှ ဆင်းပြီး





www.burmeseclassic.com

www.burmeseclassic.com

ခြံတံခါးနားတွင် အသာရပ်၍ အိမ်ထဲသို့ လှမ်းကြည့် အကဲခတ်နေပြီးနောက် ချောင်းဟန့်သံ လေးတစ်ချက်ကို အသာပေး၍ "ကိုသွေးသစ် ရှိပါသလားရှင်" ဟု မတိုးမကျယ်အသံလေးဖြင့် လှမ်း၍အော်ခေါ်လိုက်လေသည်။

သွေးသစ်မှာ အိမ်ထဲမှ အပြင်သို့ ကိစ္စတစ်ခုဖြင့်သွားရန် ပြင်ဆင်နေစဉ် သူ၏ခြံတံခါးရှေ့သို့မိန်းကလေးတစ်ဦးရစ်သီရစ်သီပြု၍သူ၏နာမည်ကိုလှမ်းခေါ်နေသည်ကိုမြင်နေရသဖြင့် အိမ်ပြင်သို့ အမြန်ပင် ထွက်လိုက်လေသည်။

နင်းချစ်သူသည် အိမ်အပြင်သို့ လူတစ်ယောက် အလျင်အမြန် ထွက်လာသည်ကို မြင်တွေ့လိုက်ရသဖြင့် သူမမှာ ဒုတိယအကြိမ် စိတ်အေးသွားရပြန်လေ၏။ နင်းချစ်သူသည် သူမ၏အနားသို့ ရောက်လာပြီး ခြံတံခါး ဆွဲဖွင့်ပေးနေသော ထိုသွေးသစ်ဆိုသောသူကို မြင်လျှင်မြင်ချင်းပင် မျက်မှောင်လေးကုတ်၍ စဉ်းစားနေမိလေသည်။

"ဒီလူ – ဒီလူကို ငါ ဘယ်မှာမြင်ဖူးနေပါလိမ့်၊ ဒါပေမဲ့ – သိပ်ရင်းရင်းနှီးနှီးကြီးတော့ မဟုတ်ပေမဲ့ မြင်ဖူးခဲ့တာတော့ အသေအချာပဲ၊ ဘယ်မှာပါလိမ့်"

နင်းချစ်သူ သေချာစဉ်းစားချိန်မရလိုက်၊ ထိုလူ၏ နှုတ်ဖျားမှ ခပ်သြရှရှ အသံဖြင့် –

"အော် – အမိုကိုး"

နင်းချစ်သူတစ်ယောက် ကြောင်အမ်းအမ်းလေးပင် ဖြစ်မိသွားသည်၊ ကြည့်လေ – ဒီလူရဲ့မျက်နှာက မချိုမချဉ်နဲ့၊ ပြီးတော့ – သူမကို ရင်းရင်းနှီးနှီး မြင်ဖူးတွေ့ဖူးနေတဲ့ပုံစံ၊

နင်းချစ်သူက ဒီလူကို မြင်တွေ့ဖူးခဲ့ သည်ဟု ထင်ရသော်လည်း သေချာစဉ်းစားလို့မရ၊ ဒါကြောင့် ဒီလူရဲ့ပြုံးစစမျက် နှာက သူမ၏စိတ်ထဲ စနိုးစနောင့်လေး ခံစားနေမိပြီး ရှက်စိတ်အနည်းငယ် ဖြစ်ပေါ်နေမိသော်လည်း မမြယမုံ၏ မျက်နှာလေးကို တစ်ချက် မြင်မိလိုက်ရင်း ...

"ရှင့်ရဲ့နာမည်က သွေးသစ်နော်"

ထိုအခါမှသာ သွေးသစ် ဆိုတဲ့လူ၏ မျက်နှာအနည်းငယ်တည်တည်လေး ဖြစ်သွားပြီးနောက် ...

"ဟုတ်ပါတယ် – ကျွန်တော် သွေးသစ်ပါ၊ အိမ်ထဲဝင်ပါဗျာ"

နင်းချစ်သူသည် သွေးသစ်၏ ဖော်ရွေစွာ ဖိတ်ခေါ်မှုကြောင့် လာရင်းကိစ္စကို သေချာရှင်းပြလေသည်၊ သွေးသစ်သည် နင်းချစ်သူ၏စကားများကို သေချာနားစိုက်ထောင်နေပြီးနောက် ...

"အင်း – နင်းချစ်သူ ကျွန်တော်က အဝေးပြေးလမ်းကားရပ်ပြီး ငိုနေတဲ့ မင်းကို တွေ့ဖူးခဲ့ပြီးသားပါ၊ အဲဒီတုန်းက မင်းကိုမြင်မြင်ချင်း စိတ်မကောင်းဖြစ်ခဲ့ရတဲ့သူပါဗျာ၊ ကျွန်တော်နဲ့ မြယမုံနဲ့က ဒီလိုပါ"

နင်းချစ်သူ သိပြီ၊ ဒီလူကိုး၊ သူမရဲ့ကားနောက်က ဒီလူရဲ့ကားက ကပ်ပါလာလို့ နင်းချစ်သူ ထိတ်လန့်ခဲ့ရသေးသည်၊ ဒီလောကကြီးက တိုက်ဆိုင်မှုတွေနဲ့ ပြည့်နှက်နေပါလား၊ နင်းချစ်သူတစ်ယောက် အဲဒီတုန်းက ကြောက်လန့်ထိတ်လန့်ပြီး တွေးခဲ့သေးသည်၊ မိန်းမလည်း မြယမုံရဲ့လူများလားလို့လေ၊ အခုတော့ ဒီမထင်မှတ်တဲ့ အတွေးတစ်ခုက တကယ်ဖြစ်နေပါလား၊ ဒါပေမဲ့ – မြယမုံရဲ့ပါတနာတစ်ယောက်တော့ မဟုတ်၊ မြယမုံရဲ့ရည်းစားဟောင်းတဲ့၊ ဖေဖေနဲ့ မညားခင်အထိ သူတို့နှစ်ယောက်တာ သိပ်ချစ်ခဲ့ကြသည်တဲ့၊ မြယမုံက ဖေဖေရဲ့အလုပ်တာဝန်တွေအတွက် အတွင်းရေးမှူး ခန့်ထားတဲ့သူတစ်ယောက်၊ အလုပ်ကိစ္စနဲ့ ဖေဖေနဲ့မြယမုံတို့နှစ်ဦးထဲ ခရီးထွက်ခဲ့မိတဲ့အတွက် ပတ်ဝန်းကျင်၏ လှိုင်းဂယက်တွေကြောင့် ဖေဖေနဲ့ လက်ထပ်ဖြစ်ခဲ့ကြတာ ဆိုပါလား၊

မြယမုံရယ် – ရှင်ချစ်တဲ့ချစ်သူနဲ့ မညားခဲ့ရတဲ့အတွက်၊ ဒါကြောင့် – ရှင့်ရဲ့မျက်ဝန်းတွေက အမြဲပဲလွမ်းဆွေးနေခဲ့ရတဲ့ အငိုမျက်ဝန်းလေးတွေ ဖြစ်နေရတာကိုး၊ ကျွန်မရှင့်အတွက် မိန်းကလေးချင်း စာနာမိပါရဲ့၊ စိတ်မကောင်းလိုက်တာရှင်၊

"ကိုသွေးသစ် – ရှင့်ရဲ့တစ်ချိန်က ချစ်သူတစ်ယောက် အခုလိုပုံစံမျိုးနဲ့ လောကကြီးထဲမှာ မရှိတော့တဲ့အတွက် ရှင်လည်း အရမ်းကြေကွဲရမှာပဲနော်"

သွေးသစ်တစ်ယောက် မြယမုံအတွက်စိတ်မကောင်းဖြစ်လွန်းလို့ သူ့ခေါင်းကြီးကို ငိုက်စိုက်ချထားရင်း အတိတ်က မြယမုံ၏ ပုံရိပ်တချို့ကို မြင်ယောင်နေမိစဉ် နင်းချစ်သူ၏အသံချိုချို အီအီလေးကြောင့် ဆတ်ခနဲ သတိဝင်လာလေသည်၊

www.burmeseclassic.com

www.burmeseclassic.com

"အော် - သိပ်ပြီးစိတ်မကောင်းဖြစ်မိပါရဲ့ဗျာ၊ ယမုံက သိပ်စိတ်ထားဖြူစင်တဲ့ မိန်းတလေးပါ၊ ဒါပေမဲ့လည်း လူတွေက တစ်ခါတော့ သေကြရမှာပါဗျာ၊ မဟုတ်ဘူးလား - နှင်းချစ်သူ"

နှင်းချစ်သူသည် သွေးသစ်၏စကားကို ထောက်ခံသည့်အနေဖြင့် သူမ၏ နှုတ်ခမ်းလေးကို လှုပ်ရုံလေး ပြုံးပြလိုက်လေသည်၊ နှင်းချစ်သူရဲ့အခုလက်ရှိအခြေအနေတွေတာ အားကိုးရာမဲ့နေသူ လူတွေကို ပစ်စလက်ခတ် ယုံလို့မဖြစ်သေး၊ သွေးသစ်က သူမ ထင်ထားတာထက် ပို၍ရင့်ကျက်နေတာကတော့ အမှန်ပါ။

သွေးသစ်ထံသို့ မြယမုံက ဘာကြောင့် စေလွှတ်ခဲ့ရသည်ကို အခုမှ နှင်းချစ်သူ သိလာလေသည်၊ သွေးသစ်က မန္တလေးမြို့က နာမည်ကြီးရှေ့နေတစ်ယောက် သူ့လက်ခံခဲ့သည်၊ အမှုများစွာတို့ကို တောင်းစွာအောင်နိုင်သူဖြစ်သည်၊ ပြတ်သားတိကျ



"တစ္ဆေဦးလှင်ဖောင်သိန်းထံမှ မပီဝသ စလုံးဝထွေး အသံသြတြီးနှင့် သူမ၏ အခန်းထဲထိဝင်ရှု ကြိုးစားနေသောကြောင့် မခင်ဦး၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ခါနေသည်အထိ ကြောက်ရွံ့နေသည့်ကြား လျှပ်စစ်မီးများ ရုတ်တရက် ပြတ်တောက်သွားလေတော့သည်

ရှိသည်၊ သနားကြင်နာတတ်သည်၊ တွေးခေါ်မှု အားကောင်းသူတစ်ယောက်ဆိုသည်ကို သူ၏ မျက်လုံးစူးစူးကြီးမှာ လေးထောင့်စပ်စပ်ရှိ၍ ယောကျ်ားပီသသော မေးရိုးကြီးများက သက်သေခံနေလေသည်။

နှင်းချစ်သူသည် သွေးသစ်အား သူမ၏ အိမ်ကြီးထဲမှ လူများအကြောင်းကို သေချာရှင်းပြနေစဉ် သွေးသစ်က ကြားဖြတ်၍ -

"ဒီမှာ နှင်းချစ်သူ - ဒေါ်သန်းနုသိန်းက မင်းရဲ့အဒေါ်အရင်း မဟုတ်ဘူးလို့ မင်းဘယ်လိုသိလဲ"

"ဒေါ်လေးကို မွေးစားထားခဲ့တယ် ဆိုတဲ့စာချုပ်ကို ဖေဖေ့ရဲ့ဗီရိုထဲက ရှာတွေ့ခဲ့တာပါ၊ မမြယမုံ မသေခင်က ဖေဖေရဲ့အခန်းထဲက ဖေဖေရဲ့အရေးကြီး တဲ့စာရွက်စာတမ်း၊ အတွင်းပစ္စည်းတွေ ထည့်ထားခဲ့တဲ့ ဗီရိုသော့ကို နှင်းဆီမှာ မြယမုံက ပေးခဲ့တယ် - ကိုသွေးသစ်ရဲ့၊ မမြယမုံ သေဆုံးပြီးတဲ့ နောက်တစ်နေ့မှာပဲ စာရွက်စာတမ်းအားလုံးနဲ့ အတွင်းပစ္စည်းတွေကိုတိတ်တဆိတ် သိမ်းဆည်းလိုက်တယ်၊ နှင်းရဲ့အဒေါ်က ဆွေမျိုးရင်းချာ မဟုတ်ဘူးဆိုတာကို သိစက တုန်လှုပ်သွားမိတယ်ရှင်၊ ဒီကမ္ဘာလောကကြီးထဲမှာ နှင်းရဲ့မိဘနှစ်ပါးလည်းမရှိတော့ဘူး၊ အဒေါ်ကလည်းအရင်းအချာမဟုတ်ဘူးဆိုတော့ အရမ်းအားငယ်တာပဲ - ကိုသွေးသစ်ရယ်၊ ပြီးတော့ - နှင်းတစ်ဦးတည်းသော သမီးတစ်ယောက်၊ အများအဆိုအရ တစ်ကောင်ကြွက်ပေါ့ရှင့် - အဟင်း - ဟင်း"

စကားများ ဖောင်နေအောင် ပြောပြနေပြီး သွားဖွေးဖွေးလေးများ ပေါ်လာသည်အထိ တဟင်းဟင်း ရယ်မောနေလေသော နှင်းချစ်သူဆိုသော မိန်းမချောလေးကို သွေးသစ်က ငေးစိုက်ကြည့်နေမိလေသည်၊

ထို့အပြင် ခံစားချက်တစ်ခုခုက သွေးသစ်၏စိတ်ထဲ ဝင်ရောက်ပတ်သက်သွားသည်ကို သေချာစွာ သိလိုက်မိသည်၊ နှင်းချစ်သူဟုခေါ်သော မိန်းမချောလေးက သူမကိုယ်သူမလည်း တစ်ကောင်ကြွက်ဟု ပြောဆိုသမုတ်ရင်း ကလေးငယ်လေးတစ်ယောက်လို ရယ်မောနေသေးသည်၊ ဒီမိန်းကလေးကို သွေးသစ် မြင်စကပင် ကြင်နာသနား နေစိတ်တွေက စိုးမိုးနေပြီးသားပါ၊ ထို့ကြောင့် သွေးသစ်သည် လည်ချောင်းတစ်ချက်ရှင်းလိုက်ရင်း နှစ်သိမ့်စကား ဆိုလိုက်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမပူပါနဲ့ - နှင်းချစ်သူရယ်၊ မင်းရဲ့ဘေးမှာ ကျွန်တော် တစ်ယောက်လုံးရှိ သေးတယ်၊ မင်းဟာဒီနေ့ကစပြီး အန္တရာယ်တွေဝိုင်းနေတဲ့ဆွေမရှိမျိုးမရှိတစ်ကောင် ကြွက် မဟုတ်တော့ဘူး၊ တစ်ကောင်ထဲတော့ တစ်ကောင်ထဲ၊ ဒါပေမဲ့ - ခြင်္သေ့မလေး ပေါ့ - နှင်းချစ်သူရေ၊ ဒီနေ့ကတော့ ကျွန်တော်နဲ့ တွေ့ဆုံခဲ့ပြီးနောက် မင်းဟာ ခြင်္သေ့မ လေးတစ်ယောက်ပဲ ဖြစ်ရမယ်ဗျာ"

နှင်းချစ်သူ ဗျတ်ခနဲ သူမရဲ့ မိဘနှစ်ပါးကို သတိရမိသွား၏၊ ခြင်္သေ့မလေးတဲ့၊ ဒီစကားက မိခင်နဲ့ ဖခင်ရဲ့လက်သုံးစကားတွေပါ၊ နှင်းချစ်သူရဲ့ရင်ထဲမှာ မိဘနှစ်ပါးကို လွမ်းဆွတ်တမ်းတစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာမိ၏၊ နှင်းချစ်သူသည် မျက်ဝန်းမှ မျက်ရည်များ ထွက်ကျမလာခင်ပင် သွေးသစ်ကို နှုတ်ဆက်လိုက်သည်၊

"နှင်း ပြန်တော့မယ် - သွေးသစ်"

သွေးသစ်မှာ ခေါင်းသာငြိမ့်ပြ ဆတ်ပြလိုက်ရင်း မျက်နှာလေး မသာမယာနှင့် ချစ်သူမျက် အပြင်ထွက်သွားသော နှင်းချစ်သူကို နားမလည်နိုင်တော့၊ သူမရဲ့ကားလေး သူ၏ မျက်စိအောက်မှ ပျောက်ကွယ်သွားသည်အထိ လိုက်၍ငေးကြည့်နေမိလေ သည်၊

☆☆☆

နှင်းချစ်သူသည် အိမ်ထဲသို့ မဝင်ဖြစ်သေး၊ အိမ်ခြံဝန်းကြီး၏ အပြင်မှရပ်၍ ငေး ကြည့်နေမိသည်၊ "ခြံအမှတ် (၅၂၈)"၊ ဒီနံပါတ်ကို ကြိုက်နှစ်သက်လွန်းလို့ ဖေဖေ မေမေက ဈေးကြီးပေးပြီးဝယ်ယူခဲ့တာတဲ့၊ "၅၂၈" အေးချမ်းတဲ့မေတ္တာရိပ်ကိုဒီမိသား ရဲ့ဆွေမျိုးအစဉ်အဆက် ခိုလှုံခွင့်ရအောင်တဲ့၊ အခုတော့နှင်းချစ်သူဆိုတဲ့တစ်ဦးတည်း အမွေ ဆက်ခံခွင့်ရှိနေတဲ့ သူမရဲ့ရင်ထဲမှာ ပူပင်သောကတွေက ပြည့်လျှံနေသည်၊

အေးစက်စက် လရောင်၏ အငွေ့အသက်က ခြံဝန်းထဲသို့ ကျိုးတိုးကျဲတဲလေး နေရာယူနေလေသည်၊ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူနေသည့်အသံက ကျက် သရေမရှိ ထိတ်လန့်ချင်စရာ ကောင်းလွန်းနေ၏၊ မလှုံ့တလှုံ့ လရောင်အရိပ်အောက် တွင် "၅၂၈" ခြံကြီးတစ်ခုလုံး တိတ်ဆိတ်နေလေသည်၊ ဘာရယ်ကြောင့်မှန်းမသိ၊ နှင်း ချစ်သူ တစ်ယောက် ဒီညအဖို့ လုံးဝအိပ်၍မပျော်နိုင်၊ မသတီစရာ ခွေးတစ်ကောင်၏

အူသံကြောင့်လား၊ တစ်ချက်တစ်ချက် မသိမသာလေး ခြေဖော့၍သွားနေသော ခြေသံ၊ အဲ့ဒီခြေသံက သူမရဲ့အခန်းဝမှ မိနစ်အနည်းငယ်ခန့် ရပ်နေသည်၊

ပြီးတော့ ပြန်ထွက်ခွာသွားသည်၊ နှင်းချစ်သူလက်ဖျားများ အေးစက်နေသည် အထိ စိတ်လှုပ်ရှားနေမိ၏၊ ရုတ်တရက် မိဘနှစ်ပါး၊ သွေးသစ်တို့ရဲ့စကားသံက သူမ၏ နားထဲသို့ တိုးခွေ့ဝင်ရောက်လာလေ၏၊ ခြင်္သေ့မလေးတဲ့၊ နှင်းချစ်သူသည် ထိတ်လန့် တုန်လှုပ်နေမိသော စိတ်များကို အတင်းမောင်းထုတ်ပစ်လိုက်သည်၊ ရဲရင့်မာကြော လာသော စိတ်ဓာတ်များနှင့်အတူ ပုံမှန်လည်ပတ် စီးဆင်းလာသော နှလုံးသွေးများ ကြောင့် သူမ၏ လက်ဖျားလေးများမှာ ပြန်လည်နွေးထွေးစ ပြုလာလေသည်၊

အပြင်ဘက်မှာတော့ ခွေးတစ်ကောင်က အူနေဆဲ၊ လရောင်က မလင်းတစ် လှည့်၊ လင်းတစ်လှည့်၊ ခြေသံတစ်စုံက ခပ်ဖွဖွ ဖြတ်သန်းနေလျက်၊

နှင်းချစ်သူသည် သွေးပျက်ချင်စရာ ညကာလတွင် ချောက်ချားဖွယ်ရာ အိပ်မက် ဆိုးတစ်ခုကို မြင်မက်နေမိသည်၊ ထိုအိမ်မက်မှ ဗျတ်ခနဲ လန့်နိုးလာသောအခါ မနက် (၅)နာရီပင် ထိုးလုနီးပင် ဖြစ်သည်၊

ထိုအိပ်မက်၏ အငွေ့အသက်ကြောင့် သူမ၏ ရင်အစုံသည် ထိတ်လန့် တုန်လှုပ် နေဆဲဖြစ်သည်၊ သူမ၏ ညိုညာသော သွားချွန်ချွန်လေးများက အောက်နှုတ်ခမ်းလေး ကို အသာဖိကိုက်ထားရင်း အိပ်မက်ထဲ၌ ဖခင်ဖြစ်သူ ဦးလွင်မောင်သိန်း၏ သနားစရာ ပုံရိပ်များက သူမ၏ မျက်ဝန်းနက်လေးများထဲတွင် တဝဲလည်လည် စွဲထင်ကျန်ရစ်နေ ဆဲပင်၊

☆☆☆

"ဘာတဲ့ - မင်းရဲ့အိပ်မက်ထဲကအတိုင်းဆိုရင် နှလုံးခွဲစိတ်ကုသရင်တောင် ပြန်ပြီး မကောင်းနိုင်တော့တဲ့ မင်းရဲ့အဖေကို မင်းရဲ့အဒေါ်က သွေးအေးအေးနဲ့ လုပ်ကြံလိုက် တယ်လို့ ဆိုလိုတာလား၊ ဟုတ်လား - နှင်းချစ်သူ"

"ဟုတ်တယ် - ကိုသွေးသစ်ရဲ့၊ နှင်းရဲ့အိပ်မက်ထဲမှာ ဖေဖေက သူ့ရဲ့ခုတင်ပေါ်မှာ အတော်လေးနေထိုင်မကောင်းတော့တဲ့ပုံပဲ၊ ပြီးတော့ - ဒေါ်လေးနဲ့နှင်းနသိန်းနဲ့ အခြေ အတင် စကားများနေကြတယ်၊ ဒေါ်လေးက ဖေဖေ့ဆီက တစ်ခုခုတောင်းဆိုနေပုံပဲ၊

www.burmeseclassic.com

ဖေဖေကလက်ခံပုံမရဘူး၊ မရတဲ့အဆုံးဒေါ်လေးလည်းအခန်းထဲကခြေသံခပ်ပြင်းပြင်းနဲ့ ပြန်ထွက်သွားတယ်၊ ဖေဖေက သူ့ရဲ့ရင်ဘတ်က နလုံးနေရာကို လက်နဲ့ ဖိနှိပ်ထားရင်း ကျန်ခဲ့ရှာတယ်၊ ဖေဖေ့ရဲ့မျက်နှာက ဝေဒနာကိုပြင်းပြင်းထန်ထန် ခံစားနေရပုံပဲ - ကိုသွေးသစ်ရယ်၊

အဲဒီ့အချိန်မှာ ဖေဖေရဲ့အခန်းထဲကို အိမ်ဖော် မခင်ဦး ဝင်လာပြီး စားပွဲခုံပေါ်တင်ထားတဲ့ ဆေးဘူးတွေထဲက ဆေးဘူးလေးတစ်ခုကိုယူပြီး ခပ်မြန်မြန်ပဲ အခန်းထဲက ထွက်သွားတယ်၊ ခဏအကြာ ဖေဖေ့ရဲ့ဝေဒနာက အတော်ဆိုးဝါးလာပုံပဲ - ကိုသွေးသစ်ရယ်၊ နင်း - နင်းလေ - အိပ်မက်ထဲမှာတောင် ဖေဖေ့ကို သနားလိုက်တာရှင်၊ အဲ့ဒါနဲ့ ဖေဖေလေ သူ့ဘေးက ခုံပေါ်မှာရှိတဲ့ ဆေးဘူးတွေထဲက သူ သောက်နေကျ ဆေးဘူးကို ရှာနေတယ်ရှင့်၊ ဒါ - ဒါပေမဲ့ - အဲဒီ့ဆေးဘူးကို လုံးဝရှာတွေ့ပုံမရဘူး - [illegible]

[illegible] ကို လက်စသတ်၍ နင်းချစ်သူ၏ စကား [illegible]

"[illegible] ခင်ဦး လာယူသွားတာဖြစ်မယ် - နင်းချစ်သူ"

"[illegible] - ကိုသွေးသစ် - သိပ်ဟုတ်တာပေါ့၊ ဖေဖေလည်း သောက်နေကျ ဆေးဘူးကို မတွေ့တဲ့အဆုံး အချိန်မီ ဆေးမသောက်ရရှာတဲ့ ဖေဖေဟာ ဝေဒနာကို ကြိတ်မှိတ်ခံစားနေရရှာရင်း မကြာခင် အသက်ထွက်သွားရရှာတယ် ကိုသွေးသစ်ရယ်၊

နင်းရဲ့အိပ်မက်က အဲဒီ့အတိုင်း ခပ်ရှင်းရှင်းပဲ မြင်မက်တယ်၊ ဆရာဝန် ဆေးစစ်တမ်းအရဆိုရင် ဖေဖေက တကယ်ပဲ နလုံးက ဝေဒနာကို မတွန်းလှန်နိုင်ရှာဘဲ အမောဖောက်ပြီး သေဆုံးခဲ့ရရှာတာလို့ ရေးထားတယ်"

"အမှန်တရားဆိုတာ ဘယ်တော့မှ ဖုံးကွယ်ထားလို့မရပါဘူး - နင်းချစ်သူ၊ ရာဇဝတ်ဘေး ပြေးမလွတ်ပါဗျာ၊ ကဲ - စိတ်ချ - နင်းချစ်သူ - ကျွန်တော့်ရဲ့မိတ်ဆွေ အမှုစစ်ရဲ့အရာရှိတစ်ယောက်ဆီ ကျွန်တော် ဒီနေ့ပဲ အကျိုးအကြောင်း သွားပြောပြီး နင်းချစ်သူရဲ့အသက်နဲ့အိုးအိမ်ကိုကာကွယ်ပေးပါ့မယ်ဗျာ။ ဒီအမှုကိုဒီရက်ပိုင်းအတွင်း အမှန်တရားပေါ်အောင် ကျွန်တော် ဆောင်ရွက်ပေး ပါ့မယ်"

နင်းချစ်သူသည် သွေးသစ်၏စကားများကြောင့် အမြဲလိုလိုရင်ဖိုလှိုက်မောထိတ်လန့်နေရရှာသော သူမ၏ စိတ်များ အနည်းငယ် ပျော့ရွှင်မှုလေးအဖြစ် သက်သာရာရသွားရရှာလေတော့သည်၊

ညဏ်အမှောင်ထုက သိပ်သည်း လွှမ်းနေ၏၊ တိုင်ကပ်နာရီက (၁)နာရီတိတိကို ညွှန်ပြနေလေသည်။ (၅၂၈)ခြံဝန်းကျယ်ကြီးထဲတွင် လူနှစ်ယောက်၏ ခပ်တိုးတိုး စကားပြောနေသံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေလေသည်၊

သူတို့နှစ်ယောက်နှင့် မနီးမဝေးရှိ ပိတောက်ပင်ကြီးကို အကာအကွယ်ယူ၍ လူတစ်ယောက်သည် ထိုလူနှစ်ယောက်၏ စကားသံ ခပ်တိုးတိုးလေးကို နားစွင့်၍ နားထောင်နေလေသည်၊ ထိုလူနှစ်ယောက်ထံမှ စကားသံများမှာ တိုးလွန်းလှသော်ငြား တိတ်ဆိတ်လွန်းနေသော ညနက်နက်တွင် ပိတောက်ပင်နောက်က လူထံ လွင့်မျောလာလေ တော့သည်၊

အချိန်အနည်းငယ်၌ ပိတောက်ပင် နောက်တွင် ပုန်းလျှိုနေသောလူသည် မည်သူတစ်ဦးမှ မမြင်နိုင်အောင်ပင် သွက်လက်ပေါ့ပါးစွာဖြင့် ခြံအပြင်ဘက်သို့ ခုန်၍ထွက်သွားလေတော့သည်၊ ထို့နောက် ညနက်သန်းခေါင်အချိန်၌ လူခြေတိတ်ဆိတ်နေပြီဖြစ်သော ပတ်ဝန်းကျင်တွင် ဆိုင်ကယ်တစ်စီး၏ မောင်းနှင်ထွက်ခွာသွားသံမှာ အမှောင်ထုအား ဖြို ခွင်းဖျက်ဆီးလိုက်သကဲ့သို့ ရှိ၏။

"ရှင် - ဘုရားရေ - ဘယ်လို - ကိုသွေးသစ် - သူတို့တွေ နင်းရဲ့ကား ဘရိတ်ကို ဖြုတ်ထားတယ် - ဟုတ်လား"

"ဟုတ်တယ် - သူ့အလိုလိုကိစ္စချောအောင်ပေါ့ - နင်းချစ်သူရယ်၊ မတော်တဆ အားဘရိတ်ပေါက်တဲ့ပုံစံ မျိုးပေါ့၊ ဒီနေ့ နင်းချစ်သူကို ကျွန်တော် လာခေါ်မယ်၊ (၁၀) နာရီလောက်ပေါ့။ အသင့်ပြင်ထား - နင်းချစ်သူ၊ ကျွန်တော်ရဲ့ မိတ်ဆွေ အမှုစစ်အရာရှိနဲ့ မင်းကို မိတ်ဆက်ပေးမယ်၊ ပြီးတော့ - အသေးစိတ် တိုင်ပင်ရတာပေါ့ဗျာ၊ မင်းရဲ့ အားစက်ကို ယောင်လို့တောင် စက်မနှိုးမိစေနဲ့ဗျာ"

"ဟုတ် - ကျေးဇူးပါပဲ - ကိုသွေးသစ်ရယ်၊ ကိုသွေးသစ်ကို ဘယ်လိုကျေးဇူးဆပ်ရမလဲတောင်မသိတော့ပါဘူးရှင်၊ ဒါ - ဒါနဲ့ နင်းရဲ့အသက်က အန္တရာယ်နဲ့ တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com

ပိုပြီးနီးကပ်လာသလိုပါပဲလား - ကိုသွေးသစ်ရယ်၊ နှင်း - ရှေ့ဆက် ဘယ်လိုသွားလာနေထိုင်ရမလဲတောင် မသိတော့ပါဘူးရှင်"

"သိပ်ပြီးလည်း စိုးရိမ်မနေပါနဲ့ - နှင်းချစ်သူ၊ မကြာခင်မှာ အမှန်တရားပေါ်ပေါက်လာတော့မှာပါ၊ ကဲပါလေ - မင်းလည်း ပြင်ဆင်ထားတော့ မကြာခင် စောနိုင်သမျှ စောစောပဲ လာခေါ်မယ်၊ ဒါပဲနော် - နှင်းချစ်သူ"

"ဟုတ်"

နှင်းချစ်သူသည် မနက်(၄)နာရီမထိုးခင်ပင် သွေးသစ်ထံမှ ဖုန်းဆက်လာသောကြောင့် အံ့အားသင့်နေမိလေသည်၊ သူမ၏ အသက်အန္တရာယ်အတွက် ကြိုတင်သတိပေးခြင်းဖြစ်၏၊ နှင်းချစ်သူသည် ကံကောင်းပေစွဟု တွေးမိ၏၊ နို့မို့ မတွေးရဲစရာ၊

ဒီနေ့ (၆) နာရီတွင် သူမ၏ မိခင်နဲ့ ဖခင်အတွက် ရည်စူး၍ မဟာမြတ်မုနိဘုရားသို့ [illegible] တစ်ရန် ရည်စူးထားခြင်း ဖြစ်လေသည်၊

☆☆☆

နှင်းချစ်သူတစ်ယောက် တစ်နေကုန် ဘယ်မှမသွားဖြစ်၊ အိမ်မြဲနေလေသည်၊ သူမဒေါ်လေးဖြစ်သူ ဒေါ်သန်းနုသိန်းနှင့်အတူ ရှေးဟောင်းနှောင်းဖြစ်များပြောရင်း အချိန်တွေ ကုန်လာသည်မှာ အလင်းရောင်တောင် ပျောက်ကွယ်စပြုလာပေသည်၊

ဒေါ်သန်းနုသိန်း၏ လက်ရုံးအိမ်အကူ မခင်ဦးတစ်ယောက် သူမတို့နှစ်ဦးကို မသော အကဲခတ်ကြည့်နေသည်ကို နှင်းချစ်သူ သတိထားမိသော်လည်း ဂရုမစိုက်နိုင်တော့၊ သူမ၏ အဒေါ်ဖြစ်သူကို ယယ်စဉ်ကကဲ့သို့ နွဲ့ဆိုးဆိုး၍ စနောက်နေလေ၏၊

"ဒေါ်လေး"

"ရှင့်"

"ဒေါ်လေး ဘာစားချင်လဲ၊ ကော်ဖီသောက်မလား၊ အအေးသောက်မလား၊ နှင်း သွားဖျော်လိုက်မယ်၊ နှင်း ရန်ကုန်မပြန်ခင် ပြုစုချင်လို့"

"ဩော် - ဒါဆို - နှင်းလေးသဘော"

မပြန်ခင်ပြုစုသွားချင်နေသည့် တူမဖြစ်သူကို ငေးကြည့်ရင်း ဒေါ်သန်းနုသိန်း၏ စိတ်ထဲ လှိုက်ခနဲ ဝမ်းသာနေမိလေသည်၊ နှင်းချစ်သူ ပြန်တော့မယ်တဲ့၊ ဒီစကားကို ခင်ဦးသိရင် ဝမ်းသာမှာလား၊ ဝမ်းနည်းမှာလား မတွေးတတ်တော့၊ အမှန်တကယ်တော့ ခင်ဦးသည် ဒေါ်သန်းနုသိန်း၏ သမီးအရင်း၊ ဒေါ်သန်းနုသိန်းတို့လင်မယား လမ်းခွဲတော့ သမီးလေးကို သူ့အဖေနဲ့ ထားခဲ့ရတာ တစ်ရက်မှ စိတ်မချမ်းသာ၊ တောမှာ အနေဆင်းရဲ၊ အစားဆင်းရဲမှာ အမှန်၊ နှင်းချစ်သူမှာတော့ နိုင်ငံခြားမှာ ပညာသင်ကြားရပြီးတော့လို့ ကျော့လို့၊ ငါ့သမီးလေးမှာတော့ ဒါကြောင့် - အစ်ကိုကြီးမသိအောင် သမီး လေးကို အနီးကပ်ခေါ်ထားမိသည်၊

သမီး ခင်ဦးက ဒီလောက်နဲ့ မတင်းတိမ်၊ တစ်အိမ်လုံး ရှင်းပစ်လိုက်ဖို့ စိတ်ကူးသည်၊ ဒေါ်သန်းနုသိန်းက ပထမတော့ မသင့်လျော်ကြောင်း တားသော်လည်း လောဘဇောတိုက်နေတဲ့ သမီး ခင်ဦးက မရ၊ တောမှာ အနေကြာပြီး သူ့အဖေရဲ့စရိုက်တွေ အပြည့်အဝ ခံယူထားသူ၊ (၅၂၈)ခြံကြီး၏ခြံစောင့်၊ ခင်ဦးရဲ့ယောကျ်ားကလည်း ကြက်တိုက်လူရိုက် တကယ့်စရိုက်နှစ်ယောက်ပေါင်းတော့ လောင်းကျော်ဆိုသလို ဒေါ်သန်းနုသိန်း လုံးဝမနိုင်တော့၊ နောက်ဆုံးမှာ သူမက အကြံပေးဦးပုည ဖြစ်ခဲ့ရသည်၊

ပထမ - ဦးလွင်မောင်သိန်း၊ ဒုတိယ မြယမုံ၊ နှင်းချစ်သူကိုလည်း ကြံစည်ထားကြသေး၊ မြယမုံသေတာ ရက်ပိုင်းပဲ ရှိသေး၍ မသင့်လျော်လွန်းသောကြောင့် သမီးနဲ့ သဘောတူကို တားထားရသည်၊ ဒါပေမဲ့ - သူကလေးက ပြန်တော့မယ်တဲ့၊ ဒေါ်သန်းနုသိန်း၏ စိတ်ထဲ ဝမ်းသာနေမိ၏၊ ထိုမိန်းကလေးက သူ၏လက်ထဲ ကြီးလာသည့်သူလေး၊ သမီးခင်ဦးအစား ချစ်ခင်ပြီး သံယောဇဉ်ရှိနေသည်၊ မသေစေချင်၊ [illegible] -

"ဟိတ် - ဒေါ်လေး ဘာတွေငေးပြီး တွေးနေတာလဲ"

"တဲ့ - အမလေး - လန့်လိုက်တာ၊ ဘာမှထွေထွေထူးထူး မဟုတ်ပါဘူး - ဟုမယ်၊ သွားလေသူ အစ်ကိုကြီးကို သတိရမိလို့ပါ၊ အစ်ကိုကြီးရှိရင် သိပ်ပျော်စရာကောင်းမှာပဲလို့ တွေးနေမိတာ နှင်းလေးရယ်"

www.burmeseclassic.com

နင်းချစ်သူသည် ဒေါ်သန်းနုသိန်း၏စကားကြောင့် မရိုပြုံးလေး ပြုံးလိုက်ပြီး သူမ လက်ထဲမှ ကော်ဖီတစ်ခွက်ကို ရှိရှိသေသေလေး လှမ်းပေးလိုက်လေသည်။

အချိန်အခါမှာ ပြာသိုလဆုတ်ရက် ဖြစ်သောကြောင့် ညနက်လာသည်နှင့် အမှောင်ထုက အားကောင်းလာလေသည်။ ဒီညက ပို၍ထူးခြားနေသလို ထင်ရ၏ တောင်းကင်တစ်ခုလုံး ပို၍မည်းမှောင်နေလေသည်။ လေအေးတစ်ချက် တိုက်ခတ် လိုက်တိုင်း (၅၂၈)ခြံထဲရှိ သစ်ပင်ကြီးငယ်တို့ရဲ့အကိုင်းအခက်များက နာနာဘာဝ များအဖြစ် လက်ယပ်ခေါ်နေသယောင်၊ (၅၂၈)ခြံကြီး၏ပတ်ဝန်းကျင်တစ်ဝိုက်တွင် ခွေးအူသံများ၊ ဟောင်သံများက ဝုန်းဒိုင်းကျဲ ဆူညံနေလေသည်၊

(၅၂၈)ခြံကြီးနှင့် မလှမ်းမကမ်း၌ ကား(၂)စီး ရပ်နားထားသည်မှလွဲ၍ ပတ်ဝန်း ကျင်တစ်ခုလုံး တိတ်ဆိတ်နေပြီဖြစ်သည်၊ ထိုအချိန်တွင် (၅၂၈)အိမ်ကြီး၏အိမ်ဖော် အညောင်းခံထားသော ခင်ဦးတစ်ယောက် စိတ်ဂနာမငြိမ်၊ တုန်လှုပ်ချောက်ချားနေလေ တော့သည်။ သူမ၏ ငိုသံထဲ သို့ခွေးအူသံ ဟောင်သံတွေကို အလိုလိုနေရင်း ကြော က်နေတော့သည်။

အချိန်ကြောင့်လားမသိ ဒီနေ့ညမှ မျက်စိကြောင်နေလေသည်၊ လုံးဝ အိပ်၍ မပျော်၊ တစ်အိမ်လုံးလည်း အပ်ကျသံပင် မကြားရလောက်အောင် အိပ်မပျော်၊ တစ် အိမ်လုံးလည်း အပ်ကျသံပင် မကြားရလောက်အောင် အိပ်ပျော်ကုန်ကြပြီ၊ ဒေါ်သန်း နုသိန်း၏ ဟောက်နေသံကပင် သူမ၏ အခန်းထဲထိ လွင့်ပျံလာလေသည်၊ ခြံအပြင် တစ်ဝိုက်က ခွေးအူသံများက (၅၂၈)ခြံကြီးထဲထိအောင်ပင် ရောက်နေသလိုလို သူမရဲ့နားထဲ ပို၍နီးကပ်လာသလို ထင်ရလေသည်၊

ထိုစဉ် ...

လူလား၊ တိရစ္ဆာန်လား မသဲကွဲသော မည်းမည်းသဏ္ဌာန်ကြီးတစ်ခုသည် (၅၂၈) ခြံထဲတွင် စိုက်ပျိုးထားသော ပန်းအလှပင်များကြားမှ တလှုပ်လှုပ်နှင့် တိုးဝှေ့ ထွက်လာပြီး အိမ်ကြီးဆီသို့ တဖြည်းဖြည်း တိုးကပ်လာလေသည်။

ညအမှောင် ကြောက်မက်ဖွယ် ခွေးအူသံများနှင့်အတူ ထိုမည်းမည်း သဏ္ဌာန် ကြီးက ထိုအိမ်ကြီး၏ ပိတ်ထားသော တံခါးချပ်ကြီးနှစ်ဖက်ကို တိုးဝှေ့ကျော်လွှား၍ အိမ်ထဲသို့ ဝင်ရောက်သွားပြီး ထိုအိမ်ကြီး၏အခန်းတစ်ခုရှေ့အရောက်တွင် ထိုမည်း



မည်းသဏ္ဌာန်ကြီးက တဒေါက်ဒေါက်နှင့် ထိုအခန်းတံခါးအား ခေါက်နေလေတော့ သည်။

ထိုအခန်းကမခင်ဦး၏အခန်းဖြစ်သည်၊ အခန်းတွင်းမှ မခင်ဦးက အခန်းတံခါးကို ဖွင့်လိုက်လေရာ မထင်မှတ်ထားသောလူတစ်ဦးကို မြင်တွေ့လိုက်ရသဖြင့် လိပ်ပြာ လွင့်စဉ်မတတ် အော်ဟစ်လိုက်လေတော့သည်၊

သို့သော် သူမ၏ ငယ်သံပါအောင် အော်ဟစ်လိုက်သံကို တခြားတစ်စုံတစ်ဦးမှ မကြားသလို သူမထံ ဘယ်သူမှ ရောက်မလာကြဘူး၊ ထူးထူးခြားခြား တစ်ယောက်မှ မနိုး၊ မခင်ဦး၏ နှုတ်ဖျားမှ တုန်ရီကြောက်လန့်ထစ်ငေါ့နေသော အသံနှင့် ...

“ဦး - ဦးလေး - ဦးလွင်မောင်သိန်း ရှင် - ရှင် မသေသေးဘူးလား၊ ဟာ - မဟုတ် ဘူး - ဦး - ဦးလေးက သေသွားပြီပဲ၊ အ - အမလေး - အနားကို မလာနဲ့ - အမေရေ - သမီးကို ကယ်ပါ”

ခန္ဓာကိုယ်တစ်ခုလုံးအမည်းရောင်ဝတ်ဆင်ထားသောထိုပုံစံမည်းမည်းသဏ္ဌာန် ကြီးသည် သူ၏ ကိုယ်ပေါ်မှ အမည်းရောင်ဝတ်ရုံကြီးကို ဖယ်ရှားလိုက်သောအခါ တစ်ကိုယ်လုံး ရွှံ့များ ပေကျံနေပြီး အသံသြသြကြီးနှင့် ...

“ငါ - မသေလို့နင့်ဆီ လာတာပေါ့ခင်ဦးရဲ့၊ အခု - ငါနဲ့လိုက်ခဲ့ - ဟီး - ဟီး - ငါအခု အဖော်မရှိလို့နင့်ကိုလာခေါ်တာ”

တစ္ဆေ ဦးလွင်မောင်သိန်းထံမှ မပီမသ ဗလုံးဗထွေး အသံသြကြီးနှင့် သူမ၏ အခန်းထဲထိဝင်ရန် ကြိုးစားနေသောကြောင့် မခင်ဦး၏ ခန္ဓာကိုယ်တစ်ခုလုံး တဆတ် ဆတ် တုန်ခါနေသည်အထိ ကြောက်ရွံ့နေသည့်ကြားမှ လျှပ်စစ်မီးများက ရုတ်တရက် မှိတ်တောက်သွားလေတော့သည်၊

တစ်အိမ်လုံး မည်းမှောင်နေသည့်အပြင် ဦးလွင်မောင်သိန်း နာနာဘာဝက လာ ရောက် ခြောက်လှန့်နေလေရာ ခင်ဦးသည် ကြောက်ရွံ့လွန်းသောကြောင့် ကြမ်းပြင် ပေါ်သို့ တုံးခနဲလဲကျမသွားသေးခင် တစ္ဆေဦးလွင်မောင်သိန်း၏အေးစက်တောင့်တင်း နေသော လက်ကြီးက မခင်ဦး၏ လည်မျိုကို ရောက်လာလေရာ ...

“အစ် - အစ် - ဦး - ဦးလေး - ကျွန် - ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန် - ကျွန်မကို မ - သတ်ပါနဲ့၊ ကျွန်မ မှားခဲ့ပါတယ်၊ ဒါ - ဒါကလည်း အမေက ခိုင်း - ခိုင်းလို့ပါ”

www.burmeseclassic.com

တစ်ဖန် တဖွေ့ ဦးလွင်မောင်သိန်း၏ ကြောက်မက်ဖွယ် ဖလုံးဖထွေး အသံနက်ကြီးက ထွက်ပေါ်လာပြန်သည်။

"ဟီး - ဟီး - နင် - နင်တို့ ဟိုနေ့က ငါ - ငါ့ရဲ့သမီးကားကို ဘရိတ်ကြိုးဖြတ်၊ ဖြတ်ထားသေးတယ် မဟုတ်လား"

"ဒါ - ဒါက - ကျွန် - ကျွန်မရဲ့ယောကျ်ားခြံစောင့်ကိုဗိုးမှန် လုပ် - လုပ်တာပါ - ဦး - ဦးလေးရယ်"

ထိုအချိန်တွင် လျှပ်စစ်မီးများ ရုတ်တရက် ပြန်လည်လင်းလာလေတော့သည်။ ထိုအပြင် နင်းချစ်သူနှင့် သွေးသစ်တို့အပြင် ရဲတပ်ဖွဲ့ဝင်များ အခန်းအသီးသီးမှ ထွက်လာခဲ့ကြလေသည်။

ဦးလွင်မောင်သိန်းနှင့် ကိုယ်ခန္ဓာအရပ်အမောင်းတို့ ခွဲမရအောင်တူသော ရဲတပ်ကြီး ဦးမြင့်တန်သည် သူ၏ ဦးခေါင်းမှ ဆံပင်တုနှင့်တကွ အရေပြားပါရှု ဒေါက်တာ [illegible]၏ အထူးအညီဖြင့် အထူးစီမံထားသော သားရေတုမျက်နှာဖုံးကို သူ၏ [illegible]ခွာလိုက်ပြီးနောက် ရဲအရာရှိကိုဇော်လတ်အား အလေးပြုလိုက်လေသည်။

ဒေါ်သန့်နုသိန်းတစ်ယောက် နင်းချစ်သူ ဖျော်တိုက်ထားသော ကော်ဖီထဲမှ အိပ်ဆေးပြယ်သည်နှင့် ဥပဒေ၏ပေးသော အပြစ်ဒဏ်ကို ခံစားရပေဦးတော့မည်။

လ၏အလင်းရောင်ယှဲ့ယှဲ့အောက်တွင် ခြံဝန်းထဲရှိ ပန်းမျိုးစုံတို့၏ ရနံ့များတလည်း ပို၍မွှေးကြိုင်သင်းပျံ့နေသည်။ ခြံအမှတ် (၅၂၈) အတွင်းရှိ ကြီးမားခန့်ထည်နေသော နှစ်ထပ်အိမ်ကြီးသည်လည်း ထာဝရအေးချမ်းသာယာလျက်။

⟹ အောင်ဇာသက်ဝေ




www.burmeseclassic.com

www.burmeseclassic.com

" မည်သည့် လုပ်ငန်းမဆို မိမိနှင့် အကျိုးပေးသော ဆုံမှ တိုးတက်ကြီးပွားရပုံကို ရေးသားထားခြင်း ဖြစ်သည်

**ကျွန်တော်က** (CAR CRAZY MAN) ဗျ။ ယခုခေတ်လို ကားသစ်ကားကောင်းတွေ မဟုတ်တော့၊ ကားဟောင်းတစ်စီး ဝယ်ပြီးတာနဲ့ စိတ်ချလက်ချစီးဖို့ ပြင်ရတော့တာပါပဲ၊ တချို့က အင်ဂျင်ပိုင်း၊ တချို့က ဂီယာ၊ တချို့က ဘော်ဒီနဲ့ ကြမ်းခင်း၊ စုံလို့ပါပဲ။ အဲဒီခေတ်က ကားတွေကလည်း ဒုတိယကမ္ဘာစစ်လက်ကျန်ကို ပြင်ဆင်ထားတဲ့ဂျစ်ကား၊ လင်းရိုဗာကား၊ မာဇဒါဖင်မလီယာကား၊ ဆမာဇဒါဆီဒင်နဲ့ ဗောက်ဝက်ဂွန်းကား ကလေးတွေပါပဲ။ ပွဲစားအခေါ်အောက်ကားတွေဖြစ်ကြလို့ အရောင်းအဝယ်၊ အလဲအလှယ်လုပ်ကြတာ များပါတယ်။ ဈေးနှုန်းကလည်း သောင်းဂဏန်းနဲ့ တစ်သိန်းကျော်နှစ်သိန်း၊ SUNNY (PICK UP) နဲ့ PUBLICA ကားကလေးတွေကတော့ လူကြိုက်များပြီး အသုံးများလို့ (၃)သိန်း ပတ်ဝန်းကျင်ရှိပါတယ်၊ လူကြိုက်များပြီး အသုံးများလို့ (၃)သိန်း ပတ်ဝန်းကျင် ရှိပါတယ်။ သူက လူစီးကုန် တင်နိုင်းပြီး မဇဒါ လေးဘီးကား (B.360, B.600) တွေကို မချူချာတော့ SUNNY, PUBLICA ခေတ်ဟာ အတော်ကလေး အသုံးတည့်လို့ အချိန်ကြာမြင့်စွာ အသုံးပြုခဲ့ကြပါတယ်။

ကျွန်တော်ကတော့ ဈေးသက်သာတဲ့ ကားဟောင်းပဲ ဝယ်ယူအသုံးပြုနိုင်တာကြောင့် ဖင်မလီယာ၊ မာဇဒါဆီဒင်နဲ့ ဗောက်စက်ဟွန်းကားလောက်သာ ဝယ်ယူအသုံးပြုနိုင်ပါတယ်၊ SUNNY PICK UP နဲ့ PUBLICA တောင် ကိုယ်တိုင် ဝယ်မစီးနိုင်ခဲ့ဘူး။ ကားဟောင်းတွေစီးရတော့ပြင်ရတာပေါ့။ ပြင်တော့ ပိုက်ဆံကုန်ပေမယ့် ပညာတော့ ရပါတယ်၊ ကျွန်တော့်မှာလည်း ပြင်ပစက်ပြင်ဆရာ ဦးတင်အေးနဲ့ အကျဉ်းဦးစီးဌာနက စက်ပြင်ဆရာ ဦးစိုးကြည်တို့က အမာခံရှိပါတယ်၊ သူတို့ကို အားကိုးပြီး မိုက်ရဲနေတာပါ၊ ကျွန်တော်ဝယ်တဲ့ကားမှန်သမျှ မပြင်ရတဲ့ကားရယ်လို့ မရှိဘူး။ ဒါကြောင့်လည်း ကားစက်သံပြောင်းတာ၊ ဘော်ဒီနဲ့ ဘီးက အသံထွက်တာနဲ့ ဘာဖြစ်တယ်ဆိုတာကို ကျွန်တော် တန်းသိတယ်၊ ကားဟောင်းတွေ စီးပါများတော့ လက်ပွတိုက်ညာကလည်း ကျွမ်းကျင်နေပြီလေ၊ ဒါကြောင့်လည်း ခရီးသွားလို့ ကား ဖောက်ပြန်ခဲ့မယ့်အိမ်အရောက်တော့ ပြန်နိုင်ပါတယ်၊ ကျန်ပြင်တာ ဆင်တာတွေကတော့ ဘတ်စွဲတော် စက်ဆရာတွေ အပိုင်း၊ အပိုပစ္စည်းလိုရင်လည်း အင်းစိန်နဲ့ ဘုရင့်နောင်ဈေးကနီးတော့ အပြေးကလေး သွားဝယ်လိုက်ရုံပါပဲ၊ ဈေးကလည်း မကြီးပါဘူး၊ ဆယ်ယာပစ္စည်းလည်း ပေါပါတယ်၊ စက်ပြင်ဆရာတွေက ဘာပစ္စည်းလိုရင် ဘယ်အတန်းမှာ ရှိသလဲ၊ အတပ်သိတယ်ဗျ၊ ဖောက်သည်တွေ ဖြစ်နေကြတာကိုး၊

ကားပေါင်း (၁၄)စီး ဝယ်ရောင်းပြုလုပ်ခဲ့တဲ့အနက် ကား(၃)စီးကိုတော့ ယခုအချိန်အထိအမှတ်တရရှိနေဆဲပါ၊ ပထမတစ်စီးက FAMILY VAN ဒုတိယတစ်စီးက MGS-JEEP ကား၊ တတိယ တစ်စီးက MORRIS MINNER ကားကလေးတွေပါ၊

ပထမ FAMILIA VAN ကားကလေးနံပါတ်က ဆ/၉၈၄၀ ဝယ်စဉ်ကတည်းက ရှေ့လေကာမှန်ကြီးက အက်နေတာ သူက ဝင်တိုက်မိလို့မဟုတ်ဘူး၊ ရှေ့ကားကြီးက နောက်ဆုတ်ရင်း ဝင်တိုက်မိတာတဲ့၊ ကျွန်တော့်လက်ထဲ ရောက်တော့လည်း ရှေ့ညာဘက်ပင်မှာ နတ်ပြုပြီးကို ရပ်အထား၊ တခြား PUBLICA ကားက နောက်ဆုတ်ရင်း ဝင်တိုက်မိလို့ ရှေ့ဘန်ဘာနဲ့ အချက်ပြ မီးသီးအထိုင် ညာဘက်အခြမ်း ပိန်ချိုင့်သွားတယ်၊ လျော်ကြေးတော့ ရပါတယ်၊ ကားတန်ဖိုးက လေးငါးသောင်းပဲတန်တာမို့

www.burmeseclassic.com

တစ်ထောင်ကျော်လောက်ပဲ အလျှော်ရပါတယ်၊ ကျွန်တော်ကလည်း အားနာတာနဲ့ ဦး
ဘော်ဒီဆရာယောက်ဖအားကိုးနဲ့ ကျေအေးလိုက်ပါတဲ့၊ အဲဒီလို နဲ့ အဲ့ဒီကားဟာ
သုံးလေးခါဝင်အတိုက်ခံရတော့ အိမ်ကမိန်းမက ကားလဲဖို့ အကြံပေးလာပါတယ်။

ကျွန်တော်လည်း အတော်စိတ်ကုန်နေပါပြီ။ ပြင်ရတာကမနည်းတော့ဘူး၊ လျှော်
ကြေးရပေမယ့် အချိန်ကုန်တယ်၊ လူပင်ပန်းတယ်၊ ငွေကုန်တယ်။ ကံကောင်းချင်တော့
တားမွဲစားကိုတင်ဆိုသူက ကျွန်တော့်ကားလေးကို သူ့ခြံနဲ့လဲဖို့ကမ်းလှမ်းလာပါတယ်
သူ့ခြံကို သွားကြည့်တော့ ထောင်ကြီးအနောက်ဘက်ရွာမအနောက်ရပ်ကွက် မြို့ထဲ
လမ်းဆိုတဲ့နေရာမှာ ရှိတာပါ။ ခြံအကျယ်အဝန်းက အကျယ်ပေ (၅၀)၊ အနောက်
ဘက် အရှက်ပေ (၉၀) ရှိပါတယ်၊ သစ်သားအိမ်ကလေးတစ်လုံးပါပြီး ကပ်လျက်မှာ
နွားခြံတဲကြီးရှိတယ်၊ နွားတွေက နိုင်ငံခြားမျိုး (ဂျာစီ) တွေမို့ ကြီးတယ်၊ နွားမကြီး (၁



"နောက်ပြီး ဒကာကြီးအိမ်ဝိုင်းထဲ
ရတနာအိုးတွေ မြှုပ်နှံထားတာရှိတ
ဘယ်နေရာလဲဆိုတာ
ဦးသူတော် မပြောလို
ဒကာကြီးက ပညာရှိ
ချင့်ချိန်တွေးခေါ်ပြီးရှာဖွေ
ဒကာကြီးကိုပေးတာဆို
ညှိသန်းခေါင် (၁၂) နာရီတိတ်
တစ်ယောက်တည်း ထူ
ရွှေအိုး၊ ငွေအိုး၊ ပတ္တမြား
(၃) အိုး ရှိတယ်။ ထိုတ်ရင် ခ
ရမှာပေါ့။ ကဲ - ဦးသူတော်
တာဝန်အရ လာပြော

ကောင်၊ နွားပေါက်ကလေးတွေက (၂) ကောင်။ ကျွန်တော်တို့ အလဲအလှယ်လုပ်
ဖြစ်ကြတော့ နွားတွေက ပြဿနာဖြစ်နေတယ်။ ကိုတင်မြင့်မှာ နွားတွေကို ထားစရာ
နေရာမရှိဘူး။ ဒါနဲ့ ကျွန်တော်ကပဲ ငွေ (၅၀၀၀၀) ပေးပြီး ဝယ်လိုက်ရတယ်။ ကျွန်တော့်
လက်ထဲရောက်တော့ နွားတွေက အကျိုးပေးပါတယ်။ နို့ထွက်ကောင်းတယ်၊ တူတွေ
က ပြုစုပြီး အစာကျွေး၊ ကုလားက နို့လာညှစ်တာပါ၊ ဝင်ငွေလည်း ရတယ်၊

တစ်နှစ်လောက်ကြာတော့ တူတွေက မိဘအိမ်ပြန်ကြပြီး ယောက်ဖက အိမ်
ထောင်ပြုတော့ နို့ကုလားက အမြတ်ပေးပြီး နွားတွေအားလုံးကို ဝယ်သွားတယ်။ အဲဒါ
နဲ့ ကျွန်တော်၊ နွားခြံကိုဖျက်၊ အိမ်တစ်လုံး ဆောက်ပြီး ပထမအိမ်ကလေးကိုလည်း
ပြင်လိုက်တယ်။ အိမ်ငှားစားတော့ လစဉ် ဝင်ငွေရတာပေါ့ဗျာ။

☆☆☆

တစ်နေ့တော့ ဘိုးသူတော်ကြီးတစ်ပါး ကြွလာတယ်။ ရုံးပိတ်ရက်မို့ ကျွန်တော်
လည်း ခြံထဲမှာ အဝီစိရေတွင်းတူးရင်း ရှိနေချိန်ပေါ့။

"ဒကာကြီး - ဦးသူတော် ဝင်ခဲ့မယ်နော်"

"ဝင်ခဲ့ပါ ဘုရား။ အိမ်ပေါ်ကို ကြွပါ - ဘုရား"

ကျွန်တော်က ပထမအိမ်ပေါ် ဧည့်သည်ခန်းသို့ ဖိတ်ခေါ်သည်၊ ဘိုးသူတော်အား
ဘုရားခန်းရှေ့ဆက်တီကုလားထိုင်တွင် နေရာပေးသည်။

"ဒါ - ဒကာကြီး အိမ်ဝိုင်းလား"

"မှန်ပါတယ် ဘုရား"

အိမ်က ပုံစံမကျဘူး။ ပြန်ပြင်ဆောက်ပါ၊ နေထိုင်သူတွေအတွက် စီးပွားမဖြစ်
ဘူး။ ခိုက်တတ်တယ်"

"တင်ပါ့ - ဘုရား"

"နောက်ပြီး ဒကာကြီးအိမ်ဝိုင်းထဲမှာ ရတနာအိုးတွေ မြှုပ်နှံထားတာရှိတယ်၊
ဘယ်နေရာလဲဆိုတာတော့ ဦးသူတော် မပြောလိုဘူး။ ဒကာကြီးက ပညာရှိပဲ၊ ချင့်ချိန်
တွေးခေါ်ပြီး ရှာဖွေပါ။ ဒကာကြီးကိုပေးတာဆိုတော့ ညဉ့်သန်းခေါင် (၁၂) နာရီ
တိတိမှာ တစ်ယောက်တည်း တူးပါ။ ရွှေအိုး၊ ငွေအိုး၊ ပတ္တမြားအိုး (၃) အိုး ရှိတယ်၊ ထိုတ်
ရင် ခံစား ရမှာပေါ့။ ကဲ - ဦးသူတော်က တာဝန်အရ လာပြောတာ"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဦးသူတော်"

www.burmeseclassic.com

ကျွန်တော်က ကျပ်(၅၀၀)လှူတန်းတော့ သူမငြင်းပါ။ လက်ခံသည့် ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်ပြီး ပြန်ရန်ပြင်ဆင်တော့သည်။

"အကာကြီး အောင်မြင်ပါစေ၊ ရွှေပေါ် ငွေလျှံတဲ့ သူဌေးကြီးဖြစ်ပါစေ၊ လှူနိုင် တန်းနိုင်၊ ပေးနိုင် ကမ်းနိုင်ပါစေ"

"ဦးသူတော်ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ဦးသူတော်မှ ရုတ်တရက် အိမ်ပေါ်က ဆင်းသွားသည်။ လွန်စွာလျင်မြန်သွက်လက်သော ပုဂ္ဂိုလ်ဖြစ်သည်။ ခြံဝအရောက်တွင် မြစ်လက်ဝဲဘက်ထောင့်ရှိ ထန်းသီးခိုင်များ ပြွတ်ခဲ၊ တွဲရရွဲ သီးနေသော ထန်းမပင်ကြီးအား တစ်ချက်မော့ကြည့်ပြီး သုတ်ခနဲ ထွက်သွားတော့သည်။

ကျွန်တော်မှင်တက်ပြီး တွေးတောမိနေသည်။ ထူးတော့ အတော်ထူးဆန်းသည်။ အလှူခံခြင်းလည်း မဟုတ်။ ကျွန်တော်က ပေးလှူခြင်းသာဖြစ်သည်။

[illegible] တင်ထူးက -

"[illegible] ပြောတာမှန်ရင် ဆရာတော့ ထောပြီ"

"[illegible] - သူတာ ဘယ်နေရာလဲလို့ အတိအကျ ပြောသွားတာမှ မဟုတ်တာ။ [illegible]လို့ရှာမလဲ"

"ဆရာ - ထန်းပင်ကြီးကိုတော့ မော့ကြည့်သွားပြီး ပါးစပ်က ပွစိပွစိတော့ ရွတ်သွားတာပဲ"

"အေးကွ - ငါလည်း စဉ်းစားနေတာ။ ငါတို့ခြံထဲမှာ အနောက်ဘက် အိမ်သာနားမှာ အုန်းပင်ကြီးတစ်ပင်လည်း ရှိသေးတယ်။ ထန်းပင်နဲ့ အုန်းပင်၊ ဘယ်အပင်က အကြီးမြန်သလဲ"

"အုန်းပင်က အကြီးမြန်တာပေါ့ ဆရာရယ်၊ (၅)နှစ်သားဆိုရင် စသီးတာပဲ။ ထန်းပင်ဆိုတာက (၅)နှစ်သားမှာ ပင်စည်ခေါင်းထွက်ရုံသာ ရှိသေးတာ၊ အနှစ်(၂၀) လောက်ကြာမှ သီးတာ"

"အဲ - ဟုတ်ပြီ - ရှေးလူကြီးတွေဆိုတာ ပစ္စည်းဥစ္စာကို မြေမြှုပ်ရင် အမှတ်အသားနဲ့ ထားလေ့ရှိတယ်၊ အဲဒီတော့"

"အဲဒီတော့ ဆရာ - ဘယ်လိုထင်သလဲ"

"မင်းစဉ်းစားကြည့်လေကွာ။ သက်ရင့်အပင်ဖြစ်ပြီး သန့်ရှင်းတဲ့ထန်းပင် အခြေမှာပဲ မြှုပ်မှာပေါ့"



"မှန်လိုက်လေ - ဆရာရယ်။ ကျွန်တော်လည်း အဲ့လိုပဲ တွေးမိတယ်"

"ကဲပေါ့ကွာ - ဟုတ်ချင်မှလည်း ဟုတ်မှာပါ"

"အရှုံးမရှိပါဘူး - ဆရာရယ်၊ အတွေ့အကြုံသစ်တစ်ခုရတာပေါ့။ ကျွန်တော်တာ ရတနာသိုက်တူးတာကို အလွန်စိတ်ဝင်စားတာ"

"အေး - အဲ့ဒါဆိုရင် - အဝီစိတွင်း တူးပြီးတာနဲ့ မင်း ခေါင်းဆောင်ပြီး တူးကြပေတော့"

"ဆရာ - ဆရာတစ်ယောက်တည်းကို ညှို့သန်းခေါင်တူးခိုင်းတာလေ"

"အေး - ငါကလည်း တောင်ဝင်းထဲမှာနေတာ၊ ဒီခြံထဲမှာနေတာမဟုတ်ဘူး။ ညှို့သန်းခေါင်ကြီး တစ်ယောက်တည်း လာတူးရင် သူခိုးလို့ ထင်ကြမှာပေါ့၊ မဖြစ်နိုင်ဘူး"

"ဟုတ်တော့ ဟုတ်ပါရဲ့ - ဆရာရယ်။ ဒါဆို - ဘယ်လိုလုပ်ကြမလဲ ဆရာ"

"အစောကပြောသလို တွင်းဆရာတွေ ပြန်သွားတာနဲ့ ငါတို့ဆရာတပည့်တွေချည်း တူးကြမယ်လေကွာ"

"ကျွန်တော့်မိဘတွေပြောတာ ကြားဖူးတယ် - ဆရာ။ ဆရာ့တစ်ယောက်တည်းကို ပေးတာဆိုတော့ အဆင်ပြေပါ့မလား"

"အဆင်မပြေတော့လည်း အရှုံးမရှိပါဘူးကွာ။ အတွေ့အကြုံအသစ်တစ်ခု ရတာပေါ့ကွာ"

ညနေစောင်းနေဝင်ရီတရောတွင် ကျွန်တော်တို့အဖွဲ့ ထန်းပင်ကြီးနောက် ခြေရင်းအား ကျွန်တော် ခန့်မှန်းသည့်အတိုင်း တစ်ယောက်တစ်လဲ တူးကြသည်။ (၂)ပေခန့် အနက်တွင် ရှေးဟောင်းမြေအိုးကွဲ တစ်လုံးကို တွေ့ရသည့်အထဲ၌ မီးသွေးခဲများသာ ရှိသည်။ ဆက်လက်တူးရာ အလယ်၌ စဉ့်အိုး၊ အောက်ဆုံး၌ ကြေးအိုး (၃)လုံးဆင့် မြှုပ်ထားခြင်းဖြစ်သည်။ အိုးများအထဲ၌တော့ မီးသွေးခဲများသာပါသည်။ အဖိုးတန်ရတနာ ပစ္စည်းတစ်စုံတစ်ရာ လုံးဝမပါရှိပါ။ ဘိုးသူတော်ကြီးပြောသည့်အတိုင်း မှန်သော်လည်း ကျွန်တော်၏ ယုံကြည်ချက်မရှိသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ အိုး(၃)လုံးမှာ [illegible]တူ ရှေးဟောင်းအိုးများ ဖြစ်ကြပါသည်။

☆☆☆

www.burmeseclassic.com

ဒုတိယ (MBB) ဂျစ်ကားကတော့ မ/ဥက္ကလာက ဘော်ဒီဆရာ လက်ရာမြောက်၍လွန်စွာခန့်ညားသည်၊ ပစ္စည်း စုံသည်၊ အင်ဂျင်ကောင်းသည်၊ ဆီတော့ စားသည်၊ သနေ့ကတော့ မကောင်း၊ မောင်းနှင်ရင်းက ဂီယာညှပ်တတ်သည်၊ မောင်းနှင်ရင်း တခြားကားကို တိုးရမ်းတတ်သည်၊ ဘရိတ်ကောင်းသော်လည်း မည်သို့ဖြစ်မှန်းမသိ၊ သတိထားပြီး ကြိုတင်ဂရုစိုက်မောင်းသော်လည်း တိုက်ဖြစ်အောင် တိုက်သေးသည်၊ အကြီး အကျယ်မဟုတ်သော်လည်း အလျော်တော့ ပေးရသည်၊ ကျွန်တော့်ကားက တော့ ဂျစ်ကားဖြစ်၍ အလွန်မာသည်၊ အပျက်အစီးမရှိပါ၊ သို့သော် ...။

ဖွဲ့ဆိုးပါသောကားဖြစ်သောကြောင့် နောက်ဆုံးတွင် JEEP CAR CRAZY တစ်ဦးနှင့်တွေ့၍ ရောင်းလိုက်ရတော့သည်၊ အမြတ်မရပါ၊ လျော်ရသည်များဖြင့် ထည့်တွက်လျှင် အရှုံးပင် ပေါ်သေးသည်၊ သို့သော် မတတ်နိုင်ပါ၊ ဂျစ်ကားက ဆီစား၍ [illegible] သည်၊ CRAZY နှင်းတိုးမှသာ အရောင်းအဝယ်ကဖြစ်တတ်သည်၊ [illegible] အလုံးကြီးတော့ ကျပြီး ခေါင်းမကိုက်ရတော့ပါ၊ တာဝန် [illegible]

☆☆☆

[illegible] တာဝန်ပြီးမ်း သွားသော်လည်း ကားမရှိတော့ မနေတတ်ပြန်၊ [illegible] ပူဆာပြန်သည်၊ ထို့ကြောင့် သင့်လျော်သောကားကိုရရန် ရှာဖြေရန်သည်၊ ကိုယ်မိသောဈေးနှုန်းကားကောင်းရရန်မလွယ်ပါ၊ ထို့ကြောင့်ကားရှာဖွေရင်း ကားများ တဖြည်းဖြည်း ဈေးတက်လာသည်၊

တစ်နေ့သ၌ မိတ်ဆွေဟောင်းတစ်ဦး ရုတ်တရက် ရောက်ရှိလာသည်၊ ထောင်တိစ္ဆ၊ အကူအညီလာတောင်းခြင်းဖြစ်သည်၊

"ဦးဂျင်မိ - ဘာကိစ္စတုံးဗျ၊ ကျွန်တော်အလုပ်များနေတော့နယ်ဆင်းရတယ်လေ၊ အဲ့ဒါကြောင့်ပါ"

"ဆရာ့မှာ အခု ကားမရှိတော့ဘူး မဟုတ်လား"

"ဟုတ်ပါ့ဗျာ - ကားတွေက အကျိုးမပေးလို့ရပ်ထားတာ၊ ဒါပေမဲ့ - ကားမရှိတော့လည်း မနေတတ်ပြန်ဘူး"

"အဲ့ဒါကြောင့် ကျွန်တော်လာခဲ့တာ၊ ကျွန်တော့်အဒေါ် ယောကျ်ား ဂျူးဂျာမန် ကပြားကြီးဆီမှာ ကားဟောင်းတစ်စီး ရှိတယ်၊ မော်ရစ်မိုင်းနားအမျိုးအစား၊ ကားကောင်းကလေးပဲ၊ ဈေးပေါပေါနဲ့ ရမှာဆိုတော့ ဆရာ ခြေထောက် တပ်လို့ရတာပေါ့"

"နေပါဦးဗျ - ဂျူးလူမျိုးနဲ့ ဂျာမန် လူမျိုးတွေက ရန်ဘက်တွေမဟုတ် လား"

"ဟုတ်တော့ ဟုတ်ပါတယ် - ဆရာရယ်၊ အခု ကားပိုင်ရှင်ရဲ့မိဘတွေမှာ အဖေက ဂျာမန်လူမျိုး၊ ဆရာ့လိုပဲ ထောင်မှူးပေါ့၊ ဟစ်တလာက ဖမ်းဆီးထားတဲ့ ဂျူးမကလေးကို မေတ္တာမျှတာနဲ့ ခိုးယူကယ်တင်ရင်း အင်္ဂလန်ကို ထွက်ပြေးခိုးယူပေါင်းသင်းရာက အခုကားပိုင်ရှင် မစ္စတာဒစ်ကမန်းကို မွေးလာတာ၊

အဲ့ဒီတော့ ဂျူး ဂျာမန်ကပြားပေါ့၊ မစ္စတာဒစ်ကမန်းက FIVE STAR သင်္ဘောဆိပ်နားက MOTOR HOUSE မှာ အလုပ်လုပ်တယ်၊ သူ့ဇနီး ဒေါ်မေရီ သေဆုံးသွားတော့ အောင်ဆန်းကွင်းအနောက်ဘက်မှာ အိမ်နဲ့ခြံဝယ်ပြီး နေထိုင်ရင်း ကျွန်တော့် အဒေါ် ကရင်မကြီးနဲ့ညားတာ၊ သူက နိုင်ငံခြားသားဆိုပေမဲ့ မြန်မာပြည်ကို အလွန်ချစ်တာ၊ ဥက္ကဋ္ဌကြီး ဦးနေဝင်းနဲ့လည်း ရင်းနှီးတယ်၊ အခုလောလောဆယ်တော့ MOTOR HOUSE က ပင်စင်ယူပြီး အောင်ဆန်းကွင်းမှာ ဘောလုံးနည်းပြလုပ်နေတယ်၊ အလုပ်နဲ့အိမ်က နီးနေလို့ ကားကလေးကို ဂိုဒေါင်ထဲ ထည့်သိမ်းထားတာ၊ စည်းကမ်းလည်းအလွန်ကြီးတယ်၊ သူ့အဖေက ဂျာမန်ထောင်မှူးဆိုတော့ ဆရာ ထောင်မှူးနဲ့ အဖွဲ့ကျမှာပါ"

☆☆☆

ကျွန်တော် အလုပ်နားရက် ချိန်းဆိုထားတော့နေ့ မနက် (၉) နာရီခန့်တွင် ဦးဂျင်မိ ရောက်လာသဖြင့် ကျွန်တော်တို့ ရန်ကုန်မြို့တွင်း ထွက်ခဲ့ကြသည်၊ အောင်ဆန်းဘောလုံးကွင်း အနောက်ထောင့်ဘက်ရောက်တွင် အမိုးနီနီဖြင့် အိမ်ပုကလေးအနောက်ဘက်၌ နှစ်ထပ်တိုက်ခံအိမ်ကြီးတစ်လုံးကို တွေ့ရသည်၊ အင်္ဂလိပ်ခေတ်က အိမ်ကြီးဖြစ်သည်၊ ထုထည်ကြီးမားပြီး အိမ်အရှေ့ဘက်တွင် ဆင်ဝင်နှင့် စက္ကူပန်းနွယ်ပင်များ အုပ်မိုးထားသည်၊ သက်ရင့်အပင်များဖြစ်ကြ၍ နွယ်ပင်ကြီးများက လက်မောင်းလုံးခန့်ရှိတတ်သည်၊ အိမ်ရှေ့တံခါးကြီးကို ပိတ်ထားသည်၊ ဦးဂျင်မိက လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ မစ္စတာဒစ်ကမန်း ကိုယ်တိုင်ဆင်းလာပြီး တံခါးဖွင့်ပေးသည်၊ အရပ်က [illegible] ပေကျော်၊ အားကစားသမားဖြစ်၍ မပိန်မဝ၊ တောင့်တင်းသန်မာသည်၊ အသက်အရွယ်က (၇၀) ကျော်ခန့်၊

www.burmeseclassic.com

ကျွန်တော်က -

"ဟဲလို - အန်ကယ် - ဂွတ်မောနင်း"

သူက - "မင်္ဂလာပါ - ဦးသိန်းဝင်း၊ ဝင်လာပါ"

မြန်မာပြည်မှာ အနေကြာ၍ထင့်၊ မြန်မာသံပီသသည်။

အိမ်အပေါ်ထပ်သို့ ပေါလစ်ရောင် ပြောင်လက်နေသော ကျွန်းလှေခါးကြီးက တက်ရသည်။ လမ်းဘေးဖြစ်သော်လည်း လက်ရန်းနှင့် လှေခါးထစ်များတွင် ဖုန်မှုန့် တစ်စက်မျှမရှိ၊ တောက်ပြောင်သစ်လွင်နေသည်။ အိမ်အပေါ်ဧည့်ခန်းရောက်တော့ ဆက်တီထိုင်ခုံတွင် နေရာပေးပြီး ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။

"ထိုင်ပါ - ဦးသိန်းဝင်း၊ ဂျင်မီ ပြောထားလို့ ကျွန်တော် စောင့်ကြိုနေတာပါ၊ ကဲ - မိန့်မရှေ"

[illegible] အချက်ပေးလိုက်တော့ ကရင်မကြီးတစ်ဦးက ရမ်အရက် [illegible] နှင့်ခွက်နှစ်လုံးနှင့် ရေခဲရည်တစ်ပုလင်း၊ ကြက်ဥ(၁) [illegible] (၂)ပွဲကို လာချပေးသည်။

"[illegible] - ဦးသိန်းဝင်း၊ ရတယ်မဟုတ်လား"

"[illegible] - သင့်ကလူး"

ကျွန်တော်တို့ချီးယားလုပ်ပြီးအရက်တစ်ငုံစီသောက်ကြသည်။ ဦးဂျင်မီကတော့ မီးဖိုခန်းထဲ ဝင်သွား သည်။ ဧည့်ခန်း၌ (GEC) ရေခဲသေတ္တာကြီးတစ်လုံးနှင့် (GEC) ဓာတ်ပြားပွဲတင်ပန်ကာတစ်လုံး (GEC, RECORD CHANGER) ဓာတ်ပြားစက်ကြီး (၁)လုံးကို တွေ့ရသည်။ ရှေးဟောင်းအင်္ဂလိပ်ပစ္စည်းကို တန်ဖိုးထားသူ ဖြစ်ပါလိမ့် မည်။

"ဦးသိန်းဝင်းက ထောင်မှူးဆို"

"ဟုတ်ပါတယ် - အန်ကယ်"

"ကျွန်တော့်အဖေကလည်း ထောင်မှူးပဲ၊ ကျော့လုံးဝစ် ဂျာမန်အကျဉ်းထောင် ကြီးမှာ တာဝန်ကျပြီး အမေ့အသက်ကို ကယ်ရင်းထွက်ပြေးလာရာက အင်္ဂလန်မှာ အခြေချပြီး ကျွန်တော့်ကို မွေးတာ၊ အဖေနဲ့ အမေတို့ အချစ်စွန့်စားခန်းက ရိုမီယိုနဲ့ ဂျူးလီယက်ဇာတ်လမ်းထက် သာတာပေါ့၊ အဲဒီအချိန်က ဒုတိယကမ္ဘာ စစ်ကြီးဖြစ် နေချိန် အင်္ဂလိပ်နဲ့ ဂျာမန်တွေက ရန်သူတွေပေါ့၊ အဖေနဲ့အမေက အင်္ဂလိပ်ဘက်ကို



တတ်တော့ အဆင်ပြေသွားတာပေါ့၊ ဒါကြောင့် - လန်ဒန်မြို့က သိမ်းမြစ်ကမ်းမှာ အခြေချကြပြီး ကျွန်တော့်ကိုမွေးတာ ၁၉၄၂ - ခုနှစ်ကပေါ့"

ကျွန်တော်က အင်္ဂလန်မှာမွေးတော့ အင်္ဂလန်လုပ်ပစ္စည်းကို အလွန်ကြိုက်တာ။ ဒါကြောင့်လည်း ၁၉၅၀ - ခုနှစ်က အင်္ဂလန် ခေတ္တပြန်ရင်း MORRIS MIRROR ကား တလေးကိုဝယ်ပြီးအပြန်သင်္ဘောနဲ့တင်လာခဲ့တာ၊ စာရွက်စာတမ်း၊ ကက်တလောက် တအစ ကားအပိုပစ္စည်းတွေပါ အကုန်ရှိတယ်၊ ဦးသိန်းဝင်း စိတ်ဝင်စားရင် အကုန်ပေး မယ်၊ အဲ - တစ်ခုတော့ရှိတယ်၊ ကားကလေး လိုင်စင်သက်တမ်းလွန်နေပြီ၊ ဒဏ်ကြေး တော့ ပေးရလိမ့်မယ်"

"အန်ကယ် - ဘယ်လောက်နဲ့ ရောင်းမှာလဲ ခင်ဗျား"

"မြန်မာငွေကျပ် (၂၀၀၀ဝိ/ -)ပဲ ပေးပါ"

မကြာမီ (၁၂)နာရီတိတိတွင် ကရင်မကြီးက နေ့လယ်စာ ထမင်းစားပွဲပြင်ပြီး ကြောင်းသတင်းပို့လာသည်နှင့် မစ္စတာဒစ်ကမန်းက ကျွန်တော့်ကိုခေါ်၍ ထမင်းစား ကြသည်။ ဝက်သားဟင်း၊ ချဉ်ပေါင် ရွက်နှင့် ငါးဟင်း၊ ကြက်ဥကြော်၊ ငါးပိရည်နှင့် တို့ စရာများလည်း ပါသေးသည်။ လက်ရာကတော့ ကရင်လက်ရာပင်၊ အနောက်တိုင်း သား ဖြစ်သော်လည်း အရှေ့တိုင်းလက်ရာကို ကြိုက်နှစ်သက်ဟန်တူပါသည်။

သို့နှင့် ထိုကားကလေးကို ကျွန်တော် ဝယ်ပြီး စက်ပြင်ဆရာနှင့် ပြုပြင်၊ လိုင်စင် အခွန်သက်တမ်းတိုး (၅)နှစ်ခန့်စီးပြီး ပြန်ရောင်းချိန်တွင် ကားများ ဈေးတက်လာ၍ ရောင်းချရာ (၅)သိန်းခွဲ ရသည်။ လှိုင်သာယာတွင် တိုက်ကလေးတစ်လုံးအား (၅) သိန်းခွဲဖြင့် ပြန်ဝယ်ပြီး မြေဈေးတက်တော့ ပြန်ရောင်းရာ သိန်း (၁၈၀) ရရှိခဲ့သည်။ ကားအကျိုးမပေးသော် ကျွန်တော် မြေများ၊ အိမ်များဖြင့်တော့ အကျိုးပေးဟန်တူပါ သည်။

စာဖတ်ပရိသတ်ကြီးကို အကြံပေးလိုသည်က မိမိဝါသနာကို ဦးစားမပေးဘဲ အား၊ တိုက်ခန်း၊ မြေနှင့် ရွှေ မည်သည်က အကျိုးပေးကြောင်းကို စမ်းသပ်လုပ်ကိုင် ပြီးမှ ရွေးချယ်ဆုံးဖြတ်ရန် လိုပါသည်။ မည်သည့်လုပ်ငန်းမဆို အကျိုးပေးမှ အရာ ဆင်ပါသည်။

စာဖတ်ပရိသတ်ကြီးအား အစဉ်လေးစားလျက် ...။

⟹ **ထောင်မှူးကြီး သိန်းဝင်း**

www.burmeseclassic.com

www.burmeseclassic.com

# စီအိုင်ဒီအံ့မောင်နှင့် ရတနာမြိုင်လူသတ်မှု

မောင်သာမှန်



**မှောင်**မည်း၍ တိတ်ဆိတ်လှသည့် ညသန်းခေါင်ယံအချိန်တွင် မြို့စွန်ရှိ ရတနာမြိုင်စံအိမ်ကြီး၌ မျှော်လင့်ဘဲ လူသတ်မှုဖြစ်ခဲ့၏။ မြို့နယ်မှူး ရဲမှူးကျော်စွာနှင့် ရဲစခန်းမှူး ဘသော်တို့သည် ခေါင်းစားရော ဖြစ်ခဲ့ရသည်။ သို့သော် ကံကောင်းပါသည်။ ကိစ္စတစ်ခုကြောင့် မြို့နယ်ရဲစခန်းသို့ ရောက်ရှိနေသော အင်းစိန် စီအိုင်ဒီမှ ရဲအုပ်အံ့မောင်အား ပါဝင်ကူညီပေးပါရန် အကူအညီတောင်းခဲ့ပါ၏။ ရဲမှူးကျော်စွာကလည်း ပါဝင်ကူညီနိုင်ရန် အထက်သို့ တင်ပြပေးမည်ဟု ဆို၏။ သို့ဖြင့် စခန်းမှူး ရဲအုပ်ကြီး ဘသော်နှင့်အတူ စီအိုင်ဒီအံ့မောင်မှာ ယင်းလူသတ်မှု စစ်ဆေးဖော်ထုတ်ရာတွင် ပါဝင်လာသည်။

လူသတ်မှုဖြစ်ပွားသည့် စံအိမ်ကြီးထံသို့ သတင်းရသည်နှင့် ရဲတပ်ဖွဲ့ဝင်

"ပစ္စည်းဥစ္စာ
မက်မောသည့်
လူတစ်ယောက်၏
လောဘရမ္မက်ကြောင့်
လူသတ်မှု ဖြစ်ပေါ်လာကာ
နောက်ဆက်တွဲအနေနှင့်

www.burmeseclassic.com

များမှာ အလျှင်အမြန် ရောက်ခဲ့ကြပါသည်။ စံအိမ်ကြီး၏ အပေါ်ထပ်အိပ်ခန်းတွင်း၌ ရှိသော နှစ်ယောက်အိပ်ခုတင်ပေါ်တွင် အိမ်ရှင်ဦးတင်မောင်လွင်မှာ ဓားဒဏ်ရာများ ရရှိကာ ပက်လက်အနေအထားဖြင့် သေဆုံးလျက်ရှိနေ၏။ သေဆုံးသူ ဦးတင်မောင်လွင်၏ဇနီး ယမင်းခင်မှာ အသောမသတ် ငိုယိုလျက် ရှိနေပါ၏။ ထို့ပြင် စံအိမ်ကြီး၏ အိမ်တော်ထိန်း ဦးမင်းဖြူနှင့် ထမင်းချက်အိမ်အကူ ဒေါ်သူဇာတို့လည်း ရှိနေကြ၏။

ရဲစခန်းမှူး ဘသော်နှင့် ရဲစာရေးကြီးအပြင် နယ်ထိန်းခေါင်းကောင် ဒုရဲအုပ်ကျော်မြတို့သည် သေသူ၏ဝန်းကျင်၌ သက်သေခံပစ္စည်း၊ သဲလွန်စများကို ရှာဖွေလျက်ရှိ၏။ အလောင်းတည်ရှိရာ မြေပုံရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ဆေးစာရေးခြင်းများ ဆောင်ရွက်နေခဲ့၏။ ဆက်လက်၍ စခန်းမှူး ရဲအုပ်ကြီး ဘသော်က ဖြစ်ရပ်အခြေအနေများကို သေဆုံးသူ၏ဇနီး ယမင်းခင်အား မေးမြန်းလိုသော်လည်း လင်ယောကျ်ားသေ ဆုံး၍ ငိုကြွေးနေသော ဇနီးမယားအား လတ်တလော မေးမြန်းရန် ခက်ခဲသေးသဖြင့် ဘေးနားတွင်ရှိနေသော အိမ်တော်ထိန်း ဦးမင်းဖြူအား သိလိုသည်များကို မေးမြန်းရာ ဦးမင်းဖြူ၏ ပြောစကားအရ ...

“ကျွန်တော်တို့ မောင်တင်မောင်လွင်ရဲ့မိဘများလက်ထက်ကစပြီး ယုံကြည်ရတဲ့ အိမ်တော်ထိန်း တာဝန်ကို ထမ်းဆောင်လာခဲ့တာ အခုထိပဲဆိုပါတော့။ မောင်တင်မောင်လွင်ဟာ ကျုပ်လက်ထဲမှာပဲကြီးပြင်းလာတဲ့သူဆိုတော့ အခုလိုဖြစ်ရပ်ဆိုးမျိုးကို မောင်တင်မောင်လွင်ကြုံဆုံခဲ့တာကို ကျုပ်ဝမ်းနည်းလို့မဆုံးဘူး။ မဖြစ်သင့် မဖြစ်ထိုက်တဲ့ကိစ္စတစ်ခုဖြစ်ခဲ့လို့ ကျုပ်ကိုယ်တိုင် မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရတယ်။ အခုဖြစ်ရပ်ကို ဖန်တီးတဲ့သူဟာ ဘယ်သူဘယ်ဝါဆိုတာ ကျုပ် မပြောတတ်ပါဘူး။ ကျုပ်က အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်ဖြစ်နေပြီဆိုတော့ ကျန်းမာရေးက လည်း မကောင်းတော့ဘူး။ ဒီကိစ္စကို ယမင်းခင် လာပြောမှ သိခဲ့ရတာ၊ သူက လည်း သူ့အလုပ်နဲ့ သူဆိုတော့ ကျုပ်ကပဲ ရဲစခန်းကို ကြိုးစားပြီး ဖုန်းဆက်ခဲ့ရတာ”

ဟုတ်ပါသည်၊ အိမ်တော်ထိန်း ဦးမင်းဖြူသည် နာမည်သာရှိသည်၊ လူတား အိုမင်းလုချေပြီ၊ မည်သို့ပင်ဆိုစေ မှုခင်းနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန် ဆောင်ရွက် နိုင်ဖို့ရန် ရဲအုပ်ကြီး ဘသော်သည် ယမင်းခင်အား စိတ်ရှည်သည်းခံလျက် စစ်ဆေး မေးမြန်းခဲ့ရပါသည်။

“ကျွန်မရဲ့ခင်ပွန်းဟာ လူသူတော်ကောင်းကြီးပါ။ အခုလိုဖြစ်ရပ်ဆိုးကို ကြုံရလိမ့်မယ်လို့ ဘယ်လိုမှမထင်ထားခဲ့ပါဘူး။ ကျွန်မရဲ့ခင်ပွန်းဟာ ဘာသာတရားကိုင်းရှိုင်းပြီး အေးအေးဆေးဆေးနေတတ်သူပါ။ နောက်ပြီး ကျွန်မအပေါ်မှာလည်း လင့်ဝတ္တရားကျေသူတစ်ဦးပါ၊ သူ့အတွက် ကျွန်မ ဘယ်လိုဖြေရမှန်း မသိတော့ပါဘူးရှင်”

ငိုရှိုက်၍ ရင်ဖွင့်လေသော သူမ၏ ငိုစကားများကြောင့် ဘသော်နှင့် အခြားတပ်ဖွဲ့ဝင်များမှာ စိတ်လက်မကြည်မသာ ဖြစ်ကြရ၏။ အဲ့မောင်ကမူ ယမင်းခင်၏ မျက်နှာကို သေချာစွာ စိုက်ကြည့်လျက် သူမကို မြင်ဖူးသလိုလို ရှိနေပြီး စိတ်က ဇဝေဇဝါဖြစ်နေရ၏။ အဲ့မောင်၏ စူးရှသောအကြည့်ကြောင့် ယမင်းခင်မှာ မျက်နှာ တစ်ချက်ပျက်သွားရသော်လည်း ဣန္ဒြေမပျက်ခဲ့။ သနားစရာကောင်းအောင် ငိုပြနေသည်၊ သူမ၏ ထူးခြားချက်တစ်ခုမှာ ငိုပင် ငိုငြားသော်လည်း လှပစွာငိုနေခြင်းပင်ဖြစ်သည်၊ သူမသည် ညဝတ်အင်္ကျီကို ဝတ်ဆင်ခြင်းမရှိဘဲ သစ်လွင်ဆန်းသစ်သောဖက်ရှင် အဝတ်အစားများကို ဝတ်ဆင်ထား၏၊ လက်ဝတ်ရတနာအချို့ကိုလည်း ဆင်မြန်းထား၏။ ထိုအချက်ကို ရဲအုပ်ကြီးဘသော်က ထိထိမိမိ မေးမြန်းသည့်အခါတွင် -



“လူတတ်တာ ချစ်ခင်လေးစားတဲ့သူကို သတ်တဲ့တရားခံဟာ အန့်ကျင့်ဖက်လူသတ်သမားပဲ ဖြစ်ရမယ်။ သည်လူသတ်မှုဟာ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံ မရှူးဆိုရင် တရားခံမှာရတာ ခက်ခဲတယ်။ ဒါကြောင့် လူတိုင်းဟာ တရားခံဖြစ်နိုင်တယ်လို့ ကျွန်တော်က ပြောလိုက်တာပါ

www.burmeseclassic.com

"ဒီကနေ့ည ကျွန်မရဲ့သူငယ်ချင်း ခင်ခင်တင့်အိမ်မှာ ဘုရားကိုးဆူနဲ့ ညှော်ခံပွဲ ရှိတယ်လေ၊ ကိုတင်မောင်လွင်ကိုလည်း ညှော်ခံပွဲလိုက်ခဲ့ဖို့ ခေါ်ပေမယ့် ပင်ပန်းတယ် ဆိုပြီး အိမ်မှာနေခဲ့တာပါ။ ကျွန်မပဲ သွားခဲ့တာ၊ ကျွန်မပြန်လာတော့ အခုလို မြင်ရတာ ပါပဲရှင်"

ဆက်လက်၍ စံအိမ်ကြီးနှင့်ပတ် သက်သည့်လူများကို မေးမြန်းရာ ...

"စံအိမ်ကြီးမှာက လူများများစားစား မရှိပါဘူး။ ကျွန်မတို့ဇနီးမောင်နှံရယ်၊ အိမ်တော်ထိန်း ဦးမင်းဖြူ၊ ထမင်းချက်အကူ ဒေါ်သူဇာအပြင် ခြံထဲမှာ မာလီ ညစောင့်အဖြစ် ဦးညိုမောင်ပဲ ရှိပါတယ်"

စီအိုင်ဒီ အံ့မောင်က ကြားဖြတ်၍ ...

"ဒီရက်တွေမှာ ဧည့်သည်စောင် သည် လာသေးလား"

"ဒီရက်တွေမှာ ဘယ်ဧည့်သည်မှ မလာပါဘူး။ ကျွန်မရဲ့ခင်ပွန်းသည်က အလုပ်ရှုပ်ပြီး အိမ်ထောင်ထူမယ်လို့ မရှိပါဘူး၊ ဧည့်သည်လာရင်လည်း သူ့ရုံးမှာပဲ တွေ့တတ်ပါတယ်၊ အဲ - အခုတော့ မှတ်မိတယ်၊ မာလီခြံစောင့်ဖြစ်တဲ့ ဦးညိုမောင်ရဲ့တူ ဖော်ကြီး ဆိုတဲ့သူတော့ ပြီးခဲ့တဲ့ ဆယ်ရက်လောက်က ရောက်နေပြီး ခြံထဲက အိမ်လေးမှာပဲ ဦးညိုမောင်နဲ့ အတူနေပါတယ်"

ရဲအုပ်ကြီး ဘသော်၏မျက်လုံးများသည် အရောင်တောက်ပသွားပြီး ဗျာများ သလိုပုံစံဖြင့် —

"အဲဒီ ဖော်ကြီးဆိုတဲ့သူကို တွေ့ချင်တယ်၊ တစ်ဆိတ်ခေါ်ပေးပါလား"

နံဘေးတွင် အသာရပ်နေသော ဦးမင်းဖြူအား ယမင်းခင်က လှမ်း၍ပြောပါ၏။

"အဘ - ဦးညိုမောင်ရဲ့အိမ်မှာနေတဲ့ ဖော်ကြီး ခဏခေါ်ပေးပါ"

ဦးမင်းဖြူသည် ရဲအရာရှိများအား နားမလည်သလို ကြည့်လိုက်ပြီး ဖော်ကြီးအား သွားရောက်ခေါ်ရန် ဧည့်ခန်းထဲမှ ထွက်ခွာခဲ့လေ၏။

ပြတင်းပေါက်နားတွင် တွေ့၍စဉ်းစားနေသော အံ့မောင်ထံသို့ ရဲအုပ်ကြီး ဘသော် သည် အသာလှမ်းလာခဲ့ပြီး ...

"ဘယ့်နယ်လဲ - ကိုအံ့မောင် - လူသတ်မှုဖြစ်ခြင်းရဲ့အကြောင်းအရင်းကို အနေအထား ပဋိလုံ မသိရှိသေးပေမယ့် မသင်္ကာတရားခံကို ဖမ်းနိုင်ခြင်းဟာလည်း ပါရမီတစ်မျိုးလို့ ဆိုရမှာပေါ့နော်"



အံ့မောင်သည် တစ်ချက်ပြုံးလိုက်ပါ၏။ ပြီးနောက် ...

"ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ သိပ်မဆိုင်ပေမယ့် မေတ္တာရပ်ခံချင်တာက ကိုဘသော်အနေနဲ့ တရားခံဖမ်းတဲ့နေရာမှာ သိပ်မလောပါနဲ့။ လူသတ်မှုနဲ့ပတ်သက် ပြီး လူတိုင်းဟာ တရားခံဖြစ်နိုင်တယ်ဆိုတာ မမေ့ဖို့လိုပါတယ်၊ ဆင်ခြင်စဉ်းစားပြီး ဆုံးဖြတ်ပေါ့ဗျာ"

စခန်းမှူး ရဲအုပ်ကြီး ဘသော်သည် မျက်နှာတစ်ချက် ပျက်ခနဲ ဖြစ်သွားပြီး နောက် -

"ခင်ဗျားသတိပေးတာ ကျေးဇူးပဲ ကိုအံ့မောင်၊ ဒါပေမဲ့ - နှစ်များစွာ ရင်းနှီးမှုရှိကြ တဲ့လူတွေက ခင်မင်လေးစားရာ အိမ်ထောင်အကြီးအကဲကို ရက်ရက်စက်စက် သတ်ဖို့ဆိုတာထက် မကြာသေးခင်ကမှ ရောက်လာတဲ့ လူစိမ်းတစ်ယောက်ကို မသင်္ကာတရားခံအဖြစ် ပစ်မှတ်ထား - တည်ကြွက်ထားမယ်ဆိုရင် မဖြစ်နိုင်ဘူး လား"

"ဖြစ်ပါတယ် - ဒါပေမဲ့ - လူဆိုတာ ကိုယ်က ကျူး၊ ကိုယ့်ဒူးတောင် မယုံရဘူး ဆိုတဲ့ စကားရှိတယ်နော်၊ လူတိုင်းကို ယုံကြည်ဖို့ဆိုတာ ခက်လှပါတယ်၊ ဒီအမှုကို ကိုဘသော် သတိထားကိုင်တွယ်ဖို့ ပြောတာပေါ့"

ကိုအံ့မောင်၏ ပြောစကားများကြောင့် ရဲအုပ်ကြီးဘသော်မှာ နဖူးကြောကို ရှုံ့လျက် တစ်စုံတစ်ရာကို ရပ်၍စဉ်းစားလျက် ရှိတော့၏။

☆☆☆

မကြာမီ ရဲအုပ်ကြီး၏ရှေ့သို့ ဖော်ကြီးဆိုသူ ရောက်လာ၏။ ဖော်ကြီးနှင့်အတူ ဦးကြီးတော်သူ ဦးညိုမောင်သည်လည်း လိုက်ပါလာ၏။ ဖော်ကြီးဆိုသည့်နာမည်မှာ ကြီးမားလှသော်လည်း လူမှာ ခန့်ခန့်ထည်ထည်မရှိ၊ ဆယ့်ရှစ်နှစ်အရွယ် လူငယ်လေး သာ ဖြစ်သည်၊ ထို့ပြင် ကျန်းမာရေးလည်း ကောင်းလှသည်မဟုတ်။ ဖော်ကြီးအား စခန်းသို့ခေါ်ရန် စီစဉ်၏။ ဦးညိုမောင်ကမူ ...

"ကျုပ်တူ ဖော်ကြီးက ကျုပ်ညီမရဲ့သားလေးပါ၊ သူ့မှာက အဖေမရှိတဲ့ကြားအမေ ဖြစ်တဲ့ ကျုပ်ညီမကလည်း ဆုံးသွားပြန်တော့ သူ့ခင်မျာ တစ်ကောင်ကြွက် ဖြစ်ရတာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့၊ ဒါနဲ့ပဲ - သူ့ဖွေးဆီ ခွင့်တောင်းပြီး သူ့ကို ကျုပ် ခေါ်ထားခဲ့တာ။ တစ်လတောင် မပြည့်သေးဘူး"

"မပြေးသော်လည်း ကံရာရှိ ဆိုသလိုပေါ့။ ဖော်ကြီးကိုတော့ မေးစရာလေးတွေ ရှိနေတော့ စခန်းကိုတော့ ခဏ ခေါ်သွားမယ်"

ဦးညိုမောင်သည် တူဖြစ်သူအတွက် စိုးရိမ်စိတ်ဖြင့် ပြောပါသေးသည်။

"ကျုပ်တူလေးကို ကျုပ် တာဝန်ယူပါတယ်၊ ကျုပ်တူလေးက ဘာမှမသိတဲ့ လူငယ်လေးပါ၊ လူ့ဘဝအကြောင်းလည်း ကောင်းကောင်းမသိသေးပါဘူး။ ကျုပ်တူလေးက လူရိုးလေးပါဗျာ"

စခန်းမှူး ဘသော်က မျက်မှောင်ကြုတ်လိုက်ပြီး ...

"လူရိုးဆိုတာ သချိုင်းမှာပဲ ရှိတာပါဗျာ။ စိတ်မပူပါနဲ့ - ခင်ဗျားတူ ဘာမှမဖြစ်ပါဘူး"

ခဲ့ကြ[illegible] ပြည့်စုံအောင်[illegible]နိုင်ရေး ဆောင်ရွက်ပြီးသည့်နောက် ဆေးမှတ်[illegible]ကို ဆေးရုံပို့ရန် စီစဉ်ရတော့၏။ ရဲတပ်ဖွဲ့ဝင်တချို့ [illegible] ရဲစခန်းသို့ ပါသွားတော့၏။ ရဲအုပ်ကြီးဘသော်သည် အုံ့မောင်နှင့်အတူ ဓာတ်တော်ဆိုင်ကယ်ဖြင့် ရဲစခန်းသို့ ပြန်လာခဲ့ကြရာ ဘသော်က အုံ့မောင်အား ...

"ကျွန်တော်တော့ ဖော်ကြီးတင်မကဘူး၊ စံအိမ်ကြီးမှာရှိတဲ့ ကျန်တဲ့သူတွေကိုလည်း စစ်ဆေးမယ်လို့ စဉ်းစားထားတယ်။ ဒါမှ အမှုမှန်ပေါ်မယ်လို့ထင်တယ်"

စီအိုင်ဒီ အုံ့မောင်သည် လေအေးဖြင့်ပင် - "ရဲအုပ်ကြီးပြောတာ မှန်ပါတယ်။ ဒါပေမဲ့ - စဉ်းစားစရာတော့ရှိတယ်။ ဒီလူသတ်မှုဟာ ရိုးဖြောင့်တဲ့ လူသတ်မှုလား။ ကွေ့ကောက်တဲ့လူသတ်မှု ဟား စဉ်းစားရမယ်။ သေဆုံးသူဟာ လူချစ်လူခင်ပေါများသူဆိုခြင်းကြောင့် အခုလို သေဆုံးခြင်းဟာ ရိုးဖြောင့်တဲ့လူသတ်မှု မဟုတ်နိုင်တော့ဘူး၊ လူတကာ ချစ်ခင်လေးစားတဲ့သူကို သတ်တဲ့တရားခံဟာ ဆန့်ကျင်ဖက်လူသတ်သမားပဲ ဖြစ်ရမယ်၊ သည်လူသတ်မှုဟာ သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံ မရဘူးဆိုရင် တရားခံရှာရတာ ခက်ခဲတယ်၊ ဒါကြောင့် လူတိုင်းဟာ တရားခံဖြစ်နိုင်တယ်လို့ ကျွန်တော်က ပြောလိုက်တာပါ"



"ဒါဆိုရင် ဖော်ကြီးကိုပဲ ရဲစခန်းခေါ်လာတာ မှားတယ်လို့ ခင်ဗျားဆိုချင်သလား"

"မဆိုလိုပါဘူး - ကိုဘသော်၊ အခုလို ဖော်ကြီးကို ခေါ်ထားတာလည်း တစ်မျိုးကောင်းပါတယ်၊ ဒီကာလတွေမှာတော့ ကျွန်တော်စုံစမ်းမိသမျှ ကိုဘသော်ဆီကို အကြောင်းကြားပါ့မယ်"

ယင်းနောက် ရဲစခန်းသို့ပြန်ရောက်ခဲ့ကြပြီး ကိုဘသော်မှ လက်ဖက်ရည်နှင့် မုန့်ကို စီစဉ်ပေးသဖြင့် စားသောက်ခဲ့ပြီး မိမိနားခိုရာ အရာရှိရိပ်သာသို့ပြန်လာခဲ့၏။ ကိုအုံ့မောင်မှာ အရာရှိရိပ်သာသို့ပြန်ရောက်သော်လည်း ချက်ချင်းမအိပ်နိုင်သေးဘဲ ယမင်းခင်နှင့်ပတ်သက်၍ စဉ်းစားနေမိ၏။ ယမင်းခင်သည် သူ အလုပ်သင်ဘဝက တွေ့ကြုံခဲ့ရဖူးသော ညိုနွဲ့ဆိုသည့် အမျိုးသမီးနှင့် အတော်ပင်တူ၏။ ညိုနွဲ့ဟူသောအမျိုးသမီးသည် ဖောက်ထွင်းဝိဇ္ဇာ လှကြီးဆိုသူ၏ဇနီးဖြစ်ပြီး ရာဇဝတ်မှုခင်းတို့ဖြင့် ရှုပ်ထွေးသောသူဖြစ်သည်။ သူမ၏ စနက်မီးကြောင့်ပင် ယောကျ်ားဖြစ်သူ ဖောက်ထွင်းဝိဇ္ဇာ လှကြီးမှာ ထောင်ငါးနှစ်ကျသွားခဲ့ရ၏။ ယင်းနောက် သူမသည်လည်း ပျောက်ချင်းမလှ ပျောက်သွားခဲ့ ရ၏။ ယခု ယမင်းခင်သည် ညိုနွဲ့သာ ဖြစ်ခဲ့ပါက လူသတ်မှုတွေလည်း သူမ၏ပယောဂမကင်းနိုင်၊ လူသတ်တရားခံပင် ဖြစ်နိုင်သည်။ ခက်သည်က သေဆုံးသူ တင်မောင်လွင်နှင့် ယမင်းခင်သည် မည်သို့တွေ့ဆုံပေါင်းဖက်သည်ကို မသိရှိခြင်းပင်ဖြစ်သည်။ ထိုအချက်ကို လေ့လာစုံစမ်းမည်ဟု စဉ်းစားလျက်ရှိစဉ် ယမင်းခင်နှင့် ညိုနွဲ့တူညီမှု၊ ကွဲပြားမှု ရှိစေမည့် သေရာပါအမှတ်အသားတစ်ခု ရှိရမည်ဟု အတွေးရောက်သွားသည်။

ညိုနွဲ့ဆိုသည့်အမျိုးသမီး၏ ညာဘက်လက်မောင်းရင်းတွင် ထင်ထင်ရှားရှား မှဲ့နက်တစ်လုံး ရှိ၏။ ယမင်းခင်တွင် ထိုမှဲ့နက်များ ရှိနေမည်လား၊ ရှိတယ်ဆိုရင်တော့ ...။

☆☆☆

နောက်တစ်နေ့ အုံ့မောင်တစ်ယောက် လေ့လာစုံစမ်းစရာရှိသဖြင့် လူသတ်မှုဖြစ်ပွားရာ စံအိမ်သို့ ရဲအုပ်ကြီး ဘသော်တို့နှင့်အတူ လိုက်မသွားခဲ့။ မွန်းလွဲနှစ်နာရီခန့်တွင်



www.burmeseclassic.com

www.burmeseclassic.com

သူသည် ကိစ္စဝိစ္စပြီး၍ စခန်းရုံး၌ရှိနေစဉ် ရဲအုပ်ကြီးဘသော်နှင့် အဖွဲ့သည် မော်ကြီး ယန်ကြီးဖြင့် ရဲစခန်းသို့ပြန်ရောက်လာ၏။ အစီရင်ခံရန် မြို့နယ်မှူးရုံးသို့ သွားရောက်ပြီး မိနစ်နှစ်ဆယ်ခန့်ကြာသော် စိတ်ညစ်သည့်ပုံစံဖြင့် ရဲအုပ်ကြီး ဘသော်ပြန်ရောက်လာ၏။ ခရီးရောက်မဆိုက်ပင် ...

"ကိုအုံ့မောင်ရေ - ကျွန်တော်တော့ ပျားတုပ်ပြီဗျာ"

"ဘယ်လိုပျားတုပ်တာလဲဗျ"

"ညကဖြစ်ခဲ့တဲ့ လူသတ်မှုနဲ့ပတ်သက်ပြီး တစ်ပတ်အတွင်း လူသတ်တရားခံကို မိအောင်ဖမ်းဖို့ ခရိုင်ရဲမင်းကြီး ရုံးက အမိန့်ထုတ်တယ်ဗျာ။ တစ်ပတ်အတွင်း တရားခံကို မဖမ်းနိုင်ဘူးဆိုရင် နယ်အပြောင်းခံရလိမ့်မယ်ဗျ"

"သိပ်စိတ်မပူပါနဲ့ - ကိုဘသော်ရယ်၊ လူဆိုတာ တစ်ကိုယ်လုံးအကြံ တွေနဲ့ပါဗျ။ အကြောင်းမှာ လူသတ်မှုနဲ့ပတ်သက်ပြီး တစ်ခုခုထူးခြားမှာပါ၊ ခင်ဗျား ဘာမှမဖြစ်နိုင် ပါဘူး"

[...] စီအိုင်ဒီ အုံ့မောင် ပျောက်ချက်သား ကောင်းနေခဲ့၏။ [...] အရာရှိရိပ်သာသို့ ပြန်ရောက်လာ၏၊ နောက်တစ်နေ့တွင် ရဲအုပ်ကြီးဘသော်နှင့်အတူ စီအိုင်ဒီ အုံ့မောင်သည် ရတနာမြိုင်စံအိမ်ကြီးဆီသို့ သွားရောက်ခဲ့ပါ၏။ စံအိမ်ကြီးဆီသို့ ရောက်သည်နှင့် မှန်ပဲ့သရေစာ ကော်ဖီတို့ဖြင့် ဧည့်ခံ တွေ့ဆွေးသော်လည်း သူတို့နှစ်ဦးသည် စံပြဈေးကြီး နံဘေး ကာကာလက်ဖက်ရည် ဆိုင်၌ လက်ဖက်ရည်ချိုဆိမ့်၊ ပလာတာ အီကြာကွေးတို့ဖြင့် ဝမ်းဖြည့်ထားသဖြင့် မစား မသောက်ကြတော့၊ သေဆုံးသူ၏ဇနီး ယမင်းခင်သည် လှေခါးကြီးပေါ်မှ ဆင်းလာ လျက် ရဲအုပ်ကြီးဘသော်အား ခန့်၏။

"ဘယ်လိုလဲ စခန်းမှူးကြီးရယ် - လူသတ်တရားခံကို ဖမ်းမမိသေးဘူးလားရှင်။ ကျွန်မအနေနဲ့ကတော့ လူသတ်တရားခံဟာ ဇော်ကြီးဆိုတဲ့ ကောင်လေးကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ပါဘူး၊ ကိုတင်မောင်လွင်နဲ့ ဇော်ကြီးဆိုတဲ့ကောင်လေးဟာ ကတောက်ကဆ အရေးအတင်ဖြစ်ခဲ့ကြသေးတော့ ဒီလူသတ်မှုဖြစ်ဖို့အထိ ဇော်ကြီး က အငြိုးအတေးမထားဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ သူဟာ လူသတ်တရားခံ အစစ်၊ သူ့ကိုပဲ တရားစွဲတင်ပါတော့ရှင်"

ရဲအုပ်ကြီး ဘသော်သည် ခေါင်းတညိတ်ညိတ်ဖြင့် ...

"စိတ်မပူပါနဲ့ - ဒေါ်ယမင်းခင်၊ မကြာခင် လူသတ်သမား ဘယ်သူဆိုတာ သိရ ပါ။ လူသတ်မှုနဲ့ပတ်သက်ပြီး ဒေါ်ယမင်းခင်အနေနဲ့ ကျွန်တော်တို့အတူ အမှုမှန် ပေါက်အောင် ပူပေါင်းပါဝင်စေချင်ပါတယ်"

ယမင်းခင်သည် ခင်ပွန်းသည်ကို သတိရ၍လားမသိ ရှိုက်ငိုနေပြန်ပါ၏။ သူမ ည် နွေနံ့နက်ခင်းမို့လားမသိ၊ အင်္ကျီလက်ပြတ်ကို ဝတ်ဆင်ထားပါ၏။ ယမင်းခင်၏ တ်မောင်းရင်းတွင် ထင်ထင်ရှားရှား တွေ့နေရသော မှဲ့နက်ကြောင့် လှမ်းကြည့်နေ သာ အုံ့မောင်မှာ မျက်မှောင်ကြုတ်ခမန်းဖြစ်သွားရတော့၏။ ဧည့်ခန်းထဲတွင် မည်သူ အားမပြောဘဲ ငြိမ်သက်နေစဉ်အတွင်း စီအိုင်ဒီအုံ့မောင်၏ နှုတ်ဖျားမှ မမျှော်လင့် သာ အမေးစကား ထွက်လာပါ၏။

"ဒီမှာဒေါ်ယမင်းခင် - ခင်ဗျား နာမည်အရင်းက ညိုနွဲ့မဟုတ်လား၊ ခင်ဗျားနာမည် နွဲ့ဆိုတာ ကျုပ် သိထားတယ်"

မမျှော်လင့်ဘဲ ထွက်လာသည့် အုံ့မောင်၏ အမေးစကားကြောင့် ယမင်း ခင်မှာ တ်သေ သေသွားရပါ၏။ ပြီးနောက် အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"ရှင် - ရှင် - ကျွန်မနာမည် ညိုနွဲ့မဟုတ်ဘူး - ကျွန် - ယမင်းခင်"

"ဟုတ်ပါတယ် - ခင်ဗျားဟာ ယမင်းခင်လည်း ဟုတ်သလို ညိုနွဲ့ဆို လည်း ဟုတ် ယ်ဆိုတာ ခင်ဗျားရဲ့ ညာလက်မောင်းရင်းက မှဲ့နက်တစ်လုံးက ဖော်ပြနေပါတယ် ။ ခင်ဗျား ငြင်းလို့ မရပါဘူး"

ယမင်းခင်တစ်ဖြစ်လဲ ညိုနွဲ့မှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် စီအိုင်ဒီ အုံ့မောင်အား ကြည့်ရင်း -

"ရှင် - ရှင် - ဘယ်သူလဲ"

"ကျွန်တော်က ခင်ဗျားနဲ့ ခင်ဗျား ယောကျ်ား ဖောက်ထွင်းဝိဇ္ဇာလှကြီးတို့ ကျူး ခဲ့တဲ့အမှုကို လိုက်ဖမ်းခဲ့တဲ့သူ ခင်ဗျားမှတ်မိမလားပဲ၊ ကြို့ကုန်းအရှေ့ဘက်အရပ် ဖောက်ထွင်းမှုမှာလေ၊ ကျုပ်က စီအိုင်ဒီက ရဲအုပ်အုံ့မောင်ပဲ"

အုံ့မောင်၏ပြောစကားကြောင့် သူမသည် စကားစရှာမရဖြစ်ပြီး ထိုင်ခုံနေရာမှ ပြေးဖို့ကြံစည်၏၊ ယင်းသို့ထပြေးရန်ကြံစည်နိုက် ရဲအုပ်ကြီး ဘသော်သည် သူမ၏ ကောက်ဝတ်အား လျင်မြန်စွာ ထိန်းချုပ်ကိုင်တွယ် လိုက်ပြီး...

www.burmeseclassic.com

"တရားလက်လွတ်မလုပ်ပါနဲ့ - ဒေါ်ယမင်းခင်၊ ဘယ်သူမပြုမိမိမှုတဲ့၊ ကိုယ် သရှုအများတွေကို ဆင်ခြင်ပြီး တရားဥပဒေအရ ပေးလာမယ့်ပြစ်ဒဏ်ကို ခံစေရ တယ်"

ယမင်းခင်တစ်ဖြစ်လဲ ညိုနွဲ့သည် ရှိက်ကြီးတငင်ငိုကြွေးပြီး ခေါင်းတခါခါဖြင့် -

"ကျွန်မ - ကိုတင်မောင်လွင်ကိုမသတ်ဘူး - လုံးဝမသတ်ဘူး၊ ကျွန်မပြောတာ ယုံကြပါ"

"ဘာအပြစ်မှမရှိတဲ့သူတစ်ယောက်လည်း သေခဲ့ပြီးပြီ၊ မတော်လောဘနဲ့ကြံ ခဲ့လေသမျှ တရားဥပဒေက သည်အတိုင်း လက်ပိုက်ကြည့်မနေဘူး ဆိုတာ မ သိဖို့ကောင်းပါပြီ၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန ဣဿာမစ္ဆရိယဆိုတဲ့ အ တွေကို အင့်ဆုံးမှာ ထားနေသမျှ လူ့ဘဝမှာ တန်ဖိုးရှိရှိ မနေရပါဘူး၊ နောက် ခြားလွှတ်သူဆိုတာလည်း မညိုနွဲ့နားလည်သင့်ပါတယ်"

ညိုနွဲ့ ဘောက်ထွင်းဝိဇ္ဇာ လုကြီးတို့ပူးပေါင်းသတ်ဖြတ် ရထားနစ်အိမ်ကြီးကို မောင်ပိုင်စီးနိုင်ဖို့ မတော်လော တွေကိုဦးညိုမောင်ရဲ့တူ ဖော်ကြီးက ကြားသွားခဲ့ပြီဆိုတဲ့ သံ ကိုတင်မောင်လွင် သေဆုံးမှုမှာ ဖော်ကြီးကို လူသတ်တရားခံအဖြစ် စွပ်စွဲခဲ့ လည်းကျွန်တော်တို့သိပါတယ်၊ တကယ်တော့သည်လောက်ကြီးကျယ်တဲ့စံအိမ် ကို ဖော်ကြီးလို မလည်မဝယ် လူငယ်တစ်ယောက်က ဝင်ရဲတဲ့ သတ္တိမရှိပါဘူး၊ ဦး မောင်ရဲ့တူဖြစ်သူ ဖော်ကြီးတို့ရဲ့ရိုးသားမှုကို လေ့လာခဲ့ပြီးပါပြီ"

စီအိုင်ဒီ အံ့မောင်၏ ပြောကြားချက်များအား ညိုနွဲ့သည် ငြင်းဆန်ရန် ကြိုး ခဲ့၏။

"မဖြစ်နိုင်ဘူး - လုံးဝမဖြစ်နိုင်ဘူး၊ လုကြီးဆိုတဲ့ကောင်က ထောင်ထဲမှာ အ ဆွေးနေလောက်ပြီ၊ သူနဲ့ ကျွန်မ ပူးပေါင်းကြံစည်ခဲ့တယ်ဆိုတာ ဒါ သက်သ လီဆယ်တာ၊ ကျွန်မယောကျ်ားကို သတ်ပုံမလား၊ ကျွန်မက ကိုတင်မောင်လွ ဇနီး - အချစ်ဆုံးဇနီး"

အံ့မောင်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး - "ဘောက်ထွင်းဝိဇ္ဇာကြီး သာယာဝတီထောင်မှာ နစ်ရှည်ထောင် ကျနေခဲ့ပြီး ပြီးခဲ့တဲ့နစ်လယ်လောက်



ဘက်စခန်းရောက်သွားတယ်၊ သုံးလလောက်ကြာတော့ ရဲဘက်စခန်းကနေ ထွက် ပြေးလွတ်မြောက်သွားတယ်၊ ဒါပေမဲ့ - ခဏပါပဲ"

ဟု ပြောဆိုပြီး နယ်ထိန်းတပ်ကြပ်ကြီး ဖော်ထိုက်အား လက်ထိတ်တန်းလန်းနှင့် ဘောက်ထွင်းဝိဇ္ဇာ ရဲဘက်ပြေး လုကြီးအား အိမ်ထဲသို့ ခေါ်လာခဲ့ရန် အချက်ပေးလိုက်

လုကြီးအား တွေ့လိုက်သည်နှင့် ညိုနွဲ့သည် မည်သို့မျှမတတ်နိုင်တော့၊ မျက်ရည် နှင့် မျက်ခွက်ဖြစ်နေတော့၏၊ လုကြီးက သူမအား စားမတတ်၊ ဝါးမတတ် ကြည့် ...

"တော်တော်ယုတ်မာတဲ့ မိန်းမပဲ၊ နင့်ကို ယုံစားမိပြီး နင့်အစား ငါ ထောင်ကျခံ ခဲ့ တယ်၊ ထောင်ကျတော့လည်း နင်က ငါ့ကို လာမတွေ့၊ တွေ့ချင်စိတ်တွေ မထိန်းနိုင် ဒို့ ငါ ရဲဘက်ပြေးစခန်းက ထွက်ပြေးပြီး နင့်ကို ငါ တွေ့ဖို့ကြိုးစားတယ်၊ နင့်ရဲ့မမှန်တဲ့ လာဘရမှုတွေကို ဦးစားပေးပြီး နောက်အိမ်ထောင်ထူလိုက်တယ်၊ အဲဒီအိမ် ထောင်ကိုလည်း နင် အရှည်မပေါင်းဘဲ သတ်ဖြတ်ပြီး ဥစ္စာနေတွေ အပိုင်ချိုင်ဖို့ ကြိုး စားတယ်၊ ငါနဲ့ တွေ့ခဲ့ပြီး ငါ့ကို လူသတ်တရားခံအဖြစ် သိမ်းသွင်းပြီး ထောင်ချဖို့ ကြိုး စားပြန်တယ်၊ ဒီတစ်ခါတော့ နင့်အကြံကို လက်မခံနိုင်တော့ဘူး - ညိုနွဲ့၊ နင့်ထိုက်နဲ့ နင့်ကံပဲ၊ ငါ့ဘဝမှာ နင့်လိုမိန်းမနဲ့တွေ့တာ ငါ့ရဲ့မဟာအမှားပဲ"

ရဲအုပ်ကြီး ဘသော်က ခပ်မာမာလေသံဖြင့် ...

"ကဲ - အမှန်အတိုင်းဝန်ခံတော့ ဒေါ်ယမင်းခင်၊ ခင်ဗျားကို လေးလေးစားစားနဲ့ ဒေါ်ယမင်းခင်လို့ခေါ်ပြီး ဆက်ဆံတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ဝန်ခံပါတော့"

အတောမသတ်ရှိုက်ကြီးတငင်ငိုကြွေးနေသော ယမင်းခင်တစ်ဖြစ်လဲညိုနွဲ့သည် နင်တရသည်၊ မရသည်ကို သေချာစွာ မသိရှိရသော်လည်း အမှန်အတိုင်း ဝန်ခံခဲ့ပါ

အမှန်အားဖြင့် အချင်းဖြစ်သည့်ညက ဒေါ်ယမင်းခင်သည် ဘုရားကိုးဆူ သွားမည် ဟူသော သတင်းစကားဖြင့် အိမ်သားများရှေ့တွင် ထွက်ခွာသွားသော်လည်း စံအိမ်ကြီး သို့ တိတ်တဆိတ် ပြန်လာသည်ကို မည်သူမျှ မသိကြ၊ သိသူတစ်ဦးရှိသည်၊ ထိုသူ အသေဆုံးသူ တင်မောင်လွင်ပင်ဖြစ်၏၊ တင်မောင်လွင်သည် ဇနီးဖြစ်သူ ဒေါ်ယမင်း

www.burmeseclassic.com

www.burmeseclassic.com

ခင်၏မာယာကွန်ယက်တွင် လိုက်ပါစီးမျောရင်း ဒေါ်ယမင်းခင်၏လက်ချက်မိခဲ့ခြင်း
ဖြစ်သည်။ ခင်ပွန်းဖြစ်သူကို သတ်ပြီးသည်နှင့် မည်သူမျှမသိစေရန် မြုံအပြင်သို့ထွ
ခဲ့ပြီးနောက် လူသိရှင်ကြား ရတနာမြိုင်ခြံကြီးထဲသို့ ပြန်ဝင်ရာတွင် ဦးညိုမောင်
ဇော်ကြီးက တံခါးဖွင့်ပေးခဲ့ပါ၏။ ဇော်ကြီးသည် လူငယ်ပီပီ အိပ်ချင်ဇောဖြင့် တံ
ထဖွင့်ပေးခဲ့ပြီး ဒေါ်ယမင်းခင်နှင့် ပြောပေါက်မတည့်ဖြစ်ခဲ့ရခြင်းပင်။

☆☆☆

ယခုတော့ ဖောက်ထွင်းဝိဇ္ဇာ ရဲဘက်ပြေး လှကြီးသာမက ရက်ရက်စက်စက်
သတ်ဝံ့သော ယမင်းခင်တစ်ဖြစ်လဲ ညိုနွဲ့အား လက်ထိတ်ကိုယ်စီ ဖြင့် မိုက်ကြေး
ခန်း ခဲဝေခန်းဆီသို့ —။

ခဲဝေခန်းဆီသို့ အပြေးလာစဉ်တွင် ရဲအုပ်ကြီးဘသော်က အုံ့မောင်အား ကျေးဇူးတင်
မေးမြန်းခဲ့ရာက —

"ဘယ်လိုဖြစ်ရတာလဲ — ခင်ဗျားရဲ့ အံ့ခန်းဖွယ် စွမ်းဆောင်ချက်ကြောင့် ကျွန်တေ
နယ်မပြောင်းရတော့ဘူးပေါ့ဗျာ"

"ကျွန်တော့်စွမ်းဆောင်ချက်လို့ ကိုဘသော်ပြောတာ မှားတယ်ဗျ၊ ကျွန်တေ
တစ်ယောက်တည်း မဟုတ်ပါဘူး၊ ကိုဘသော်အပါအဝင် ရဲတပ်ဖွဲ့ဝင်အားလုံး ထ
တက်ကြွကြွနဲ့ အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ကြလို့သာ အမှုမှန်ပေါ်
ခဲ့ရတာပါဗျာ"

ရဲတပ်ဖွဲ့ဝင်များ ရတနာစံအိမ်ကြီးမှအထွက် အိမ်ကြီးဆီသို့ စီအိုင်ဒီအုံ့မေ
လှည့်ကြည့်လိုက်ရာ စံအိမ်ကြီး၏ ပေါ်တီကိုအောက်တွင် အိမ်တော်ထိန်း ဦးမင်
သည် တွေတွေကြီးရပ်လျက် ကျန်ခဲ့သည်ကို တွေ့လိုက်ရတော့၏။

⇒ မောင်သာမန် (ဂီးကျ



www.burmeseclassic.com

www.burmeseclassic.com

"အလိုရမှုကြောင့်
ရှာနာများအတွက်
မိန်းမတစ်ယောက်ကို
ချစ်ဟန်ဆောင်ခဲ့သူ
တစ်ယောက်၏ အကြောင်း

**မြနုဒီ** ဟူသောနာမည်ကိုတွေ့မြင်ကြားရတိုင်း နလုံးသားတွင် နာကြည်းမဆုံးနိုင်အောင် ခံစားနေမိသူက လင်းလက်၊ တကယ်တော့မြနုဒီ၊ လင်းလက်နှင့်ဘယ်လောက်ပဲ ခြေခြားမြေခြား ဝေးကွာပါစေ၊ လင်းလက်နလုံးသားတွင်အနီးကပ်ရှိနေဆဲပင်ဖြစ်သည်၊

ခုလည်းလင်းလက်၊မြနုဒီလိပ်စာကို အမှတ်မထင် သိရှိလိုက်ရ၍ ဝမ်းသာလိုက်လှဲမှုထက် နာကြည်းမှုခံစားချက်နှင့်အတူ ပွင့်အန်ထွက်ပေါ်သွားမိသည်က တောက်ခတ်သံပြင်းပြင်း။

"လင်းလက် – မင်းခံစားချက်တွေက ပြင်းထန်လှချည်လား"

"ဟုတ်တယ် – ဇော်မောင်၊ ငါ့ရင်ထဲမှာသိမ်းထားခဲ့တာ ကြာခဲ့ပြီကွ၊ ကြာခဲ့ပြီ"

လင်းလက်မိမိကိုယ်မိမိ ဘယ်အထိမုန်းယစ်နေသည်ကို မခန့်မှန်းနိုင်တော့၊ နေ့စဉ်သောက်နေကျပုံစံထက် ပိုသောက်မိသည်ကိုတော့ သိနေသည်၊ အဘယ်ကြောင့် ... ခတော့ လင်းလက်နလုံးသားတွင် မျိုသိပ်ခံစားခဲ့ရသည့်ဝေဒနာ၊ မမျှော်လင့်ဘဲ လင်းလက် နာကြည်းမှုကို ပို၍ နိုးဆွခဲ့သည့် မြနုဒီ၏လိပ်စာ၊

"လင်းလက် – တော်လောက်ပြီ ထင်တယ်၊ သိပ်များနေပြီ၊ ငါ လိုက်ပို့ပေးရမလား"

"မလိုပါဘူး ဇော်မောင်၊ ငါ ပြန်လို့ရတယ်၊ နောက်မှဆုံမယ်"

လင်းလက် တတ်နိုင်သမျှ သတိထားပြီး ကားလမ်းပေါ်သို့ လှမ်းကြည့်လိုက်မိသည်၊ ကားလမ်းမကြီးပေါ်တွင် ကားအသွားအလာ ရှင်းနေသော်လည်း ကားမီးရောင်များကို ဝိုးတဝါး တွေ့မြင်ရမှ ညဥ့်အတော်နက်နေပြီဟု လင်းလက်ခန့်မှန်းမိသည်၊

ထိုစဉ် စူးရှသည့် ကားမီးရောင်တစ်ခုကို တွေ့ရပြီး လင်းလက်ဆီသို့ ထိုးဝင်လာတာ အနီးရောက်မှ ထိုးရပ်သွားသည်၊ လင်းလက်ကားဆီသို့ ရီဝေစွာ ကြည့်လိုက်မိသည်၊ ရုတ်တရက် ဝိုးတဝါး တွေ့မြင်လိုက်ရသည့် မိန်းမလှလေးတစ်ဦး၊

"ရှင် – ဘယ်ကို သွားမလို့လဲ၊ ကျွန်မ လိုက်ပို့ပေးပါ့မယ်၊ ရှင် – ဒီလမ်းပေါ်မှာ ရပ်နေတာ အတော်ကြာနေပြီ"

ရဲတင်းသွက်လက်ချက်ချာဟန်ဖြင့် လင်းလက်ကိုကြည့်ပြီး ပြောနေသည့်မိန်းမလှလေး၊

"ကျုပ် – ကျုပ် – အမူးလွန်ပြီး ဘယ်သွားရမှန်း မသိလို့ ရပ်နေတာ"

"ရှင့်အဖြစ်က ရယ်စရာကောင်းနေ ပါလား၊ ဒါဆို ရှင် ကျွန်မအိမ်ကို ခဏလိုက်ခဲ့ပါလား၊ ပြီးတော့ ရှင်သွားချင်တဲ့ နေရာကို ကျွန်မ ပို့ပေးပါ့မယ်၊ ကျွန်မ ပြောတာ ရှင်သတ်ခံမယ်မဟုတ်လား"

လင်းလက်အဖြစ်က ထူးထူးဆန်းဆန်းဖြစ်နေသည်၊ မမျှော်လင့်ဘဲ အကူအညီပေးနေသည့် မိန်းမလှလေး၊

"ကျုပ်ကို ခုလို အကူအညီပေးတာ ဝမ်းသာပါတယ်ဗျာ၊ ခက်နေတာက ကျုပ်တအမူးသမားဆိုတော့ ..."

"အဲဒီအတွက် ကျွန်မ မစိုးရိမ်ပါဘူး ရှင်၊ ရှင့်ကိုကြည့်ရတာ ရှင်က လူကောင်းသူကောင်းတစ်ဦးမှန်း ကျွန်မ သိပါတယ်၊ ကဲ – လာ – အချိန်က အတော်ညဥ့်နက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

မိန်းမလှလေး၏ ဖိတ်ခေါ်မှုကြောင့် လင်းလက် ဆက်ပြီးငြင်းဆန်၍မရမှန်းသိ သည်၊ လင်းလက်၊ မြနန္ဒီအပေါ် နာကြည်းချက်ဖြင့် မသောက်စဖူး သောက်ခဲ့မိသည့် အရက်၊ ညဥ့်လေအေး အေးတိုက်ခတ်မှုကြောင့် လင်းလက် ပို၍ ရီဝေစွာခံစားမိရင်း မိမိခန္ဓာကိုယ်ကို မထိန်းနိုင်အောင် ဖြစ်နေမိသည်၊ လင်းလက် မိန်းမလှလေး ကား တံခါးဖွင့်ပေးသည်ကို နောက်ဆုံးသိလိုက်သည်။

☆☆☆

"ရှင် နိုးလာပြီပဲ၊ ညက အတော်မူး ပြီး အိပ်ခဲ့တာပဲ"

လင်းလက် စူးရှစွာတိုးဝင်လာသည့် နေရောင်ခြည်နုနုနှင့်အတူ ဖြတ်သန်းတိုးဝင် လာသည့် လေပြင်းတစ်ချက် ကြောင့် အိပ်နေရာမှ ဖျတ်ခနဲ နိုးသွားပြီး ပတ်ဝန်းကျင်ကို သတိဖြင့်ကြည့်မိသည်၊ လင်းလက် အံ့ဩတကြီး ဖြစ်သွားမိသည်။ လင်းလက်ကျွမ်းဝင် [illegible] အခင်းအကျင်းနှင့် ရနံ့သစ်များ။

[illegible] အတူ အခန်းပြတင်းလိုက်ကာကို လှစ်ဟပြီး လင်း [illegible] မိန်းမလှလေး၊ လင်းလက် မိမိအဖြစ်ကို မယုံနိုင်အောင်ဖြစ် သွားမိသည်။

"ကျွန် - ကျွန် - ဘယ်ရောက်နေတာလဲ"

"ရှင် - ညတ အမူးလွန်ပြီး ကျွန်မ အိမ်ရောက်နေတာလေ"

"ဗျာ - ဒါ - ခင်ဗျားအိမ်"

"ဟုတ်ပါတယ်ရှင် - ရှင် သိပ်ပြီး အံ့ဩသွားပြီလား၊ ရှင် မျက်နှာသစ်ပါဦး၊ ရှင် မနက်စာစားဖို့ ကျွန်မ အဆင်သင့်ပြင်ထားတယ်"

မိန်းမလှလေးက ပြောပြောဆိုဆို ထွက်သွားမှ လင်းလက် မိမိအဖြစ်ကို ပြန်စဉ်း စားကြည့်မိသည်၊ လင်းလက်ညက သူငယ်ချင်းဇော်မောင်နှင့်အတူအရက်သောက်ခဲ့ သည့်အဖြစ်၊ ပြီး - ဘာမှဆက်ပြီးစဉ်းစားလို့မရ၊ လင်းလက် ညက ဘာမှမခံစားခဲ့ ရသည့်အဖြစ်ကို ဝမ်းဗိုက်က အသံပေးနေမှန်းသိမှ ကမန်း ကတန်း မျက်နှာသစ်ပြီး အခန်းထဲမှ ထွက်ခဲ့သည်၊

အိပ်ခန်း၊ ထမင်းစားခန်း၊ ဧည့်ခန်းဟူ၍ အခန်းများစွာဖြင့် ဖွဲ့စည်းထားသည့် ခေတ်မီတိုက်ပုလေးမှန်း လင်းလက် သိလိုက်သည်၊ လင်းလက် စိတ်ချလက်ချ

ထမင်းစားခန်းရှိရာသို့ ဝင်လိုက်သည်၊ လင်းလက် တွေ့မြင်လိုက်ရသည့် မိန်းမလှ လေး၊ လင်းလက် မိမိအဖြစ်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်၊

"ရှင် - ညက အမူးလွန်နေလို့ ဗိုက် ဆာနေမယ်ဆိုတာ ကျွန်မ သိတယ်၊ ကျွန်မတို့ အားမနာနဲ့၊ ကိုယ့်ညီမလေးလို သဘောထားပြီး အခက်အခဲရှိရင်နေလို့ထိုင်လို့စားလို့ ရတယ်"

သွက်လက်ချက်ချာစွာ ပြောဆိုရင်း ဧည့်ခံနေသည့် မိန်းမလှလေး၊ လင်းလက် ဟန်မဆောင်နိုင်တော့၊ မြိန်ရှက်စွာ ဝမ်းဗိုက်ဖြည့်တင်းလိုက်သည်၊

"ခင် - ခင်ဗျားက ကျုပ်ကို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်က သွားစရာ တွေ ရှိသေးတယ်"

လင်းလက်က ပြောရင်း မြနန္ဒီ မျက်နှာလေးကို ကွက်ခနဲ မြင်ယောင်မိရင်း ဒေါသ က အလိုလိုဖြစ်သွားမိပြန်သည်၊ တကယ်တော့ လင်းလက်၊ မြနန္ဒီနှင့် တွေ့ဆုံပြီး စာရင်းရှင်းစရာတွေရှိသည်၊ သည်စာရင်းရှင်းပြီးမှ လင်းလက် ရှေ့ဆက်ရမည့် ခရီးစဉ်၊

"ကျွန်မကို စပ်စုတယ်လို့ မထင်ပါနဲ့ရှင်၊ ရှင်က သွားစရာတွေ ရှိတယ်ဆိုတော့ ဘယ်ကိုသွားမှာလဲ၊ အခက်အခဲရှိရင် ကျွန်မကိုပြော ကျွန်မ လိုက်ပို့ပေးပါ့မယ်"

"ခင်ဗျား လိုက်ပို့စရာမလိုပါဘူးဗျာ၊ ကျုပ်ကိစ္စက မြနန္ဒီနဲ့ တွေ့မှဖြစ်မှာ"

"ရှင် - မြနန္ဒီ ဟုတ်လား၊ ဒီနာမည်ကို ကျွန်မ ကြားဖူးသလို ရှိတယ်၊ ရှင်နဲ့ ဘယ်လို ပတ်သက်ခဲ့လို့လဲ"

လင်းလက် ဒေါသသံစဉ်နှင့်အတူ အမှတ်မထင် ထွက်သွားမိသည့်စကားသံ၊ သည်စကားသံနှင့်အတူ မိန်းမပျို့ထံ မှ နောက်ဆက်တွဲ ပေါ်လာသည့် မြနန္ဒီ သတင်း၊ လင်းလက် အံ့အားသင့်သွားမိသည်၊

"ခင် - ခင်ဗျားက မြ - မြနန္ဒီကို သိလား"

"အင်း - ကျွန်မ မှတ်မိသလောက်ဆို ရှင့်လိုပဲ၊ ညတစ်ညမှာ မြနန္ဒီဆိုတဲ့ မိန်းမ တစ်ယောက်နဲ့ ဆုံခဲ့ဖူးတယ်၊ အဲဒီတုန်းက မြနန္ဒီဟာ အတော့်ကို ထိတ်လန့်တုန်လှုပ် ပြီး အကူအညီကင်းမဲ့နေရှာတာ"

မိန်းမလှလေးစကားသံကြောင့် လင်းလက်စိတ်ထဲ အသစ်တစ်ခုလို ခံစားသွား မိသည်၊ လင်းလက်၊ မြနန္ဒီနှင့် နောက်ဆုံးလမ်းခွဲခဲ့သည့်ည၊ မြနန္ဒီ၏ ကတိစကား

www.burmeseclassic.com

င့်အတု လင်းလက်ယုံကြည်စွာ အပ်နှံလိုက်သည့်ပစ္စည်း၊ သည်ပစ္စည်းတန်ဖိုးက ဒိန်းပေါင်းများစွာ၊

"ဒါဆို - မြနန္ဒီကို ခင်ဗျားက အကူအညီပေးခဲ့ရတာပေါ့"

"ကျွန်မအကူအညီမပေးဘဲ နေလို့ရပါ့မလား၊ ဒါပေမဲ့ - ကျွန်မဆီက ပြန်သွားပြီး ခဲ့နောက် မြနန္ဒီ လူတစ်ယောက်လက်ချက်နဲ့ ဆုံးပါးခဲ့တယ်ဆိုတာ ကျွန်မ သတင်းတား ကြားခဲ့ရတာပဲ"

"မြနန္ဒီ ဆုံးပြီ - ဟုတ်လား"

မိန်းမလှလေးစကားကြောင့် လင်းလက်ပို၍အံ့အားသင့်သွားမိသည်၊ မြနန္ဒီ ယခု ဒို့ အဖြစ်ဆိုးနှင့် ကြုံနိုင်စရာ မရှိ၊ လင်းလက်နှင့် မြနန္ဒီ နှစ်ဦးတည်းသာ သိခဲ့ရသည့် တွေ့ဆုံခြင်းတို့၊



" ဒီရတနာပစ္စည်းတွေကို မဖြစ်မှားသင့်ပါဘူးတွယ်။ ဒီရတနာတွေ ပိုင်ဆိုင်တဲ့ မျိုးဆက်ထဲမှာ မြနန္ဒီနဲ့ မြသီတာတို့ ပါဝင်ခဲ့တယ်ဆိုတာ သူတို့ လုံးဝမသိခဲ့ကြဘူး။ အဲဒါကြောင့် အဘ မြနန္ဒီနဲ့ မြသီတာကို အတ်သွယ်အသိပေးပြီး ပင်းကို ရှာဖွေခဲ့တာ။ အမှတ်မထင် အရက်ဆိုင်မှာ တွေ့ခဲ့ရလို့ မြသီတာ အကူအညီနဲ့ ပင်းကို အိမ်အရောက် ခေါ်လာခဲ့ရတာပါ။ ပင်းကိုခေါ်ရတဲ့အကြောင်းက ...

"မြနန္ဒီ - ဆုံးပြီဆိုတာ မဖြစ်နိုင်ဘူး၊ မြနန္ဒီကို ကျုပ် ယုံကြည်တယ်၊ ယုံကြည်လို့လည်း - ကျုပ် - ကျုပ်"

လင်းလက် ဆက်ပြောမည့်စကား ကို သတိရပြီး အလိုလိုရပ်တန့်ပစ်လိုက်မိသည်၊ လင်းလက် မရပ်တန့်လို့မဖြစ်၊ မိန်းမလှလေးက သူစိမ်း၊ ကိုယ့်ကိုယ်ကိုယ်ဖော်မသူတော် ဖြစ်သွားနိုင်သည်၊

"မြနန္ဒီ ဆုံးပါးတယ်ဆိုတာကို ရှင် မယုံဘူးမဟုတ်လား၊ ကျွန်မပြောတာကို ရှင်မယုံလည်း မတတ်နိုင်ဘူး၊ ကျွန်မကတော့ သိတာပဲပြောရတာ၊ ကဲပါ - ကျွန်မကြောင့် ရှင်လည်း စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေပြီ၊ ဪ - ရှင့်နာမည်ကိုလည်း ပြောပဦး၊ ကျွန်မနာမည်က မြသီတာလို့ ခေါ်တယ်"

"ကျုပ် - ကျုပ်နာမည်လား - အင်း - တိုး - တိုးမောင်"

လင်းလက်မညာလို့မဖြစ်၊ မြနန္ဒီနှင့်ပတ်သက်ခဲ့စဉ်က လင်းလက်ဟု သိထားကြသော်လည်း ယခုလို အမှတ်မထင် ဆုံတွေ့ခဲ့သည့် မိန်းမလှလေးကို နာမည်အတိအကျ ပြောလို့မဖြစ်နိုင်၊ လင်းလက်လက်ရှိ အနေအထားက မရေမရာ၊ မသေမချာ၊

"ကိုတိုးမောင်နဲ့ ကျွန်မ ခုလို မိတ်ဆွေဖြစ်ခွင့်ရတာ ကျွန်မ ဝမ်းသာပါတယ်"

လင်းလက်၊ မြသီတာကို နှုတ်ဆက် စကားမဆိုမိ၊ အခန်းထဲသို့ ပြန်ဝင်ပြီး တံခါးပိတ်ကာ ခုတင်ပေါ်သို့ ပစ်လှဲရင်း ရှေ့ဆက်ရမည့်ခရီးစဉ်ကို တွေးနေမိသည်၊ လင်းလက် မတွေးလို့မဖြစ်၊ လင်းလက်ဘဝတွင် အဓိကဖြစ်နေသည်က မြနန္ဒီ၊ မြနန္ဒီ ဆုံးပါးခဲ့သည့် သတင်းကိုစကားကို လင်းလက်မယုံကြည်နိုင်အောင်ဖြစ်နေမိသည်၊ ပြီး လင်းလက်ရင်တစ်ခုလုံး တဒိန်းဒိန်း ခုန်နေမိသည်၊ လင်းလက် ဆုံးဖြတ်ချက် မြန်မြန် ချလိုက်မိသည်၊

☆☆☆

"ဟင် - ကိုတိုးမောင် - ဗြုန်းစားကြီး ပြန်တော့မလို့လား"

ရုတ်တရက် ကြားလိုက်ရသည့် မြသီတာစကားကြောင့် လင်းလက် အလိုလို တုန်လှုပ်သွားမိသည်၊

"ဟို - ဟို - ကျုပ် - အရေးကြီးတဲ့ ကိစ္စရှိလို့ ကျုပ်ကို ခွင့်ပြုပါ"

"ဒါဆို - ကိုတိုးမောင် မသွားခင် တစ်ခုခု စားသောက်ပြီးမှ သွားပါလား"

www.burmeseclassic.com

www.burmeseclassic.com

လင်းလက်မြသီတာ၏ညှို့ဝင်ပြုံမှုစကားကိုပြင်းဆန်ဖို့မသင့်မှန်းသိ၍လက်ခံလိုက်သည်၊ လင်းလက် ညှို့ခန်းအတွင်းထိုင်ရင်း ရှေ့ဆက်ရမည့်ခရီးကို စဉ်းစားနေမိသည်၊ လင်းလက် မစဉ်းစားလို့မဖြစ်၊ လင်းလက် လက်ရှိအနေအထားက ကြိုးတန်းပေါ် လမ်းလျှောက်နေရသည့်ဘဝ၊

"လက်ဖက်ရည် သောက်လိုက်ပါဦး"

မြသီတာ၏ သွက်လက်ချက်ချာသည့် အပြုအမူနှင့် လင်းလက်အပေါ် အကြည့်အပြောများ၊ လင်းလက်ရင်ခုန်သလိုတော့ ခံစားနေမိသည်၊

"ဪ – ကိုတိုးမောင် မသွားခင် ကျွန်မ မိတ်ဆက်ပေးစရာ ရှိသေးတယ်"

မြသီတာက ထူးထူးခြားခြား စကားပြောပြီး အခန်းထဲသို့ ဝင်သွား၍ လင်းလက် အံ့ဩတကြီး ဖြစ်သွားမိသည်၊ လင်းလက်သောက်နေသည့်လက်ဖက်ရည်ပင်အဆုံးသတ်နိုင်၊ အခန်းတံခါးလန့်တာလေးလှုပ်ယမ်းပြီး ရုတ်တရက် တွေ့မြင်လိုက်ရသည့် မြသီတာ၊ မြသီတာ တွန်းလာသည့် ဘီးတပ်ကုလားထိုင်ပေါ်တွင် မလှုပ်မယှက် ထိုင်[illegible]

"[illegible] မိတ်ဆက်ပေးဦးမယ်၊ သူက ကိုတိုးမောင် ရှာနေတဲ့ မြနန္ဒီ [illegible]

"ဘာ – မြနန္ဒီ"

လင်းလက် ကုလားထိုင်ပေါ်မှ သူ့ကို မမိတ်မသုန် ကြည့်နေသည့် မြနန္ဒီ၏ အကြည့်စူးစူး၊

"သိပ်အံ့ဩသွားပြီလား – ကိုတိုးမောင်ခေါ် ကိုလင်းလက်ရဲ့ နှလုံးသားကောက်ကျစ်စဉ်းလဲမှုကြောင့် ဒုက္ခိတဘဝဆိုးထဲကို ရောက်ခဲ့ရတဲ့ မြနန္ဒီအစစ်ပါ"

"မြနန္ဒီ – မဖြစ်နိုင်ဘူး – ကျုပ်ကို မြသီတာ ညာတာ"

လင်းလက် အခါခါ ငြင်းဆန်နေမိသည်၊ လင်းလက် ဘီးတပ်ကုလားထိုင်ပေါ်မှ အမျိုးသမီးကို စူးစမ်းကြည့်လိုက်မိသည်၊ ခေါင်းတွင် ဆံပင်များ ကွက်တိကွက်ကြားနှင့် မျက်နှာတစ်ခုလုံး ဒဏ်ရာများ ပြည့်နက်ပြီး ကြောက်စရာအသွင်နှင့် ခန္ဓာကိုယ်လှုပ်ရှားနိုင်သည့်မြင်ကွင်း၊

"ကိုလင်းလက်အနေနဲ့ မြနန္ဒီကို ခုလို မြင်တွေ့ရတော့ မြနန္ဒီမဟုတ်ဘူးလို့ ငြင်းချက်ထုတ်ခဲ့ပေမယ့်ကိုလင်းလက်မြနန္ဒီထက် သိပ်တွေ့ချင်တဲ့အရာက ဟောဒီပစ္စည်းပဲ မဟုတ်လား"



မြသီတာက လက်ထဲတွင် ကိုင်ထားသည့်အထုပ်လေးကိုလင်းလက်မြင်အောင်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်၊ လင်းလက် အထုပ်ကိုကြည့်ပြီး ရင်တသိမ့်သိမ့်တုန်ခါသွားမိသည်၊ လင်းလက် မျှော်လင့်ကိုးစားခဲ့သည့် အရာ၊

"ကျုပ် မြနန္ဒီကို ပေးထားခဲ့တဲ့ ပစ္စည်းအစစ်အမှန်ပဲ"

"ဒီလို အလွယ်စကားနဲ့ ပြောလို့မရဘူး ကိုလင်းလက်၊ ဒီပစ္စည်းကြောင့် ဟောဒီ မြနန္ဒီ ခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ခဲ့ရသလို ကိုလင်းလက်လည်း မကြာခင် ကြုံတွေ့ရမှာပါ"

မြသီတာ၏ ထူးထူးခြားခြား စကားသံကြောင့် လင်းလက် အံ့ဩတကြီး ဖြစ်သွားမိသည်၊

"ဟုတ်တယ် ကိုလင်းလက်၊ ရှင်ဟာ တစ်ဖက်လှည့်နဲ့ မြနန္ဒီကို လှည့်စားပြီး ပစ္စည်းအပိုင်ယူဖို့ ကြံစည်ခဲ့တာတွေကို ရှင် မသိချင်ယောင် ဟန်ဆောင်မနေပါနဲ့"

လင်းလက် ရင်ဆိုင်ကြုံတွေ့ရမည့် အခြေအနေကို ရိပ်စားလိုက်မိသည်၊ ခုတော့ လင်းလက်ဘဝက ယုန်ထောင်ရင်း ကြောင်မိခဲ့သည့်အဖြစ်၊ ပြီး – လင်းလက် ဘဝအတွက် မျှော်လင့်ချက် ကြီးမားစွာထားခဲ့မိသည့်ပစ္စည်း၊

"တကယ်တော့ ဒီပစ္စည်းကို ရှင် ရယူနိုင်ဖို့ မြနန္ဒီကို ချစ်ဟန်ဆောင်ပြီး အသုံးချခဲ့တာ မဟုတ်လား၊ ဒါပေမဲ့ – ဒီပစ္စည်းကိုယူရင် ဘေးဆိုးရန်ဆိုးတွေနဲ့ ကြုံတွေ့ရမှာ"

"ဘာ – ဘေးဆိုး – ရန်ဆိုး"

မြသီတာစကားကြောင့် လင်းလက် စားပွဲခုံပေါ်ရှိ ရတနာပစ္စည်းကို ကြည့်လိုက်မိသည်၊ တကယ်တော့ ဒီရတနာပစ္စည်းရဖို့ လင်းလက်ကြုံတွေ့ခဲ့ရသည့်အသက်ဘေးနှင့်အတူ ဦးကောင်းလူ ပြောခဲ့သည့်စကားသံက နားထဲသို့ တိုးဝင်လာသည်၊

"ဒီရတနာပစ္စည်းတွေကို ကာယကံ မြောက်ယူဖို့မပြောနဲ့ စိတ်မနောနဲ့ ပြစ်မှားရင်တောင် ဘေးဆိုးရန်ဆိုးနဲ့ ကြုံတွေ့နိုင်တယ်ကွဲ့၊ ဒီလိုပြောရတာကလဲ ဟိုး – ဘိုးဘေးဘီဘင်လက်ထက်ကတည်းက မြတ်ဘုရားကို အပြီးအပိုင် လှူဒါန်းထားခဲ့တဲ့ ရတနာတွေ ဖြစ်လို့ပဲကွဲ့"

လင်းလက်အဘဦးကောင်းလူနှင့်တွေ့ဆုံခဲ့စဉ်က ထူးထူးခြားခြားပြဿနာတွေကိုပြီး ပြောဆိုခဲ့သည့်စကားသံ၊ သို့တိုင် လင်းလက်နှလုံးသားတွင် တားဆီးမရနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည့် တပ်မက်မှုကို လင်းလက်မသိမ်းငင်နိုင်ခဲ့၊ ရတနာတွေကို တိတ်ဆိတ်ယူပြီး မြနန္ဒီ အကာအကွယ်ယူကာ ပုံဖော်ခဲ့ခြင်းဖြစ်သည်။

"ရှင့်ဆီက ပစ္စည်းတွေရတော့ မြနန္ဒီက သက်ဆိုင်ရာကို သတင်းပို့ဖို့ အလာ ရှင့်ရဲ့ တစ်ဖက်သတ်ယုတ်မာမှုကြောင့် မြနန္ဒီ ခုလိုဘဝဆိုးနဲ့ ကြုံတွေ့ရတာ"

"ကျုပ်ကို သက်သေမရှိဘဲနဲ့ မစွပ်စွဲနဲ့ မြသီတာ"

"ကျွန်မက သက်သေမရှိဘဲနဲ့ ရှင့်ကိုစွပ်စွဲလို့ရပါ့မလား ကိုလင်းလက်ရယ်။ ဟော ဒီမှာကြည့်၊ မြနန္ဒီကို ရှင်ပေးခဲ့တဲ့ပစ္စည်းတွေ ပြန်မရမှာစိုးပြီး လူတစ်ယောက်နဲ့ လုပ်ကြံဖို့ ရှင် ရေးခဲ့တဲ့စာ။ ဒီစာက မြနန္ဒီ ဒဏ်ရာရပြီး လဲနေတဲ့ဘေးက တွေ့ခဲ့ရတာ။ ဒါပေမဲ့ - ရှင်သိပ်လိုချင်တဲ့ ဒီပစ္စည်းတွေကို မြနန္ဒီက ကျွန်မဆီ အပ်ထားခဲ့လို့ ပါမသွားခဲ့တာ"

မြသီတာက စာရွက်လေးကို လင်းလက်ရှေ့ရှိစားပွဲခုံတွင် တင်လိုက်သည်။ လင်း [illegible] လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။ လင်းလက် လှုပ်ရှားမှုနှင့်အတူ [illegible] ခေါ်လာသည်။ လင်းလက် ရုန်းကန်ရင်းကြည့်လိုက်မိသည်။ [illegible] တွေ့မြင်လိုက်ရသည်က ဦးကောင်းလှ။

☆ ☆ ☆

"ဗိုလ်-ဦး-ကောင်းလှ"

"တုတ်ပါတယ်ဗျာ - ဟုတ်ပါ့ - ကျုပ် ဦးကောင်းလှပါ၊ ကျုပ်ဆီက ယူသွားတဲ့ ရတနာတွေကြောင့် ကျုပ်မောင် လင်းလက်ကို ရှာဖွေနေခဲ့တာ ကြာခဲ့ပါပြီ။ ခုမှပဲ တိုက်ရိုက်ဆိုင်ဆိုင် ပြန်တွေ့ရ တယ်ဆိုပါတော့"

လင်းလက်မတတ်သာတော့။ ခေါင်းငုံ့နေလိုက်မိသည်။ အပွဲပွဲနွဲ့လာပြီးမှ ယခုလို ရှုတ်ခြည်းခံစားလိုက်မိ၍ ဒေါသနှင့်အတူ မြနန္ဒီကို လှမ်းကြည့်လိုက်မိသည်။ ရဲတင်းသည့်အကြည့်၊ သွက်လက်သည့်ဟန်အမူအရာနှင့် မခို့တရို့လေးပြုံးနေတတ်သည့် မြနန္ဒီနှင့် လုံးဝခြားနားခဲ့သည့် မြနန္ဒီ၏ လက်ရှိပုံရိပ်။

"မြနန္ဒီက အမှန်တော့ မင်းရဲ့ဟန်ဆောင်မှုနလုံးသားကို မသိရှာတဲ့၊ သံယောဇဉ်ကြီးမားခဲ့တဲ့ မိန်းကလေးတစ်ဦးပါ၊ ဒါပေမဲ့ - မြနန္ဒီ မထင်မှတ်ဘဲ ကြုံတွေ့လိုက်ရတဲ့ မင်းရဲ့ မသမာတဲ့ အပြုအမူကြောင့် တားဆီးဖို့ နောက်ကျသွား ခဲ့တာပါ၊ ဒါကြောင့်လည်း ခုလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့လိုက်ရတာပါ"

ဦးကောင်းလှ၏ မရှိုတင်ကဲ ခံစား နေရသည့်အဖြစ်ကို တွေ့မြင်လိုက်ရ၍ လင်းလက် အံ့ဩသွားသည်။ မြနန္ဒီ ယခုလို ဆိုးဆိုးဝါးဝါး ရုပ်ရည်မျိုးနှင့် တွေ့မြင်လိမ့်မည်ဟု လင်းလက် ထင်မထားမိခဲ့။

"ဒီရတနာပစ္စည်းတွေကို မပြစ်မှား သင့်ပါဘူးကွယ်၊ ဒီရတနာတွေ ပိုင်ဆိုင်တဲ့ မျိုးဆက်ထဲမှာ မြနန္ဒီနဲ့ မြသီတာတို့ ပါဝင်ခဲ့တယ်ဆိုတာ သူတို့ လုံးဝမသိခဲ့ကြဘူး၊ အဲဒါကြောင့် အဘ မြနန္ဒီနဲ့ မြသီတာကို ဆက်သွယ်အသိပေးပြီး မင်းကို ရှာဖွေခဲ့တာ၊ အမှတ်မထင် အရက်ဆိုင်မှာ တွေ့ခဲ့ရလို့ မြသီတာ အကူအညီနဲ့ မင်းကို အိမ်အရောက် ခေါ်လာခဲ့ရတာပါ၊ မင်းကိုခေါ်ရတဲ့အကြောင်း က ..."

ဦးကောင်းလှက ပြောပြောဆိုဆို လင်းလက်ကို သတင်းစာကို ပြလိုက်သည်။ လင်းလက် ကမန်းကတန်း ကြည့်လိုက်မိရင်း ချာချာလည်သွားမတတ် ခံစားလိုက်မိသည်၊ လူသတ်၊ ပစ္စည်းယူ၊ ဝရမ်းပြေးဟူသော သတင်း၊

"အဘတို့ သက်ဆိုင်ရာကိုလည်း အကြောင်းကြားခဲ့ပြီးပြီ၊ မကြာခင် လာပါတော့မယ်၊ မင်း မြနန္ဒီကို နှုတ်ဆက်စကားဆိုပါဦး"

ဦးကောင်းလှ စကားကြောင့် လင်းလက် မြနန္ဒီကို ကြည့်လိုက်မိသည်၊ မျက်နှာတစ်ခုလုံး ဒဏ်ရာဗရပွနှင့် ကြောက်စရာအသွင်ဖြင့် ဒုက္ခိတဖြစ်နေသည့် မြနန္ဒီ၊

"မြနန္ဒီ - ဘယ်ဘဝရောက်ရောက် မောင် ချစ်ရမယ်နော်"

ဟိုတုန်းက မြနန္ဒီ လင်းလက်အပေါ် ယုံကြည်ကိုးစားစွာ ပြောခဲ့ဖူးသည့်စကားသံ၊ ခုတော့ လင်းလက်ကို မမိုတ်မသုန် ငေးကြည့်နေသည့် မြနန္ဒီအဖြစ်၊ လင်းလက် ရင်တစ်ခုလုံး ဆုပ်နယ်လိုက် သလို ခံစားလိုက်မိသည့်ဝေဒနာ၊

မြနန္ဒီဆီမှ ပစ္စည်းရလျှင် ရှေ့ခရီးသို့ ဆက်လှမ်းမည့် လင်းလက်အတွေးနှင့် မျှော်လင့်ချက်များ။ လင်းလက် လောလောဆယ် ကြုံတွေ့နေရသည်က "မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိ" ဟူသောစကားက လင်းလက်နလုံးသားတစ်ခုလုံး ဖုံးလွှမ်းသွားလေသည်၊

⟹ ရလွှန်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com



# အချုပ်ခန်းနှင့်အကျဉ်းထောင်

” သီးခြား ရပ်တည်နေသော လောကကြီးတစ်ခုနှင့် တူသည့် ထောင်တွင်း လောကအကြောင်းကို သံဝေဂနှင့်အတူ ဖတ်ရှုရမည် ဖြစ်သည့်

**ညနေပိုင်း** ရုံးချိန်ကုန်၍တရား ရုံးပေါ်မှ အချုပ်သားအားလုံးကို စခန်းရှေ့တွင် ရပ်ထားသည်။ ရဲအချုပ်ကားကြီးပေါ်တင်ပြီး လေမှ ကျွန်တော့်ကိုနောက်ဆုံးလူအဖြစ် တက်စေပါသည်။

အချုပ်ကားမထွက်မီ အချုပ်တရားခံတွေကို သူတို့မိသားစုတွေက မှာကြားကြ၊ အချုပ်ကားပေါ်မှလူတွေက တုံ့ပြန်မှာကြားကြနှင့် ဆူဆူဝေလျှံနေပါသည်။ ကျွန်တော်နှင့် တခြားအချုပ်သားသုံးယောက်က နှုတ်ဆက်သူ၊ မှာကြားသူမရှိ၊ သူတို့တစ်တွေကိုသာ ငေးကြည့်နေသည်။ အချုပ်ကားတာဝန်ခံ ရဲကြပ်ဦးလှမောင်က အချုပ်ရီမန်တွေနှင့်လူကိုတိုက်ဆိုင်စစ်ဆေးနေရာမှ ကျွန်တော့် နာမည်နှင့်အဖေနာမည်ကိုခေါ်သဖြင့် “ရှိတယ်- ဆရာ” ဟု ထူးလိုက်သည်။ ကျွန်တော့် အသံကြား၍ မော့ကြည့်လိုက်ပြီး ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော့်ကိုမြင်လျှင် "အေး - ဟုတ် ပြီ" ပြောပြီး တစ်ဖက်သို့လှည့်၍သွားသည်။ နောက် ချက်ချင်းဆိုသလို ပြန်လှည့်လာသည်။

"ဟာ - ဆရာ - ရှေးပေါ်က ဆရာ မဟုတ်လား"

ကျွန်တော့်ရှေ့လာရပ်ပြီး သေချာကြည့်၍ မေးတော့သည်။ ကျွန်တော်က သူ့ အဖြစ်ကိုကြည့်ပြီး ရယ်လိုက်ရင်း ဖြေလိုက်ရသည်။

"ဟုတ်ပါတယ် - ဦးလှမောင်ရဲ့"

"ဟာ - ဘယ်လိုဖြစ်တာလဲ - ဆရာရယ်၊ ကျွန်တော်က အမှတ်တမဲ့နဲ့ တခြားလူ ထင်တာ၊ မြင်ဖူးပါတယ်လို့ စိတ်ထင်လို့ သေချာကြည့်ရတာ"

"ဘာဖြစ်သလဲဆိုတာ ရီမန်ထဲမှာ ပါသားပဲ၊ ဦးလှမောင် ကြည့်ပေါ့"

ကျွန်တော့်ပြောစကားကြောင့် ဦးလှမောင်က ရီမန်စာရွက်ကို ဖတ်နေသည်။ [illegible] သလို အမူအရာနှင့် —

"[illegible] - [illegible] - ဆေးဆိုင်တွေရှာ၊ အေးဗျာ - ဒါက ကျွန်တော်တို့နဲ့ မဆိုင်ပါ ဘူးလေ"

[illegible] ဘာတွေရေးထားသည်မသိပါ၊ လုပ်သက်ကြာနေပြီဖြစ်သော [illegible] ဦးလှမောင်က အမှတ်တမဲ့ လွှတ်ခနဲဆိုသလို ပြောလိုက်ပြီးမှ ဘေးပတ်ဝန်းကျင်ကို တရားတယော ကြည့်ပြီးမှ လျှောရှသဘောမျိုး ပြောပါသည်။

ကျွန်တော်တလည်း ဘာတွေရေးထားသလဲ မမေးတော့ပါ၊ ရေးချင်သလိုရေး၊ မေး၍သိရလည်း ဘာမှ အကြောင်းထူးလိမ့်မည်မဟုတ်ကြောင်း သိထားပါသည်။ လောလောဆယ် စမ်းချောင်းရဲစခန်းအချုပ်ခန်းထဲ ရောက်နေသူ ဆရာဓမ္မကိုကြည့်ပြီး ကျွန်တော် သဘောပေါက်ခဲ့ပါသည်၊ တရားဥပဒေဆိုသည်က စာအုပ်ကြီးထဲတွင်သာ ရှိသည်၊ သူတို့ပါးစပ်က ပြောလိုက်သည်ကသာ ဥပဒေ၊ သူတို့ပြောလိုက်သည့်အ သာ အမိန့်မို့ ဘာမှ ဘယ်သူကမှ အယူခံဝင်ခွင့်မရှိပါ၊ ဒါပါပဲ၊

ခေတ်ကြီးကို (ခ)လေးလုံးခေတ် ဟူ၍ လူတွေက ပြောကြသည်၊ ခ,လေးလုံး ဆိုသည်က -

ခေါ် - လျှင်လာ၊

ခိုင်း - သမျှလုပ်၊

ခံ - မပြောနှင့်၊

ခပ် - ဝေးဝေးနေ၊

အစိုးရဌာနဝန်ထမ်းမှန်သမျှ (ပ)ငါးလုံးကို သတိထား၊ ပ,ငါးလုံးဆိုသည်က -

ပျှင်း - တတ်သည်မှ၊

ပျော် - ပျော်လာမည်ဖြစ်ရာမှ၊

ပျက် - စီးလာမည်ဆိုပါက၊

ပြောင်း - ရွှေ့မှု အနည်းဆုံး၊

ပြုတ် - သွားတတ်သည်၊

သည်အချက်တွေက အစိုးရဌာန ဝန်ထမ်းတိုင်း အသည်းစွဲသည်ထိ ကျက်မှတ်ထားရမည့်အဓိက သင်ရိုးဖတ်စာပင်၊

ရဲအချုပ်ကားပြာကြီးက ပြည်လမ်းအတိုင်း အင်းစိန်သို့ ဦးတည်ကာ မောင်းနှင်နေသည်၊ အချုပ်ကားဆိုတော့ ထိုင်စရာမပါ၊ မတ်တတ်ရပ်လျက် စီးကြရသည်၊ လူတိုင်းမစီးဘူးကြပေမယ့် လူတိုင်းမြင်တွေ့ဖူးကြပါသည်၊ အဲသည်အတွက် အကျယ်ချဲ့မရေးတော့ပါ၊ ကျွန်တော်က ကားသယ်ဆောင်ရာ လိုက်ပါရင်းမှ ရုတ်တရက်ဆိုသလို အတွေးတစ်ခု တွေးလိုက်မိသည်၊

သည်အတွေးက ယခင်ဘဝ၊ ဘဝတွေက ပြုလုပ်မိခဲ့သည့်အကျိုးဆက် ဝိပါက ဝဋ်ကြွေးရှိခဲ့သည်ကြောင့်လား၊ သို့မဟုတ်ပါက ယခုဘဝတွင် လူတွေကို အကျဉ်း ထောင်၊ အကျဉ်းစခန်းတွေကို စုဆောင်းပေးနေသော ဒ၊ တရားခံ၊ တရားသူကြီးနှင့် အတူ ထောင်ကျအမိန့်တွေကို ရိုက်ပေးရ၊ အချုပ်ခန်းတွေ ချုပ်နှောင်ဖို့ အချုပ်ရီမန် အမိန့်စာတွေ ရိုက်ပေးရသည့်အတွက် ကြုံရပါ၊ အားပေးကူညီသူ၊ ၂၊ တရားခံအဖြစ် ဝဋ်ကြွေးဆပ်နေခြင်းလားဆိုသည့်အချက် ဖြစ်ပါသည်၊

ရှေးယခင်ဘဝဆိုသည် မသိလည်း မသိရ၊ မြင်လည်း မမြင်ရမို့ထားတော့ ယခု ဘဝတွင် လူတွေကို ချုပ်နှောင်၊ အကျဉ်းထောင်တွေ ပို့နေရသည်၊ တရားရုံးတွင်လုပ် နေခြင်းမို့မြန်မာစကားပုံအတိုင်း ကာလဝိဘာက် ချက်ချင်းတက်သာဖြစ်မည်ဟုတွေးမိ ပါသည်၊ တွေးရင်းလည်း စိတ်ထဲကပင် ရယ်နေမိသည်၊ (ဝဋ်ကြွေး ဟုတ်ပါသည်၊ အကြွေးဆိုသည်က မည်သည့်အခါမှ ကြေပျက်သွားသည်မရှိပါ၊ အတိုးမတက်၊ မဆပ

www.burmeseclassic.com

လျှင်ပင် တော်လှပြီ။) ယခု ကျွန်တော်လည်း အကြွေးပေးဆပ်ရခြင်းတစ်မျိုး မဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် စိတ်ဖြေသိမ့်ခြင်းအနေနှင့် တွေးနေမိခြင်းပါ။

အချုပ်ကားကြီးက အရှိန်နှင့် မောင်းသွားနေသလိုပင်၊ ကျွန်တော့်စိတ် အတွေးများက ကားအရှိန် မြန်ဆန်စွာ ပြေးသွားနေပါသည်။ လောကတွင် အမြန်ဆန်ဆုံး အရာသည် စိတ်သာဖြစ်သည်မဟုတ်လား။

ယောကျ်ားတစ်ယောက်ဖြစ်လျှင် လူ့လောကတွင် မကျွမ်းကျင်သော်မှ အရာခပ်သိမ်း နှံ့စပ်သိထားရပါမည်။ စာသင်ကျောင်းခန်းတွင်း (၁၄)နှစ်နေပြီး ဘာဘွဲ့ ညာဘွဲ့ဆိုကာ ရေးသားထားသည့်စက္ကူချပ်ကြီးတစ်ခု ရသည်နှင့်၊ လူတွေက မြောက်ကြွကြွ ခြေဖနောင့် ကြွနေကြ၊ လက်မတထောင်ထောင် ဖြစ်နေကြသည်။ သို့သော်လည်း ကျွန်တော်တတော့ ဘာမှမပြောလိုပါ။ သူတို့ကို အထင်မသေးသလို လုံးဝမှု [illegible] အသင်ခကြီးပါ။ ဘာကြောင့်လဲ၊ ဟုတ်ကဲ့၊ သူတို့စက္ကူကတ်ပြားအချပ်ရဖို့ [illegible] မိဘတွေဟာ နွားနဲ့ဖက်၊ ကျွဲနဲ့ဖက်၊ နေပူပူ၊ မိုးရွာရွာ ရှာပေး [illegible] သည်ကို ရနိုင်၊ သုခံရသည်လေ။

[illegible] ကျွန်တော်က မိဘတွေကို ဒုက္ခမပေး၊ ဆယ်တန်းလည်း ဖြေစရာမလို၊ [illegible] အားလုံး စရိတ်ငြိမ်း။ နိုင်ငံတော်က တာဝန်ယူပြီးသား။ ကျွန်တော်တလူသာ စိုက်ရသည်၊ ဗိုလ်ဆောင်ရေးယာဉ်ကပါ အခမဲ့လေ၊ ကျွန်တော် သွားရောက်လေ့လာ ဆည်းပူးသင်ယူရမည့်နေရာက မော်စကို ကျောင်းတော်ကြီး ဖြစ်ပါသည်။

မော်စကိုကျောင်းတော်ကြီးဆို၍ ဆိုဗီယက် – ရုရှက မော်စကိုတက္ကသိုလ် မဟုတ်ပါ။ မြန်မာပြည် အင်းစိန်မြို့နယ်တွင်ရှိသော အကျဉ်းထောင်ပင်ဖြစ်ပါသည်။ ကျွန်တော် သွားရောက်ရမည့်နေရာက လူတိုင်း သွားချင်တိုင်း သွားခွင့်ရသည် မဟုတ်ပါ။ ကျွန်တော်က ကုသိုလ်ကံကောင်းလွန်း၍သာ သွားခွင့်ရခြင်းပါ။

"ဆရာက ဘာတွေသဘောကျလို့ တစ်လမ်းလုံး တစ်ယောက်တည်း ပြုံးလာတာလဲဗျာ"

ကျွန်တော့်အတွေးကမ္ဘာလေးကို အမေးစကားသံတစ်ခုက ဖျက်ဆီးလိုက်၍ လှည့်ကြည့်မိသည်။ ကျွန်တော် မြင်ဖူးသလိုထင်သည့် လူငယ်တစ်ယောက်ကိုတွေ့သည်။

သူ ဘယ်သူပါလိမ့်၊ ကျွန်တော့်ကို ကောင်းကောင်းသိကျွမ်းသည့်ပုံစံမျိုးပါ။ ကျွန်တော် တွေးတောစဉ်းစားနေမိ သည်၊ သို့တစေ မမှတ်မိပါ။ ကျွန်တော့် အဖြစ်ကို သိသလိုနှင့် ပြောလာသည်။

"ကျွန်တော် – ငသံလေ – ဆရာရဲ့"

"အော် – အေး – အေး – ဟုတ်ပြီ။ ငါက မြင်ဖူးပါတယ်" လို့ထင်ပြီး တွေးနေတာကွ"

သည် ငသံဆိုသူကို ကွဲကွဲပြားပြား မသိပေမယ့် ရောသောနှောသော ပြောလိုက်ရသည်၊ ဘာကြောင့်ဆိုလျှင် ငသံ ဆိုသည့်အမည်နှင့် လူငယ်လူမိုက် ခေါ်ရမည့်သူက သုံးယောက်တောင်မှ ရှိနေသည်ကိုး။

ပထမ ငသံ အမည်ပိုင်ရှင်က ထီးတန်းဈေးကလေးတစ်ဝိုက် နာမည်ကျော်၊

ဒုတိယ ငသံက နတ်စင်လမ်း၊ ဌာနာ လမ်းတစ်ဝိုက်၊ ညဈေးတန်းတစ်ဝိုက်၊ လူငယ်လူမိုက်။

တတိယတစ်ယောက်ကတော့ (H.S) ခေါ် ရဲမှတ်တမ်းဝင် လူငယ်လူမိုက် အကျော်အမော်။

တတိယ ငသံတော့ မဖြစ်နိုင်ပါ။

မဖြစ်နိုင်အောင်လည်း အပြင်လောကတွင် မရှိနိုင်ပါ။ တတိယ ငသံမှာ သုံးတောင်ကွေ့ ဆင်မလိုက်တွင် နာမည်ကြီးသူ၊ ကျွန်တော်တို့ ၂ – ရာဘက်တရားရုံး၏ အမှုသည် ဖောက်သည်ဖြစ်သည်။ မကြာခဏ ရိုက်မှု၊ ဖိုက်မှုကြောင့် ရုံးကို တစ်နှစ်နှစ်ကြိမ် အနည်းဆုံး ရောက်တတ်သူ၊ နောက်ဆုံးအကြိမ် ၃၀၂(လူ သတ်မှု)နှင့် နှစ်ရှည် ဘွဲ့လွန်တက်နေရသည်။

သည်တော့ ပထမ ငသံနှင့် ဒုတိယ ငသံ၊ တစ်ယောက်ယောက်ဖြစ်မည်၊ သေချာရန် စူးစမ်းကြည့်လိုက်သည်။

"ကဲ – အခုရော – ဘယ်သူ အုန်းသီး ခွဲပြန်ပြီလဲ"

ကျွန်တော်က သူတို့အကြောင်းသိ သူမို့ မေးလိုက်ခြင်းပါ။ ရန်ဖြစ်လျှင် ရိုက်သည့်အခါ ဦးခေါင်းကို ရိုက်ခြင်းကြောင့် အုန်းသီးခွဲသည်ဟု ပြောလိုက်ခြင်းပါ။

www.burmeseclassic.com

"လပြည့်နေ့က ဦးကြွယ်ဟိုးလမ်း မီးထွန်းပွဲမှာ ငြိုကြရင်း ကစ်လိုက်တာပါ၊ ဟဲ - ဟဲ - ဟဲ"

ဟုတ်ပြီ၊ သည်လိုဆိုပါက သည် ငသံသည် နတ်စင်လမ်း၊ ဌာနာလမ်း ငသံပင် ဖြစ်နေသည်၊

"အေး - ငါကလည်း (၂၄)မှာ ရောက်နေတော့ မသိဘူး"

"ကျွန်တော်လည်း ဆရာ့သတင်း ကြားပါတယ်"

"ဘာလဲကွ - ငါ့သတင်းကြားတော့၊ အင်း - တစ်ကွေ့တော့ တွေ့ရပြီဆိုသလို လား"

ကျွန်တော်က အချုပ်ခန်းတို့၊ အကျဉ်းထောင်တို့ ခြေရော်ရောက်သွားကြသူ မှုဆွဲဝင်နှင့် တရားရုံးမှ လူတွေကို ဒုစရိုက်သမားတွေက အငြိုးအတေးနှင့် ဝိုင်းပြီး (ချွမ်းကြီး‌လောင်း)နှိုက်နှတ်လေ့ ရှိသည်ကို သိထား၍ မေးလိုက်ခြင်းဖြစ် သည်၊

"အရာ - ဆရာလိုလူတို့ ဘယ်သူ သမ.မှာလဲဗျ၊ ကျွန်တော်ကိုယ်တိုင် (၂၃) အချုပ်ထဲ ရောက်နေလို့ရ၊ အပြင်မှာသာဆိုရင် ဆရာ့ဆီကို လာတွေ့ပါတယ်"

"အေး - ဘာလုပ်ဖို့လဲ၊ ငါ့တို့လာပြီး ဆဲဖို့လား၊ လှောင်ပြောင်ချင်လို့လား"

"လုပ်ပြီမြို - ဆရာတာလဲ၊ ဆရာ့အတွက် တစ်ခုခုဝယ်ပေးချင်လို့ပါ၊ သိန်းအောင်တို့၊ အောင်မြင့်တို့ ဆရာ့ဆီ လာခဲ့ကြသေးတယ်၊ ရဲတွေက မတွေ့ရဘူးဆိုလို့ ပြန်ခဲ့ရတယ်လို့ ပြောတယ်"

သည်အခါမှ ငသံပြောစကားကို ယုံကြည်သွားမိသည်၊ တရားရုံးတွင် လုပ်ကိုင်နေသော်လည်း ကျွန်တော်က အားလုံးကို မေတ္တာထားသည်၊ စာနာစိတ်နှင့် အတတ်နိုင်ဆုံး ကူညီပေးခဲ့သည်၊ အဓိကအချက်က ယခု အမှတ် (၅)နယ်မြေ အလုံ - ကြည့်မြင်တိုင် - စမ်းချောင်းမြို့နယ်သုံးခုမှာ ကျွန်တော် ငယ်စဉ်က နေ့စဉ်သွားလာခဲ့သော နေရာတွင်ဖြစ်သည်၊

ပြီးတော့ ကျွန်တော်က ကြည့်မြင်တိုင်ဇာတိ၊ ကြည့်မြင်တိုင်တွင် မိဘအိမ် ဆွေမျိုးအိမ်တွေ ရှိသည်၊ ကျောင်းစတင် နေတော့လည်း ကြည့်မြင်တိုင် အ.ထ.က (၂) ဟုမ်းလမ်းတွင်ဖြစ်သည်၊ သူငယ်ချင်းတွေကလည်း မြို့နယ်သုံးမြို့နယ်ကချည်းဆိုတော့ ရပ်ဆွေရပ်မျိုးတွေချည်းဟု ဆိုနိုင်ပါသည်၊ အလုပ်ကလည်း ကိုယ့်နယ်မြေထဲတွင်

ဆိုတော့ ကျွန်တော်က တခြားသူတွေနှင့်မတူ၊ ခြားနားသည်ပေါ့၊ မေတ္တာ၊ စေတနာ ရောင်ပြန်လာသည် ဆိုစကားအတိုင်း ခင်မင်သူ ချစ်ခင်သူတွေ များပါသည်၊

ကျွန်တော့် ခံယူချက်က တစ်မျိုး၊

လူသတ်မှု၊ ခါးပိုက်နှိုက်၊ ဓားပြ၊ သူခိုး၊ မုဒိမ်းမှု၊ လူလိမ် မည်သည့်ရာဇဝတ်မှု ကျူးလွန်သူဖြစ်ပါစေ ကျွန်တော့်အနေနှင့် လူသားတစ်ယောက်အဖြစ်သာ မြင်သည်၊ သူ လုပ်ဆောင်ခဲ့သော ပြစ်မှုအမျိုးအစား၊ ဖြစ်ပေါ်ခဲ့သော ထိခိုက်နစ်နာမှု အတိုင်း အတာနှင့် ထိုက်တန်ညီမျှသော ပြစ်ဒဏ်တို့ကို တရားဥပဒေအရသူ ခံစားရပေမည်၊ ကျွန်တော်တို့နှင့် လုံးဝမသက်ဆိုင်ပါ၊

တရားရုံးသို့ ရောက်လာသော အမှုတွဲနှင့် အမှုဖြစ်ပွားသည့် အကြောင်းအရာ၊ တရားခံဖြစ်သူ၏ အခြေအနေ၊ တရားလို၏ တိုင်ကြားချက်တို့ကို ကျွန် တော် ဖတ်ရှုပြီး ဖြစ်သည်၊ လက်ရှိတွေ့မြင်နေရသည့် တရားခံ၏ အခြေအနေကို မြင်တွေ့သည်နှင့် အကူအညီ လိုအပ်၊ မလိုအပ်ကို ကျွန်တော်က ဆုံးဖြတ်သည်၊ သူက အကူအညီ မတောင်းသော်လည်း သူ့တွင် လိုအပ်သည်ထင်၍ မေးမြန်းပြီး တတ်နိုင်သမျှ ကူညီ ပေးခဲ့ခြင်း ဖြစ်သည်၊

သည်လိုကူညီရာတွင်လည်း ကျွန်တော်က ဘာတစ်ခုမှ ကန့်သတ်ခွဲခြားခြင်း မရှိပါ၊ ကျွန်တော်နှင့် သိသိ၊ မသိသိ ရင်းနှီးမှုမဟုတ်၊ သူစိမ်းတွေ များစွာပါခဲ့သည်၊ ကူညီပေးခဲ့သည်၊ အများဆုံးက နယ်မှလူတွေ များပါသည်၊

မှတ်မိသမျှ ဟသ်ာတမှ ရန်ကုန် အလည်လာသည်၊ မြေနီကုန်းအစိုးရ အရက် ဆိုင်တွင် အရက်သောက်၊ သိုင်းဆရာလိုလိုလူက ဗိုလ်ကျ၊ မခံနိုင်တော့ ဖိုက်တင်ချ၊ သိုင်းဆရာ၊ နတ်ရွာစံ၊ ဟသ်ာတသား၊ မောင်လှ၊ အင်းစိန်ကြွ၊ ထောင်(၁၀)နှစ်ကျ၊

ပုသိမ်သား မြင့်အောင်၊ အရက်ဖြူဆိုင် ပုလင်းထောင်၊ မူးကြောင်ကြောင် ဖြစ် လာတော့ မုန့်ဟင်းခါးဆိုင်နှင့် အရက်ဆိုင်မှန်းမသိအောင်ဖြစ်ပြီး အဆစ်သွားတောင်း ခိတော့ ရန်ဖြစ်ကြပြီပေါ့၊ အရက်ပုလင်းနှင့် ခုန်းသီးခွဲလိုက်တော့ ပုသိမ်သား မြင့် အောင် အင်းစိန်ထောင် (၁၀) နှစ်ကျပြန်ရော၊

ဘိတ်(မြိတ်)သား ကိုကိုအေး၊ ရန်ကုန်ကို ငါးပိ၊ ငံပြာရည် လာရောင်း၊ ရောင်း နှိုက်ရောက်တုန်း မြေနီကုန်း၊ ပဒုမ္မာကွင်း ဇာတ်သဘင်ပွဲလာကြည့်ရင်း ယိမ်းသမလေး

www.burmeseclassic.com

နောက်ကို လိုက်သွားပြီး ငါးပိ၊ ငံပြာရည် အရောင်းအဝယ်သွားစပ်သည်လား မသိ။ ပုဒ်မ (၁၇၆)နှင့် အရောင်းအဝယ်ဖြစ်သွားကာ ထောင်(၅)နှစ် မြတ်သွားခဲ့ပါသည်၊

နောက်ထပ် အဖွဲ့လိုက် ရောက်လာကြသူတွေက ကမ်းရိုးတန်းသွားခွင့်ပါမစ်ကို အားမရသည်ထင်၍ တစ်ဖက်နိုင်ငံကို စီးပွားရေးဈေးကွက် သွားရှာပြီးအပြန် တပ်မတော်(ရေ) လှည့်ကင်းနှင့်ပင့်ဆောင်လာသူတွေ။ (M.E.I.C)မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းအဖွဲ့သား (၁၆)ဦး။ သူတို့ကိုတကူးတကန့် ရန်ကုန်မြို့ အမှတ်(၂)၊ အထူးတရားရုံးသို့ ခေါ်ဆောင်လာခြင်းဖြစ်သည်။ သူတို့ အားလုံးကို ထိုစဉ်က ခေတ်စားနေသည့် ဆ.စ.တ.က ပုဒ်မ (၁၄ - ၁၅)တို့ဖြင့် ဖမ်းဆီးခြင်းဖြစ်ပါသည်၊ သူတို့တစ်တွေက မြိတ်သားတွေချည်း ဖြစ်ကြပါသည်၊

ရှေးရှေးခါခါး စကားပြောလျှင် အာပါးဆိုသည့်စကားအမြဲတမ်းပြောလေ့ရှိသော ဆော်လာမြင့်သား ဆောင်ကြည်၊ သူ့ထက် ဆယ်နှစ်ကျော် ငယ်သူ မိန်းကလေးကို နိုး ခြောက်ဆောင်ကြဉ်း ပုဒ်မ (၁၆၁)နှင့် ရင်ဆိုင်ခဲ့ရသူ၊

နောက်ထပ် နယ်ဒေသမှ ရန်ကုန်ကို ကံသုံ့ပြီး ရောက်လာကြသူများ ဆူးပုံတက် နင်းမိ အလေး အဘလေး အော်ဟစ်ကြရပြီး ကယ်သူမဲ့ ဆွေဝေးမျိုးဝေး ဒုက္ခဘေး တွေ့ကြသူတွေကို ကျွန်တော် ကူညီပေးခဲ့သူ ရှိပါသေးသည်၊ သေချာ စဉ်းစားပြီးရေးလျှင် လေးငါးဦးမျှ ကျန်ပါသေးသည်၊

ရန်ကုန်မြို့နယ်ထဲက သူတွေဆို ပိုပြီးများပါသေးသည်။ ဒေါသကြောင့် ဖြစ်ရသူတွေ၊ သည်းခံနိုင်မှုမရှိ၍ ရောက်လာသူတွေ၊ ငွေလောဘကြောင့် ရောက်လာသူတွေလို တစ်ခါတစ်ရံ တရားဥပဒေစည်းကမ်းကို ကျော်နင်းမိသဖြင့် ပုဒ်မအမျိုးမျိုးနှင့် အဖမ်းခံရ၊ လွတ်သူတွေရှိသလို အင်းစိန်အကျဉ်းထောင် အလည်ရောက်သွားသူလည်း ရှိကြ သည်၊

အများဆုံးက အပြင်လောကတစ်နှစ်၊ ထောင်ထဲ သုံးနှစ်ဆိုသလို ထောင်မင်းသားခါးတွေ၊ ငတိုတွေ၊ ဖိုးတွမ်တီး တွေ ဟိုးအရင်ခေတ် အသုံးအနှုန်းအရ (ထောင်လက်ကောက်တွေ) များပါသည်။ သူတို့ကို ထမင်း၊ ဆေးလိပ်၊ ဖိနပ်၊ အင်္ကျီအဝတ် ကျွန်တော် ပေးလှူခဲ့ပါသည်၊ သေချာရေးပြရမည်ဆိုလျှင် ထောင်လောကသားတွေ

အကြောင်းရေးသားသူ ဆရာကြီးမြောင်းမြမောင်ကို၊ ရန်အောင်မောင်မောင်၊ သော်တာ သန်း၊ ထောင်မှူးကြီးသိန်းဝင်း၊ ပီတာမြဦးနှင့် ထောင်မှူးကြီး စိုးဝေတို့တဲ့သို့ ကျွန်တော်က တရားရုံးအမှုသည်များအကြောင်း ရေးနိုင်မည် ထင်ပါသည်၊

☆☆☆

"ကဲ - ကဲ - အားလုံး တစ်ယောက်ချင်း နာမည်ခေါ်တဲ့အတိုင်း ဆင်းမယ်နော်"

ထောင်တွေး၊ မြောက်တွေး၊ အရှေ့အနောက် အရပ်လေးခု လေးမျက်နှာ၊ ဒေါင့်ကြီး - ပုသိမ် - အဲ - မှားလို့ပါ။ အတွေးတွေကို ရဲကြပ် ဦးလှမောင်အမိန့်က ဖြတ်ဝစ်လိုက်သည်။

အော် - ကျောင်းတော်ကြီး - မော်စကို၊ အမေ့အိမ်၊ နရသိမ်စံအိမ် စသည့် နာမည် လေးမျိုးပိုင် အင်းစိန် အကျဉ်းထောင်ကြီးကို ရောက်ရှိကြောင်း တွေ့လိုက်ရသည်၊

ကားပေါ်မှဆင်းပြီး ဗဟိုဝင်ပေါက်၊ သစ်သားတံခါး၊ သံတံခါးတို့ကိုဖြတ်ကျော်ပြီး ဝင်လာခဲ့သည်၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ သံလက်ထိတ်ကိုယ်စီနှင့် ဖြစ်ကြသည်။ ကျွန်တော်တစ်ယောက်သာ လက်ထိတ်မခတ်ထားသဖြင့်ထောင်ဝန်ထမ်းတွေက အံ့ဩရှုံးစမ်းသောအကြည့်တွေနှင့် ဝိုင်းကြည့်နေကြသည်၊

"ကဲ - ဆရာ - ခင်ဗျားကို ပုဒ်မ(...)နဲ့ ရီမန်ကြီး တစ်ပတ်ချုပ်မိန့်ပေးထားတယ်၊ မှတ်ထားနော်"

ရဲကြပ် ဦးလှမောင်က ရီမန်စာရွက်တွေနှင့် ကျွန်တော့်ကို ထောင်အရာရှိထံ အပ်ခဲ့ပါသည်၊

ကျွန်တော့်အဖို့ အံ့အားသင့် ကျန်ခဲ့ရသည်၊ ထောင်ထဲရောက်တော့မှ ကိုယ့်ကို ဖမ်းဆီးခဲ့သော ပုဒ်မကို သိလိုက်ရသည်၊

"ဟင် - ဘယ့်နှယ် - မဆီမဆိုင်တွေ"

အချုပ်ကားထွက်ခါနီး ရဲကြပ် ဦးလှမောင် ပြောစကား သတိရသွားပြီး ကျွန်တော် ကိုယ်တိုင် ခပ်တိုးတိုး ရေရွတ်မိပါသည်။ သို့သော်လည်းပေါ့၊ အခြေအနေတာ ကျွန်တော် ဘာမှမတတ်နိုင်သောကာလ။ ငြိမ်တိတ်နေရုံသာ။

www.burmeseclassic.com

www.burmeseclassic.com

အတူတူပါလာကြသူတွေကို တာဝန်ရှိသူတွေက အခန်းငယ်တစ်ခုအတွင်း တစ်ကိုယ်လုံးချွတ်၍ စစ်ဆေးကြသည်။ ပြီးတော့မှ သံတံခါး၊ သစ်သားတံခါးတွေကို ဖြတ်ကျော်ပြီး ထောင်ထဲဝင်ကြရသည်။ ကျွန်တော်က နောက်ဆုံးလူဖြစ်သည်။ ကျွန်တော့်ကိုတော့ လူသစ် (ထောင်ကို ပထမဆုံးရောက်သူ)မို့ သာမန်စစ်ဆေးပြီး ထောင်ထဲဝင်ခဲ့ရသည်။

ထောင်အတွင်းရောက်လျှင် ဗဟိုလမ်းမကြီးနှင့် ဘေးဘယ်ညာ အုတ်နစ်ထပ် အဆောက်အအုံများကို တွေ့လိုက်ရသည်။ အချုပ်ဆောင်နှင့် ထောင်ကျဆောင်များဖြစ်သည်။ ကျွန်တော်တို့ အားလုံး လမ်းမကြီးအဝင် ဘေးမြေကွက်လပ်တွင် ပုံစံထိုင် (ဆောင့်ကြောင့်ထိုင်လျက် ဒူးနှစ်ဖက်စီပေါ်လက်ဆန့်တန်း)ထိုင်ကြရသည်။ ရှေ့တွင် ထောင်ဝန်ထမ်းတွေက စာအုပ်ကြီးနှင့် စစ်ဆေးကြပြန်သည်။

ကိုယ့်နာမည်၊ အဘနာမည်၊ အသက်၊ ပြစ်မှုပုဒ်မ စသည်တို့ကို ဖြေရသည်။ [illegible] ခံတ်ဆက်ခြင်း အခမ်းအနားအဖြစ် မှတ်ထားလိုက်သည်။ အား[illegible] အမေးအဖြေတွင် ထစ်အအဖြစ်သွား လျှင် ပြင်ဆင်ပေး[illegible] ထိုင်နေသူ နံဘေးကို ခြေထောက်ဖြင့် လွှဲကန်ခြင်း ဖြစ်ပါသည်။ ထောင်ဝန်[illegible] ထောင်ကျအကျဉ်းသားက ဖြစ်ပါသည်။

သည်လို အတန်ခံရ၍ မကျေမနပ် ပြန်လှန်ပြောဖို့ မဆိုထားနှင့် မော့ကြည့်မိရုံနှင့် "ဘာလဲ - မတျေနပ်လို့လား။ ကဲကွာ" နောက်ထပ်အပိုဆုတွေ၊ ဖရီးကစ်တွေ ရပေလိမ့်မည်။ "မှတ်ထားကွ၊ ဒါ - အင်းစိန် - ဗဟိုစံပြထောင်" ဆိုသော မှတ်သားစရာ မိန့်ခွန်း ချွေပေးလိမ့်မည်။ ကျွန်တော်က နောက်ဆုံးပိတ်လူဆိုတော့ ရှေ့က လူနှစ်ယောက်။ စံပြထောင်အကြောင်း သိကြားသွားပုံကို မြင်ပြီးမို့ ဆင်ခြင်နေလိုက်သည်။ အီးပေါက်ချင်သည်ကိုတောင် စိတ် CONTROL ဖြင့် ထိန်းချုပ်ထားခဲ့သည်။ ဘာကြောင့်ဆို ကိုယ်က အပြင်လောကနေသလို "ဘူ" ခနဲ အီးပေါက်လိုက်မိသော် ခွင့်ပြုမိန့်မရဘဲ လေထုညစ်ညမ်းအောင်ပြုမှု၊ ထောင်အာဏာပိုင်တွေကို မလေးမစား ပြုလုပ်မှုတွေနှင့် စွဲချက်တင်လိုက်လျှင် ဘာတွေဖြစ်မည်မသိ။

- စောစောစီးစီး ခရီးရောက်မဆိုက် ဈေးဦးပေါက် ပြစ်ဒဏ်ခံလိုက်ရလျှင် ခက်ချေမည်။ "အင်းစိန်ဗဟိုစံပြထောင်" ဆိုပြီး ဂုဏ်ဖော်ပြောခဲ့သည်မဟုတ်လား။ တော်ကြာ-

ကိုယ့်ကို စံပြပြစ်ဒဏ်ပေးနိုင်ပေသည်။ ထောင်မှူးကြီး၊ ထောင်မှူး လေးတွေ တဝည်း ထောင်ဝန်ထမ်းတွေ လက်ကိုင်တုတ်၊ ထောင်ကျအကျဉ်းသားတွေက ရှိနေသည်။ စောစောက လူသစ်နှစ်ယောက်ကို လက်စွမ်း၊ ခြေ စွမ်းတွေ ပြခဲ့သေးသည်ကို မြင်ခဲ့သည်။

လူစစ်နေရာသို့ အသားမည်းမည်း အသက်အစိတ်ခန့်လူငယ်တစ်ယောက် ရောက်လာသည်။ အချုပ်သား၊ ထောင်ကျအမှုကျန် ရုံးထွက်တွေကို ခွဲခြားစစ်ဆေးနေသူ၊ ထောင်မှူး အနားကပ်သွားပြီး စကားပြောသည်။ ပြီးတော့ တန်းစီထိုင်နေကြသော ကျွန်တော်တို့ဘက် လျှောက်လာသည်။ ထိုင်နေကြသူတွေဘက် ကြည့်ပြီး ခေါ်တော့သည်။

"ဇော်မြင့် - ပုဒ်မ(၄၃၆) နိုင်ငံတော် အစိုးရတရားရုံး - မီးရှို့မှု"

"ရှိပါတယ်"

ကျွန်တော့်အဖို့ ရယ်ရမလို၊ ငိုရမလိုဖြစ်သွားရသည်။ ရာဇသတ်ပုဒ်မ (၄၃၆) ဆိုသည်က လူကိုယ်တိုင် အဆောက်အဦးမှအစ အရာဝတ္ထုတစ်ခုခုကို မီးလောင်ပျက်စီးစေရန် တမင်ရှို့၍ မီးလောင်စေခြင်းကို ဖြစ်သည်။

ပုဒ်မ (၂၅၈) နှင့် မတူပါ။

ပုဒ်မ (၂၅၈) မှာ ဖယောင်းတိုင်မီး ထွန်းထားခြင်း၊ လျှပ်စစ်မီးထွန်းခြင်း စသည်တို့မှ စတင်လောင်ကျွမ်းခြင်း စသည့်ဖြစ်စဉ်များကို ဆိုလိုခြင်းဖြစ်သည်။ အများအားဖြင့် ပေါ့ဆမီးဟု ခေါ်ကြပါသည်။

သည်နှယ်ရှိပါလျက် ကျွန်တော့်ကို ပုဒ်မ (၄၃၆) မှာ "နိုင်ငံတော်အစိုးရ" ဟူ၍ အပိုအဆစ်ထည့်ပေးလိုက်ခြင်း ဖြစ်ပါ သည်။ စဉ်းစားကြည့်ပါ။

ကျွန်တော်သည် သာမန်အရပ်သားတစ်ယောက်မဟုတ်ပါ။ တရားဥပဒေရုံးတွင် လုပ်ကိုင်နေသူ၊ နေ့စဉ် အမှုပေါင်းများစွာ၊ ပုဒ်မပေါင်းများစွာတို့ကို မြင်တွေ့စစ်ဆေး နေရသော တရားရုံးဝန်ထမ်း တစ်ဦးအနေနှင့် အဘယ်သို့ ခံစားရမည်ကို စာနာကြည့်ပါ။

ထားပါတော့။ ပြန်လည်ရေးပြောဆိုရန် မဖြစ်သလို အကျိုးမရှိသည့်ပြင် နောင်တ်ဆက်တွဲ ဆိုးကျိုးသာရမည် မဟုတ်လား။ သည်အတွက် ငြိမ်ခံနေလိုက်သည်။ "တိတ်

www.burmeseclassic.com

တိတ်နေ - ထောင်တန်၏ "စကားအရှိမဟုတ်လား။ ယခုပင် ထောင်ထဲ ရောက်နေလေပြီ။

"ရှေ့ကို ထွက်ခဲ့"

အသားမည်းမည်းလူငယ်က ခေါ်၍ရှေ့သို့တုံ့နေးနေး ခြေလှမ်းနှင့်ထွက်ခဲ့သည်။ မှတ်စိကလည်း သူ့ညာလက်ထဲရှိ ကျပ်ပြားခန့် ဝါးတုတ်ကိုပါ မျက်တောင် မခတ်ကြည့်နေရသည်။

ဘာကြောင့်လည်းဆိုသော် ကျွန်တော်က တရားရုံးဝန်ထမ်းကိုး။

သာမန်လူတွေတောင်မှ ထောင်ထဲအချုပ်ခန်းထဲရောက်သွားလျှင်ပုံစံပေးသည်ဆိုတာ ပြောသံ၊ စည်သံ၊ ပတ်မထုသံတွေ စီစီညံအောင် ဆီးကြိုတတ်ကြသည်လေ။ ခေတာခေတာ နှစ်သောက်တောင် ဖရိုးကစ်နဲ့ ပယ်န်နယ်လ်တီ အပေးခံလိုက်ရပြီးပြီ။

ခဲ့ခဲ့သားတွေ တရားရုံးအဖွဲ့တွေဆို တစ်ယောက်တစ်ချက် ထောင်သားနက် ဆိုတာကို ချမ်းကြီးပေါင်းခံရတတ်ပြီး စိန်ပေဒါ စိန်ကုလားတို့ စိန်ဗိုလ်တင့်တို့ထက် ပြီးတော့ပြောင်ပွဲနဲ့ တိုက်ဆေးရုံ (ခေး) အကျဉ်းထောင် ဆေးရုံကို ဘယ်ပုံ ဘယ်နည်းသယ် ရောက်သွားတတ်တဲ့ သာဓကတွေ ကြားဖူးထားသည်လေ။

အဲ - သို့သော်လည်းပေါ့လေ။

ကျွန်တော် ကြောက်ရွံ့စိုးရိမ်သလို မဟုတ်ခဲ့ပါ။

"ခင်ဗျားကျွန်တော့်ကို သိသလား"

အသားမည်းလူငယ်က ကျွန်တော့်ကို ပြုံးကြည့်လျက်မေးသည်။ သူ့ရဲ့အပြုံးက ကြောက်စရာမပါဝင်။ ရင်းနှီးခင်မင်မှု၊ စာနာမှုတွေ ပါဝင်နေကြောင်း မြင်ရသည်။ သူ့မျက်နှာကိုကြည့်ပြီး စဉ်းစားလိုက်သည်။ သို့သော် ကျွန်တော် မမှတ်မိပါ။ ကျွန်တော့်ကို ကြည့်ပြီး ပြောပြခဲ့သည်က။

"ကျွန်တော် အီဒရစ်လေ၊ မြေနီကုန်းက အီဒရစ်"

သူကပြောမှ ကျွန်တော် မှတ်မိသည်။ လူကိုမဟုတ်ပါ။ နာမည်ကို ဖြစ်ပါသည်။ မြေနီကုန်းတစ်ဝိုက်တွင် အီဒရစ်ဆိုသည့်နာမည်က လူငယ်ပိုင်းတွင် ကျော်ကြားနေသည်။ အကောင်းရှည်းမဟုတ်သလို အဆိုးလည်းမဟုတ်ပါ။ လူကောင်းလူမိုက် တစ်ယောက် ဖြစ်ပါသည်။ မိုက်ကြေးခွဲ လူကောင်းတွေကို ရန်လုပ်သူမဟုတ်ပါ။ အေးအေး နေသည်။ သူတစ်ပါးကို သွားမစ၊ မနှောင့်ယှက်ပါ။ သူ့ကိုဖြစ်စေ၊ သူ့ရပ်ကွက်တွင်ဖြစ်စေ မတရားမှုလာလုပ်လျှင် ဆော်တတ်သည်။ တွယ်လွှတ်တတ်သူအဖြစ်ပါ။ ကျွန်တော်တို့တရားရုံးကို တစ်ကြိမ်ရောက်လာဖူးသည်ကိုပါ မှတ်မိလိုက်သည်။

"အော် - ခင်ဗျားကိုး၊ မှတ်မိပြီ။ ခင်ဗျား မှတ်ပုံတင်ထဲက နာမည်အရဆိုရင် ကိုစန်းမောင် မဟုတ်လား"

"အား - ဟုတ်လားဗျ။ ခင်ဗျားက စုံထောက်နဲ့ ဘာသာပြန်မှုခင်းတွေ ရေးတယ် မဟုတ်လား။ ကျွန်တော့်နာမည်နဲ့က ခပ်ဆင်ဆင်တူတယ်လေ"

အီဒရစ်က အားရပါးရ ပြုံးကာ ဆက်ပြောလာသည်။

ထိုအချိန်ကာလ (၁၉၇၄ - ခုနှစ်) တွင် ကျွန်တော်သည် လျှို့ဝှက်သည်းဖို၊ နီလေးမောင် ပြစ်မှု (ယခုဖြစ်ရပ်မှန်)၊ စုံထောက်နှောက် မိုးဝေမဂ္ဂဇင်းများတွင် ဝတ္ထုတိုများ ရေးသားနေပြီး ကျွန်တော့်ရုံးမှ ဆရာ (တရားသူကြီး) များပင် ကျွန်တော် စာရေးနေသည်ကို မသိပါ။ ယခု အီဒရစ်က သိနေ၍ ကျွန်တော် အံ့ဩသွားမိပါသည်။ ပိုပြီးအံ့ဩရသည်က ကျွန်တော် စာရေးသော ကလောင်နာမည်ကိုပါ သိရှိနေခြင်းပင်။

"ဘာလဲ - ကျွန်တော်က အားလုံး သိနေတာကြောင့် အံ့ဩနေတာလား"

"အင်း - ဟုတ်တယ်၊ ဘယ်သူ့ဆီ က သိတာလဲဟင်"

"တခြားလူဆီက မဟုတ်ဖူး။ ကျွန်တော့်အစ်ကိုဆီက သိရတာ၊ ကျွန်တော့်အစ်ကိုကလည်း စာရေးတယ်လေ"

"အော် - ဟုတ်လား။ ဘယ်သူလဲဗျ"

အီဒရစ်အစ်ကိုကလည်း စာရေးသမားတစ်ယောက်ဆို၍ စိတ်ဝင်စားကာ မေးမိသည်။ ထိုစဉ် ထောင်မှူးက လှမ်းခေါ်၍ စကားပြတ်သွားတော့သည်။ ထောင်မှူးဆီမှ ပြန်လာပြီး ကျွန်တော်နှင့်အတူ တခြားသောအချုပ်သားများကို ခေါ်ကာ ထောင်ဝန်ထမ်းတစ်ဦးနှင့်အတူ စစ်ဆေးပြန်သည်။ ကျွန်တော်တို့က ရိုမန်အချုပ်သားများဖြစ်၍ အချုပ်တရားခံများ နေရမည့်အဆောင်သို့ ပို့ရန်ဖြစ်သည်။

"ကိုဇော်မြင့် - ကျွန်တော့်အနားမှာနေ။ ဘာစကားမှမပြောပါနဲ့ အဆောင်မှာ နေရာကျမှ ကျွန်တော် ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com

အီဒရစ်က ကျွန်တော့်ကို မှာကြားပြီး ဗဟိုလမ်းမကြီးအတိုင်း ဝင်လာခဲ့ကြပါသည်၊

ကျွန်တော့်အနေနှင့် အီဒရစ်နှင့် ပတ်သက်၍ သိပ်များများစားစား မသိပါ၊ သူက ဘာကြောင့် ကျွန်တော့်ကို တရင်းတနှီး ဆက်ဆံနေသည်မသိပါ၊ သူ့ပုံစံကြည့်ရသည်မှာ ကျွန်တော့်ကို တစ်စုံတစ်ခုဖြစ်ခံရမည်ကိုစိုးရိမ်ဟန်မျိုးဖြစ်သည်၊ ဘာကြောင့်ပါလိမ့် ဆိုသည့် အတွေးပေါ်နေသည်၊

ဆယ်မိနစ်ခန့် လျှောက်လာခဲ့ရပြီး လှုနှစ်ရပ်ခန့် အုတ်နံရံကာထားသော အဆောက်အအုံတစ်ခု၏ တံခါးပေါက်တွင် ရပ်လိုက်သည်၊ အတူပါသော ထောင်ဝန်ထမ်းက တံခါးခေါက် အချက်ပေးလိုက်၍ တခါးပွင့်လာသည်၊

"အချုပ်သစ်တွေ ပါတယ်ဟေ့"

"အေး - ဘာ - ထစ်သောက်ချင်း ဝင်ကြ"

ညနေပိုင်းကျပြန်တော့ ငါးဝိစိတ်းစားပည်းဖည်း ထက်မသန့်ရှင် တန်စွန်းရှက်ချဉ်ထူးထူး တိင်ကောင်တွေ အဝိုင်းပိုင်းဖြတ်ချက် ဟင်းတစ်ခွက်၊ တိင်ကောင်တွေ ဘာကြောင့် ဟင်းထဲထည့်ချက်သည် မသိပါ၊ ထောင်သားတွေကို အားရှိအောင် ပြောသီပြေနှစ်စားသည့် တိင်ကောင်တွေ ထည့်ချက်ပေးခြင်း ဖြစ်နိုင်ပါသည်၊ သောကြာနေ့မှာတော့ ဝက်သား သို့မဟုတ် အမဲသားဟင်းတစ်ခွက် ကျွေးသည်



လိုက်ပို့သောဝန်ထမ်းနှင့် အထဲမှဝန်ထမ်းက စာရင်းစာရွက်များနှင့် အပ်နှံ လက်ခံကြသည်၊ အားလုံးပြီးစီးမှ လိုက် ပို့သော ထောင်ဝန်ထမ်း ပြန်ထွက်သွားချိန် ဝင်ပေါက်သစ်သားတံခါးကြီးကို ပြန်ပတ်လိုက်သည်၊

အချုပ်ဆောင်ကြီးက နှစ်ထပ်တိုက်တန်းလျားကြီးဖြစ်သည်၊ လေးဖက်လေးထန် လူနှစ်ရပ်ခန့် အုတ်တံတိုင်းခတ်ထားသော မြေကွက်ပေါ်တွင် ဆောက်ထားခြင်းဖြစ်သည်၊ အုတ်စံအမြင့်နှစ်ပေခန့်ပေါ်တွင် အနံ့ပေ သုံးဆယ်၊ အလျားပေ တစ်ရာခန့်ရှိသည့် တိုက်တန်းလျားကြီး ဖြစ်သည်၊ ငါးမူးလုံးခန့် သံတိုင်များကာရံထားပြီး လူသွားလမ်းနှစ်ပေခန့်ခြားကာ နောက်ထပ် လေးလက်မပတ်လည် သစ်သားတန်းများဖြင့် ကာရံထားသည်၊ အခန်းကြမ်းခင်းမှာ လျှာထိုးသစ်ခင်းထားသည်၊

ညဘက် အချုပ်သားများ အိပ်သည့် အခါ အုန်းဆံခေါင်းအုံးတစ်လုံးကို လူနှစ်ယောက်ကျောချင်းကပ်အိပ်ရသည်၊ သစ်သားတန်းအကာဘက်ကိုခြေထောက်ထားကာ တန်းစီအိပ်ကြရသည်၊ တခြားတစ်ဖက်ကလည်း ထိုကဲ့သို့ ကျောချင်းကပ်၊ သစ်သားတန်းအကာ ခြေထောက်ထား၊ ခေါင်းချင်းဆိုင်အနေအထား အိပ်ကြရပါသည်၊ ခြင်ထောင်မပေးပါ၊ ချည်ထည် စောင်တစ်ထည်စီ ပေးသည်၊

အားလုံးပြီးလျှင် ခေါင်းရင်းဘက်နံရံတွင်တပ်ဆင်ထားသော သစ်သားပြားကြီးရှိ စည်းကမ်းချက်၊ အချက်ကြီး (၁၆) ချက်ကို အော်ဟစ်ပြီး ဖတ်ကြရသည်၊ ထောင်သား အားလုံးကို သင်ကြားပြသပေးပြီးမှ အနားပေးပါသည်၊ ထိုအခါမှ အီဒရစ်က ရောက်လာသည်၊ အဆောင် ဝင်ပေါက်အပေါ်ထပ်တက်သည့် လှေကားအောက်တွင် အခန်းငယ်တစ်ခုရှိရာ ၎င်းအခန်းထဲတွင် ထိုင်ကြသည်၊

"ကဲ - ကိုဇော်မြင့် - ခင်ဗျားကို အခုမှ ပြောပြရမှာ၊ ခင်ဗျားတို့ တရားရုံးကို မြည်ပြေးအဖွဲ့ကလူတွေက ညဘက် တံခါးဖျက်ပြီး အမှုတွဲတွေ မီးရှို့တဲ့ကိစ္စ အဲဒီလူတွေနဲ့ ခင်ဗျားကို မသက်ဆိုင်လို့ဖမ်းတယ် ဆိုတာရယ် အားလုံး ဒီမှာရှိတဲ့လူ တွေက သိပြီးကြပြီ"

"ဟင် - ဟုတ်လား - ကျွန်တော်တောင် ဒီကိုပို့ခါနီးမှ သိခဲ့ရတာဗျ"

ကျွန်တော် တကယ်အံ့ဩသွား သည်၊ အပြင်လောကတွင်ဖြစ်ပျက်နေမှုတွေကို အကျဉ်းထောင်ထဲကလူတွေ သိနေခြင်းမှာ ထူးဆန်းအံ့ဩစရာတစ်ခု ပင်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ပါးစပ်ရေဒီယိုလေ၊ ထားပါတော့ - အဲဒီမှာ၊ ဒီအထဲရှိတဲ့လူ တချို့က တရားရုံးကလူ ရောက်လာရင် ကြိုဆိုဖို့ စီစဉ်ကြတယ်"

"ကြိုဆိုဖို့ - ဟုတ်လား"

"ဟုတ်တယ် - ခင်ဗျား သဘောမပေါက်ဖူးလား၊ ရေစီးရေဆန်တို့၊ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ ဆိုတဲ့စကား လေ"

အီဒရစ်ပြောပြတော့မှ ကျွန်တော် တွေးမိသွားသည်၊ ဟုတ်ပါသည်၊ လူလောက သဘာဝပေ့ါလေ၊ ကိုယ်ခံရသည့်အခါ ခံလိုက်မည်၊ ကိုယ်သာသည့်အခါ ပြန်တွယ်မည်မဟုတ်လား။

"ဟာ - ဒါ - ဒါဆိုရင် - ကျွန်တော် ရောက်လာရင် ဝိုင်းပြီး ဆော်ကြမယ်လို့ စီစဉ်ထားတာပေါ့၊ ဟုတ်လား - အခု - အဲ - အဲဒီအစဉ်"

"ကျွန်တော်ပြောတာ ဆုံးအောင် နားထောင်ပါဦးဗျ"

ကျွန်တော်က အီဒရစ်ပြောစကားမှ အတော်ကို ထိတ်လန့်ကြောက်ရွံ့သွားမိ[illegible] သခင်က စာအုပ်များတွင် ဖတ်ဖူးခဲ့၊ ထောင်မှ လွတ်လာသူတွေ ပြော သမျှ [illegible] သခုကိုယ် တိုင်တွေ့ကြုံခံရတော့မည်ဆိုသော အသိကြောင့် [illegible] စကားတွေပါ ထစ်ထစ်ငေါ့ငေါ့ ဖြစ်သည်၊ ထိုကြောင့် အီဒရစ်က [illegible]ကို ဆုပ်ကိုင်အားပေးသလို စကားဖြတ်ပြောလာသည်။

"သူတို့တွယ်ဖို့ လုပ်ချင်တဲ့သူက ခင်ဗျားကို မဟုတ်ဘူး၊ ခင်ဗျားအထက်ကလူ၊ ခင်ဗျားလည်း သိပါတယ်ဗျာ"

အီဒရစ် ပြောစကားကြောင့် ကျွန်တော် နည်းနည်းအကြောက်ပြေသွားသည်၊ သို့သော်လည်း သိပ်ပြီးတော့ စိတ်မချပါ။ မယုံမရဲဆိုသလိုပင်ဖြစ်သည်။ သည့်အတွက် ကျွန်တော်က အသာငြိမ် နေလိုက်ရသည်။

"အဲဒီလူက အပြင်မှာ တော်တော်ကို နာမည်ထွက်နေတာ၊ သူက စားလည်း စားတယ်၊ ယူလည်း ယူသေးတယ်၊ ဒါတောင် ထပ်ပြီးတောင်းသေးတယ်လို့ ပြောနေကြတာတို့ ကြားရတယ်"

"ဒါဆို - ကျွန်တော်တို့ရုံးကို ရောက်ခဲ့ကြတဲ့လူတွေချည်းပဲပေါ့"

ကျွန်တော်က အီဒရစ်ကိုမေးရင်း အနီးဝန်းကျင်တွင် သွားလာနေကြသော လူများကိုကြည့်ကာ ကျွန်တော် မှတ်မိသူတွေ ရှိနိုး တွေ့နိုးဖြင့် လိုက်ကြည့်နေမိပါသည်။ ကျွန်တော်သိသူဆို၍ မတွေ့မိပါ၊ ကျွန်တော် မမှတ်မိ၍လည်း ဖြစ်နိုင်ပါသည်။



"ခင်ဗျားတို့ရုံးက လူတွေချည်းလို့တော့ ပြောမရဘူး၊ ဘယ်နေရာမဆို တစ်ခုခုဖြစ်ရင် ဝင်ပြီးဆော်တတ်၊ လက်တည့်စမ်းချင်ကြတာလေ"

"အင်း - ဒါလည်း ဟုတ်တာပဲ"

"ရှင်းရှင်း - အားမနာတမ်းပြောရရင် ပုလိပ်တွေရယ်၊ ခင်ဗျားတို့လို တရားရုံးတသူတွေရယ် ဒီအထဲရောက်လာရင် ဝိုင်းသမကြတာ၊ ဆော်ကြတာ မဆန်းဘူး၊ ခင်ဗျားသို လူကောင်းလူမှန်လည်း အဆော်ခံရတာပဲဗျ"

အီဒရစ်ပြောသည်မှာလည်း မှန်နေသည်။ မိမိက အဘယ်မျှကောင်းနေပါစေ မိမိဝင်နေသောဌာန၊ အဖွဲ့အစည်းအတွင်းရှိ လူကိုးဆယ်က မကောင်းကြလေတော့၊ ကိုယ်လည်း အတူတူပါပဲဆိုသလို သတ်မှတ်ခံရပေမည်၊ ကိုယ် ကောင်းသည်၊ ဆိုးသည်ကို ဆက်ဆံဖူးသူတွေသာ သိကြသည်ကိုး။

"ခင်ဗျားပြောတာလည်း မှန်ပါတယ် ဗျာ"

ကျွန်တော်က အလိုက်သင့်ပြော လိုက်သည်။

"ဟိုကောင်တွေက ရောက်လာရင် ဝိုင်းတွယ်ကြတော့မှာလေ၊ ကျွန်တော်လည်း သောင့်ကြည့်တာမှာ၊ ဟိုလူ မဟုတ်ဘဲ ခင်ဗျားဖြစ်နေတာ မြင်လိုက်ရတော့ ကြားထဲက အဆော်မခံရအောင် ကျွန်တော်က ဝင်စောင့်ပေးတာလေ၊ သိပြီလား"

သည်တော့မှ အီဒရစ်၏ လုပ်ပုံကိုင်ပုံတွေကို ပြန်သတိရမိသည်၊ သူ့အနားကပ်နေရန် မှာကြားပုံ၊ အဆောင်ကို ရောက်သည့်အခါ အခန်းလူကြီးကိုလည်း ကျွန်အား အပ်နံပြီး စောင့်ရှောက်ပေးရန် ပြောကြားခဲ့ပုံတွေကို စဉ်းစားကြည့်ပါက ကျွန်တော့်အပေါ် တကယ်စေတနာထားပြီး လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း တွေးမိလိုက်ပါသည်။

"အေးဗျာ - အခုလို ကျွန်တော့်ကို ကူညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ခင်ဗျားအစ်ကိုက ဘယ်သူလဲဗျာ၊ စောစောပြောခါနီး စကားပြတ်သွားတယ်လေ"

"အော် - ဟုတ်တယ်၊ ကျွန်တော့်အစ်ကိုကလည်း ခင်ဗျားတို့ လျှို့ဝှက်သည်းဖိုနဲ့ ဆောက်ဝတ္ထုတွေ ရေးနေတာလေ၊ သူ့နာမည်က ... ... ... နာမည်နဲ့ ရေးတယ်"

အီဒရစ် အစ်ကိုဆိုသူမှာ လျှို့ဝှက် သည်းဖိုဝတ္ထုလိုင်းတွင် အောင်မြင်နေ[illegible]စာရေးဆရာ[illegible]ဆောက်ဖြစ်ပါသည်၊ လူချင်းတော့ သိပ်ပြီးရင်းနှီးခြင်းမရှိပါ၊ ယခု နေ[illegible] ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အော် - သူလား။ သူ့ကိုတော့ မြင်ဖူးပါတယ်။ သိပ်တော့ မရင်းနှီးပါဘူး"

"ဟုတ်တယ် - သူပြောပြလို့ သိနေတာ။ နောက်တစ်ချက်က တရားရုံးမှာလည်း ခင်ဗျားလူတွေကို အမြဲတမ်း ကူညီနေတယ်ဆိုတာ ကြားနေခဲ့တာ ကြာပြီ။ ဒါကြောင့်လည်း ကျွန်တော် ကူညီပေးခဲ့တာ"

"ဒါကတော့ လူလူချင်း စာနာစိတ်၊ မေတ္တာစိတ်နဲ့ ကျွန်တော်က ကူညီပေး တာ"

ကျွန်တော်က ကျွန်တော့်စိတ် သဘောထားခံယူချက်ကို အမှန်အကန် ပြောပြလိုက်ရာ အီဒရစ်က ပြုံးလိုက် သည်။

"အဲဒါပဲပေါ့ဗျာ။ ခင်ဗျားက လူတွေအပေါ် စေတနာမေတ္တာထားတော့ စေတနာ တုံ့ပြန်တာလေ။ ကျွန်တော်ကလည်း ခင်ဗျားနဲ့ အပြန်အလှန် ကျေးဇူးမရှိပါရဲနဲ့၊ အလိုလို ကူညီချင်စိတ် ပေါ်လာတာဖြစ်လိမ့်မယ်နော်"

ခဏကြာအောင် အီဒရစ်က အားရပါးရ ရယ်နေပါသည်။ ပြီးလေမှ ဆက်ပြောပြန်သည်။

"ခင်ဗျား အရှုံးအညီလိုချင် ပြောနော်။ ကျွန်တော်က ဟောဒီအဆောင် လေး အပေါ်ထပ်မှာနေတာနဲ့ ကျွန်ုပ်ကြီးဖြစ်နေ တယ်"

"အော် - ဟုတ်ကဲ့ - ခင်ဗျားတဲ့ တယ်ဗျာ။ နောင်လည်း ခင်ခင်မင်မင်ပေါ့ ဗျာ"

"ရှေ့ကိုလည်း အလီတွေ ကြုံသေးတာ ပေါ့။ တော်ကြာ အဆောင်ပိတ်တော့ မယ်"

ကျွန်တော့်ကိုပြောပြီး အီဒရစ်က အပေါ်ထပ်သို့ တက်သွားမှ ကျွန်တော်လည်း အဆောင်ထဲသို့ ဝင်လာခဲ့တော့သည်။ ဤသည်က ကျွန်တော်၏ အင်းစိန် အကျဉ်းထောင်၏ ပထမဆုံးနေ့ပင် ဖြစ်ပါလေသည်။

☆☆☆

နံနက်စောစော သံချောင်းခေါက်သံ၊ လေးချက်ကြားရပြီး အဆောင်ထဲရှိ အချုပ်သားအားလုံး အိပ်ရာမှ ထကြရသည်။ သို့သော် အဆောင်တံခါး မဖွင့်ပေးသေးပါ။ တာဝန်ကျထောင်မှူးနှင့် ထောင်ဝါဒါတွေ တန်းစီလူစာရင်းစစ်ဆေးပြီး စုံလင်မှ ဖွင့်ပေးပါသည်။

အပေါ့ကိစ္စ (သေးပေါက်)၊ အလေး ကိစ္စ(အီးပါ)တွေကို အောင့်အည်းထားကြရသည်။ ဘာကြောင့်ဆို အဆောင်ထဲမှ လူတွေ တစ်ညလုံး အားပေးထား၍ဖြစ်ပေရာ ဆီးအိုး(ရာဝင်အိုး)နှင့် အီးခွက် (ဂန်ဖလားအင်တုံ)တွေအားလုံး (HOUSE FULL) ဖြစ်နေကြလေပြီ။ လူအားလုံး တင်ပျဉ်ခွေကာ လက်နှစ်ဖက် ဒူးပေါ်ဆန့်တန်းလျက် (ပုံစံ ထိုင်)နေကြရသည်။

တာဝန်ကျထောင်မှူးနှင့် အဖွဲ့ရောက်လာကာ လူစစ်ဆေးအားလုံး စုံလင်စာရင်း တိုက်မှ အဆောင်တံခါးဖွင့်ပေးသည်။ အဲ - တစ်ခါတစ်ရံ စစ်ဆေးရေတွက်မှုများလျှင် တစ်ကပြန်စကြသည်။ သချာသန်းပိုင်တို့ ဆရာမင်းထက်တော်တို့ဆီမှ သချာအထူးပြု ကျူရှင်မတက်ခဲ့သူတွေ ပါလာခဲ့လျှင် ချာလပတ်လည်တော့သည်။ နှစ်ကြိမ်မှ သုံးကြိမ် ဝက်ပါ သွားပြီးမှ သေချာမှ အဆောင်တံခါးဖွင့်ပေးသည်။

ထိုအခါတွင် အချုပ်သားအားလုံး တာလွှတ်ဗိုင်မရှိပါဘဲနှင့် အားလုံး အသံထက် မြန်သောနှုန်းဖြင့် ပြေးကြတော့သည်။ ပန်းတိုင်က အဆောင်ဘေးမှ အိမ်သာများဆီသို့ ဖြစ်ပါသည်။ သည်နေရာမှာ ကိုယ်က ပထမ၊ ဒုတိယ၊ တတိယ မရသော်မှ နှစ်သိမ့်ဆု၊ အထူးဆုနံပါတ်နှစ်တောင်မရလျှင်တော့ မြေပြင်မှာဗိုက်နှိပ်ကာ ပိတ်ထားပါလေတော့ (ထိုအခါ အချုပ်ဆောင်အမှတ်(၄)မှာ ဝါးနှင့် ပြုလုပ်ထားသည့် လူတစ်ထိုင်စာ အိမ်သာ (၅)လုံးသာ ရှိပါသည်။ ဒါကလည်း မည်သူလုပ်ထားသည်မသိပါ။ ဂုန်နီအိတ်စုတ် လေးတွေ ကာထားသည်၊ ဝင်ကြေး ရွှေဘဲဆေးလိပ်နှစ်လိပ် ပေးရသည်၊)

သည်လိုမှ မပေးနိုင်သော ပစ္စည်းမဲ့ လူတန်းစားများအတွက် အုတ်တံတိုင်းကြီး ကို ကျောပေးပြီး (ရေမြောင်းက တစ်ပေခန့် ကျယ်သည်လေ။ ခွပြီး ထိုင်၍မရပါ။) WITHOUT သောက်ရက် မျက်နှာနှင့် လေလံတင် ကြော်ငြာရင်း အားရပါးရ ဗိုက် လျှော့ပါလေတော့။ ကျွန်တော်ကတော့ ကံကောင်းသွားသည်။ အိမ်သာအကောက်ခွန် အရာရှိက ငတက်ပြားတစ်ယောက်ဖြစ်နေပြီး တရားရုံးဖောက်သည်တစ်ယောက်မို့ ကျွန်တော့်ကိုပင် အလေးပြုကာ FREE PASS ပေးလိုက်သဖြင့် အဆင်ပြေသွား ရသည်။

အော် - နေရာတကာမှာ "ဆိုရှယ် လစ်အသိ" အဲ - သည်စကားက ဟို မ သိလ ခေတ်ကာလစကားပဲ။ အခု ခေတ်တော့ "ဟိုအောက်ဆွဲ" ပေါ့။ ဒါမှမဟုတ် ကျွန်တော့် အရှိန်အဝါ အစွန်းကွက်လေးရှိထားမှုကြောင့် ထင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com

တကယ်မထင်ပါနှင့်။ တမင်နောက်ပြောင်တာပါ။ ကျွန်တော် ကူညီခဲ့ဖူးသော လူရွယ်တစ်ယောက်ပါ။ ထောင်ထဲရောက်ပြီး ဒုတိယမြောက် ကူညီသူပါ။ ကျွန်တော့် အနေနှင့် ဘာမှပြင်ဆင်ချိန် မရ၊ အိမ်ကိုလည်း မှာချိန်မရ။ ပို့လိုက်သဖြင့် ထောင်တွင်း သုံးငွေ အသပြာ (ရွှေဘဲဆေးလိပ်)မသွားသဖြင့် OPEN SALE မပြုလုပ်ခဲ့ရခြင်းပါ။ တကယ်မသူ တွေ့လို့သာပေါ့။

အဲ - ရေချိုးတော့လည်း ကြည့်ပါ။ တွေးဆပြီး စိတ်ကူးနှင့် ….။

ထမင်းစားသည့် ဒန်ပန်းကန်ပြားနှင့် ဆယ့်ငါးပေ၊ ငါးပေခန့် အုတ်ကန်၊ အလျား ဘက်နှစ်ဖက်တွင် လူခုနစ်ယောက် စီတန်းရပ်ကြရပြီး ရေကန်ဘုတ်ကိုင်က ခပ်ဆိုမှ ခပ်၊ ချိုးဆိုမှ ချိုးရသည်။ အမိန့်မပေးဘဲ လောင်းချိုးမိလျှင် ရေကန် ဘုတ်ကိုင်က လက် တွင်းကိုင်ထားသည့် သားရေပြားကြီးနှင့် တွယ်ခြင်းခံရပေမည်။ ချိုးရသည်မှာ [illegible] ခပ် - ချိုး - ခုနစ်ခွက်လောင်းပြီး ရေးတွန်း၊ နောက်တစ်ကြိမ် ခပ် - ချိုး - [illegible] တော့ပြီ - သွားတော့ပါပဲ။

[illegible] ကြည့်မြင်တိုင်၊ ဗှာနာလမ်းတစ်ဝိုက်က နာမည် [illegible] သည့် နာမည်နှင့်လူပါ။ နာမည်နှင့် လိုက်ဖက်သူ တစ် [illegible] ဆုံခံတွေနှင့်တော့ သိကျွမ်းပါသည်။ ကျွန်တော်နှင့်ကတော့ W.F.F.F [illegible] ရေလိုက် ငါးလိုက်ပေါ့။

အစားအသောက်နှင့် ပြောရလျှင်၊

မနက်ပိုင်း ထမင်းဟင်းက မြန်မာပြည်သာမက ကမ္ဘာကျော်ဟင်း။ မှိုတက်၊ ငါးဝီ စိမ်းစားမည်းမည်း လက်မခန့်နှင့် ပဲပေါင်းစုံဟင်း။

လလလအသားဟင်းဆိုပြီး ဝမ်းမသာပါနှင့်။ သည်အတိုင်းသွားပြီး တန်းစီးပါက တိုက်မရ၊ ဖဲ့မရသည့် အရွတ်တုံး၊ အကြောတုံးကြီးသာ ပေးလိုက်ပါလိမ့်မည်။ ဝက်သား ဖြစ်ဖြစ်၊ အမဲသားဖြစ်ဖြစ် အသားကောင်းစားလိုပါက ရွှေဘဲဆေးလိပ်သုံးလိပ်ကို ဟင်းယူသည့် ကတ်ပြားလေးနှင့်အတူ ပေးလိုက်ရမည်။ သည်အထာမသိပါက ဝက် သားဖြစ်စေ၊ အမဲသားဖြစ်စေ ပေးလိုက်လျှင် သွားနှင့်ဖိကိုက်၊ လက်နှစ်ဖက်နှင့်ဆွဲဖဲ့ သည်မရသော အရွတ်တုံး၊ အကြောတုံးက လက်မှချော်ထွက်ကာ မျက်နှာကိုလာနမ်း ပါလိမ့်မည်။ ကျွန်တော်ကိုယ်တိုင် ခံခဲ့ရဖူးပြီး မျက်နှာသစ် ရေချိုးလိုက်ရပါသေး သည်။

ရောက်ပြီး နှစ်ရက်က အိပ်ဆောင်အပြင်ဘက်တွင် မြက်နုတ်၊ သန့်ရှင်းရေးလုပ် ရပါသည်။ သုံးရက်မြောက်နေ့က တနင်္ဂနွေနေ့ဖြစ်သောကြောင့် အဆောင်အတွင်း အပြင် လွတ်လပ်စွာ နေခွင့်ရကြပါသည်။

မနက်ပိုင်း ရှစ်နာရီခန့် အီဒရစ်က အပေါ်ထပ်မှ ဆင်းလာသည်။ သူက ထောင် အကြောင်း သိမှတ်စရာ အဖြာဖြာတို့ ပြောပြသည်။ ဂရုစိုက်လိုက်နာရန် ကိစ္စများ ပြဿနာဖြစ်တတ်သည့်ကိစ္စများကို ဖြစ်ပါသည်။ ကျွန်တော်တို့စကား ပြောနေကြ သည်က အပေါ်ထပ်သို့တက်သည့် လှေကားအောက်မှ အခန်းဖြစ်သည်။ ကျွန်တော် နေရသော အောက်ထပ်အဆောင်ဝင်သည့်အခါ ဘယ်ဘက်တွင်ရှိပါသည်။ ထိုအခန်း တွင် ထောင်ကျစာရေးတစ်ယောက် နေထိုင်ပါသည်။

"ကိုဇော်မြင့် - ဒီအခန်းက သမိုင်း ဝင်အခန်းဗျ - သိလား"

စကားပြောနေကြရင်းမှ အီဒရစ်က ရုတ်တရက်ဆိုသလို စကားဖြတ်ပြီး ပြော လာသဖြင့် ကျွန်တော် စိတ်ဝင်တစား ဖြစ်သွားမိသည်။ သမိုင်းဝင်အခန်းဆိုတော့ ကျွန်တော်တို့ မြန်မာပြည်၏ နာမည်ကျော် ထင်ရှားခဲ့သော ပုဂ္ဂိုလ်တစ်ယောက် ယောက်ဖြစ်ဖို့ သေချာပါသည်။ အဘယ်သို့ ပုဂ္ဂိုလ်မျိုးပါလိမ့်။ ခေတ်ဟောင်းကပင် လား။ ယခုခေတ်သစ်ထဲက လူလား။ စသည်ဖြင့် တွေးကြည့်လိုက်မိသေးသည်။

"ဘယ်သူဖြစ်တယ်ဆိုတာရော တွေးမိလား"

ကျွန်တော် တွေးနေပုံကိုသိ၍ အီဒရစ်က မေးလိုက်ခြင်းပါ။ ကျွန်တော်က အမှန် အကန်ပင် ပြန်ဖြေမိသည်။

"ဒီလောက်တော့ ကျွန်တော့်ဦးနှောက်က မတွေးနိုင်ပါဘူးဗျာ။ ဘယ်က သမိုင်း ဝင်ဖြစ်သူလဲ၊ ဘယ်သူက နေသွားတာလဲ"

"အရင်ခေတ်က လူမဟုတ်ဖူး။ အခုခေတ်သစ်ကလူ၊ တစ်ပြည်လုံး နာမည်ကျော် နေသူတွေဗျ"

"ဟင် - ခင်ဗျားစကားက နာမည်ကျော်သူတွေဆိုတော့ တစ်ယောက်ထဲ မဟုတ်ဘူးပေါ့"

အီဒရစ်စကားကို ကျွန်တော်က စဉ်းစားပြီး မေးမိသည်။

"ဟုတ်တယ် - နှစ်ယောက်တောင် မှဗျ"

www.burmeseclassic.com

"ကဲပါဗျာ - စကားထာဖွက်၊ ပဟေဠိ လုပ်မနေပါနဲ့တော့ - ပြောပါဗျ"

"ခင်ဗျား သတင်းစာတွေ မှန်မှန် မဖတ်လို့ပါ။ သတင်းစာမှန်မှန်ဖတ်ရင် သိတာပေါ့"

"အမလေး - မသိလို့ ပြောပါဆိုမှ ဈေးတင်နေလိုက်တာ - ကိုယ့်ဆရာရယ်"

ကျွန်တော့်စကား ကျွန်တော့်အမူအရာကို ကြည့်ပြီး အီဒရစ်က အားရပါးရ ရယ်မောနေပြန်သည်။ အတော်ကို စိတ် ကသိကအောင့်လုပ်သူပင်။

"ကဲ - ကဲ - ပြောပါတော့မယ်ဗျာ။ နှစ်ယောက်ထဲက တစ်ယောက်ကတော့ နိုင်ငံကျော်အဆိုတော်၊ ရုပ်ရှင်မင်းသားဇော်တစ်ပေါ့"

"ဗျာ - ဇော်တစ် - ဟုတ်လား။ ဟင်း - ဒီနာမည်တော့ တစ်ခါမှ မကြားဖူးပါလား"

ကျွန်တော် ထားတယ်မကြားဖူးသော နာမည်ဖြစ်သည်။ အီဒရစ်က ဒါကိုပင် အသေအချာ ချယ်နေသည်။

"ခင်ဗျား သယ်အယောက်တို့။ တဲ - တဲ - ဟဲ - ကျောက်တုံးတွေ ကျောက်ခဲတွေ ဆိုမှပေါ့"

အဲဒီတော့မှ ကျွန်တော် သဘောပေါက်သွားသည်။

"တဲ - နောက်တစ်ယောက်ကရော"

"ခင်ဗျား မမောဘူးလားဗျ"

"ဟာ - မမောပါဘူးဗျာ။ ထိုင်နေရတာ ဘာဖြစ်လို့ မောရမှာလဲ"

"အော် - အော် - မောတော့ မော တာပါပဲ၊ ဒါပေမဲ့ - မမောဘူးပေါ့ - ဟုတ် လား"

ကျွန်တော် ကြောင်တောင်ငေး တေးဖြစ်သွားရသည်။ ခဏမျှကြာမှ တစ်ခုခုကို တွေးမိသွားသည်။ ကျွန်တော်သေချာသိလိုက်ပြီ။ သတင်းစာထဲမှာရော အရုပ်ထဲမှာ ပုံနှိပ်ကြားနေရသည်ကို မှတ်မိသွားသည်။

"အင်း - သူက ရှိုးရှိုးအဆိုတော်၊ စတီရီယိုအဆိုတော်နာမည်ကြီးမဟုတ် လား"

"ဒီတစ်ခါတော့ ခင်ဗျား သဘော ပေါက်သွားပြီ"

"သူတို့နှစ်ယောက်လုံး ဒီကို ရောက် လာကြတာပေါ့ - ဟုတ်လား"

"ဟုတ်တယ် - ကျောက်တုံးက ပထမ၊ ဟိုလူက ဒုတိယ၊ သူတို့က အနုပညာရှင် တွေဆိုတော့ ထောင်အာဏာပိုင်တွေက ညှာတာစာနာတဲ့သဘောနဲ့ သူတို့ကို ဒီအခန်းမှာ ပေးနေခဲ့တာလေ"

အနုပညာရှင်တွေအပေါ်လေးစားသမှုနှင့်သက်ညှာပေးခဲ့သောထောင်အာဏာပိုင်တွေမှာ ချီးကျူးစရာဖြစ်ပါသည်။

"အော် - ဒါကြောင့် ဒီအခန်းကို သူတို့နဲ့ နာမည်တပ်ပြီး ခေါ်နေကြတာကိုး"

"ဟုတ်တယ်။ သူတို့နှစ်ယောက် လုံး ဒီကိုရောက်လာပြီး ပြန်လွတ်သွားတာနဲ့ ဒီမကောင်းတဲ့အလုပ်ကို စွန့်လွှတ်ခဲ့တာကြောင့် အရင်ကထက်ပိုပြီး ကျော်ကြားသွားခဲ့တယ်လေ"

မကောင်းမှန်းသိပြီး မိမိကိုယ်ကို ကောင်းအောင် ပြန်လည်ပြုပြင် ထိန်းသိမ်းသွားနိုင်ခဲ့ကြသော ထိုသူနှစ်ယောက်မှာလည်း အလွန်ချီးကျူးစရာ ကောင်းပါသည်။

သည်ယနေ့တိုင် မူးယစ်ဆေးနွံထဲမှ ရုန်းမထွက်နိုင်ကြသေးသူ လူငယ်တွေအားကျ အတုယူပြုပြင်ဖို့ ကောင်းလှပါသည်။

အော် - သည်နေ့ သူတို့နှစ်ယောက်လုံး လူလောကကြီးထဲ မရှိကြသော်လည်း သူတို့သီဆိုခဲ့သော ချိုတေးသံသာတွေ ဂီတသံစဉ်တွေကတော့ လေလှိုင်းတွေထဲမှာ ပျံလွင့်နေဆဲပါ။

⟹ **ဇော်မြင့်သိန်း**

**ဆံပင်ဖြူ၊ ဆံပင်ကျွတ်ပျောက်ဆေး**

(၁) ငှက်ပျောခိုင် ငှက်ပျောလက်ကို ခုတ်လိုက်ပါက ကျလာသောအရည်များကို ခွက်သန့်သန့်ဖြင့် ခံထားပြီး ထိုအရည်ကို ဦးရေပြားထိအောင် လိမ်းပေးပါ။ (၃)ရက် ပြည့်မှ ခေါင်းလျှော်ပါ။

www.burmeseclassic.com



နတ်ကို ယုံကြည်လွန်းသည့် ရွာတစ်ရွာလုံးအား
ပြောင်လှောင်သရော်လိုသဖြင့် နတ်ကတော်ကို ဓမ်းချ၍
ရွှေလုယူပုံ၊ ပြန်ပေးရန် ကြံစည်ပုံတို့ကို
သရော်ဟန်ဖြင့် ဖော်ပြပြီး ဝင်္ဂလည်တတ်ပုံကိုပါ ဖတ်ရှုရမည်



**သာသနာ** တစ်ဝက်ကျိုးသွားတဲ့ ဒီခေတ်ဒီကာလမှာ ဝဋ်ကြွေးကို သေမှ ဆပ်ရဘူး။ အခုလက်ငင်းပဲ တွေ့ဆုံကြုံတွေ့ ခံစားနေကြရတာ တွေ့ရပါတယ်။

အနီးကပ်ဆုံး ဥပမာပြရရင် သင်တို့ကိုယ်တိုင်လည်း မျက်မြင်ကိုယ်တွေ့ကြုံတွေ့ခဲ့ရဖူးတောင်း တွေ့ခဲ့ရမှာပါ။ အမှတ်မထင်မို့ သတိမထားမိလိုက်တာ ဖြစ်ပါလိမ့်မယ်။

လူတစ်ယောက်ဟာ ခါးကိုထိလိုက်ရင်၊ အထိခံရရင် ယောင်ယောင်မှားမှားဖြစ်ပြီး ခါးတို့သူလုပ်သလို နောက်ကနေလိုက်ပြီး ယောင်ပြီးလုပ်တတ်ကြပါတယ်၊ အဲဒါတို အားရဝမ်းသာနဲ့ ခါးကို တို့သူက ထပ်ပြန်တလဲတို့ပြီး ရယ်စရာ၊ မောစရာအဖြစ် နောက်ပြောင်တတ်ပါတယ်။

www.burmeseclassic.com

ခါးတို့ပြီး နောက်ပြောင်သူအဖို့တော့ ရယ်စရာဖြစ်ပြီး အတို့ခံရသူခမျာမှာတော့ ယောင်ရလွန်းလို့ မောပြီးပင်ပန်းပါတယ်။

မကြာပါဘူး။ အဲဒီခါးတို့သူဟာ နောက်ပိုင်းမှာ သူ့အလိုလို ယောင်တတ်လာပြီး သူ နောက်ပြောင်လာခဲ့တဲ့လူလို ဖြစ်သွားရတော့တာပါပဲ။

စကားပြောရင် ထစ်တဲ့လူကို ရယ်စရာအဖြစ် ကိုယ်ကပါ နောက်ပြောင်ပြီး ထစ်ထစ်အအနဲ့ ပြောဆိုနောက်ပြောင်ရင်ကြာတော့ အလိုလိုနေရင်း ကိုယ်က စကားပြောရင် ထစ်လာတတ်ပါတယ်။

ဒါဟာ "ကာလဝိပါက်၊ နောက်ပိုး တက်" တာပါပဲ။

ကျွန်တော် အခုတင်ပြမယ့် ဇာတ်ကြောင်းကလေးကတော့ ကျွန်တော်တို့မကွေးတိုင်း၊ မင်းဘူး၊ စကုမြို့နယ်က လူတစ်ယောက်အကြောင်းပါ။ ဒီဇာတ်လမ်းကို ဖတ်ပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ကြပါစေ။

☆ ☆ ☆

တစ်ခါမှားသော်လည်း ဘဝမခြားတဲ့ ဝဋ်

"ကျုပ်လည်း ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ ဒါပေမဲ့ – အမြင်မတော်တိုင်း စိတ်ထဲ ရှိသလိုပြောနေရရင် အလကားနေရင်း ငရဲရနေတယ်။ နတ်ပွဲဆိုတာ နတ်ကတော်တွေ ပျော်ပွဲစားတဲ့လုပ်ပွဲကြီးပါ"

"သူတို့လည်း ရပ်ကျိုးရွာကျိုးအတွက် အလုပ်လုပ်ကြတာပဲ – မောင်မိုးနိုင်ရာ၊ မင်းအနေနဲ့ နားလည်ပေးလိုက်ပါ"

"အခုဟာက နားလည်ပေးရုံတင်မကဘူး၊ နားပါပင်းတော့မယ်၊ ဘယ့်နယ်ဗျာ – တရားပွဲဆိုလည်း ထားပါတော့၊ ဘာလဲ – နတ်ပွဲ – ဒီမှာ ခင်ဗျားတို့ကို တစ်ခါတည်း ပြောလိုက်မယ်"

အဲဒီဟာတွေကို အယုံအကြည်မရှိလို့ တစ်ပြားမှ အလှူငွေမထည့်နိုင်ဘူး။ ကျုပ်အိမ်ကိုတော့ နတ်ပွဲအတွက်ဆိုပြီး အလှူခံမလာနဲ့၊ ရေနွေးပူနဲ့ ပက်လွှတ်မှာဗျာ"

ကျေးရွာဓမ္မာရုံထဲ၌ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော ရိုးရာနတ်ပွဲအတွက် မိုးနိုင်၏ဖခင် ဦးမြင့်သန်းကိုယ်တိုင် ဦးစီး၍ ဘယ်အခမ်းအနား ဘယ်ပွဲပဲဖြစ်ဖြစ် အဆင်ပြေ

းအောင် ဦးဆောင်ခဲ့သူပင် ဖြစ်သည်။ ယခုတော့ ဦးမြင့်သန်းမှာ မနှစ်က တဆုန်လသတ္တင် ကွယ်လွန်သွားပြီဖြစ်၍ ဒီနှစ် ရွာလုံးကျွတ် ရိုးရာနတ်ပွဲ ကျင်းပရန်အတွက် အစည်းအဝေးအား ဖခင်ကိုယ်စား မိုးနိုင် တက်ရောက်လာခြင်းဖြစ်သည်။

မိုးနိုင်သည် ပထမဦးဆုံးအကြိမ် အစည်းအဝေးတက်ရာတွင် တစ်ရွာလုံးနှင့် ဆန့်ကျင်ဖက်ဖြစ်စေသော လုပ်ရပ်၊ အပြောအဆိုတို့ဖြင့် စတင်၍ကန့်လန့်တိုက်လေတော့သည်။

ဤတွင် ရွာခံနတ်ကတော် လှအိုးကွဲ မိတင့် ဆိုသော မိန်းမလျာသည် မှုန့်နဲ့နဲ့ မိန်းမဟန်ဖြင့် ...

"အမေလေး – ရေနွေးပူနဲ့လည်း အပက်မခံနိုင်ပါဘူးတော်။ ဒီလိုလူမျိုးတစ်ရွာမှာ တစ်ယောက်တော့ ရှိတတ်ပါတယ် – ဟင်း"

ဥက္ကဋ္ဌ ဦးအောင်ကျော်သည် မိတင့်အား လက်ကာပြ၍ –



"အော် – နှင်းနတ်တွေက သူတို့ရဲ့
ဖြစ်မှားရင် ဟိုဟာကိုင်လိုက်၊ ဒီဟာကိုင်လိုက်နဲ့
အဖြစ်ပေးပြီး တစ်သက်လုံး ဗိုင်သပြီး ပူဇော်ဝသထား
ရွာတောင်ပိုင်းက အဘွားဇောကို နှင်းနတ်တွေ
ဘယ်နှခါများ ဆန်ဖိုးလာပေးသွားဖူးတုန်း
ဘယ်တုံးကများ ပိုက်ဆံထုပ်ချေးပေးဖူးတုန်း
ငါကသာ အဘွားဇောကို နှစ်ရှည်
တန်ဆူးလ နှစ်သန်းတစ်ရက်နေ့တိုင်
ဝပျက်ပကျွတ်တန်ဆောင်
အေး – နှင်တို့တိုးကွယ်တာ
အမှန်က ငါ့ကိုးကွယ်ရမှာ –
သိရဲ့လား ဖုံးကြီး

www.burmeseclassic.com

"ကဲ - တော်ကြတော့ - ရပ်ရွာအတွက် ကောင်းဖို့ဆိုတဲ့စိတ်နဲ့ လုပ်ကြရာမှာ တိုသိ့ရွာသားအချင်းချင်း စိတ်ဝမ်းကွဲတာ၊ စကားများတာ မဖြစ်စေချင်ဘူး"

ဦးဘအေးဆိုသော သူကလည်း ဘုရားကိုးဆူဆရာဆိုတော့ စကားပြောရာတွင် ဓမ္မတာထိကလေသံဖြင့် ...

"ပဋိသန္ဓာရဂါရဝ၊ တစ်ဦးနှင့်တစ်ဦးပြောဆိုမှု၌ ပြေပြစ်အောင် ဆက်ဆံမှုနဲ့ရှိသေလေးစားရခြင်းတဲ့၊ တစ်ဦးနဲ့တစ်ဦး မေတ္တာ စေတနာ အပြန်အလှန်ထားပြီး စိတ်ကောင်းထားရင်ဖြင့် လူချစ်နတ်ချစ်အရာခပ်သိမ်း မင်္ဂလာပေါ့ကွယ်"

"တော် - တော် - ဆက်မပြောနဲ့တော့၊ ဒါတွေပြောရင် ဒေါသတွေ ပါတော့မယ်၊ နတ်ချစ်တော့ ဘာရမှာလဲ၊ ကိုယ်ကပဲ ကုန်တာ"

မိုးနိုင်၏ ကြားဖြတ်၍ ဟန့်တားမှုကြောင့် ဦးဘအေးမှာ ပြောလက်စကို ရပ်တန့်ကာ ကြောင်၍ကြည့်နေမိကာ မိုးနိုင်အား -

"ဘာဖြစ်လို့လဲကွဲ့ - မောင်မိုးနိုင်ရဲ့"

"ခင်ဗျားပြောတဲ့နတ်တွေက ကျုပ် တို့ကိုချစ်တာ မဟုတ်ဘူးဗျ၊ သူတို့ချစ်တာ နတ်တကော်တွေ - မှတ်ထား၊ နတ်နဲ့ နတ်ကတော်ဆိုတာ လူတွေဆီက တံစိုးလက်ဆောင်ရဖို့ ပေါင်းစား ပင်းစား နပ်စားနေကြတဲ့ ပုလင်းတူဘူးဆို့တွေ"

ဤတွင် နတ်ကတော် မိတင့်သည် ဆတ်ဆတ်ခါဖြစ်သွားကာ -

"ဟဲ့ - နင် တော်တော်မိုက်ရိုင်းလှ ချေလား၊ နင်တို့ အခုလို တစ်ရွာလုံးမှာ ကျိုးကျိုးတက် ချမ်းသာအောင် ဘယ်သူလုပ်ပေးနေတယ်မှတ်လဲ - ဟင်းဟင်း"

"ငါတို့ဘာသာငါတို့မိဘအစဉ်အဆက်ရှာဖွေစုဆောင်းခဲ့လို့ချမ်းသာတာပေါ့ဟ၊ နင့်နတ်တွေက ဘာလုပ်ပေးနိုင်လို့လဲ"

"ဟဲ့ - နင် - နင် - ကျေးဇူးမသိတတ် ပါလား၊ နင်တို့ကို ဘိုးဘိုးကြီးက မ,နေလို့ နင်တို့ အခုလို ချမ်းချမ်းသာသာနဲ့ နေရတာဟဲ့ - သိရဲ့လား၊ အရှင်ကြီး၊ အရှင် ကောင်းတွေကို မပြစ်မှားနဲ့"

နတ်ကတော်လှအိုးကွဲ မိတင့်သည် စိတ်ဆိုးမာန်ဆိုးဖြင့် ရန်တွေ့နေပုံမှာ ဗိုက်ကပူပူ၊ အသားက မည်းမည်း၊ နတ်ခမ်းနီက ရဲနေတော့ အစည်းအဝေးလာကြသူများမှာ တဝါးဝါး တဟားဟား ဖြင့် ရှိနေကြလေသည်။

နတ်ကို ယုံကြည်သူတွေရှိသလို မယုံကြည်သူတွေကလည်း မိုးနိုင်ဘက်မှနေ၍ မသိမသာ အားပေးနေကြ၏။

"ဘာအရှင်ကြီးလဲ၊ သေလို့ ဘယ်နားနေမှန်းတောင် မသိတဲ့သူကို ကိုးကွယ်နေတယ်၊ ဘိုးဘိုးကြီး မ,တယ် ဟုတ်လား - ဟင်း"

"ငါ့ကို မ,ဖို့နေနေသာသာ သူ့ဟာ သူတောင် လမ်းပဲ ဖြောင့်ဖြောင့်လျှောက်နိုင်ပါစေဦး"

"နတ်လိုမှ ငြိုဟ်မ,တယ်ဆိုတာ နင် မကြားဘူးဖူးလား၊ ဒီလောက်တောင် အရှင်ကြီး အရှင်ကောင်းတွေကို စော်ကားနေတဲ့နင့်ကို တစ်နေ့ နတ်ကိုင်လိမ့်မယ်"

"အော် - နင့်နတ်တွေက သူတို့ကိုပြစ်မှားရင် ဟိုဟာကိုင်လိုက်၊ ဒီဟာကိုင်လိုက်နဲ့ အပြစ်ပေးပြီး တစ်သက်လုံး ရှိသေပြီး ပူဇော်ပသလာတဲ့ ရွာတောင်ပိုင်းက အဘွားစောကို နင့်နတ်တွေ ဘယ်နခါများ ဆန်ဖိုးလာပေးသွားဖူးတုန်း၊ ဘယ်တုံးကများ ပိုက်ဆံထုပ်ချေးပေးဖူးတုန်း၊ ငါကသာ အဘွားစောကို နှစ်စဉ် တန်ရှူးလ နှစ်ဆန်းတစ်ရက်နေ့တိုင်း မပျက်မကွက်ကန်တော့နေတာ၊ အေး - နင်တို့ကိုးကွယ်တာ မှားနေတာ၊ အမှန်က ငါ့ကို ကိုးကွယ်ရမှာဟဲ့ - သိရဲ့လား လုံးပြားရဲ့"

မိုးနိုင်၏ စကားအဆုံး ရယ်မောသံတွေ ဆူညံသွားပြန်သည်၊

"ဟား - ဟား - ဟား - ဟား"

"ဟေးဟေး - ရှိ - ရှိ"

"ဖြောင်းဖြောင်း - ဒါမှ မိုးနိုင်ကွ"

ရပ်ရွာအတွက် စည်းဝေးပွဲမှစကားရည်လုပွဲဖြစ်တော့မည့်အနေအထားမို့ ဥက္ကဋ္ဌက ကြားဝင်၍ -

"ကဲကဲ - နှစ်ဖက်လုံး တော်ကြတော့၊ မောင်မိုးနိုင်ကတော့ ဦးလေး မေတ္တာရပ်ခံချင်တယ်၊ အများနဲ့ သက်ဆိုင်တဲ့ မိရိုးဖလာပွဲဆိုတော့ မင်းအနေနဲ့ အလှူငွေမထည့်ရင်တောင် ပြဿနာမရှာဖို့ တောင်းဆိုပါတယ်၊ တို့ရွာထဲတွင် မဟုတ်ဘဲ ငါတို့ ကိုးရွာဒိုင်နယ်မှာ အချမ်းသာဆုံးနဲ့ ခေတ်ပညာတတ်လူငယ်ပီပီ နားလည်မှုပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

www.burmeseclassic.com

"စိတ်ချပါဗျာ - လုပ်ကြပါ - အေးအေးဆေးဆေး လုပ်ကြပါ၊ ဒီလို မရေမရာပွဲက လွဲလို့ ဘုရားတည်၊ ကျောင်းဆောက်၊ သာသနာနဲ့ပတ်သက်လို့ ဘာပဲလိုလို လှူတန်းဖို့ကတော့ နောက်မကျစေရဘူး၊ ကျွန်တော် သွားတော့မယ်"

ထိုင်ရာမှထ၍ ထွက်သွားမည့်ဟန် ပြင်ပြီးမှ နောက်သို့လှည့်၍ နတ်ကတော် မိတင့်အား -

"ဟဲ့ - လုံးပြား - နင် နောက်တစ်ခါ ငါနဲ့ စကားပြောရင် သတိထား၊ အပိုး မကျိုးရင် လှအိုးကွဲကနေ လူ့အိုးပါ ကွဲသွားမယ်၊ မိတင့်က မီပွင့်ဖြစ်သွားမယ် ကြားလား"

"အမလေး - လာစမ်းပါ - အချိန် မရွေးပွင့်လိုက်စမ်း"

မိတင့်၏ စကားကြောင့် လူအများ၏ ရယ်မောသံကား ရှုည်၍ ကျန်ခဲ့လေတော့သတည်း။

☆ ☆ ☆

ဘာပဲပြောပြော၊ နတ်ပွဲကတော့ ထုံးစံမပျက် သုံးရက်တိုင်တိုင် ကျင်းပ၍ ပြီးစီးသွားခဲ့သည်၊

ပေါက်ပင်တွင် ရွာတွင် မိုးနိုင်တစ်ယောက်သာ ခေတ်ပညာတတ်၍ ထွန်းထွန်းပေါက်ပေါက် ရှိသည်၊ ရိုးသား၍ အေးချမ်းလှသော တောသူတောင်သားတွေမှ ရိုးရိုးစွဲတွေက ရှိနေကြဆဲပင်၊

မိုးနိုင်သည် တစ်ရွာထဲနေသူ ခင်မေဦးနှင့် အိမ်ထောင်ကျ၍ ကလေးတစ်ယောက်ရှိသည်၊ မိမိလည်း တစ်ဦးတည်းသောသားဖြစ်၍ သူမွေးထားတာကလည်း သားယောကျ်ားတစ်ယောက်ထဲပင်ဖြစ်သည်၊

မိုးနိုင်မှာ မိခင်မှဆိုးမကြီးအား အင်မတန်ရိုသေလေးစားသူဖြစ်သည်၊ မိခင်ကြီး ဒေါ်မယ်အိမ့်၏ စကားဆိုလျှင် အမြဲနားထောင်တတ်သူ ဖြစ်လေသည်၊

ဘိုးဘွားစဉ်ဆက် ယာမြေပိုင် သူဌေးများဖြစ်၍ လယ်ယာလုပ်ငန်း အလုပ်လုပ်ရန်အတွက် ငှားထားသော အလုပ်သမားများမှာလည်း မနည်းလှပေ၊

ယာဘက်က အလုပ်လုပ်ရန် အလုပ်သမားနှင့် လယ်ဘက်မှာလုပ်ရန်အတွက် အလုပ်သမားတို့မှာ သက်သက်စီ ခွဲထားရသလို နွားခြံမှ နွားများနှင့် ခိုင်းနွားများကို ကျောင်းရန်အတွက် အလုပ်သမားက ရှိသေးသည်၊

ငှင်းအလုပ်သမားများကိုထားရန်အတွက် ရွာပြင်ရှိ သူတို့ပိုင် နွားခြံ၏ဘေးတွ
ကပ်လျက်ရှိသော ခြံဝန်းထဲ၌ အလုပ်သမားများအတွက် အဆောင်များ ဆောက်လု
၍ ထားလေသည်၊

မိုးနိုင်သည် အလုပ်အား၍ ပျင်းပျင်းရှိလျှင် အလုပ်သမားများရှိရာ ထိုခြံဝန်းထဲ
သွားတတ်ပြီး ထန်းရည်များ ဝယ်ခိုင်း၍ ကြက်သားကာလသားချက် ချက်၍ သော
စား မူးယစ်နေတတ်၏၊

ဒီနေ့လည်း မိုးနိုင်တစ်ယောက် ထန်းရည်ဝိုင်းဖွဲ့နေလေပြီ၊ အလုပ်ရှင် သူဌေး
တော့ ပြောသမျှစကားတွေသည် အောင်မြင်၏၊

"တောက် - ငါ့စိတ်ထဲကွာ - တော်တော်ကို မတင်မကျဖြစ်နေတာကြာပြီ"

အောင်ကြီးဆိုသော အလုပ်သမားက -

"ဘာတွေများ မတင်မကျနဲ့ ဖြစ်နေတာလဲ - အာစရိ"

"တို့ရွာထဲက လူကြီးတွေပေါ့၊ ရိုးသားလွန်းတော့ နတ်ကတော်က လိမ်လိုက်
ဘိုးတော်တို့ ဝိဇ္ဇာတို့ ဆိုတာတွေ က လိမ်လိုက်နဲ့ သူများလုပ်ချင်တာ အလုပ်ခံနေ
တာကွ - တောက်"

"အော် - ဒါကတော့ အာစရိရယ် - ဖားဆိုတာ မြွေရဲ့အစာလေ၊ ဖားလေးတို့သန
လို့ သွားခြောက်ရင် သူများကို အစာဟန့်တာတဲ့"

အောင်ကြီးကပင် ဆက်၍ -

"အဲဒီတော့ ကူညီတဲ့သူမှာပဲ အပြစ် ဖြစ်သွားတယ် - အာစရိရဲ့"

ထန်းရည်ခါးနဲ့ ကြက်သားဆိုတော့ မိုးနိုင်တို့အဖွဲ့မှာ တော်တော်နှင့် မပြီးနိုင်၊ တ
ရင် သွားဝယ်၍ ထပ်ခါထပ်ခါ သောက်နေကြတော့သည်၊

ဤတွင် သန်းစိုးဆိုသူက -

"ဆရာ - ကျွန်တော် တစ်ခုလောက်တော့ ပြောဦးမယ်"

"ဟေ - အေး - ပြောလေ"

"နတ်ကတော် မိတင့်လေ - အာစရိ"

"အေး - ဘာဖြစ်လဲ"

သန်းစိုးသည် ရီဝေဝေမျက်လုံး ဖြင့် -

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ ခေါ်လေးအိမ်မှာ ဟိုရက်ပိုင်းက နတ်ပေါလာသွားတုန်းက နတ်ပေါရင်း အာစရိအတင်းတွေ တုပ်သွားတာ ရစရာကို မရှိဘူးဗျ"

"ဟင် - မိတင့် - ဒီအကြောင်းက ငါ့အတင်းတွေ ပြောနေတာပေါ့၊ ဘာတွေ ပြောသွားတာလဲကွ"

"ဟာ - အလကားပါ။ အာစရိက ရွာထဲမှာ လူ့ခွစာ၊ လူ့ကန့်လန့်၊ ဘဝင်မြင့်အောက်ခြေလွတ်နေတာတဲ့။ မိဘချမ်းသာလို့ လူရာဝင်နေတာကို အဟုတ်မှတ်နေတာတဲ့။ အဲ - နောက်ပြီး ဒီလိုမျိုး ချမ်း ချမ်းသာသာနေရအောင် နယ်တော်ရှင်၊ ရွာတော်ရှင်နဲ့ အဖေကြီးတွေက စောင့်ရှောက်ပေးအောင် သူတို့က ပြောပေးထားပြီး အကူအညီတောင်းပေးလို့ ချမ်းသာတာတဲ့။ အဲ - အဲ - ဟာ - မပြောတတ်တော့ဘူး။ စုံနေတာပဲ အာစရိရေ"

"အော် - လက်စသတ်တော့ - ငါတို့ ချမ်းသာအောင် နတ်တွေက စောင့်ရှောက်မ.စလို့၊ အဲဒီလိုဖြစ်အောင် သူက ပြောပေးလို့ - ဟုတ်လား"

"ဟုတ် - ဒီအတိုင်းပါပဲ - အာစရိ"

မိုးနိုင်သည် ထန်းရည်ကို အိုးလိုက် မော့၍သောက်လိုက်သည်။

"ခွမ်း - ဒုန်း"

အိုးကို ရိုက်ခွဲလိုက်ပြီး စားပွဲကို လက်သီးဖြင့် ထုချလိုက်သည်၊ အောင်ကြီးတို့တစ်တွေ မျက်လုံးတွေ ကျယ်သွားကာ ...

"ဘာ - ဘာဖြစ်လို့လဲ - အာစရိ"

"ဒီနတ်ကတော်ကို ပညာပေးမှရမယ်။ မင်းတို့ ငါ့ကို ကူညီမှဖြစ်မယ်။ ဘယ်နယ့်လဲ - ကူညီမယ်မဟုတ်လား"

အောင်ကြီးသည် ရင်ဘတ်ကို ကော့၍ ...

"ဒါပေါ့ အာစရိရဲ့ ကူညီမှာပေါ့၊ ပြော - ကျွန်တော် အဲဒီနတ်ကတော် အကြောက်မကို ရှော့ပစ်လိုက်ရမလား"

"ဟာ - မလုပ်နဲ့ - အောင်ကြီး၊ ငါ့အစီအစဉ်က ဒီလိုကွ"

အောင်ကြီးနှင့် မိုးနိုင်သည် နတ်ကတော် မိတင့်နှင့်ပတ်သက်၍ အသေးစိတ်အကွက်ချကာ တိုင်ပင်နေကြ၏။

တိုင်ပင်ညှိနှိုင်းပြီးသည်နှင့် မိုးနိုင်သည် ထန်းရည်ကိုမော့၍ သောက်လိုက်ပြီး အာလေးလျှာလေး အသံကြီးဖြင့် ...

"ငါ့အစီအစဉ်ကတော့ နတ်ကတော် မိတင့်တစ်ယောက်တည်းကိုပဲ ရည်ရွယ်တာ မဟုတ်ဘူး - အောင်ကြီးရ၊ ရိုးသားပြီး ထုံအလှတဲ့ ငါတို့ရွာသူရွာသားတွေကို ဘာမှားနေသလဲဆိုတာ ထောက်ပြချင်လို့ပေါ့၊ သိစေချင်လို့ - တွေ့ကြပြီပေါ့ကွာ - ဟား - ဟား - ဟား"

☆ ☆ ☆

ပေါက်ကုန်းရွာတွင် နတ်ကန္နားပွဲ ကျင်းပနေရာ ဒီနေ့ နောက်ဆုံးရက်ဖြစ်သည်၊ ပေါက်ပင်တွင်းရွာနှင့် ပေါက်ကုန်း ရွာမှာ တစ်မိုင်သာသာခန့်သာ ဝေးသောကြောင့် နတ်ကန္နားပွဲဆီမှ ဆိုင်းတီးသံများမှာ အသံရဲ့စက်မှတစ်ဆင့် ပီသစွာ ကြားနေရ၏။

ရွာနှစ်ရွာကြားတွင် သစ်ပင်ချုံတန်းများရှိသဖြင့် တောအုပ်တစ်ခုသဖွယ် ရှိနေ၏။ လမ်းကျဉ်းလေး၏ ဘေးရှိ ချုံတောစပ်အကွယ်တွင် မျက်နှာဖုံးစွပ်ထားသော ဓားရှည်ကိုင်ဆောင်ထား သည့် လူငါးယောက် ပုန်း၍ထိုင်နေကြလေသည်။

ညနေ (၆) နာရီခန့်ဖြစ်၍ နေ့တာတိုသောကြောင့် နေဝင်မြန်သည်ဟု ဆိုရမည်၊ အမှောင်ထုက စတင်၍ဝင်လာနေ၏။ နတ်ပွဲဆီမှ အသံများလည်း တိတ်ဆိတ်၍ သွားလေပြီ။

သိပ်မကြာလိုက်ပါ။ တောလမ်းလေးအတိုင်း နတ်ကတော် မိတင့်နှင့် သူ၏သမီးတော်များဖြစ်သော တက်သစ်စ ပိန်ပိန်ကပ်ကပ် အခြောက်နှစ်ယောက်တို့သည် တနွဲ့နွဲ့ တလျှဖြင့် လျှောက်လာကြလေသည်။

ဤသို့ဖြင့် လမ်းကျဉ်းလမ်းမြှောင်ထဲသို့ ရောက်လာကြသောအခါ ရုတ်တရက်ဆိုသလို -

"ဟိတ် - မပြေးနဲ့ - ပါတာ အကုန် ထုတ်"

"အမလေးတော့ - ဘာ - ဘာ - တွေလဲ"

"ဟယ် - ဓားပြတွေတော့"

www.burmeseclassic.com

"အေး - ဟုတ်တယ် - မားပြတွေ၊ ရုတ်ရုတ် ရုတ်ရုတ်လုပ်ရင် သတ်ပစ်မယ်၊ ဘာမှတ်နေလဲ၊ ရှိတာတွေထုတ် - ဟော့ဟို အခြောက် လက်ဝတ်လက်စားတွေ ချွတ်စမ်း - ခုချွတ်"

မျက်နှာကို အဝတ်စည်းထားသော အောင်ကြီးတို့အား မိတင်တို့ မမှတ်မိ၊ မရိပ်မိကြပေ၊ တကယ့်မားပြတွေထင်၍ သေလောက်အောင် ကြောက်နေကြတာ၊ ဖင်ဘူးတောင်း ထောင်၍ ရှိခိုးတောင်းပန်နေကြ၏။

"အဟင့် - အဟင့် - အမလေး - မားပြဗိုလ်ကြီးရယ် - ပစ္စည်းတွေကိုတော့ မယူပါနဲ့ - လူကို ကြိုက်သလို လုပ်ပါ"

"ခွီး"

"ဘာ - ပြော - တယ်"

အောင်ကြီးမှာ ရယ်ချင်စိတ်ကို မနည်းထိန်း၍ ခပ်တည်တည်ဖြင့် ပြန်၍အော်ငေါက်လိုက်၏။



" မ - မလုပ်ပါနဲ့တွား၊
ငါ့မှာ သားသမီးတွေတလည်း
အရွယ်မရောက်သေးတဲ့
ကလေးတွေ ရှိသေးတယ်။
နောက် - နောက်ပြီး - ငါနဲ့
ငါ့မွေးချင်းတွေလည်း
အငွေ့ကိစ္စတ မပြီးပြတ်သေးဘူး။
ပြီး - ပြီးတော့ ငါ့အသက်က
အခုမှ (၆၀) ကျော်လေးရဲ
ရှိသေး - မသတ်ပါနဲ့တွာ - နော်

"အောင်မယ် - ငါ့ကိုများ ပြောင်စရာ မှတ်နေသလား - ကဲဟာ"

"ဖြောင်း - ဖြောင်း"

"အား - အမလေးတော့ - သေပါပြီ"

"ဒီမှာတွေ့လား - မား၊ ဒီနေ့ နင့်ကို ခေါင်းဖြတ်သတ်ဖို့ ကြည့်ထား"

"မလုပ်ပါနဲ့ - ဗိုလ်ကြီးရယ်၊ အသက်ကိုတော့ ချမ်းသာပေးပါ၊ ပစ္စည်းတွေကို ယူသွားပါနော်"

နတ်ကတော် မိတင့်တို့မှာ တုန်ရင် စွာဖြင့် လက်ဝတ်လက်စားများကို ချွတ်နေကြလေသည်၊ အောင်ကြီးသည် မိတင့်တို့၏ ရွှေထည်များကို ပဝါတစ်ခုဖြင့် သေချာစွာထုပ်ပြီး သိမ်းထားလိုက် သည်၊

ထို့နောက် မိတင့်အား သစ်ပင်တွင် ကြိုးဖြင့် ချည်နှောင်လိုက်၏၊ ကျန်သောအခြောက်နစ်ယောက်ကို မြေပေါ်တွင် ဒူးထောက်၍ ထိုင်ခိုင်းထားလိုက်သည်၊

အောင်ကြီးက မားကိုဝင့်၍ မိတင့် အား ချိန်ရွယ်ကာ -

"ကိုင်း - လိုရာဆုကို တောင်းပေ တော့"

"အမလေး - တကယ်သတ်တော့ မှာလား - အဟီးဟီး - ရှုတ်"

"နင်က နတ်ကို အကြောင်းပြုပြီး လူတွေဆီက ခြောက်လှန့်ပြီး စားသောက်နေတာ - လိမ်ညာနေတာ - နင် သေသင့်တယ်လေ"

"အမလေးတော် - အဲဒါကတော့ မတရားပါဘူး၊ အရှင်ကြီးတွေက တယ်လို့ သူတို့ ချမ်းသာတာ၊ အဆင်ပြေတာကျတော့ မပြောတော့ဘူးလား - ဟီးဟီး"

နတ်ကတော် မိတင့်ခမျာ အသားတွေ တဆတ်ဆတ်တုန်၍ အသံများဝင် ဖြာလာသည်အထိ ငိုကြွေးရင်း မကျေမနပ်ပြောနေရှာ၏။

"ဘယ်နတ်တွေက လူတွေကို ကယ်မ,ဖူးလဲ"

"ဟင် - ဒါ - ဒါကတော့ အတိအကျ တော့ ဘယ်ပြောနိုင်ပါ့မလဲ"

"ဘာမပြောနိုင်ရမှာလဲ"

"ဖြောင်း - ဖြောင်း"

"အား - သေပါပြီ"

"ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com

"ကြောက် - ကြောက်ပါပြီ - တော်ပါတော့"

"နင့်နတ်တွေ နင့်ကို လာကယ်နိုင်းလေ - ကဲဟာ"

"ခွပ် - ဖြောင်း"

"အမေလေးတော့ - သေပါပြီဗျ"

အောင်ကြီးတို့၏ လက်သီးလက်ဝါးတွေကြားတွင် အလူးအလဲ ခံနေရ၏။ နတ်ကတော် မိတင့်မှာ လှအိုးကွဲဟူသောဘွဲ့အစား ဖရိုဖရဲမိတင့်ဟု နာမည်ပြောင်းရတော့မလိုပင်။

ထိုစဉ် မားပြအောင်ကြီး မိတင့်အား လည်မျိုအား ဓားဖြင့်ထောက်ထားကာ ...

"ကဲ - နင်အားကိုးတဲ့နတ်တွေက နင့်ကို လာမကယ်ဘူးဆိုတာ နင့်လက်တွေသိရအောင် နင်တို့ကိုလည်း သတ်ပြရတော့မှာပေါ့။ နင်တို့နတ်တွေ ယုံသေးလား"

"မလုပ်ပါနဲ့ရှင် - မလုပ်ပါနဲ့၊ အသက်ကို ချမ်းသာပေးပါ"

"ကျွန်မတို့ကိုလည်း သတ်ပါနဲ့နော်၊ ရှိကြီးခိုးပါရဲ့"

အခြောက်ကလေးနှစ်ယောက်သည် တငိုငို တရယ်ရယ်ဖြင့် တောင်းပန်နေကြရှာသည်။ အခြောက်ကလေးတစ်ယောက်က ညောင်နာနာအသံဖြင့် ...

"အသက်ကို ချမ်းသာပေးပါ၊ အခုကစပြီး နတ်တွေကို မကိုးကွယ်တော့ပါဘူးတော်၊ ဓားပြကြီးတို့ကိုပဲ ကိုးကွယ်ပါတော့မယ် - ဟီဟီး - အဟင့်ဟင့်"

အောင်ကြီးသည် ဟန်ပါပါ ရယ်မော၍ ...

"ဟားဟား - ဟားဟား - အေး - ဒါဆို အခုကစလို့ နင်တို့ ငါ့ကိုပဲ ကိုးကွယ်ရမယ်၊ ဒါဆိုရင် အသက်ချမ်းသာခွင့် ပေးမယ်"

အသက်သေမှာကြောက်၍ မိတင့်တို့သုံးယောက်သည် သေဘေးမှ လွတ်လျှင်ပြီးရောဆိုသည့်သဘောဖြင့် ပြိုင်တူပင် ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ - ကိုးကွယ်ပါမယ် - ဘိုဘိုးကြီးဓားပြရယ်"

"ဘာ ..."

"အဲ - ယောင်လို့ပါ၊ ဓားပြဘိုးဘိုးကြီးရယ် - အဟင့်ဟင့်"

ငို၍ပြောနေသော မိတင့်စကားကြောင့် အောင်ကြီးအဖွဲ့မှာ ရယ်ချင်စိတ်ကို မနည်းထိန်းနေရသည်။

ထို့နောက်တွင် မိတင့်တို့သုံးယောက်အား မျက်လုံးများကို အဝတ်စည်း၍ သုံးယောက်လုံးကို သစ်ပင်တွင် ပူးတွဲ၍ ချည်နှောင်လိုက်သည်။ ပြီးလျှင် ဝါးစပ်ထဲသို့ အဝတ်စုတ်များ ထိုးထည့်၍ အောင်ကြီးတို့အဖွဲ့သည် တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြလေတော့သည်။

နတ်ကတော် မိတင့်တို့သုံးယောက်မှာမူ သစ်ပင်တွင် ချည်နှောင်ခံထားရသော အနေအထားဖြင့် တဝူးဝူးတဝါးဝါးဖြင့် အသံကို ညှစ်၍အော်ရင်း ကျန်ခဲ့လေတော့သည်။

ညဉ့်နက်လာသည်နှင့်အမျှ မိတင့်တို့မှာ ထိတ်လန့်လာကြလေသည်။ တယ်ခဲ့သူကိုသာ မျှော်နေမိတော့သည်။

☆ ☆ ☆

ဥက္ကဋ္ဌအိမ်မှ မောင်းထုသံငါးချက်ကြောင့် ဒါအရေးတကြီးကိစ္စရှိ၍ တစ်အိမ်တယောက် အစည်းအဝေးခေါ်မှန်းကို လူတိုင်းသိပြီးသားဖြစ်သည်မို့ လူအများ တယောက်ပြီးတစ်ယောက် ရောက်လာကြလေသည်။

အိမ်ရှေ့ကွင်းပြင်တွင် လူများပြည့်လျှက်ရှိနေပြီး ရှေ့ဆုံးတွင် နတ်ကတော် မိတင့်နှင့် သူ၏သမီးတော်အခြောက်မတို့သည် မျက်နှာတစ်ခုလုံး ဖူးယောင်နေပြီ၊ မထူးသေးသော မိတ်ကပ်အကြွင်းအကျန်တွေက ပို၍ပင် ရုပ်ပျက်စေပြီး အကြည့်ရဆိုးရှိနေ၏။

မိုးနိုင်လည်း အစည်းအဝေးသို့ ရောက်လာပြီး သင့်လျော်ရာနေရာတွင် ဝင်ထိုင်လိုက်သည်။

တစ်အောင့်မျှကြာသော် ဥက္ကဋ္ဌသည် မတ်မတ်ရပ်၍ ...

"ကဲ - ဒီနေ့အစည်းအဝေးကို အရေးတကြီးခေါ်ရတာကတော့ ကျွန်ုပ်သလောက် အနှစ်သုံးဆယ်အတွင်းမှာ ဓားပြတိုက်တယ်ဆိုတာ ကြားဖူးတာပဲ၊ ဒါကြောင့် အားလုံးကို အသိပေးချင်လို့ပါ"

"ဘယ်မှာ ဓားပြတိုက်သွားလို့လဲ ဥက္ကဋ္ဌ"

"အေးလေ - ငါတော့ ရွာထဲမှာ မကြားမိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

လူတွေက တစ်ယောက်တစ်မျိုး ပြောဆိုနေကြစဉ်သည်။ အဓိပ္ပါယ်မျှ မဖြစ်သော အဖြစ်ပေမို့ ထူးဆန်းအံ့သြနေကြ၏။

ဦးဘထွေးဆိုသူက ...

"တို့ရွာထဲမှာတင်မဟုတ်ဘဲ ငါတို့ဘက် ဒိုင်နယ်အုပ်စု ကိုးရွာမှာတောင် ဓားပြ တိုက်၊ အနှောင့်အယှက်ပေးတာ တစ်ခါမှ မကြားဘူးပါဘူး။ အခုတော့ – ဘယ်က ဓားပြတွေက ဘယ်ရွာကို ဘယ်တုံးက တိုက်သွားပြန်ပြီတုန်းကွဲ့"

ဥက္ကဋ္ဌက ဆက်၍ ...

"ဒီလိုပါ – ဓားပြအတိုက်ခံရတဲ့သူကတော့ ဟောဒီက နတ်ကတော် လှဒိုးကွဲ မိတင့်နဲ့ သူ့အဖော်တွေပါ။ လက်ဝတ်လက်စားနဲ့ ရွှေထည်တွေ အလုခံလိုက် ရတယ်"

တစ်ယောက်က ထ၍ ...

"ဘယ်တုံးကလဲ – ဥက္ကဋ္ဌ"

"မနေ့က ညနေ နေဝင်ရီတအချိန်ပေါ့။ ဟုတ်ရဲ့လား – မိတင့်"

ဟု မေးလိုက်၏။

မိတင့်က ခေါင်းညိတ်၍ ...

"ဟုတ်တဲ့ရှင့် – ဥက္ကဋ္ဌ"

မှုန်နှဲ့နှဲ့ဟန်လေးဖြင့် မဝံ့တရဲ ပြောနေပုံကြောင့် လူတချို့ ပြုံးမိသွားကြသည်။

ဥက္ကဋ္ဌက ဆက်၍ ...

"ကျုပ်ကတော့ မနက်ဖြန် ရွာက ဈေးဝယ်ထွက်မယ့် ထွန်စက်ထွေလာနဲ့ မြို့ကို လိုက်သွားပြီး အမှုဖွင့်ရမှာပေါ့။ အဲ – ခင်ဗျားတို့အနေနဲ့သာ ဒီရက်ပိုင်း ယာထဲ၊ ချောင်း ထဲ သွားလာလုပ်ကိုင်နေကြရင် ဂရုစိုက်ဖို့ မျက်စိဖွင့် နားစွင့်ပြီးနေကြဖို့ ကျုပ် သတိ ပေးချင်ပါတယ်"

ဒေါ်တုတ်သည် ရုတ်တသတ်သတ်ဖြင့် လှဒိုးကွဲမိတင့်ကိုကြည့်၍ စိတ်မကောင်း ဟန်ဖြင့် ...

"ဟုတ်ပါရဲ့ – ကြည့်စမ်းပါဦး – ရိုက်နက်ထားလိုက်ကြတာ – မျက်နှာတွေမှာ ယောင်ကိုင်းနေတာပဲ – မညှာမတာတော်"

ဒေါ်တုတ်၏ကရုဏာသက်သော စကားသံကြောင့် ငိုချင်လျက်လက်တို့ဆိုသလို မိတင့်သည် အော်ဟစ်၍ ငိုချလေတော့သည်။

"အီးဟီးဟီး – အီးဟီးဟီး"

ဥက္ကဋ္ဌကတော် ဒေါ်ငွေငွေမော် ကလည်း –

"အေးလေ – ဘာပဲဖြစ်ဖြစ် လူကို သတ်ဖြတ်မသွားတာပဲ [illegible] ပြောရမှာပဲ။ ပစ္စည်းသေခါရေ လူသေခါရပေါ့ကွယ်၊ အခေါ်လည်း ခိုးချောင်း တိုက်ချင်း တာပါတယ်"

ဥက္ကဋ္ဌက သူ့မိန်းမကို တံတောင်ဖြင့် တွတ်လိုက်၏။ ဒီတော့မှ ဒေါ်ငွေငွေမော် သည် သတိဝင်လာကာ ...

"အော် – ကျုပ်က အတ္တမှတ်လို့ ပြောမိသွားတာပါတော်"

ဟုဆိုကာ အိမ်ထဲသို့ ဝင်သွားလေတော့သည်။

မိတင့်ကပင် ငိုနေရာမှ –

"ဥက္ကဋ္ဌ စဉ်းစားကြည့်ပါဦးရှင်။ ယောကျ်ားအရင့်မာကြီးတွေ ဖြစ်နေပြီး ပစ္စည်း ယူရင်း လူကို မလုပ်နဲ့ပေါ့၊ အဲ – လူကိုလည်းလုပ်ရင်လည်း ပစ္စည်းမယူနဲ့ပေါ့ မဟုတ် ဘူးလား"

"နင်က ဓားပြကို ဈေးဆစ်နေသေးတယ်နော်"

မိုးနိုင်သည် ထ၍ပြန်ရန် ပြင်နေရာ ဥက္ကဋ္ဌက မိုးနိုင်အား ...

"မောင်မိုးနိုင်ရေ – မင်း မပြန်ပါနဲ့ဦး။ ဦးလေး မင်းနဲ့ တိုင်ပင်စရာရှိလို့၊ ကျန်တဲ့ သူတွေကတော့ ပြန်ချင်ရင် ပြန်လို့ရပါပြီ"

မိုးနိုင်က ...

"ဘာများလဲ – ဦးလေး"

"ပစ္စည်းတွေ ပြန်ရဖို့နဲ့ ဓားပြတွေ မိဖို့အတွက် မနက်ဖြန် မင်းဘူဂါတ်ကို သွားပြီး အမှုဖွင့်မှာဆိုတော့ မင်း လိုက်ခဲ့ပါဦးကွာ"

ဟု ပြောပြီး မိတင့်ဘက်ကို လှည့်၍ ...

"ဟဲ့ – မိတင့် – နင်လည်း ပြန်တော့လေ။ မျက်နှာက ဒဏ်ရာတွေကို သေချာဆေး လိမ်းသွား – သွား"

www.burmeseclassic.com

"ကျူပ်ပစ္စည်းတွေပဲ ပြန်လိုချင်တာပါ။ ဒီဒက်ရာတွေက မိတ်ကပ်လိမ်းလိုက်ရင် အလှနဲ့တင် ပျောက်သွားမှာပါ"

ဥက္ကာဋ္ဌသည် မီတင့်စကားကြောင့် အနည်းငယ် ဒေါသထွက်သွားကာ ...

"တယ် - လုပ်လိုက်ရရင်တော့ နာတော့မယ်။ သွားသွား - နင်တို့ မြန်မြန်ထွက်သွား။ ကြာရင် ငါ့တုတ်စာမိတော့မယ်"

ထိုကဲ့သို့ ပြောဆိုလိုက်မှပင် မီတင့်တို့သုံးယောက် အပြေးအလွှား ထွက်သွားကြလေတော့သည်။

လူအားလုံးလည်း ရှင်းသွားပြီဖြစ်၍ မိုးနိုင်သည် ဥက္ကာဋ္ဌအား ...

"ဥက္ကာဋ္ဌအနေနဲ့ ဂါတ်ကို သတင်းပို့တာက ဟုတ်ပါပြီ။ အကျယ်အကျယ်ဖြစ်လာလို့ ရဲတွေနဲ့ ပြည်သူ့စစ်တွေ အဝင်အထွက်များလာတဲ့အခါ ဓားပြတွေ ရိပ်မိသွားနိုင်တယ်ဗျ"

"အေး - အဲဒီတော့ ဘာဖြစ်လဲကွ ဟေ - မောင်မိုးနိုင်"

"ဓားပြတွေက ကျွန်တော်တို့ ဒိုင်နယ် အုပ်စုထဲကပဲ ဖြစ်နိုင်တော့ ခြေရာပျောက်သွားကြမှာပေါ့"

"ဟုတ်ပါ့မလား - ဖြစ်နိုင်ပါ့မလားကွာ"

"အော် - ဥက္ကာဋ္ဌရယ် - ဓားပြဆိုတာ နဖူးမှာ စာရေးထားတာမှ မဟုတ်တာ။ မသကာ - ကျွန်တော်တို့ရွာက တစ်ယောက်တလေမှ ဓားပြအဖွဲ့ဝင် ဖြစ်ချင်ဖြစ်နေမှာ"

"ဟေ - ဟုတ်ခဲ့"

ဥက္ကာဋ္ဌမှာ အထိတ်တလန့်ဖြစ်သွားလေသည်။

"ဒါဆိုရင် ငါတို့ ဘာလုပ်ရင်ကောင်းမလဲ။ ဂါတ်ကိုအကြောင်းမကြားပြန်ရင်လည်း ဒါက အလုပ်မဟုတ်ဘူးကွ။ ပြဿနာတက်လိမ့်မယ်။ အဲ - အကြောင်းကြားပြန်တော့လည်း မင်း ပြောသလို ..."

ဥက္ကာဋ္ဌမှာ အကြံအိုက်နေဟန်ဖြင့် ခေါင်းငိုက်စိုက်ကျနေ၏။

မိုးနိုင်က -

"ဦးလေးကို ကျွန်တော် ကူညီပါမယ် - စိတ်မပူပါနဲ့"

"ဘယ်လိုကူညီမှာလဲ"

"ကျွန်တော် အပေါင်းအသင်းဆန့်တာလည်း ဦးလေးသိရဲ့သားနဲ့။ ဓားပြတွေမိမိ မမိမိက အရေးမကြီးဘူး။ ပစ္စည်းတွေ ပြန်ရအောင်တော့ ကျွန်တော် လုပ်ပေးမယ်။ ဒါဆို ဘယ်လိုလဲ ဦးလေး"

"အေး - ဒါဆိုရင်ပဲ အဆင်ပြေနေပြီ။ ပစ္စည်းပြန်ရရင် ပြီးတာပဲ"

"အဲဒါဆိုရင် ဒီတစ်ရက်နှစ်ရက်လောက်စောင့် - ကျွန်တော် လှုပ်ရှားလိုက်မယ်"

ဥက္ကာဋ္ဌမှာ ခေါင်းတညိတ်ညိတ်ဖြင့် ရှိနေပါတော့သည်။ မိုးနိုင်ကတော့ တွေးနှင်စွာ ပြုံး၍ အိမ်သို့ ပြန်ခဲ့လေတော့သတည်း။

☆ ☆ ☆

နောက်နှစ်ရက်ကြာသောအခါ ဥက္ကာဋ္ဌဦးအောင်ကျော်သည် မကျီးတုန်းရွာအရှေ့မှ မြင်းစီး၍ပြန်လာစဉ် ကန်ကြီးရှောင်းကို ဖြတ်လာ၊ ကမ်းပါးပေါ်မှ မျက်နှာဖုံးစွပ်ထားသော မိုးနိုင်နှင့် အောင်ကြီးတို့သည် ဓားပြဟန်ဆောင်၍ ဦးအောင်ကျော်အား တားလိုက်လေသည်။

"ဟိတ် - ရပ်စမ်း"

စကားအဆုံးတွင် အောင်ကြီးက ဓားရှည်ကိုဝင့်၍ မြင်း၏ဇက်ကြိုးကို ဆွဲထားလိုက်လေသည်။ ရုတ်တရက်မို့ ဥက္ကာဋ္ဌမှာ လန့်သွားလေ၏။

"အလို - ဒါ - ဒါ - ဘာလုပ်ကြတာလဲ။ မင်း - မင်းတို့က ဘယ်သူတွေလဲ"

မိုးနိုင်က အသံကိုဖျက်၍ ...

"ဓားပြတွေလေ"

"ဟင် - ဓားပြဟုတ်လား။ ငါ့ - ငါ့မှာတော့ ဘာပစ္စည်းမှ မပါပါဘူးကွာ။ မင်းတို့ချင်ရင်တော့ ငါ အိမ်ကို ပြန်ပြီးယူပေးပါ့မယ်"

အောင်ကြီးက ...

"ဆင်းစမ်း - မြင်းပေါ်ကနေ ဆင်း စမ်း"

ဦးအောင်ကျော်မှာ တုန်တုန်ရီရီဖြင့် မြင်းပေါ်မှ ဆင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါက ဥက္ကဋ္ဌပါကွာ၊ မင်းတို့ မှား - မှားမယ်နော်"

မိုးအောင်က -

"ဒါဆိုရင် ဟန်ကျတာပဲ၊ ဥက္ကဋ္ဌကို သတ်လိုက်ရင် ကျုပ်တို့တော့ တော်တော်နာမည်ကြီးသွားမှာပဲ၊ ကဲ - မျက်စိမှိတ်ထား"

"မ - မလုပ်ပါနဲ့ကွာ၊ ငါ့မှာ သားသမီးတွေကလည်း အရွယ်မရောက်သေးတဲ့ကလေးတွေ ရှိသေးတယ်၊ နောက် - နောက်ပြီး - ငါနဲ့ ငါ့မွေးချင်းတွေလည်း အမွေကိစ္စက မပြီးပြတ်သေးဘူး၊ ပြီး - ပြီးတော့ ငါ့အသက်က အခုမှ (၆၀)ကျော်လေးပဲရှိသေး - မသတ်ပါနဲ့ကွာ - နော်"

အောင်ကြီးက ဓားကို မြင်သာအောင် မြှောက်၍ -

"ဟာဗျာ - ခင်ဗျားအသက်ရှင်ချင်တဲ့အကြောင်းပြချက်တွေကလည်း များလိုက်တာ၊ ရှုပ်ပါတယ် - ဗိုလ်ကြီး - ဒီအဘိုးကြီးမှာ ပစ္စည်းကလည်း မပါဘူးဆိုတော့ တစ်ခါတည်း ရှင်းလိုက်တာ ကောင်းပါတယ်"

အလွန်ကြောက်တတ်သော ဦးအောင်ကျော်မှာ ကြောက်လွန်း၍ မျက်ရည်များပင် ထွက်ကျလာ၏၊ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေလေသည်၊

မိုးအောင်က -

"ကဲ - ကျုပ်တပည့်ကတော့ ခင်ဗျားကို ဘာမှအသုံးမဝင်ဘူးဆိုပြီး သတ်ဖို့ လုပ်နေပြီ"

လက်အုပ်ကလေးချီ၍ ရှိခိုးတောင်းပန်နေပုံမှာ သေရမှာကို အလွန်ကြောက်နေမှန်း သိသာလှပေသည်၊

"မလုပ်ပါနဲ့ကွာ - ငါ့အသက်ကို ချမ်းသာပေးရင် ဘာပဲလုပ်ရလုပ်ရ လုပ်ပေးနိုင်ပါတယ်၊ ငါ့မြင်းကို ယူချင်လည်း ယူသွားပါ၊ ဒီမြင်းက (၄၅၀၀၀)တောင် တန်ပါတယ် - တကယ်ပါ"

"ကဲပါ - ခင်ဗျားမြင်းကိုလည်း မလိုချင်ပါဘူး၊ ခင်ဗျားအသက် မသေချင်ရင် ကျုပ်ခိုင်းတာသာ လုပ်ပေး"

"အေးပါကွာ - အေးပါ - ခိုင်းချင် တာ ခိုင်းပါ"

"ရော့ - ဒီအထုပ်ကိုယူ - ခင်ဗျားတို့ ရွာက နတ်ကတော်အခြောက်မကို ကြက်မတွန်သလိုမျိုး တစ်ရက်တိတိ အတွန်ခိုင်းပြီးရင် အဲဒီအထုပ်ကို နတ်ကတော်ကို ပေးလိုက်"

ဦးအောင်ကျော်သည် အထုပ်ကို ယူ၍ -

"ဒါ - ဒါက ဘာတွေလဲ ဟင်"

အောင်ကြီးသည် အံကြိတ်သံဖြင့် -

"အဲဒါတွေက နတ်ကတော်ရဲ့ ရွှေတွေ၊ ခင်ဗျားတို့ရွာက မိုးနိုင်ဆိုတဲ့ ကောင်က နတ်ကတော်ကို ဓားပြတိုက်တဲ့ကိစ္စကို သူ့လူတွေနဲ့လိုက်ပြီး စုံစမ်းနေတယ်လို့ ကျုပ်တို့ သတင်းရတယ်၊ ကျုပ်တို့က ဒီရွှေလောက်နဲ့တော့ ပြဿနာ မတက်ချင်ဘူး၊ ဒါကြောင့် ပြန်ပေးတာ"

"အော် - ဟုတ်ပါပြီ - ဟုတ်ပါပြီ"

"အေး - ဒါပေမဲ့ - စောစောက ကျုပ်ကိုခိုင်းတဲ့ကိစ္စကိုတော့ ခင်ဗျား သေချာလုပ်ပါ၊ မလုပ်ရင် ခင်ဗျားရဲ့ခေါင်းကို ကျုပ်တို့ လာဖြတ်မယ်"

ဟု ပြောလိုက်ရာ ဦးအောင်ကျော်မှာ အလျင်အမြန်ပင် ခေါင်းညိတ်ကာ ...

"စိတ်ချ - စိတ်ချ - ခိုင်းတဲ့အတိုင်း လုပ်ဖြစ်အောင် လုပ်ပါမယ်"

"ကိုင်း - ဒါဖြင့်လည်း ခင်ဗျား သွား တော့"

ဟု ဆိုလိုက်ရာ ဦးအောင်ကျော်မှာ မြင်းပေါ်သို့ တက်ကာ ဒုန်းစိုင်း၍ ထွက်သွားလေတော့သည်၊

သို့ဖြင့် မိုးနိုင်တို့နှစ်ယောက်လည်း အမြန်ပင် ခြေရာဖျောက်၍ ထွက်သွားလေတော့သည်တကား၊

☆ ☆ ☆

နောက်တစ်နေ့ မိုးလင်းသော် ဥက္ကဋ္ဌ ဦးအောင်ကျော်သည် မိတင့်၏ရွှေထုပ်တို့ကို ပြန်ပေးဖို့အတွက် နည်းလမ်းရှာရ တော့၏၊

အဘယ်ကြောင့်ဆိုသော် ဒီအတိုင်းပြန်ပေး၍ နတ်ကတော် မိတင့်အား ကြက်မအော်သလို အော်ခိုင်း၊ တွန်ခိုင်းဖို့ဆိုတာ မဖြစ်နိုင်သလို မိမိ၏လက်ထဲမှ ရွှေထုပ်တေ

www.burmeseclassic.com

ပါသည့်ဟု အများကသိလျှင် အမှုက မိမိကိုပဲ ပြန်ပတ်နိုင်သည်။ အကယ်၍ဓားပြတွေ မှာလိုက်သည့်အတိုင်း မလုပ်ဘဲနှင့် ရွှေထုပ်ကို နတ်ကတော် မိတင့်တို့ မသိအောင် သူတို့ မရှိနိုက် အိမ်ထဲသို့ ပစ်သွားလျှင်လည်း ရတော့ရမည်။

သို့သော် ခိုင်းတဲ့အတိုင်းမလုပ်၍ ဓားပြတွေ သိသွားလျှင် မိမိမှာ ခေါင်းပြုတ်သွားနိုင်သည်မို့ ကြောက်တတ်သော ဥက္ကဋ္ဌ ဦးအောင်ကျော်မှာ ဘယ်လိုလုပ်ရမှန်းမသိဘဲ အခက်တွေ့နေ၏။

ဦးအောင်ကျော်သည် ရေနွေးကို အရသာခံ၍ သောက်နေရင်း အကြံထုတ်နေ၏။

"တော် - ဘာတွေများ ဒါလောက်တောင် စဉ်းစားနေတာလဲ"

"ဟင် - အော် - ဘာရယ်လို့မဟုတ်ပါဘူးကွာ"

"တော့်ကို သတိပေးရဦးမယ်၊ နတ်ကတော် မိတင့်တို့အိမ်မှာ ဖဲဝိုင်းထောင်နေတယ်လို့ကြားတယ်၊ ကိုယ်က လူကြီး ဆိုတော့ နည်းနည်းပါးပါးလည်း ခြောက်လှန့်ပြီး သတိပေးထားဦး၊ အင်း - ပြောလို့ သာပြောရတာ၊ နတ်ကတော်ဆိုတဲ့ အခြောက်တွေက ဘာမှကြောက်တတ်တဲ့ဟာတွေ မဟုတ်ဘူး။ သူတို့ကြောက်တာဆိုလို့ နတ်ပဲ"

"ဘယ်လိုကွ - မိန်းမ - ပြန်ပြောစမ်း ပါဦး"

"အော် - တော်ကလည်း - နတ် ကတော်ဆိုတာ နတ်နဲ့ပတ်သက်လာရင် အကြီးဆုံး နတ်ကနေ ဟိုးအသေးဆုံး ကလေးနတ်အထိ ကြောက်ကြတာရှင့်"

ဟု ဆိုကာ မီးဖိုထဲသို့ ဝင်သွားလေတော့သည်။

ဦးအောင်ကျော်သည် ပြုံးရွှင်သော မျက်နှာဖြင့် ...

"ဟုတ်ပြီ - အကြံရပြီ - ဒါဆိုရင် အဆင်ပြေနိုင်တယ်"

တစ်ယောက်တည်း တီးတိုးရေရွတ်၍ အပေါ်အင်္ကျီကိုဝတ်ကာ အိမ်မှထွက်လာခဲ့လေသည်။

တဖြည်းဖြည်းနှင့် လျှောက်လာရာ ရွာအနောက်ပိုင်းရှိ နတ်ကတော် မိတင့်တို့ အိမ်ရှေ့သို့ ရောက်လာလေသည်။

"အဟမ်း - မိတင့်ရှိလားဟေ့"

ဒီနေ့ မိတင့် ကံကောင်းသည်ဟု ဆိုရမည်။ ဖဲဝိုင်းမဖြစ်၍ နတ်ဝတ်အင်္ကျီများကို ဘော်ကြယ်ထိုး အလှဆင်နေခြင်း ဖြစ်သည်။

အသံပေးရင်း အိမ်ထဲဝင်လာသော ဥက္ကဋ္ဌအားမြင်၍ ...

"အော် - ဥက္ကဋ္ဌကြီး - ကြွပါ - ကြွပါ၊ အကြောင်းထူးလို့လားဟင်"

ဦးအောင်ကျော်သည် အသာဝင် ထိုင်ရင်း -

"ဟဲ့ မိတင့် - နင်တစ်ယောက်တည်း လား"

"ဟုတ်ကဲ့ - ဟိုကလေးနှစ်ယောက် မြို့ကို သွားကြတယ်"

ဦးအောင်ကျော်အတွက် အခွင့်ကောင်းပင်၊ ဘေးဘီဝဲယာကို တစ်ချက်မျှဝေ့၍ ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့် ...

"နင့်ကို ပြောစရာရှိလို့ လာခဲ့တာ မိတင့်၊ ငါပြောတာ သေချာနားလည်အောင် နားထောင်"

မိတင့်သည် ဦးအောင်ကျော်၏ပုံစံနှင့် စကားကြောင့် တစ်လွဲတွေးကာ အထိတ်တလန့်ဟန်ဖြင့် ...

"အို - ဥက္ကဋ္ဌနော် - ဘာတွေပြောမလို့လဲ"

"အော် - နင်က ဘာတွေတွေးနေတာလဲ၊ ဒီမှာ နားထောင် - ငါညက နင့်ရွှေတွေနဲ့ ပတ်သက်ပြီး နင့်အကြောင်းကို အိပ်မက်မက်တယ်"

"ဟင် - ဟုတ်လား - ဘယ်လိုမက်တုံး"

ဦးအောင်ကျော်သည် အနည်းငယ် စဉ်းစားနေဟန်ဖြင့် ...

"အင်း - ဘယ်လိုမက်တာလဲဆို တော့ ငါ့အိပ်မက်ထဲမှာ ရွှေရောင် [illegible] တောက်နေတဲ့ ဝတ်လဲတော်တွေ ဝတ်ထားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ မြင်းဖြူကြီး စီးပြီး ငါတို့အိမ်ရှေ့ကို ရောက်လာတယ်ဟ"

"ဟယ် - အဲဒါ မြင်းဖြူရှင် အဖေကြီး ပေါ့"

နတ်ကတော် မိတင့်သည် ဥက္ကဋ္ဌလို လူကြီးတစ်ယောက်က ပြောသောစကားဖြစ်၍ သံသယမဖြစ်ဘဲ ချက်ချင်းပင် ယုံကြည်ကာ အံ့ဩမှင်တက်နေမိသည်။

ဦးအောင်ကျော်ကလည်း ခပ်တည်တည်ပဲ ဆက်၍ ...

"အဲဒါ - ငါလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတုန်း သူက နင့်အကြောင်းကို ပြောတော့တာပဲ"

"ဘာ - ဘာတဲ့လဲ - ဖေကြီးက ဘာတွေမိန့်သွားလဲ"

www.burmeseclassic.com

"အေး - နင့်ရွှေတွေ ပြန်ရအောင် လုပ်ပေးမယ်တဲ့၊ နတ်ဆင် နတ်ရိုက်တော့ လုပ်ရမယ်တဲ့ဟ"

မိတင့်က မျက်လုံးပြူး၍ ...

"ဓာတ်ဆင် ဓာတ်ရိုက်ပဲ ကြားဖူးတာပါ - ဥက္ကဋ္ဌကြီးကလဲ"

"အော် - နင် ဘာသိလို့လဲ၊ နတ်က လုပ်ပေးတဲ့ယတြာဆိုတော့ နတ်ဆင် နတ်ရိုက်ပေါ့ဟ"

"အော် - ဟုတ်ကဲ့ - ဟုတ်ကဲ့ - ကောင်းပါပြီ၊ ကျွန်မ ဘာလုပ်ရမှာလဲ ပြောပါ"

ဥက္ကဋ္ဌသည် မျက်နှာကိုတည်၍ ဆက်ပြောလေသည်၊

"မနက်ဖြန် မိုးလင်းတာနဲ့ နာရီဝက် တစ်ခါ ကြက်မအော်သံနဲ့ အော်ရမယ်တဲ့၊ ည(၈)နာရီထိုးတာနဲ့ နင့်ရဲ့ပျောက် သွားတဲ့ရွှေထုပ်ပြန်ရမယ်လို့ပြောပြီး ပျောက်သွားတာပဲ"

ဥက္ကဋ္ဌဦးအောင်ကျော်၏စကားအဆုံးတွင် မိတင့်သည် အားရဝမ်းသာ ဖြစ်သွားတာ ...

"ဟယ် - လုပ်မယ် - လုပ်မယ်၊ ဘာမှလည်းမခက်ဘူး၊ ဘာမှလည်းမပင်ပန်းဘူး၊ ငွေလည်း မကုန်ဘဲ ကိုယ့်ပစ္စည်း ပြန်ရမယ်ဆိုတော့ လုပ်ရမှာပေါ့၊ ကျေးဇူးတင်ပါတယ် - ဥက္ကဋ္ဌရယ်၊ ကျွန်မ လုပ်ပါမယ်"

မိတင့်ကတော့ ဥက္ကဋ္ဌ ဦးအောင်ကျော် ကျေးဇူးတွေတင်ရင်း ကျန်ခဲ့လေ တော့သည်၊

☆☆☆

နတ်ကတော် မိတင့်သည် ဥက္ကဋ္ဌ မှာသွားသည့်အတိုင်း နောက်တစ်နေ့တွင် မျက်နှာသစ်ပြီး နံနက်စာ နေ့လယ်စာ၊ ညစာ စားရုံမှလွဲ၍ ကျန်သောအချိန်များတွင် နာရီဝက်တစ်ခါ ကြက်သံဖြင့် တွန်နေတော့သည်၊

ခက်တာက မိတင့်သည် ကြက်မသံဖြင့် မြည်အောင်မလုပ်တတ်သောကြောင့် ဘေးမှ ကြားနေရသောအသံမှာ ဖျိုင်းအော်နေသောအသံမျိုး ဖြစ်နေ၏၊

အိမ်နားမှ လူတွေကမေးလျှင် မိတင့်က နတ်ဆင်နတ်ရိုက် ယတြာချေသောဟု ဆိုလေသည်၊

ဒီလိုနှင့်ညဘက်ရောက်တော့ဦးအောင်ကျော်ကလည်းဘယ်သူမှမရိပ်မိအောင် မိတင့်တို့ခြံဝန်းထဲသို့ ရွှေထုပ်ကို ပစ်ထားလိုက်လေသည်၊

နောက်တစ်နေ့သို့ရောက်သောအခါမိတင့်သည်ဥက္ကဋ္ဌဦးအောင်ကျော်တို့အိမ်သို့လာ၍ကန်တော့ရင်းသူ၏ရွှေများတစ်ခုမကျန်ပြန်ရကြောင်းနှင့်မြင်းဖြူရှင်ဖေကြီးမှ ကူညီမစကြောင်းကို ဝမ်းသာအားရ ပြောလေသည်၊

ဥက္ကဋ္ဌ ဦးအောင်ကျော်လည်း မိမိ၏ အစီအစဉ်ကြောင့် အဆင်ပြေချောမွေ့စွာ ပြီးဆုံးသွား၍ ဝမ်းသာနေမိပါတော့သည်၊

ဤအဖြစ်အပျက်ဖြစ်ပြီး အနှစ် (၃၀) ကျော် ကြာပြီးနောက် ...၊

☆☆☆

စာရေးသူသည် ၂၀၁၆၊ (၂)လပိုင်း (၁၈)ရက်နေ့က မန္တလေးသို့ အလုပ်တိုခရီး တစ်ခုဖြင့် သွားခဲ့စဉ် လိုင်း(၃)လက်ဖက် ရည်ဆိုင်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် အတူ ရှိနေမိက် ဆိုင်၏ အပြင်ကွမ်းယာဆိုင်ဘက်ဆီမှ ...

"အောက် - အောက်"

"အမေ - အမေ - အောက် - အောက်"

ဟူသော ဖျိုင်းအော်သံလိုလို ကြက်မတွေ အစာကောက်နေသလိုလိုနဲ့၊ သည်ကြားထဲအမေ - အမေဟူသောအသံကိုပါကြားရသောကြောင့်အထူးအဆန်းဖြစ်တာ ကြည့်နေမိ၏၊

ထိုကဲ့သို့ အော်နေသည်မှာ (၁၀) မိနစ်တစ်ခါခန့် ဖြစ်လေသည်၊ အသက် (၆၀) ခန့်ရှိသော ထိုလူကြီးမှာ အတော်ပင် ကျန်းမာသန်စွမ်းသေးသည်၊

ထူးဆန်းသောအော်သံကြောင့် ပုံမှန်မဟုတ်တဲ့ ဂမ္ဘီရဆန်သော အကြောင်း တစ်ခုခု ရှိရမည်ဟု တွေးနေစဉ် ကျွန်ုပ်မိတ်ဆွေ ကိုစောလှမောင်က ကျွန်ုပ်အား ထို ပုဂ္ဂိုလ်ကြီးနှင့် မိတ်ဆက်ပေးလေသည်၊

www.burmeseclassic.com

www.burmeseclassic.com

ထိုလူထူးဆန်းကြီးသည်ကား ပေါက်ပင်တွင်းရွာသား ဦးမိုးနိုင်ပင် ဖြစ်ပါတော့သည်၊

ငွေကြေးပြည့်စုံ ချမ်းသာခဲ့သော ဦးမိုးနိုင်သည် ထူးဆန်းသောအော်သံကို အဆက်မပြတ်အော်နေရင်း သူ၏ကိုယ်တွေ့ဖြစ်သော ဘဝမကူးဘဲ ဝင်္ဂလည်ပုံကို ပြောပြခဲ့ပါသည်၊

ဘာကြောင့်မှန်းမသိ၊ သူ၏နှုတ်ကို သတိထား၍ထိန်းချုပ်သော်လည်း သူ့အလိုလို အော်နေသည်ကို တားမရ၊ ထိန်းမရဟု ပြောပါသည်၊

တကယ်တော့လောကတွင်သူတစ်ပါးကိုပြောင်ခြင်း၊ လှောင်ခြင်း၊ နောက်ပြောင်ကျီစားခြင်းတွေမှာ အစအနောက် အလှောင်အပြောင်ခံရသူက ထိနိုက်သည်ဖြစ်စေ၊ မထိနိုက်သည်ဖြစ်စေ ပြုလုပ်သူကတော့ သေချာပေါက် ဝင်္ဂလည်တတ်သည်ကို ဘုရားဟောလည်း ရှိထားခဲ့ပေသည်၊

ယခု ဦးမိုးနိုင်၏အဖြစ်က နတ်က ဒဏ်ခတ်တာလား၊ ဒါမှမဟုတ် ခံရသူက ကျိန်စာတိုက်ခဲ့လို့လား၊ အဲဒီလိုမဟုတ်ဘဲ လောကပါလတရားကပဲ အပြစ်ပေးခဲ့တာလားဆိုတာ စဉ်းစားရင်း ဘဝမကူးခင် ဝင်္ဂလည်နေသော ဦးမိုးနိုင်အား ဝင်္ဂကြွေးကြေပါစေကြောင်း ဆုတောင်းရင်းဖြင့် ...၊

သပွေ၊ အနိစ္စ၊ သခါရ

⟹ **ဝင်းနိုင် (မကွေး)**

## ညှင်းပျောက်ဆေး

(၁) ကန့်(၁၀)ကျပ်သား၊ လက်ချားမီးပေါက် (၅)ကျပ်သား၊ ယမ်းစိမ်း (၅)ကျပ်သား ဒုတ္တာ (၅)ကျပ်သား၊ အမှုန့်ပြုကာ သံပုရာရေနှင့် လိမ်းပါ။

(၂) စားဆိုဒါနှင့် သနပ်ခါး ရောလိမ်းပါ။

